


www.burmeseclassic.com
ပန်းရေတာ
ရင်ဝှက်အံဆွဲ
L လင်း
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ☐ ၅၀၁၁၉၄၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ☐ ၅၀၁၁၆၅၀၈၀၉
ပုံနှိပ်ခြင်း ☐ နိုဝင်ဘာ ၂၀၀၉
ပထမအကြိမ်

ထုတ်ဝေသူ
ဦးအောင်ကြည် (ခေါ်) ဦးသစ်လွင်

ကံ့ကော်မြိုင်စာပေ
အမှတ်(၁၁၃)ရွှေပြည်သာလမ်း၊(၆)ရပ်ကွက်၊သာကေတ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်မေသက်ခိုင်
(ပြည့်စုံပုံနှိပ်တိုက်)
အုပ်ရေ
၅၀၀

တန်ဖိုး ☐ ၁၀၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

ပန်းရတု
ရင်ဝှက်အံ့ဆွဲ / ပန်းရတု ။ - ရန်ကုန်။
ကံ့ကော်မြိုင်စာပေ၊ ၂၀၀၉ ။
(၃၇၉) စာ၊ ၁၂ စင်တီမီတာ × ၁၈.၅ စင်တီမီတာ
(၁) ရင်ဝှက်အံ့ဆွဲ။

# ပန်းရတု

# ရင်ဝှက်အံ့ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၁)

BURMESE CLASSIC .com

မိုးတွေက သည်းကြီးမဲကြီးကိုရွာနေသည်။ ဘယ်အငြိုးနဲ့များ ဒီလောက်တောင် ရွာနေရလဲမသိပါ။ မိုးရေစက်တွေက ခေါင်မိုးပေါ်လာကျသံကပင် တဝုန်းဝုန်း တဒိုင်းဒိုင်းမြည်နေသည်။ မိုးအေးအေးနှင့် ကွေးကာ တစ်အိမ်လုံးကတော့ အိပ်မောကျနေကြသည်။ ရွှက်နုဝါတစ်ယောက်သာ အိပ်မရပဲ မျက်စိကြောင်နေသည်။ တကယ်ဆို တစ်နှစ်ဆိုတဲ့အချိန်က ဒဏ်ရာအားလုံးကို ပျောက်ကင်းအောင် ကုသဖို့အတွက် လုံလောက်တဲ့အချိန်ဆိုပေမဲ့ နုဝါအတွက်တော့ အခုထိသွေးစိမ်းရှင်ရှင်ထွက်နေတုန်းပါပဲ။

ခေါင်းကိုတချက်ရမ်းပြီးအားလုံးကိုမေ့ပြစ်ဖို့ကြိုးစားလိုက်ပေမယ့်နားထဲမှာတော့ မောင့်အသံတွေက တဝဲလည်လည်နှင့် ပဲ့တင်ရိုက်နေသည်။

"မင်းကို မင်း မာန်စွတ်တက်မနေစမ်းပါနဲ့။ငါမင်းကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး။ ပညာပေးချင်ရုံ

www.burmeseclassic.com

www.burmeseclassic.com



သက်သက် မင်းဘေးနားကို လာခဲ့တာ။ တကယ်တော့မင်းက ငါထင်ထားတာထက်ကို ပိုပြီးပျော့ညံ့လွန်းနေတယ်။"

နုဝါ အံကိုတင်းတင်းကြိတ်ထားရင်း ခေါင်းကို ဘယ်ပြန်ညာပြန်ခါရမ်းလိုက်သည်။ တော်ပြီမကြားချင်တော့ဘူး။ နုဝါ အိပ်မရသည့်အဆုံး အိပ်ရာပေါ်ကထကာ အိပ်ဆေးတစ်လုံးကောက်သောက်လိုက်သည်။ ဒါတောင်မှ တော်တော်ကြာအောင်ဘုရားစာတွေရွတ်နေလဲ စိတ်က ဟိုရောက်လိုက် ဒီရောက်လိုက်နှင့် တော်တော်နဲ့ကို အိပ်လို့မရချေ။ နားထဲမှာလဲ ဝေယံကို အသံများကလည်း မောင့်ကိုကျော်ကာ ရောက်ရှိလာပြန်သည်။

"ကျွန်တော်...ခင်ဗျားကို ဘယ်လောက်ချစ်ခဲ့လဲ ဆိုတာ ခင်ဗျားအသိဆုံးပါ။ ခင်ဗျားရက်စက်လွန်းတယ်ဗျာ။ ခင်ဗျား မချစ်နိုင်ရင်အစထဲကမျှော်လင့်ချက်ပေး မထားသင့်ဘူး။ ခင်ဗျားသက်သက် အရူးလုပ်တာ။ ကျွန်တော် ခင်ဗျားကို တစ်ခုတော့ ပြောခဲ့မယ်။ခင်ဗျားကို တကယ်ချစ်ခဲ့တဲ့ကျွန်တော် အချစ်တွေ မှန်ကန်ရင် ခင်ဗျားလဲ ကျွန်တော်လိုပဲ ကိုယ်တကယ်ချစ်တဲ့ သူနဲ့ ဘယ်တော့မှ မဆုံဆည်းပါရစေနဲ့။"

တကယ်လားမောင်ရယ် ....။ တကယ်ပဲ သူ့ကိုမှ စာတွေက နုဝါကို အဆိပ်သင့်စေခဲ့တာလား။ ဘာပဲဖြစ်ဖြစ် မောင် နုဝါကို မချစ်ခဲ့ဖူးဆိုတာကိုတော့ နုဝါလက်မခံပါရစေနဲ့နော်...။

နုဝါ ရင်ဘတ်ထဲက စူးအောင့်လာသည်။ စားပွဲဘေးတွင်ရှိသော Nitorol ဆေးလေးကို လျှာအောက်တွင် ငုံထားရင်း အသက်ကို မှန်မှန်လေးရှူနေမိသည်။ ဒီအကြောင်းတွေကို နုဝါမစဉ်းစားချင်တော့ပါ။ ဆရာဝန်ကလဲ နုဝါကို စဉ်းစားခွင့်မပေးပါ။တကယ်ဆို နုဝါက မှားခဲ့တာလား အမှားတွေကပဲ နုဝါဆီရောက်လာတာလား နုဝါမသေချာပေမဲ့ အရာအားလုံးကတော့ သိပ်ကိုနှောင်းခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၂)

ဆယ်တန်းအောင်ပြီး တက္ကသိုလ်စတက်ရတော့မည့်နေ့ဖြစ်သဖြင့် ကျောင်းသူကျောင်းသားအားလုံး အထူးတက်ကြွနေကြသည်။ ပထမဆုံးကျောင်းကို အဖြူ အစိမ်းလွတ်ပြီးကိုယ်နှစ်သက်သောအဝတ်အစားများဝတ်ကာတက်ရမှာဖြစ်သဖြင့်ရင်ခုန်လှုပ်ရှားနေကြသည်။ ယောက်ျားလေးများဆိုလဲ အတန်းထဲမဝင်နိုင်ပဲ ကျောင်းပေါက်ဝ ပေါ်တီကိုအောက်တွင်လာသမျှကောင်မလေးများကိုရှိုးကာအမှတ်ပေးအကဲဖြတ်နေကြသည်။

ဘုန်းမြင့်မိုရ်တို့ သူငယ်ချင်းတစ်သိုက်လဲ သူများနည်းတူ ပေါ်တီကိုအောက်တွင် လာသမျှကောင်မလေးများကို ငေးမောဝေဖန်နေကြသည်။ ဘုန်းမြင့်မိုရ်တို့ သူငယ်ချင်းအုပ်စုထဲတွင် အာကာ က အဆိုးဆုံးဖြစ်သည်။ ဘယ်အချိန်တုန်းထဲကများ သောင်းကျန်းချင်စိတ်များကို မြိုသိပ်ထားခဲ့ရလဲမသိ။ အခုတော့ အတန်းထဲသွားမည်ဆိုတာကို



ဘယ်လိုမှခေါ်မရဘဲ ဒီမှာတင် ဝဲလည်လိုက်နေသည်။

ကောင်မလေးများကလည်း ပုံစံစုံ၊ ဒီဇိုင်းစုံနှင့် သူ့ထက်သူ ပိုလှနေသည်။

"ကောင်မလေးတွေများလှလိုက်တာကွာ..။"

အာကာ၏ အာလုပ်သံကြီးကြောင့်အနားတွင်ရှိသောဘုန်းမြင့်မိုရ်၊မင်းမင်းနှင့်ရဲရင့်တို့ကထရယ်ကြလေသည်။

"ဟေ့ကောင် မင်းအဲ့လို ကြိတ်မနိုင်ခဲမရအသံကြီးနဲ့ပြောနေတာ ဒါပါနဲ့ဆို ၉၉ ကြိမ်ရှိပြီ။"

"ဘာဖြစ်လဲကွာ ယောက်ျားပဲ ပြောမှာပေါ့။ အကြိမ်၁၀၀ ကိုတော့ အလှဆုံးကောင်မလေးကို ပြောမယ်။"

ရဲရင့်ကတော့ မနိုင်ဘူးဆိုသော သဘောနှင့်ခေါင်းခါပြသည်။ ရဲရင့်ဘာသာ ဘာလုပ်လုပ် အာကာက တော့ တစ်ချက်ပင်လှည့်မကြည့်နိုင်လောက်အောင် သူ့အာရုံနှင့်သူရှုပ်နေသည်။ ဘုန်းမြင့်မိုရ်နှင့် မင်းမင်းတို့သာ မနေ့ကကြည့်ခဲ့သော ဘောလုံးပွဲအကြောင်းကို ထိုင်ပြောနေကြသည်။

"ဟ..ဟာ ..မိုက်တယ်ကွာ ဟေ့ကောင်တွေ ဟိုမှာကြည့်စမ်း လှုလားနတ်သမီးလားဆိုတာ။"

အာကာက အပြောနှင့်တင် အားမရဘဲ အနားတွင်ရှိသော ဘုန်းမြင့်မိုရ်ကိုပင် တဖုန်းဖုန်းထုရိုက်လိုက် သေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ အာကာ၏ ညွှန်းဆိုချက်နှင့် အားလုံး၏ မျက်ဝန်းများက ရှေ့တည့်တည့်ကို ဦးတည်သွားသည်။

ကျောင်းပေါ်တီကိုကျော်ကာ ကားပါကင်သို့ အရှိန်ပြင်းပြင်း မောင်းသွားသောကားသုံးစီးသည်ပါကင်ကိုကျွမ်းကျွမ်းကျင်ကျင်နှင့် သုံးစီးအပြိုင်ထိုးလိုက်ကြသည်။ ရှေ့ဆုံးက ချစ်စရာအနီရဲရဲ ပြိုင်ကားပုံ 97 model mitsubishi GTO

ကားနီနီရဲလေးပေါ်မှအနက်တွင်အနီများရောယှက်ထားသောရင်ဖုံးနှင့်ပတ်ထဘီလေးကိုခေတ်မှီမှီလေးဝတ်ဆင်ထားသည့်ကောင်မလေးက အရင်ဆုံးဆင်းလာလေသည်။ သူမလေးက သူမ၏ဆံပင် တိုတိုလေးများကိုမရမကစုစည်းထားကာ ဆံပင်လေးများက ဟိုတစ်စ ဒီတစ်စထွက်ကျနေပုံလေးက ချစ်စရာကောင်းလွန်းနေသည်။ နားကွင်း နီနီရဲရဲလေးကလဲ သူမဝတ်စုံနှင့် လိုက်ဖက်စွာ ချစ်စရာကောင်းစွာ လှပနေသည်။

သူနှင့် မရှေးမနှောင်းမှာပင် 2007 model Mark

အနက်ရောင်ရွှဲရွှဲကြီးပေါ်မှ ဆံပင်ကျောလယ်လောက်ကောက်ကောက်ခွေခွေလေးများကို ဖြန့်ချထားကာ ကုလားမင်းသမီးလေး တစ်ယောက်လို လှပနေသော ကောင်မလေးတစ်ယောက်ဆင်းလာလေသည်။ ထိုမိန်းကလေးက အသားဖြူသော်လည်း ကုလားမလေးများလို မျက်ခုံးမျက်လုံးလေးများက လှပလွန်းနေသည်။ သူမမျက်ဝန်းများက အဝေး



ကကြည့်တာတောင်တော်တော်လေးတောက်ပကာလင်းလက်ရွှန်းစိုနေသည်။

ထိုနောက်မှာတော့ အစိမ်းရောင်တောက်တောက် 97 model Honda CR-V ကားလေးပေါ်မှ နိုင်ငံခြားမင်းသမီး ကက်သရင်းဇီတာဂျုန်းလား ထင်ရလောက်အောင်တူသော ကောင်မလေးတစ်ယောက်ဆင်းလာလေသည်။ ထိုကောင်မလေးက ကျောလယ်လောက်ရှိသော ဆံပင်ဖြောင့်ဖြောင့်လေးများနှင့် လမ်းလျှောက်ရင်လဲ မော်ဒယ်တစ်ယောက်လိုလှပနေသည်။ အမှတ်တမဲ့ကြည့်ပါက နိုင်ငံခြားသူလို့ ထင်ရလောက်အောင်ပဲ သူမရုပ်ရည်လေးက ဘိုဆန်နေသည်။

အားပါး ..အာကာပြောလဲပြောချင်စရာပင်လှလိုက်တာမှ စက်စက်ကိုယိုနေတာပဲ။ ဒါပေမဲ့ လမ်းလျှောက်လာသော သူမတို့၏မျက်လုံးတွေကြည့်ရတာ ဘယ်သူကိုမှ သိပ်လူထင်ပုံမရချေ။ သုံးယောက်သား စကား ပြောကာ ဘယ်သူကိုမှလည်း သိပ်ဂရုမစိုက်ချေ။ ဒီလောက် ဝိုင်းအုံကြည့်နေသော ယောက်ျားများ၏ မျက်လုံးများကိုလည်း အဖက်မလုပ်ပဲ အေးအေးလူလူပင် လမ်းလျှောက်လာကြသည်။

ထိုကောင်မလေးသုံးယောက်အနားက မပြတ်ခင်တော်တော်လှမ်းလှမ်းထဲကလဲ ရေမွှေးနံ့ကထောင်းထောင်း

www.burmeseclassic.com

www.burmeseclassic.com



ထကာ လူကိုအရင်ကြိုဆွဲဆောင်နေသည် ။အနံ့ရထဲကလဲ အကောင်း စားရေမွှေးမှန်း သိသာလွန်းသည်။ အနံ့လေးက သင်းသင်းလေးနှင့် ရင်ထဲကို အေးချမ်းကာအမောပြေသွားသလိုပင်။

"ကဲ စိမ်းလဲ့ရော၊ ဘရဏီရော နှစ်ယောက်လုံး ရှုံးတယ်နော်။ အဲ့တော့ နုဝါကိုမုန့်ကျွေးဖို့သာ ပြင်ထား။ ပြောပါတယ် နုဝါနဲ့ ဘယ်တော့မှ ကားပြိုင် မမောင်းချင်ပါနဲ့ဆို။ အခုတော့ ကျွေးရတော့မယ် မှတ်လား။"

"တော်ပါ မိန်းမရယ်။ တော်ပါတယ်ဆိုမှ လာကြွား နေသေးတယ်။"

"ဟုတ်ပါ့ ဟုတ်ပါ့။"

ရှုံးတဲ့ကောင်မလေးနှစ်ယောက်က ဆံပင်တိုတိုလေးကိုမရမကစုစည်းထားသောနုဝါဆိုသောကောင်မလေးကို မကျေမနပ်ပွစိပွစိလုပ်နေကြသည်။ သူမ ကလဲ လုပ်ချင်စရာကောင်းလောက်အောင် ဟိုနှစ်ယောက်ကို ထပ်ကလိနေတာဖြစ်သည်။

"လုလိုက်တာ နတ်သမီးလား။"

"ဟော့ ဘေဘီ ချစ်လေး လှမှလှပဲ..။"

ထိုကောင်မလေးများအဖြတ်တွင် ယောကျ်ားလေးများ၏ ထုံးစံအတိုင်းဝိုင်းအော်ကြလေသည်။ ထိုသုံးယောက်



က တော့ တစ်ချက်ကြည့်ကာ အဖက်မတန်သလိုလုပ် သွားသည်။ ဒီထဲတွင် ဟိုနုဝါဆိုသော ကောင်မလေးက ပိုဆိုးသည်။ နှာခေါင်းကိုရှုံ့ကာ လှပသော မျက်နှာလေးကိုပင် အကျည်းတန်အောင် မဲ့ရွဲလိုက်လေသည်။ ပြောသည့်ကောင်တွေမသိ ဘုန်းမြင့်မိုရ်ပင် ဒီကောင်မလေး ပုံစံကိုကြည့်ကာ အမြင်ကတ်သွားသည်။

ဘာလဲဟ။ ဒါဘာ ဒီဇိုင်းလဲ ပုံစံကိုက မတူသလိုလိုမတန်သလိုလိုနဲ့ ဘလိုင်းကြီးကို မာန်တက်နေပုံရသည်။

"ဟော့ကောင် သားကြီး သုံးယောက်လုံးက အမိုက်စားလေးတွေကြီးပဲ ငါသွားလေ့လာလိုက်ဦးမယ်။ လိုက်မလား။"

"သွား သွား။ ငါတော့မလိုက်ဘူး။ ဒီလောက်မာန်တက်နေတဲ့ဟာမလေးတွေကိုများ။"

"မလိုက်ရင်နေ ငါတော့ကြိုက်တယ်။ ဘာဖြစ်လဲ တက်ပစေပေါ့ ဒီလောက်လှပြီး ဒီလောက်ပြည့်စုံမှတော့ နည်းနည်းပါးပါးတော့ရှိမှာပေါ့။ ဘယ်သူတွေလိုက်မလဲ။"

"ငါတို့လိုက်မယ်။"

ဘေးနားတွင်ရှိသော နှစ်ကောင်လုံးက တစ်လေသံထဲပင်။ ချက်ခြင်းပင် ကျောမိုးအိတ်လေးလွယ်ကာ ထထွက်သွားကြသည်။အရင်ကဆို အာကာကသာ ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တွေကို စိတ်ဝင်စားသော်လည်း ကျန်သည့် ကောင်တွေက အေးဆေးပင်။ အခုတော့ သူတို့ကအဖွဲ့ညီကာ ဘုန်းမြင့်မိုရ် တစ်ယောက်သာ သက်သက်ကွဲကျန်ခဲ့သည်။ အဖွဲ့မကွဲအောင် သူတို့နဲ့ လိုက်ဖို့ကြတော့လဲ ဒီလောက်မာန်ဟက်နေသည့်ကောင်မလေးတွေနောက်များ မလိုက်ရေးချ မလိုက်ချင်ပေ။

"မော့ကောင်တွေ ကန်တင်းမှာစောင့်နေမယ်။ ပြီးရင်လိုက်ခဲ့။"

ဒီစကားကိုပင် သုတ်ခြေတင်မနည်းပြောလိုက်ရသည်။ တစ်ယောက်ထဲယောင်ချာချာနှင့် ကန်တင်းသို့ ထွက်လာခဲ့သည်။ ကန်တင်းကတော့ အရောင်အသွေးစုံစွာနှင့် သက်ဝင်လှုပ်ရှားနေပါသည်။ ကော်ဖီတစ်ခွက်ကို ဖိမ်နှင့်ဆွဲသောက်ရင်း ဟိုကောင်တွေကို တော်တော်ကြာအောင် စောင့်နေရသည်။ တော်တော်ကြီးကြာမှ မသာမယာမျက်နှာများဖြင့် ပြန်ရောက်လာသည်။

"ရုပ်တွေက ဘာဖြစ်လာတာလဲ။ ဟိုက ကောလွှတ်လိုက်ပြီမှတ်လား။"

"မဟုတ်ပါဘူးကွာ။ မင်းကလဲ။"

မဟုတ်ပါဘူးသာပြောတယ် ဒီကောင်တွေရုပ်က တစ်ခုခုတော့ဖြစ်လာပုံရသည်။

"ဘာဖြစ်လာတာလဲ။ ပြော။အာကာ..မင်းပြော။"



"ဒီလိုကွ....။"

အာကာက မျက်မှန်ကိုပင့်ရင်းစကားကိုစပြောလေသည်။.....

www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦ ❦ ❦

## အခန်း(၃)

ရွက်နုဝါတို့ လျှောက်လာရာလမ်းတစ်လျှောက်လုံးတွင် ရိသဲ့သဲ့ပြောသူကပြော။ "ဝူး..အူး။" ဆိုအူသူကအူနှင့် သုံးယောက်လုံးဒေါသ ထွက်လာကြသည်။ ဒီကြားထဲ နောက်ကနေတစ်ကောက်ကောက်လိုက်ပြီး ဘယ်ညာ၊ဘယ်ညာဆိုပြီးအော်နေသော ယောကျ်ားလေးများကြောင့်လည်း ဒေါသအရှိန်က ပိုမိုမြင့်တက်လာသည်။စိတ်ကိုထိန်းရင်း လမ်းလျှောက်လာသော်လည်း "အသဲလေး ဖြေးဖြေးလျှောက်လေ နောက်ကနေလိုက်ရတာ မောတယ်။" ဆိုသော အသံလဲကြားရော ဒေါသအရှိန်က အမြင့်ဆုံးအထိဆောင့်တက်သွားသည်။

သုံးယောက်သား တိုင်ပင်စရာမလိုပဲ ခြေစုံရပ်ကာ နောက်ကလိုက်လာသော လူနှစ်ယောက်ကို မျက်နှာချင်းဆိုင်မိလျှက်သားဖြစ်သွားသည်။



"နင်တေနက အသဲလေးလို့ခေါ်တာ ဘယ်သူ့ကိုခေါ်တာလဲ။"

ရွက်နုဝါက ခါးကိုထောက်ရင်း နောက်ကလိုက်လာသော လူနှစ်ယောက်၏ မျက်လုံးများကို တည့်တည့်ကြည့်ကာမေးလိုက်သည်။ ရွက်နုဝါ၏ စားမတတ် ဝါးမတတ်ကြည့်သော အကြည့်စူးစူးကြောင့်လည်း ပိန်ပိန်ရှည်ရှည်၊ အသားညိုညိုနှင့်လူကော၊ rapper ပုံစံဝတ်ထားသောလူပါ နှစ်ယောက်လုံးကိုယ်ရှိန်တော့ သတ်သွားသည်။

"ဟီး သုံးယောက်လုံးကို ပြောတာပါ။ ခင်ချင်လို့ပါ။"

"အိုကေ။ ငါကတော့ ပေါက်လွှတ်ပဲစားလူတွေနဲ့မခင်တတ်ဘူး။ ပြီးတော့နင်တို့လို မိန်းမ မမြင်ဖူးပဲ နောက်ကနေ လိုက်ကြောင်နေတဲ့ ခပ်ပေါပေါယောကျ်ားတွေဆို စကားကိုပြန်မပြောချင်ဘူး။ ကျန်တဲ့နှစ်ယောက်တော့ နင်တို့ဘာသာမေးကြည့်ပေ[illegible]။"

"[illegible]ပြောပြီး စိမ်းလဲ့ပြောမယ်။ နင်တို့လိုလူတွေနဲ့ အပြင်မှာ ခင်ဖို့မပြောနဲ့ အိပ်မက်ထဲမှာတောင်ဆေးဖော်ကြောဖက်မလုပ်ဘူး။ ကဲ ဘရဏီရေနားလည်အောင်ပြောပေးလိုက်ပါဦး။"

"အိုကေ စိမ်းလဲ့။ သတ္တိရှိလို့နောက်ကနေဆက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးလိုက်ခဲ့ချင်တယ်ဆို လိုက်ခဲ့လိုက်လေ။ကျောင်းဖွင့်ဖွင့် ချင်းနေ့ပဲ ပါမောက္ခရုံးခန်းပဲရောက်မလား။ ရဲစခန်းပဲ ရောက်မလား သိရတာပေါ့။ ရှင်းတယ်နော်။"

ထိုသုံးယောက်၏ လေသံများကြောင့် ဘေးနားတွင်မသိမသာလိုက်ပါလာသောကောင်လေးများပါခပ်လန့်လန့်ဖြစ်သွားသည်။ရုပ်လေးချောသလောက်တော်တော်စွာကာ မထင်ရင်မထင်သလို လုပ်မည့်ပုံများ ဖြစ်သည်။ မင်းမင်းက အာကာနှင့် ရဲရင့်ကိုလက်ကုတ်ပြီး ပြန်ခေါ်လာခဲ့သည်။ အခြေအနေက သိပ်ကောင်းတာ မဟုတ်။ ပုံစံတွေ ကတာကယ်လုပ်မည့်ရုပ်တွေ။ ယောကျ်ားလေး ဆိုတာ မိန်း ကလေးနဲ့ ပြိုင်ပြီးရန်ဖြစ်တယ်ဆိုထဲက သိက္ခာကျနေပြီ။ ဒါကြောင့်လည်း ပန်းသုံးပွင့်ကို လက်လွှတ်ကာ တောက်ခေါက်ပြီး ပြန်ခဲ့ကြသည်။

"အလကား ဟာမတွေ။ သွားမပတ်သက်စမ်းနဲ့။ မာန်တက်နေတာ။"

ဘုန်းမြင့်မိုရ်စကားကြောင့်အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

"မင်းကတော့ ဟုတ်တာပေါ့။ လူကလည်း သူဌေး သား။ ရုပ်ကလည်းချော။ ကောင်မလေးတွေ ဝိုင်းဝိုင်းလည် နေတော့ ပြောအားရှိတာပေါ့။"



အာကာက ဘုန်းမြင့်မိုရ်ကိုမကျေနပ်စွာပြောလိုက်သည်။

"ဟော့ကောင် အပိုမပြောနဲ့။ အဲလိုတွေပတ်သက်မှာစိုးလို့တောင် ကျောင်းလာတာတောင် ရိုးရိုး saloon ကားပဲယူလာတယ်။ မင်းတို့လဲ ဒီကားလောက်တော့ စီးနေကြတာပဲ။ ငါသူဌေးသားဆိုတာဘယ်သူမှလဲမသိဘူး။သိလဲမသိစေချင်ဘူး။"

"အော် မင်းကရုပ်ရည်ရှိသေးတာကို။ ငါ့အမေလဲ ငါ့ကို မင်းလိုသာ ခပ်ချောချောမွေးကြည့်ပါလား။ ဟွန်း ကျောင်းကို လမ်းလျှောက်ပြီးတောင်လာတယ်။"

"ရဲရင့် မင်းက အမေကိုတောင်ပြန်ပြီး အပြစ်တင်နေသေးတယ်။ မင်း ဒီကောင်လိုချောချင်ရင်တော့ ဒီဘဝတော့မဖြစ်နိုင်တော့ဘူး အဲ့တော့ အားမငယ်နဲ့ သူငယ်ချင်း ခဏနေ အင်းယားသွားပြီးခုန်ချပြီး သတ်သာသေလိုက် နောက်ဘဝကဖြစ်ချင်ဖြစ်မှာပေါ့။"

"ခွေးကောင် မင်းမင်း။"

အားလုံး၏ ရယ်သံများဆူညံသွားသည်။ ငယ်သူငယ်ချင်းများဖြစ်သဖြင့်လည်း တစ်ယောက်နှင့်တစ်ယောက်ဘာ ပြောမနာဆိုမနာများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





"မင်းကလဲကွာ သူတို့ကဒီလောက်ချောဒီလောက် လှတာ။ နည်းနည်းပါးပါးတော့ရှိမှာပေါ့။"

ဘေးကပ်ရပ်ဝိုင်းကကောင်တွေရဲ့ စကားသံတွေက ကျယ်လောင်စွာထွက်ပေါ်လာသည်။ ဘာရယ်မဟုတ်ပဲ နားထဲသို့ ဝင်ရောက်လာသည်။

"ဘာနည်းနည်းပါးပါးလဲ။ ရုပ်ကလေးတွေကတော့ ချောလိုက်တာမှန်နေတာပဲ။ စကားပြောတာကျတော့ အင်မတန်ရင့်တယ်။"

"ရင့်တာလဲမပြောနဲ့လေကွာ ဟိုကောင်တွေက လဲ အတင်းကို လိုက်ကပ်နေကြတာကိုး။"

"ဒါကတော့ကွာ ကောင်မလေးချောချောလေးတွေ ပဲ ယောကျ်ားလေး သဘာဝစိတ်ဝင်စားတာတော့ ရှိမှာပေါ့။ စထဲက စိတ်မဝင်စားစေချင်ရင် သူတို့ လည်း အဲ့လောက် အလှပြင်မလာနဲ့ပေါ့။"

ထိုကောင်တွေပြောတာ အမှန်ပဲဟု ဘုန်းမြင့်မိုရ် စိတ်ထဲက ကြိတ်ထောက်ခံလိုက်သည်။ ဘယ့်နှဲ့ သူတို့ကြ တော့ ကျောင်းလာတာ ရှုတင်လာသလားထင်ရလောက် အောင်အလှတွေပြင်ပြီး ပြီးမှယောကျ်ားလေးတွေ စကား လိုက်ပြောရင်ပဲ သေတော့မလို အိုက်တင်နဲ့။

"ဒါကတော့ကွာ သူတို့တွေက ပြည့်လည်းပြည့် စုံကြတာကို။ ဆံပင်တိုတိုနဲ့ ကောင်မလေးနာမည်

က ရွှက်နုဝါတဲ့ သူ့အဖေက ဟိုတယ်တော်တော် များများကို ပိုင်တယ်။ ဒီနိုင်ငံမှာတင်မကဘူးနော် ဘန်ကောက်နဲ့ စင်ကာပူမှာပါ သူ့အဖေရဲ့ဟိုတယ် တွေရှိတယ်လို့ကြားတယ်။ နောက်တစ်ယောက် က စိမ်းလွဲ့တဲ့ သူက ဆံပင်ကောက်ကောက်နဲ့ မျက်လုံးဝိုင်း ဝိုင်းလေးနဲ့လေ သူ့အဖေ ကကြတော့ ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးမြတ်မောင်တဲ့ နောက်ဆုံးကျန်တဲ့ တစ်ယောက် ကဘာရဏီတဲ့ သူမိဘတွေကတော့ စိန်ဘုရင် စိန်တိုက်ဖွင့်ထား ဟာ လေ။ကဲ ဒီလောက်ပြည့်စုံတဲ့ သူတို့မှ အဲ့လို မဖြစ်ရင် ဘယ်သူဖြစ်မှာလဲ။"

"နေပါဦးမင်းက အဲ့အကြောင်းတွေကို ဘယ်လိုသိ လဲ။"

ဘေးဝိုင်းက ပြောသမျှကို တုတ်တုတ်မျှမလှုပ်ပဲ ဘုန်းမြင့်မိုရ်တို့အဖွဲ့ နားထောင်နေကြသည်။ ဘေးကအဖွဲ့ ကကောင်တွေကလည်း ဘုန်းမြင့်မိုရ်တို့နားထောင်နေမှန်း သိ၍ အသံကိုပိုကျယ်ကာ သူတို့သိသမျှကို အိပ်သွန်ဖာ မှောက် ကြွားပြောလေးပြောနေကြသည်။

"သူတို့နဲ့ ဆယ်တန်းထိအတူတူတက်ခဲ့တဲ့ ကောင် မလေးတစ်ယောက်က မေဂျာအတူတူပဲလေ။ သူပြန်ပြောပြတာ။သူတို့က ကျောင်းမှဆိုရင်။စိမ်း၊

www.burmeseclassic.com

www.burmeseclassic.com



နီဆိုပြီး အရမ်းနာမည်ကြီးတာတဲ့။"

"မင်းက အဲ့ကောင်မလေးနဲ့လဲ သိတာပဲလား။"

"ဒါပေါ့ကွ။ နေမျိုးပဲ ဒီလောက်တော့ရှိမှာပေါ့။"

ဘုန်းမြင့်မိုရ်က သူတို့စကားသံတွေအဆုံး ဝါးလုံးကွဲ ထရယ်လိုက်သည်။

"ဟ ဟား။"

ဘုန်းမြင့်မိုရ်အသံကြောင့် ဘေးဝိုင်းက ကောင်တွေပါအောင့်သည်း အောင့်သက်ဖြစ်ကာ ဘုရှုံးလှမ်းရှုံးလေသည်။

"ဟော့ကောင်..တိုးတိုးလုပ်စမ်းပါ။ ဘာကိစ္စထရယ်ရတာလဲ။"

အာကာက ခပ်တိုးတိုး လှမ်းမေးသည်။

"ရယ်မှပေါ့ကွ။ မင်းစဉ်းစားကြည့်စမ်း သူတို့ကိုယ်သူတို့ နိုင်ငံကျော်မင်းသမီးတွေလိုလို ဘာလိုလိုနဲ့ အခုတင်ကြည့်လူတော်တော်များများရဲ့ နှုတ်ဖျားမှာ ဒီအကြောင်းပဲ ရောက်နေပြီ။ ဘယ်လောက်ကြောင်တဲ့ ကိစ္စလဲ။တော်ပြီ ဒီအကြောင်းဆက်လဲ မပြောချင်ဘူး ကြားလဲမကြားချင်ဘူး။"

ဘုန်းမြင့်မိုရ်ရဲ့ မျက်နှာအရိပ်အကဲကိုကြည့်ကာ သူငယ်ချင်းအားလုံးဘာမှဆက်မပြောတော့ပေ။ ဒီကောင်က ဒီလိုပဲ သူမကြားချင်တာကို ထပ်ပြောနေပါက ထထွက်



သွားမည့် ကောင်မျိုး။ ဘယ်တော့မှ အားနာပါးနာထိုင်နားထောင်နေမည့်ထဲတွင်မပါချေ။ အားလုံးလဲ စားသောက်ပြီးကြပြီဖြစ်သဖြင့်အတန်းတက်ဖို့ထထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





❧ ❧ ❧ ❧ ❧

## အခန်း(၄)

"ဘရဏီ တစ်တန်းလုံးက အလုပ်မရှိကြဘူးလား မသိဘူးနော်။"

စိမ်းလဲ့က စကားပြောနေရင်းက အတန်းထဲကို ဝှေ့ကြည့်ရင်း စိတ်အိုက်သလိုလို သက်ပြင်းချရင်း ပြော လာသည်။

"ဘာလို့လဲ စိမ်းလဲ့ရဲ။"

ဘရဏီနှင့် နဝါကတော့ အေးဆေးပင်။မနေ့က တွေ့ခဲ့သော ဖက်ရှင်လိုင်းမှ အင်္ကျီပုံစံများကို မျက်စိထဲ ကွက်ကွက်ကွင်းကွင်း မြင်ယောင်ကို တစ်ယောက်ကို တစ်ယောက် ပြောပြနေသည်။ အတန်းချိန်တစ်ချိန်နှင့် တစ်ချိန်အကူးမို့လို့လဲ အားလုံးက အလုပ်မရှိပဲ အားနေကာ စကားထိုင် ပြောနေကြသည်။

"အော် ကြည့်ပါလား ဒို့အဖွဲ့ကိုပဲ လာကြည့်နေကြ တယ်။ အတန်းထဲမှာရှိတဲ့ယောကျ်ားလေးတွေရော မိန်းကလေးတွေရောပဲ။"

"အထူးအဆန်းလုပ်လို့ စိမ်းလဲ့ရယ်။ ရှင်..ဒါမျိုး မကြုံဘူးတာ ကျနေတာပဲ။ လွှတ်ထားလိုက် စမ်းပါ သူတို့အရှိန်နဲ့ သူတို့။ သိပ်မကြာခင်မှာ သူတို့ရဲ့ ထင်မြင်ချက်မျိုးစုံကိုလဲ ကြားရဦးမယ်။ အရေးကိုလုပ်မနေနဲ့။"

အားလုံးထဲတွင် ရွှက်နဝါက စိတ်အမာဆုံးဖြစ် သည်။ ပါးစပ်ထဲက စားနေသော ပီကေကိုပင် ဗူးပေါင်းလို မှုတ်ရင်းပင် သူ့ပြောနေသောစကားကို ဆက်ပြောသည်။

"အဲ့ဒါဟာ သူက အပေါ်က ကျစ်ဆံမီးလိုကြိုး မျိုးကို လည်ပင်းကနေယှက်ထားတာ။"

"ဒါဆို ကျောကဟောင်းလောင်းကြီးဖြစ်နေမှာ ပေါ့။"

"အေးပေါ့ဟ တကယ်လို့နဝါတို့ဝတ်မယ်ဆိုရင် အသားရောင် ဇာအပါးလေးကို အောက်ကခံပြီး အပေါ်ကနေ ဘော်ကြယ်လေးတွေ ထိုးလိုက်ရင် တော်တော်လှမှာ။"

ပြောလည်းပြော လက်ကလဲ စာရွက်အလွတ်ပေါ် တွင် ပုံဆွဲပြနေသေးသည်။ နဝါက ဖက်ရှင်ကိုအရမ်း စိတ် ဝင်စားသူဖြစ်သည်။ ဖက်ရှင်လိုင်းပေါင်းစုံကိုကြည့်သည်

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သူမစိတ်ကူးနှင့် သူမပြန် createလုပ်ကာ ဒီဇိုင်းဆွဲ၍ အပ်သည်။ နဝါက ငယ်ငယ်လေးထဲက ဒီဇိုင်းဆွဲတာဝါသနာပါသည်။ ငယ်ငယ်ကဆို စက္ကူအရုပ်မလေးများကို ပုံစံမျိုးစုံဒီဇိုင်းဆွဲကာ ဆင်ပေးသည်။ အားနေရင်သူမ စာအုပ်တွေထဲတွင် အင်္ကျီပုံလှလှလေးများကို အမြဲဆွဲနေတတ်သည်။ သူမလက်ရာဂါဝန်လေးတွေဆို အရမ်းလှသည်။ ပုံထဲမှာတောင် ဝတ်ချင်စရာကောင်းလောက်အောင်ကို ဆွဲဆောင်နေသည်။ ကြီးလာတော့ သူမရဲ့ဝါသနာက ပိုဆိုး လာသည်။ ဖက်ရှင်စာအုပ်တွေဝယ်သည်။ လိုက်ဆွဲကြည့်သည်။ သူမသဘောကျသော ပုံများကို ဒီဇိုင်းနာဆီသွား ၍အပ်သည်။

သူမက ဖက်ရှင်ဒီဇိုင်းပုံဆွဲတာသာ စိတ်ဝင်စားတာ ကိုယ်တိုင်ချုပ်ရမှာတော့ဝါသနာမပါချေ။ သူမစိတ်တိုင်းကျဆွဲထားသော ပုံလှလှလေးများကို လက်ရာကောင်းကောင်း ဒီဇိုင်းနာဆီမှာ အမြဲသွားရောက်အပ်ကာ ဝတ်ဆင်တတ်သူဖြစ်သည်။ ဖက်ရှင်ကိုစိတ်ဝင်စားသဖြင့် အင်မတန်မှလဲ ဖက်ရှင်ကျကျနေသူဖြစ်သည်။ သူမကိုကြည့်လျှင် ဘယ်သောအခါမှ ဖြစ်သလိုဝတ်တယ်စားတယ်ဆိုတာ မရှိချေ။

သူငယ်ချင်းတွေကိုလဲ အဲ့လိုဝတ်လာလို့ကတော့ တစ်နေ့လုံးနားငြီးအောင် ပြော၍မဆုံးတော့ချေ။ ကြာလာ



တော့လည်း နဝါစကားကိုနားယောင်ရင်း အားလုံးကလဲ ဖြစ်ကတတ်ဆန်းမဝတ်ဖြစ်ကြတော့ပေ။ဒါကလဲနဝါကျေးဇူးလို့ပဲပြောရမယ်။ အခုလဲ ဘရဏီ ကသူ့အမဝမ်းကွဲ မင်္ဂလာဆောင်ပွဲတွင်ပန်းကြဲပေးရမည်ဖြစ်သဖြင့်နဝါကိုဒီဇိုင်းဆွဲခိုင်းနေတာဖြစ်သည်။

ဘယ်တော့မဆို အဝတ်အစားပဲဝယ်ဝယ် ၊ ပွဲလမ်းသဘင်အတွက် ဝတ်စုံပဲချုပ်ချုပ် ဘရဏီတို့ နှစ်ယောက်လုံးက နဝါရဲ့ အကြံဉာဏ်ကိုတော့ ယူကြသည်။ အခုလဲ ဘရဏီအတွက် ဝတ်စုံကို နဝါနှင့် ဘရဏီပေါင်းကာ ဒီဇိုင်းထုတ်နေကြခြင်းဖြစ်သည်။ဒါ့အပြင် နဝါနှင့် စိမ်းလဲ့ ကိုလဲ သတို့သမီးအရံများလုပ်ရန်လဲ ဘရဏီက အတင်းအကူအညီ တောင်းထားသည်။

သူငယ်ချင်းအရင်းကြီးက အကူအညီတောင်းလို့ သာလုပ်ကြရမှာ ဖြစ်သော်လည်း နဝါနှင့် စိမ်းလဲ့တို့က သိပ်စိတ်မဝင်စားပေ။ အခုလဲ ကိုယ့်အတွက်ကို မစဉ်းစားပဲ ဘရဏီအတွက်သာ အင်္ကျီပုံစံကို ကူစဉ်းစားပေးနေကြသည်။

"နဝါနဲ့ စိမ်းလဲ့ နင်တို့လဲ သတို့သမီးအရံလုပ်ကြရမှာနော်။ ဒီဇိုင်းစဉ်းစားပြီးပြီလား။"

ဘရဏီက မမေ့မလျော့ပင် သတိထပ်ပေးလိုက်သည်။ အခုလိုချည်ထားမှ။ ဟိုနှစ်ယောက်က သိပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်တာမဟုတ်ဘူး။ ငြင်းမရလို့သာ လုပ်ပေးရမှာ။ ထပ်ခါ ထပ်ခါ သတိပေးထားမှ တန်ကာကြမည်။

"အဲ့ဒါ စိမ်းလဲ့အလုပ်မဟုတ်ဘူးလေ။ ငါတို့ရဲ့ ဖက်ရှင်ဒီဇိုင်နာကြီး ဒေါ်ရွက်နုဝါအလုပ်။ အခု ငါကလေ သူ့ကို ဘော်ဒီလေးပုံအပ်ချင်လို့ လုပ်ထားတယ်။ ဟား ဟား။"

စိမ်းလဲ့က အင်္ကျီအောက်နားလေးကို ဆန့်ကာ ခါးကိုကော့ရင်း နုဝါကိုမျက်စပစ်ကာ နောက်ပြောင်လိုက်သည်။

"အောင်မာဒေါ်စိမ်းလဲ့ရှင်နော်လက်သာ ကိုယ်ကျွတ်မလုပ်နဲ့ လာကူစဉ်းစားပေး။"

"အို...စိမ်းလဲ့မှ မကျွမ်းတာ။ ဒါမျိုးက နုဝါပိုင်ပြီးသားလေ။"

နုဝါက မျက်စောင်းတစ်ချက်ကို ထိုးရင်း အင်္ကျီပုံစံလေးကို လက်စသတ်လိုက်သည်။

"လှတယ်ဟယ်။ ကြိုက်တယ်။ အဲ့ပုံလေးပဲ ချုပ်မယ်။"

ဘရဏီက နုဝါဆွဲထားသောပုံလေးကို လှမ်းယူရင်း ပုံလေးကို ကြည့်ကာ သဘောတွေကျနေသည်။

"သိနေတယ်လေ။ ကိုယ့်သူငယ်ချင်းတွေ ဘာပုံလေးနဲ့လိုက်မလဲဆိုတာ။နင့်အစ်မက အနောက်



တိုင်းစတိုင် မင်္ဂလာဆောင်မှာဆိုတော့ ငါလဲ ခပ်မိုက်မိုက်ဒီဇိုင်းလေး ကိုယ့်သူငယ်ချင်းလေးကို ဆင်ရတာပေါ့။"

"ကျေးဇူးပါ ချစ်ဆုံးရယ်။ ရွတ်။"

ဘရဏီက နုဝါပါးလေးကို မွှေးမွှေးလှမ်းပေး လိုက်သည်။ ဒါကငယ်ငယ်လေးထဲက သူတို့လိုချင်တာရသော အခါတိုင်း တစ်ဦးကို တစ်ဦးလုပ်နေကျ အပြုအမူလေးတွေပင်။ တစ်ခြားလူတွေအတွက် စိမ်းနေပေမဲ့ နုဝါတို့ကြားမှာက ဒါကအထူးအဆန်းမဟုတ်ပေ။ နုဝါပြုံးရင်း ဘာရယ်မဟုတ်ပဲ ရှေ့ကိုလှမ်းကြည့်လိုက်သည်။ဒါကိုပင် နုဝါနှင့် မျက်နှာချင်းဆိုင်တွင် ကြည့်နေသော ကောင်မလေး က မျက်စောင်းထိုးကာ မဲ့ရွဲ့ပြသည်။ ဘာဖြစ်လဲ မိန်းကလေး ချင်းချစ်လို့နမ်းတာပဲ မနမ်းရဘူးလား။ နုဝါရဲ့အကျင့်က တစ်ခုတော့ဆိုးသည် ကိုယ်မှန်တယ်ထင်ရင် သိပ်ဂရုမစိုက် ပေ။

မျက်နှာချင်းဆိုင်တွင် တွေ့ရသော ကောင်မလေး ကို မျက်တောင်မခတ်တမ်းသေချာ စိုက်ကြည့်လိုက်သည်။ ထိုကောင်မလေးကလဲ မကြည့်ဘဲလဲနေနိုင်တာမဟုတ်။ ခဏကြာတော့ နုဝါတို့ဘက်ကိုလှည့်ကြည့်ပြန်သည်။ သူလဲလှည့်ကြည့်ရော နုဝါကဘေးနားတွင်ရှိသောစိမ်းလဲ့ကို ဖြတ်ကနဲ နမ်းကာ ထိုကောင်မလေးကို ဘယ်နှယ် ရှိစဆို

www.burmeseclassic.com

www.burmeseclassic.com



သည့်ပုံစံမျိုးဖြင့် မျက်စပစ်ကာပင် လှောင်ပြောင်ရယ်ပစ်လိုက်သည်။ ဘေးနားတွင်ရှိသော စိမ်းလဲ့ပင် ကြောင်သွားသည်။ ဒါပေမဲ့ အခြေအနေတစ်ခုကြောင့်သာ နဝါ ထိုသို့ပြုမူမှန်း အချင်းချင်းမို့ အထွေအထူးပြောစရာ မလိုအောင် သဘောတော့ပေါက်သည်။

အတန်းချိန်ကလဲ ဒီအတိုင်းဆို မရှိတော့ဘူးထင်သည်။

"သွားကြစို့။ ဘရဏီအတွက် အဝတ်စသွားဝယ်ရအောင်။"

"အိုကေလေ။"

သူငယ်ချင်းတွေက ဒီတစ်ခုတော့ကောင်းသည် တစ်ယောက်လုပ်ချင်တာကို ကျန်တစ်ယောက်က ဘယ်သောအခါမှမငြင်းကြချေ။ အခုလဲ နဝါပြန်မည်ဆိုတာနှင့် စာအုပ်တွေသိမ်းကာ ပြန်ဖို့အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။ နဝါကလဲ ထိုကြည့်နေသောကောင်မလေးကို အမြင်ကတ်စွာနှင့် ကားသော့လေးကို မြှောက်ကစားရင်း ခပ်မဲ့မဲ့လေး ပြုံးကာ ကျော့ကျော့လေးထထွက်လာခဲ့သည်။

အခန်းပြင်ရောက်သည်နှင့် စိမ်းလဲ့က...

"နဝါဘာဖြစ်လာပြန်တာလဲ။"

"မဟုတ်ပါဘူးဟာ။ ဘရဏီက ငါ့ကိုလာနမ်းတာကို ငါ့ရှေ့မှာထိုင်နေတဲ့ ဟိုအင်္ကျီပန်းရောင်နဲ့



ကောင်မလေးက လာပြီးမဲ့ရွဲ့ပြလို့ အမြင်ကတ်လို့ တမင်ပြန်လုပ်လိုက်တာ။"

"ဖြစ်ရမယ်။ ထင်တော့ထင်သားပဲ ဒေါ်နဝါတို့ အကြောင်းမရှိဘဲ မလုပ်ပါဘူးလို့။"

"အင်းလေ..နင်စဉ်းစားကြည့် ငါတို့ဘာသာ သူငယ်ချင်းမိန်းကလေးအချင်းချင်း ဘာလုပ်လုပ်ပေါ့ သူတို့ အပူလား လာလဲကြည့်သေးတယ်။ အိမြှေ့ကိုမရှိဘူးဆိုတဲ့ ပုံစံနဲ့လာပြီးမဲ့ရွဲ့ပြလို့ အမြင်ကတ်လို့တမင်လုပ်လိုက်တာ။"

"ဟုတ်လား ဘရဏီက သတိမထားမိလိုက်ဘူး။"

"အင်းလေ။ သူတို့ကလဲ ဘာဖြစ်မှန်းကိုမသိဘူး။ အလာကားနေ ငါတို့ပဲလာပြီးဂျေဝင်နေကြတယ်။"

"ဟုတ်ပါ့။"

ကော်ရစ်ဒါတစ်လျှောက်ပြောလာရင်း ကားနားရောက်မှပဲ စကားစပြတ်သွားသည်။

"ဘယ်သွားမလဲအခု။"

"ယုဇနပလာဇာသွားမယ်။ အဲ့မှာ အင်္ကျီစလေးတွေကလှတယ်။"

"အိုကေ..။"

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်အသီးသီးတက်ကာ သူ့ထက်ငါအပြိုင် မောင်းရင်း ယုဇနပလာဇာသို့ ထွက်ခွာလာကြသည်။ ကား ပြိုင်မောင်းရင်းနဲ့လဲ စောနကဖြစ်ခဲ့သော အဖြစ်များက လေထဲတွင်လွင့်ကာ မေ့ပျောက်သွားကြသည်။ ဒါနဝါတို့ ရဲ့ ထုံးစံပဲ ဘယ်တစ်ခုကိုမှခေါင်းလေးခံပြီး ကြာကြာသိမ်း မထားတတ်ကြပေ။ မကျေနပ်လျှင် မကျေနပ်တဲ့နေရာတွင် သာအပြတ်ရှင်းသည်။ ပြီးလျှင်တော့ချက်ခြင်းမေ့ပစ်လိုက် သည်။

အဖြစ်အပျက်အားလုံး၏ အစအဆုံးကို အတန်း နောက်ဆုံးတွင်ထိုင်နေသော ဘုန်းမြင့်မိုရ်တို့ကောင်းစွာ မြင်လိုက်ကြသည်။ ဟိုမချောသုံးယောက်က ကော့နေ အောင် ထွက်သွားပေမဲ့ ကျန်နေခဲ့သော ကောင်မလေးက တော့ တောက်တစ်ခေါက်ခေါက်နှင့် သူ့ဘေးကကောင်မ လေးကိုလဲ မဲ့ကာရွဲ့ကာနှင့် အတင်းပြန်တုတ်နေပုံရသည်။

"ဟော့ကောင် ရွက်နဝါ လုပ်သွားတာ မိုက်တယ် နော်။ ဟိုမှာဆတ်ဆတ်ကိုခါပြီးကျန်ခဲ့တာပဲ။"

အာကာကတော့ ရွက်နဝါတို့အဖွဲ့ဘာပဲလုပ်လုပ် အကုန်ထောက်ခံကာ အားပေးနေပြန်သည်။ ဒီလိုကောင် တွေရှိလို့လဲ ဟိုဟာမလေးတွေက ပိုရောင့်တက်တာ။

"ဘာမိုက်တာလဲ။ မိန်းမဖြစ်ပြီးနေရာတကာရန် လိုနေတာ မိုက်တာလား။ ပြီးတော့ မိန်းကလေး



ဖြစ်ပြီး အရွဲ့တိုက်စိန်ခေါ်တာကော မိုက်တာပဲ လား။"

"မင်းအဲ့လိုတော့ တစ်ဘက်စောင်းနင်းမပြောနဲ့ လေ။ မိန်းကလေးလဲလူပဲ စိတ်တော့ရှိမှာပေါ့။ ပြီး တော့ ဒီကိစ္စက နဝါစတာမှ မဟုတ်တာ ဟို ကောင်မလေးက အလကားသက်သက် တမင် လုပ်ပြတာကြတော့မပြောတော့ဘူးလား။"

မင်းမင်းကပါအခုဆို လုံးဝ အာကာ့ဘက်တော် သားဖြစ်ကာ ဟိုကောင်မလေးတွေ ဘက်ကပင်။

"တော်ပြီကွာ မပြောတော့ဘူး။ မင်းတို့ကလဲ။ ငါပြောတာ မိန်းကလေးပဲ မသိချင်ယောင်ဆောင် နေပါလား အခုဟာက သူ့ကအရမ်းရန်လို လွန်းတယ်။"

"ဘုန်းမြင့်မိုရ်..မင်းသူများတွေကိုချည်း ပြောမနေ နဲ့ မင်းကရော ဘာလို့အဲ့ကောင်မလေးတွေကို ဒီလောက်ကြည့်မရရတာလဲ။ တကယ်မှန်တော့ အဲ့ကောင်မလေးစိတ်က မင်းနဲ့တစ်ပုံစံထဲပဲ မင်းသူ့ကိုကြည့်မရရင် မင်းကိုမင်းလဲကြည့်ရမှာ မဟုတ်ဘူး။ မယုံရင် ဒီကောင် တွေကိုမေးကြည့် မင်းနဲ့တူလား မတူဘူးလားဆိုတာကို။"

"တော်ပြီကွာမင်းတို့နဲ့ဘာမှဆက်မပြောတော့ဘူး။"

www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ကိုကောက်ယူကာ အတန်းထဲက ထွက်သွားလေသည်။ ဒီကောင့်စိတ်ကိုသိနေသဖြင့် ဘယ်သူငယ်းကမှလဲ လှမ်းမတားပေ။ အချိန်တန်လျှင် သူ့အလိုလို ဒီကောင်ပြန်ရောက်လာမှာဖြစ်သည်။

"အဲ့ဒါပေါ့ ပြောတော့မကြိုက်ဘူး ကြည့်ပါလား။ ဒီကောင်စိတ်လဲ ဟိုကောင်မလေးနဲ့ ဘယ်လောက်တူလဲ ကြွပ်ဆတ်ဆတ်မာကျောကျောနဲ့ ။"

"ထားလိုက်စမ်းပါရဲရင့်ရာ ဒီကောင်က အစထဲက ဒီအတိုင်းပဲဟာကို။"

အာကာတို့ကတော့ထုံးစံအတိုင်း အတန်းထဲက ကောင်မလေးတွေကို ကြည့်ကာ ဘယ်ကောင်မလေးက တော့ လှတယ်။ ဘယ်သူကတော့မလှဘူး စသဖြင့် အချိန်တစ်ချိန်ကုန်သွားတာကိုပင် မသိနိုင်အောင် သူ့အာရုံနှင့်သူ မျှောနေရှာသည်။ ကျုန်နှစ်ယောက်လဲ အခုတော့ အာကာနှင့်ပေါင်းကာ သူတို့ပါ လိုင်းပူးကုန်ကြပြီဖြစ်သည်။



❧ ❧ ❧ ❧ ❧

## အခန်း(၅)

စိတ်တိုတိုနှင့် ကားလျှောက်မောင်းရင်း တော်တော်ကြာလို့ စိတ်ပြေမှပင် အိမ်ကိုပြန်မောင်းလာခဲ့သည်။ ဟိုးငယ်ငယ်လေးထဲက စိတ်တိုလျှင်ဘယ်သူနဲ့မှလဲ စကားမပြောဘဲ အဲ့လိုစိတ်ပြေလက်ပျောက်တစ်ခုခုလုပ်နေတတ်သည်။ အခုဒီအရွယ်ရောက်တော့ ကားလျှောက်မောင်းသည်။ အခုက စိတ်လဲပြေပြီ ဗိုက်လည်းဆာပြီဖြစ်သဖြင့် အိမ်ကိုပြန်မောင်းလာခဲ့သည်။

"သားရေ သားကိုမျှော်နေတာနဲ့အတော်ပဲ။ အိမ်ထဲမှာ ဘယ်သူရောက်နေလဲကြည့်လိုက်ပါဦး။"

ကားနားထိလာကြိုသော မေမေ့ကို ပခုံးကနေဖက်ရင်း အိမ်ထဲကိုဝင်လာခဲ့သည်။ ဒီလိုမေမေကားနားထိ လာကြိုပုံထောက်ရင်တော့ အိမ်မှာအရေးကြီး ဧည့်သည်တစ်ဦးဦးရောက်နေတာသေချာသည်။ အိမ်ထဲကိုဝင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်

"ဟာ..ကိုလေး ဘယ်တုန်းကပြန်ရောက်လဲ။ ဝမ်းသာလိုက်တာကိုလေးရာ။ ကျွန်တော်က ကိုလေးတို့ကို တစ်ချိန်လုံးသတိရနေတာ။"

"အေးကွ ညီလေးရ။"

တစ်ဦးတည်းသောသားဖြစ်သော ကျွန်တော့်အတွက်က ကိုကြီး၊ကိုလေးက ညီအစ်ကိုတစ်ဝမ်းကွဲဆိုသော်လည်း အရင်းအတိုင်းပင်။ ငယ်ငယ်ကဆို ကိုလေးတို့အိမ်မှာသာအနေများသည်။ တစ်ဦးတည်းသောသားမို့လို့လဲ အပေါင်းအသင်းမင်သည်။ ကိုလေးနှင့် ကိုကြီးက ဘုန်းမြင့်မိုရ် ရှစ်တန်းထဲက မိဘတွေရှိသော နိုင်ငံခြားကို အပြီးလိုက်သွားသဖြင့် အခုမှပင်ပြန်ဆုံရခြင်းဖြစ်သည်။

"သားငယ်ရေ မင်းကိုကိုတို့က တစ်မိသားစုလုံး ခဏပြန်လာကြတာ။"

"ဟုတ်လား။ ပျော်စရာကြီး ဒါဆိုကိုကြီးတို့ ကြီးမေတို့ရောပေါ့။"

"ဒါပေါ့သားရယ် မင်းမင်းကိုကိုက မင်္ဂလာဆောင်တော့မှာလေ။ အဲ့ဒါဒီပြန်လာပြီးဆောင်တာ။"

"အို....congratulation ပါကိုလေး..။"

ရက်ပြုံးပြုံးနေသော ကိုလေးကို ဘုန်းမြင့်မိုရ် လက်ဆွဲနှုတ်ဆက်လိုက်သည်။



"အေးပါကွာ။ မင်းလဲ ကိုလေးကို ကူညီရမယ်နော်။"

"ဟာ...ကိုလေးကလဲ ပြောနေစရာလားပြော ဘာလုပ်ပေးရမလဲ။"

"တခြားတော့မဟုတ်ပါဘူးကွာ။ သတို့သားအရံလုပ်ပေးဖို့ပါ။"

"ဗျာ။"

အဲ့ဒါမှဒုက္ခပင်။ တခြားဘာမဆိုအကုန်လုပ်ပေးနိုင်သည်။ ဒီလိုလူကြားထဲမှာ ကိုယ်နဲ့မသိသော ကောင်မလေးနှင့်အတူတွဲကာ လမ်းလျှောက်ရမှာတော့ မလုပ်ရဲပေ။

"လုပ်ပါကွာ။ မင်းက လူချောဆိုတော့ ငါတို့က မင်းကိုရွေးလိုက်တာ။"

"ကိုလေးတော့ လူရွေးမှားပြီ။ ကျွန်တော်ကို တစ်ခြားဘာမဆိုခိုင်းပါဗျာ။ ဒရိုင်ဘာပဲလုပ်ရလုပ်ရ။ ကူလီပဲထမ်းရထမ်းရ အဲ့လိုမျိုးတော့ လူကြားထဲမှာ ကောင်မလေးတွေနဲ့ တွဲမထွက်ပါရစေနဲ့။"

"မင်းကလဲကွာ ငါကမင်းအားကိုးနဲ့ ဘယ်သူကိုမှ တောင်းရှာထားတာမဟုတ်ဘူး။"

"မဟုတ်ပါဘူးကိုလေးရယ်။ ကျွန်တော်ကျန်တာအားလုံးလုပ်ပေးပါ့မယ်။ တကယ်ပါ။ အဲ့လိုမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မနေတတ်လို့ပါ။ ကိုလေးသူငယ်ချင်း ကိုမိုးကျော်တို့ ရှိတယ်လေ။ သူ့ကိုလုပ်နိုင်းပါလား။"

"ငှဝါရဲ့ ညီမလေးတွေက သဘို့သမီးအရုံလုပ်ကြမှာဆိုတော့ မိုးကျော်နဲ့ကျတော့ အသက်တော်တော်ကွာ သွားမယ်ကွ။ ကောင်မလေးတွေက မင်းတို့အရွယ်လေးတွေပဲ လှတာလဲရေလပ် လှတယ်ဆိုရာ ပြီးမှနောင်တရနေမယ်။"

"ရချင်လဲရပါစေတော့ ကိုလေးရာ..။ကျွန်တော်မှ မလုပ်ရဲတာ ကျွန်တော်တို့အရွယ်ဆို ကိုမိုးကျော်ညီ ရှိတယ်လေ။သူလဲ ကျွန်တော်တို့ရွယ်တူပဲဟာ။ ဒီကောင်က အခု မော်ဒယ်ဘွိုင်း တောင်လုပ်နေတာ ကိုလေးရဲ့။ ဒီကောင်ဆို ပိုမိုက်တယ်။ ကိုလေးတို့အတွက် ကျွန်တော်ကို တခြားကြိုက်တဲ့နေရာမှာသုံးရတယ် အဆင်သင့်ပဲ။"

"အေးပါကွာ ကောင်းပါပြီ ဒါဆိုလဲ။ မင်းထမင်းမစားရသေးဘူးမှတ်လား။ ငါလည်းမစားရသေးဘူး မင်းကို စောင့်နေတာ။ လာလေအတူစားမယ်။"

"အိုကေ...ကိုလေး။"

မေမေကတော့ ကိုလေးနှင့် ဘုန်းမြင့်မိုရ်ပြောသ



ရှကို တစ်ခွန်းမှဝင်မပြောဘဲဘေးကနေသာ နားထောင်သူသက်သက်လုပ်နေသည်။ မေမေက အရမ်းအေးကာ အခုဆို သူ့အချစ်တော်တူတော်မောင်နှင့် အစ်မရောက်နေသဖြင့် အပျော်ကြီးပျော်နေလေရဲ့.

ကိုလေးပန်းကန်ထဲကိုလဲ ဟင်းတွေထည့်ပေးလိုက်သည်။ မေမေကတော့ ကြီးမေနှင့်စကားပြောနေသဖြင့် အကုန်လုံးကိုမေ့နေလေသည်။ အခုမှညီအစ်မနှစ်ယောက်လဲ ပြောမကုန်အောင်ဖြစ်နေကြသည်။

"ညီ..မင်းရော ဘယ်လိုလဲ ရည်းစားတွေဘာတွေရနေပြီလား။"

"ဘယ်ကသာရရမှာလဲ ကိုလေးရာ မိန်းကလေးတွေဆို ကြည့်လို့ကိုမရဘူး။"

"ဟော...ဘယ်လိုကြောင့်လဲ။ အန်တီလဲ ငါ့ကိုပြောတယ်။ မင်းဆီဖုန်းဆက်တဲ့ကောင်မလေးတွေကိုလဲ ကောလွှတ်တယ်ဆို။"

"အဲ့လိုတော့လဲမဟုတ်ပါဘူးကိုလေးရာ။ သူတို့က အလကားနေဖုန်းတွေဆက် ပြီးရင်အရေမရအဖတ်မရ တွေလာပြော။ ကြာလာတော့ ကျွန်တော်ကသိပ်စိတ်ရှည်တဲ့ကောင်မှ မဟုတ်တာ ကျွန်တော်လဲပြန်ပြောရော ဘုတောတယ် ဘာညာ ဆက်ဆံရေးမကောင်းဘူးတွေဖြစ်ရော။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ကလဲ ဘာရန် ညှိုးလဲမသိဘူး သူတို့ ကိုစိတ်ရှည်ရှည်ကိုထားပြီးဆက်ဆံလို့မရဘူး။"

"ဖြစ်ရမယ်ကွာ မင်းကလဲ။ မိန်းကလေးတွေပဲ ကွာ နည်းနည်းတော့ သည်းခံမှပေါ့။"

"ခေါ်ရီးပါကိုလေးရာ။ ဒီတစ်ခုတော့ ကျွန်တော် နဲ့မဖြစ်လို့။"

"အေးပါကွာ ဟုတ်ပါပြီ။ ငါလဲမင်းကြိုက်တဲ့ ကောင်မလေးကြရင်တော့ စောင့်ကြည့်ချင်သေး တယ်။ ဘယ်လိုပုံလာမလဲလို့။ ဒီလောက်ဇီဇာ ကြောင် ချေးများတဲ့ကောင် ဘယ်လိုဟာမလေး နဲ့ ရမလဲလို့။"

"ကျွန်တော်လဲ အဲ့ဒါပဲသိချင်နေတာ။ ဟား ဟား။"

"ကောင်းပါပြီကွာ။"

တော်သေးသည် ကိုလေးက သူ့အကူအညီတောင်း တာကို လုပ်မပေးပေမဲ့စိတ်မဆိုးလို့။ ကျန်တာဘာပဲခိုင်း ခိုင်းကူညီပေးနိုင်သော်လည်း ဒီလိုကိစ္စမျိုးကိုတော့ အောင့် အည်းသည်းခံပြီးတော့ကို မကူနိုင်ပေ။ ကိုလေးကလဲ ဘုန်း မြင့်မိုရ်စိတ်ကို သိနေသဖြင့် ဘာမှထပ်မပြောတော့။



❧ ❧ ❧ ❧ ❧

အခန်း(၆)

ရွက်နုဝေက ဒဂုံစင်တာတွင် shopping ထွက်ရင်း တလက်စထဲ ခေါင်းလျှော်မျက်နှာပေါင်းတင်ရန် ဗျူတီ ဆလွန်းထဲသို့ဝင်လာခဲ့သည်။ ရွက်နုက တစ်ပတ်တစ်ကြိမ် တော့ ပုံမှန် Facial Treatment နဲ့ body Treatment တော့လုပ်သည်။ ဒါကြောင့်လည်း ရွက်နုဝါ အသားအရေ လေးက ဝင်းဝါစိုပြေနေတာလဲဖြစ်သည်။

လက်သည်းခြေသည်းကိုတော့ ဘယ်သောအခါ မှအရှည်မထား၊ ဆေးလည်းမဆိုးပဲ လေးတောင့်အတိုလေး သာထားသဖြင့် လက်သည်းခြေသည်းအတွက်တော့ ကရိက ထမရှုပ်ပေ။ ဆံပင်ဆိုလဲ ငယ်ငယ်ထဲကအနုအချိန် အထိ ပခုံးထိရုံအတိုလေးသာထားပြီး စိတ်ရှုပ်လဲမခံချေ။ ပူအိုက် သောအချိန်ဆို ထိုဆံပင်တိုတိုလေးကိုပင် မရမကစုစည်း ထားတတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့အချိန်မရသဖြင့်မျက်နှာပေါင်းတင်ခြင်းနှင့်ခေါင်းလျှော်ခြင်းသာလုပ်ရန် စိတ်ကူးထားသည်။ ရှက်နဝါကိုမြင်တာနှင့် ခေါင်းလျှော်ပေးနေကျကောင်မလေးက ပျာပျာသလဲကြိုရှာသည်။

"ဟယ်ညီမလေး မလာတာကြာပြီ။"

"ဟုတ်ပါ့ နဝါလဲအလုပ်တွေရှုပ်နေတာနဲ့ ဒီဘက်ကိုမရောက်ဖြစ်ဘူး။ အိမ်နားကဆိုင်မှာပဲ လုပ်ဖြစ်နေတာ။ အခုတောင် ဈေးဝယ်ထွက်ရင်းတစ်လက်စထဲဝင်လာတာ။"

ဘုန်းမြင့်မိုရ်ကို ကောင်မလေးတစ်ယောက် မျက်နှာသစ်ပေးနေရာမှ နဝါဆိုသော အသံကိုကြားသဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။ မျက်နှာမှာလဲ ဆပ်ပြာတွေနှင့် ဖြစ်သဖြင့် ခဏသာဖွင့်ကြည့်ရင်း မျက်စိကို ပြန်ပိတ်ထားလိုက်သည်။ နဝါနှင့် ဟိုအမကတော့ စကားတွေပြောရင်း ခေါင်းလျှော်ခုံတွေထားရာသို့လျှောက်လာကြသည်။ စိတ်ထဲမှာတော့ ဒီကောင်မလေးနဲ့ကလဲ လွတ်ကိုမလွတ်နိုင်ဘူး။ အလကားနေရင်းကိုလာတွေ့နေသည်။ ကျောင်းပိတ်ရက်လေး ဆံပင်လာညှပ်ပါတယ်။ ဒင်းနဲ့တွေ့ဖြစ်အောင်တွေ့တယ်။ အရင်ကဆို ဆံပင်ညှပ်ပြီးတာနဲ့ ထပြန်ဖြစ်သော်လဲ ဒီနေ့တာပြီးရင်ကိုလေးတို့ဆီသွားကာ လုပ်ပေးစရာရှိသည်များ လုပ်ပေးရမှာမို့လို့ အိမ်ပြန်ချိန်မရသဖြင့်



တစ်ခါထဲ ခေါင်းလျှော်၊ မျက်နှာသစ်လိုက်တာဖြစ်သည်။

"အမရေ နဝါအချိန်မရလို ဒီနေ့တော့ မျက်နှာပေါင်းတင်မယ်၊ ခေါင်းလျှော်မယ်။ ဒါပဲလုပ်တော့မယ်နော်။"

"ရတယ် ညီမလေးအဆင်ပြေသလိုလုပ်။ လာ ညီမလေးဒီကို။"

ခေါင်းလျှော်ပေးမည့် အစ်မကြီးက ဘုန်းမြင့်မိုရ်ရဲ့ဘေးကပ်လျှက်က ခုံတွင် တာဝါလေးခင်းကာ နဝါကိုခေါင်း လျှော်ရန်ခေါ်လိုက်သည်။

နဝါလှမ်းကြည့်လိုက်တော့ ဘေးမှာကောင်လေးတစ်ယောက်။ ခေါင်းလျှော်ခုံတွေက နေရာကျဉ်းကျဉ်းတွင်ချထားရသဖြင့် တစ်ခုံနှင့်တစ်ခုံက အရမ်းကပ်နေသည်။ ဟင့်အင်း နဝါ အဲ့လိုမျိုးတော့ မလျှော်ချင်ပါဘူး။

"အစ်မ ဟိုဘက်ကုတင်ကိုပြောင်းပေးပါလား။"

"ဘာလို့လဲ ညီမလေး။"

"ဟင့်အင်း နဝါဒီကုတင်မှာမလျှော်ချင်လို့။"

ဘုန်းမြင့်မိုရ် ဒေါသထောင်းကနဲ ထွက်သွားသည်။ အောင်မယ် ဘယ်သူကရော သူမနဲ့ ကပ်လျှက်လျှော်နေချင်လို့လဲ။ မျက်စိကိုဖွင့်ကြည့်တော့ မျက်နှာဆေးပေးနေ သောကောင်မလေးက ရေလောင်းချိန်နှင့် အချိန်ကိုက်ဖြစ်တာမျက်စိထဲရေဝင်ကာ စပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား...။"

"ဟယ်....ဆောရီးပါ။ အစ်ကိုစပ်သွားလား မသိဘူး။ မျက်စိမှိတ်ထားနော် ရေလောင်းချပေးမယ်။"

ဘုန်းမြင့်မိုရ်လဲ စိတ်ကိုလျှော့ကာ မျက်စိကိုမှိတ်ထားလိုက်သည်။ ကောင်းမလေးကတော့ သေချာရေလောင်းချပေးသဖြင့် မျက်စိစပ်လဲတော်တော်လေးသက်သာသွားသည်။

"နဝါကိုလေ herbal ပဲသုံးပေးနော်။ နဝါအသားက အရမ်း sensitive ဖြစ်လို့။"

"ဟုတ်ပြီ ညီမလေး။"

ဘေးနားက အသံတွေကိုလဲ နားကြားမြင်းကပ်စွာ ဘုန်းမြင့်မိုရ်ကြားနေရသည်။ ဘာရေစက်မှန်းကိုမသိ မတွေ့ချင်ပါဘူးဆိုမှ။ တော်သေးသည် ဒါတောင် ဟိုမချော နှစ်ယောက်မပါလို့ နို့မို့ကတော့ နားကြားမြင်ကပ်စရာခပ်ကြွကြွ ကြွားလေသံတွေကို ကြားရဦးမှာဖြစ်သည်။

"ဆောရီးအမ....အမလက်ကိုအရင် hand gel တင် ခုခုနဲ့အရင်ဆေးပေးပါလား။ ဘာအနံ့လဲ မသိဘူး ရတယ်။ အဲ့အနံ့ကြီး နဝါမခံနိုင်ဘူး...။"

"အို....ဟုတ်လား။ ဆောရီးနော်...ခဏလေးအစ်မ သွားဆေးလိုက်ဦးမယ်။"



"ငပြာရည်အနံ့ထင်တယ်။ အဲ့အနံ့က ဆေးလည်း အနံ့ကမရဘူး။ ဒီလိုလုပ်ပါ နဝါကိုလူပဲ လဲပေးပါနော်။"

"အော်...ရတယ်ညီမလေး။ နီလာရေလက်သေချာ ဆေးပြီး ဒီညီမလေးကို မျက်နှာလာပေါင်းတင်ပေးစမ်း။"

"ဟုတ်ကဲ့။"

"ဆောရီးနော် ညီမလေးမကအိမ်ကထည့်လာတဲ့ အသုပ်ကပေါ့လို့ဆိုပြီး ငပြာရည်လောင်းလိုက်တာ ပုလင်းကို ကိုင်မိသွားတော့ အနံ့စွဲသွားတာထင်တယ်။"

နဝါ ဘာမှထပ်မပြောတော့ပေ။ ဘယ်နှယ့်သူများမျက်နှာနုနုထွတ်ထွတ်လေးကိုများ ငပြာရည်နံ့တထောင်းထောင်းထွက်နေတဲ့ သူ့လက်ကြီးနဲ့ လာကိုင်ရတယ်လို့။ နဝါတကယ်စိတ်တိုသွားသည်။ ဒါမဖြစ်သင့်တာပဲ။ ကိုယ့် customer ကိုနည်းနည်းတော့ ဂရုစိုက်ရမှာပေါ့။ တခြားကောင်မလေးတွေဆို အားနာလို့ ငြိမ်ခံချင်ခံနေပေလိမ့်မယ်။ နဝါကတော့မရပါ။ ကြီးကျယ်တယ်ပဲပြောပြော အဲ့လိုဖြစ်ကတတ်ဆန်းလုပ်တာကိုတော့ လုံးဝ သည်းမခံနိုင်ချေ။

ဘုန်းမြင့်မိုရ် ဇာတ်လမ်းအစအဆုံးကို နားခါင်းလျှော်

www.burmeseclassic.com

www.burmeseclassic.com



နေရင်းကြားသည်။ အဖြစ်အပျက်အစအဆုံးတွင် နဝါမှားသည်လို့တော့ မပြောလိုပေ။ ဒါပေမဲ့ ဒီကောင်မလေးက စကားပြောတော့ အင်မတန်ရင့်သည်။ ဘာပဲဖြစ်ဖြစ် တစ်ဘက်လူလဲ ရှက်သွားမှာပဲ နည်းနည်းတော့ ထိန်းပြောပေါ့ အခုတော့ စိတ်ထဲရှိတာကို ရှိသလို ပြောချလိုက်သည်။

သူမနှင့်တွေ့တိုင်းအမြဲပြဿနာတစ်ခုမဟုတ်တစ်ခုနှင့်တော့ ရင်ဆိုင်နေရသည်။ ပြဿနာတိုင်း မှာလဲ သူမက အမြဲအသာစီးရနေကျပုံစံမျိုးဖြင့်ပင်။ တွေးနေရင်းနဲ့ပင် အမြင်ကတ်လာသည်။ ဒီလို ဘုကျကျ ဂျစ်တစ်တစ်ပုံစံကိုများဘယ်သူတွေက အသေအလဲ သဘောကျနေလဲမသိ။ ဘုန်းမြင့်မိုရ်တို့ကတော့ ရင်ကိုမခုန်ချေ။

"အစ်ကို ပြီးပြီ။"

ခေါင်းလျှော်ပေးနေသော ကောင်မလေးက ရေသုတ်ရင်း ဘုန်းမြင့်မိုရ်ကို ပခုံးကနေတွန်းကာထဖို့သတိပေးလိုက်သည်။

"အင်း။"

ဘုန်းမြင့်မိုရ်ထရင်း တစ်ခုံကျော်တွင် မျက်နှာပေါင်းတင်နေသော ကောင်မလေးကို ဘာရယ်မဟုတ်လှမ်းကြည့်လိုက်သည်။ မျက်စိလေးမှိတ်ထားသဖြင့် ဘုန်းမြင့်မိုရ် လှမ်းကြည့်တာလဲ သိပုံမရချေ။ သိပါကလဲ ဘာကြည့်တာလဲဟု ဘုဆတ်ဆတ်ပြန်မေးမှာသေချာသည်။ ဘုန်း



မြင့်မိုရ်ကိုခေါင်းလျှော်ပေးသောကောင်မလေး ကတော့ ဆံပင်ပုံသွင်းပေးရန် အတွက်မှန်တင်ခုံရှေ့သို့ ထွက်သွားလေသည်။

ဘုန်းမြင့်မိုရ်လဲ နောက်ကလိုက်ရင်း ကုတင်တစ်လုံး အကျော်တွင်ချွတ်ထားသော နဝါဒေါက်ဖိနပ်လှလှလေးကိုလဲ ဘယ်သူမှမမြင်ခင် အမြင်ကတ်ကတ်နှင့် ပိတ်ကန်လိုက်သည်။ ငယ်ငယ်ထဲက ဘောလုံးကန်ခဲ့သော အကျိုးက ဒီတစ်ခါတော့အသုံးဝင်သွားသည်။ ဘုန်းမြင့်မိုရ်ကန်လိုက်သော ဒေါက်ဖိနပ်လှလှလေးတစ်ဖက်က ခေါင်းလျှော်ခုံအစွန်းတွင် ချထားသော ဆက်တီထိုင်ခုံလေးအတွင်းဘက်သို့ ရောက်သွားလေသည်။

ဘုန်းမြင့်မိုရ်လဲ တစ်ယောက်ထဲ ကြိတ်ပြုံးရင်း ခပ်တည်တည်နှင့် ခေါင်းလျှော်တဲ့အခန်းက ထွက်လာခဲ့သည်။ အပြင်ရောက်တော့ ဒရိုင်ယာလေးကိုင်ကာ ဆံပင်ပုံသွင်းပေးရန် စောင့်နေသော ကောင်မလေးကိုပင်...

"ရတယ် ပုံမသွင်းတော့ဘူး ဘယ်လောက်ကျလဲ။"

" ကိုးထောင်ကျပါတယ်။"

"အိုကေ။"

အိတ်ကပ်ထဲက ပိုက်ဆံကိုထုတ်ပေးရင်း ကောင်မလေးကို လှမ်းပေးလိုက်သည်။ ဗျူတီဆလွန်းထဲက ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာချိန်မှာတော့ ဒီနေ့ဘုန်းမြင့်မိုရ်လောက်ပျော်တဲ့သူ ရှိမယ်မထင်။ သိပ်မကြာခင်အချိန်မှာ တောက်တစ်ခေါက် ခေါက်နှင့် ဒေါသူပုန်ထွက်နေမည့် နဝါကိုမြင်ယောင်ရင်း ဟက်ဟက်ပက်ပက်ကို ရယ်မိသည်။ ကားမောင်းတာကိုပင် လေလေးတစ်ချွန်ချွန်နှင့် အလိုလိုအူမြူးနေမိသည်။

နဝါအားလုံးပြီးလို့ ထလိုက်သည်နှင့် ဖိနပ်ကို အရင်ဆုံးရှာမိသည်။ ဘယ်ရောက်သွားလဲ။ ကုတင်အောက် ကို ခါးကုံးကာ ငုံ့ကြည့်တော့လဲမတွေ့ပေ။ နဝါကို ခေါင်း လျှော်ပေးသည့်ကောင်မလေးကတော့ အဆင်သင့်ဖြစ်ရန် မှန်တင်ခုံရှေ့တွင် ဒရိုင်ယာတပ်ကာ နဝါကိုစောင့်နေသည်။ နဝါမှာသာ ဖိနပ်ပျောက်ရှာပုံတော်ဖွင့်နေရသည်။ မှိုင့် ဒေါက် နီနီရဲရဲလေးကို တစ်ဖက်ကိုသာတွေ့ပြီး ကျန် တစ်ဖက်က ဘယ်ရောက်နေလဲမသိ။ အစအနပင်ရှာမတွေ့ ပေ။

"ဒီမှာ နဝါ ဖိနပ်ပျောက်သွားလို့။ တစ်ချက်ကြည့် ပေးကြပါဦး။"

နဝါ စောနက လူလဲခိုင်းသော အစ်မကြီးကလဲ ကူရှာပေးသည်။ အဲ့လိုကျတော့လဲ နဝါအားနာသလိုပင်။ သူမကတော့ ဘာမှမဖြစ်သလို။

"ညီမလေး ထိုင်နေလေ။ မမတို့ ရှာပေးမယ်။ ဒီကို လဲ ဘယ်သူမှမလာပါဘူး။ စောနက ခေါင်းလျှော်



နေတဲ့ ကောင်လေးတစ်ယောက်ပဲ ဒီနားမှာရှိတာ။ ခဏလေးစောင့်နော်။ ခုံမှာထိုင်နော်။"

ထိုအစ်မက ထိုင်ခုံလေးယူလာကာ နဝါကိုထိုင် ခိုင်းလေသည်။ ဆိုင်မှာရှိတဲ့လူတွေလဲ တစ်ယောက်မှမနေ ပဲ နဝါရဲ့ဖိနပ်ကို ရှာပုံတော်ဖွင့်ကြရှာသည်။ တော်တော် ကြာအောင် ခုံတွေဖယ်ရှားပြီးမှ ဟိုးခုံအတွင်းဘက်တွင် ဖုန်တွေပေနေသောနဝါဖိနပ်လေးကိုတွေ့လိုက်ရလေသည်။ ဒါမဲတော်မဆတိုက်မိတာမဖြစ်နိုင်ဘူး။ တစ်ယောက် ယောက်က တမင်ကန်ထည့်လိုက်တာပဲ ဖြစ်ရမယ်။ ဆိုင် ကလူတွေတော့မဖြစ်နိုင်။ ဒါဆို.... သေချာတယ် စောနက ဆားတွင်ခေါင်းလျှော်နေသောလူပဲဖြစ်ရ မယ်။ သူ့ဘေးနား မှာခေါင်းမလျှော်ချင်ဘူးပြောလို့ဒါတမင်သက်သက်ပညာပြန် ပြသွားတာ။ တောက်...။ မျက်နှာမှာဆပ်ပြာတွေနဲ့မို့ ဒီလူ မျက်နှာကိုမမှတ်မိလိုက်တာ ဆိုးသည်။ နို့မို့လို့ကတော့ လား။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၅)

ဒီနေ့မှ မေမေ့ကိုဆေးခန်းဝင်လိုက်ပို့ပေးခဲ့ရသဖြင့် ကျောင်းလာချိန်ကတော်တော်လေးကို နောက်ကျနေသည်။ စိမ်းလဲ့နဲ့ ဘရယ်ဏီကိုလဲစောင့်ခိုင်းရမှာ အားနာသဖြင့် ကျောင်းကိုအရင်သွားခိုင်းလိုက်သည်။ အခုတော့ ရွှက်နဝါ တစ်ယောက်ထဲ ကားကိုပါကင်ထိုးကာ အတန်းဘက်သို့ လမ်းလျှောက်လာခဲ့ရသည်။

ကားပါကင်နေရာမှ ကျောင်းပေါ်တီကိုအောက် ကိုရောက်သည်နှင့် ဘယ်အချိန်ထဲက စောင့်နေမှန်းမသိသော အူကြောင်ကြောင်ငနဲတွေကို အရင်ဆုံးတွေ့လိုက်ရသည်။ နဝါကိုတွေ့သည်နှင့် သားကောင်ကိုတွေ့သော မုဆိုးလိုတက်ကြွရွှင်လန်းနေသည်။ နဝါမျက်နှာကို ခပ်တင်းတင်းထားရင်း သူတို့ရှေ့က ဖြတ်ကျော်လာခဲ့သည်။ ထိုကောင်တွေကလဲ နဝါကိုတစ်ယောက်ထဲတွေ့၍ထင်



ည် အတင့်ရဲကနောက်ကနေ တောက်လျှောက်ကပ်လိုက်သည်။

ဟ...ဟား...ဒင်းမသိသေးလို့ပါ။ နဝါတို့က အုပ်စုအင်အားရှိမှ သွေးရဲတာမဟုတ်ဘူး။ တစ်ယောက်ထဲလဲ သွေးမကြောင်ဘူး။ ဟိုအုပ်စုကတော့ နောက်ကနေ ထိကပါးရိကပါးပြောကာ လိုက်ပါလာသည်။ နဝါခြေလှမ်းတွေကို နည်းနည်းသွက်သွက်လှမ်းကြည့်လိုက်သည်။ သူတို့လဲ နဝါနှင့်အတူ မြန်လာသည်။ ချက်ခြင်းနှေးလိုက်တော့ အားလုံးအရှိန်သပ်ကာ နဝါဘေးက ကပ်လိုက်လာသည်။ နဝါခြေလှမ်းကို ရပ်လိုက်သည်။ နောက်ကတစ်ဖွဲ့လုံးလည်း ရပ်သွားသည်။

"ဟော့ကောင် ဟိုးကောင်းကင်မှာ ဘာကောင်ကြီးလဲမသိဘူးကြည့်စမ်း။"

ဘာတွေမှန်းမသိအောင်ကို ရှုပ်ရှက်ခပ်နေအောင် ...တ်ထားသော ကောင်လေးတွေထဲ တစ်ယောက်က ကျန်အဖွဲ့သားတွေကို လှမ်းမေးလိုက်သည်။

"အဲ့ဒါ ငှက်လို့ခေါ်တယ် လင်းဒရဲ့။"

နောက်တစ်ယောက်က ပြန်ဖြေသည်။

"ဟား ဟား။"

ကျန်တဲ့လူတွေ အားလုံးက ဝိုင်းရယ်ကြသည်။ ယောကျ်ားလေး ခြောက်ယောက်လောက်ရှိမည့် ထိုအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံက လမ်းသရဲဆန်လွန်းလှသည်။ ဆံပင်ပုံတွေနှင့် ရုပ်တွေ ကြည့်ရင်းနဲ့ကို အန်ချင်လာသည်။ တကယ်ပါ လက်သည်းတွေကိုလဲ အမည်းရောင်တွေဆိုးလိုဆိုး။ လည်ပင်းမှာလဲ သဘော်သံဆူးကြိုးလောက်ရှိမည့် သံကြိုးပုံဆွဲ ကြိုးကိုဆွဲလို့ တကယ့်ကိုအဆင့်မရှိမှန်း သူတို့အနေအထိုင် အပြောဆိုကို ကြည့်တာနှင့်သိနိုင်သည်။

ခြေစုံကိုရပ်ရင်း တစ်ယောက်တစ်ပေါက် လျှောက်အော်ဟစ်နေကြသည်။ နဝါစိတ်ကိုလျှော့ရင်း ခြေလှမ်းတွေကိုစတင်လိုက်သည်။

"နေစမ်းပါဦး နဝါရယ်။ ကိုယ် မင်းလေးကိုပြောစရာရှိတယ်။"

နဝါရှေ့တွင် လက်နှစ်ဖက်ကို ကာဆီးကာတားနေသည်။ ပုံစံကိုကြည့်တော့ ပေါင်ကိုးဆယ်တောင်ပြည့်မည့်ပုံမရပေ။ ထိုပိန်ပိန်ညှောင်ညှောင် ပေါင်လား ခြေသလုံးလားဆိုတာကို စာထိုးထားမှ သိနိုင်မည့် ဒင်းက ဘောင်းဘီကို ကြပ်သပ်နေအောင်ဝတ်ကာ နဝါရှေ့တွင် ဂိုက်ပေးလာကြမ်းနေသည်။ သူ့ကိုယ်သူတော့ အရမ်းမိုက်နေသည်ဟု ထင်နေပုံရသည်။

"ဒီမှာ ငါ..နင်နဲ့ ဘာမှပြောစရာမရှိဘူး။ ငါ့ရှေ့က အခုဖယ်။"

"ဝိုး။ ရွှီး။"



နဝါစကားလဲဆုံးရော ထိုဂျပိန်အဖွဲ့က ကျန်သည့်သူများက အဓိပ္ပါယ်မဲ့ လျှောက်အော်ကြသည်။ နဝါ အဲ့လိုမျိုးကို အရမ်းမုန်းသည်။ သိက္ခာမရှိ ပေါက်လွှတ်ပဲစားသူ တို့အပြုအမူအတွက် နဝါသွေးတွေ ဖြင်းကနဲနေအောင် ဆူပွက်လာသည်။ နဝါနောက်လှည့်ပြီး နောက်မှရှိသော ထိုကောင်အပေါင်းအပါတွေကို ရင်ဆိုင်လိုက်သည်။

"ဒီမှာ ငါ့ရှေ့မှာ လာအူမနေနဲ့။"

"ဘာ။"

ထိုအဖွဲ့ထဲမှ တစ်ယောက်က ဒေါသတွေရှူးရှူးရှားရှားထွက်ကာ နဝါကိုထအော်သည်။

"ဒီမှာ နင့်အသံကို တိုးတိုးပြောစမ်း။ ငါနားကောင်းတယ်။ ဒါငါးစိမ်းတန်းမဟုတ်ဘူး။"

ထိုကောင်က နဝါ့ရှေ့သို့တစ်လှမ်းတိုးလာသည်။ နဝါတို့ကတော့ မဖြုံချေ။ ကျန်သူငယ်ချင်းများက လှမ်းဆွဲကြသည်။ ချက်ခြင်းအခြေအနေက ရှုတ်ယှက်ခတ်သွားသည်။ နဝါကို ရိသဲ့သဲ့လုပ်နေသောကောင်က သူ့ကိုယ်သူကယ်တင်ရှင်ကြီးလို နဝါရှေ့မှာ မားမားမတ်မတ်ရပ်ပေးသည်။

ဘုန်းမြင့်မိုရ်တို့ သူငယ်ချင်းတစ်စု ကန်တင်းက ပြန်လာရာရှေ့ခပ်လှမ်းလှမ်းတွင် လူတွေစုစုနှင့် ပြဿနာ တတ်နေပုံရသဖြင့် သတိထားကာကြည့်မိသွားသည်။ ထုံးစံ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပေါ့စီကနဲပြဿနာဖြစ်ပြီဆို ဘယ်သူလဲကြ
လိုက်ဒင်းပဲ။ အခုလဲဘာဖြစ်ပြန်ပြီမသိ။ ကောင်
တစ်စုအလယ်တွင် သူမတစ်ယောက်ထဲ။ ဒါပေမဲ့
ကိုတော့ သွားကြည့်လိုက်နော်။ ထိုကောင်လေးတွေ
တောင်ကိုင်ပေါက်မဲ့အထာနဲ့။ အဲ့ကောင်မလေးက
နည်းနည်းမှကို အကြောက်အလန့်မရှိ။ ထစ်ကနဲ တ
ဖြစ်ပြီဆိုတာနှင့် ရန်ဖြစ်ဖို့ကအဆင်သင့်ပင်။ မိန်းက
မာယာလေး ဘာလေးသုံးပြီး တော်ရုံတန်ရုံ ကိစ္စဆို ဖြေ
လိုက်ပေါ့။ အခုတော့။

"သွားကူရအောင်။ ဘာဖြစ်နေလဲမသိဘူး။ အ
အနေမကောင်းဘူး။"

အာကာက ဒီအခြေအနေကို ကယ်တင်ရှင်ဝင်
ချင်နေပုံရသည်။ ဟိုက ကျေးရူးမတင်တဲ့အပြင် ပါးရိုး
မလွှတ်ရင်တောင် ကံကောင်းဆိုတာကို ဒီကောင်သိပုံ

"ထားလိုက်စမ်းပါကွာ။ ဒီဟာမလေးက တိုက်
ဒိတွေ၊ကရာတေးတွေ အကုန်တတ်ပုံရတယ်
လွှတ်ထားလိုက်။"

"ဘာလို့လဲ မင်းသိလို့လား။"

"ကြည့်ပါလား သူ့ပုံစံကို တစ်စက်ကလေးမှ
မဖြုံတာ။ ဟိုကောင်တွေကို ကိုင်ပေါက်လိုက်မ
ဆိုတဲ့ အထာနဲ့။"



"ဟုတ်ပါ့ကွာ သွေးကတော့ ရဲရဲနီပဲ။ ဒါပေမဲ့ အခြေအနေကို ငါတို့ ဒီနားကနေမသိမသာ အကဲခတ်ကြည့်ရအောင်။ ဘာပဲပြောပြော သူက မိန်းကလေးလေ။ ပြီးတော့ ဟိုကောင်တွေက လူများတယ်။ ပုံစံတွေကလည်း သိပ်အဆင့်ရှိတဲ့ပုံ မရဘူး။"

"အင်း။"

ရဲရင့်စကားကို ဘုန်းမြင့်မိုရ် လက်ခံလိုက်သည်။ ဒါတော့ဟုတ်သည်။ ဘယ်လောက်ပဲ ကြည့်မရဘူးပြော ပြော သူမကိုအန္တရာယ်တော့ မဖြစ်စေချင်ပေ။ ရဲရင့်စကားကို အားလုံးထောက်ခံကာ ဝရန်တာ လက်တန်းတွင် တက်ထိုင်ရင်း အခြေအနေကို မသိမသာအကဲခတ်လိုက်သည်။

လက်ပိုက်ကာ လူမိုက်ပုံရပ်နေသော သူမကရှေ့ ဘက်ကိုပြန်လှည့်ကာ ရှေ့မှာရပ်နေသော ကောင်ကို ဝင်တိုက်ကာ ထွက်သွားသည်။ ဟိုကောင်တွေကလဲ လုံးဝ အလျှော့မပေးပဲ လွယ်အိပ်ထဲက စာကိုထုတ်ကာလိုက်ပေး သည်။ နုဝါလုံးဝမသိချင်ယောင်ဆောင်က ထွက်လိုက် သည်။ သူတို့အဖွဲ့က တစ်လမ်းလုံးပိတ်အောင် ရပ်လိုက် ကြသည်။

"ဒါဘာလုပ်တာလဲ။ ငါ့ရှေ့ကဖယ်စမ်း။ "

"နုဝါကပြောစကားမှ နားမထောင်တာ။ ဒီစာ

www.burmeseclassic.com

www.burmeseclassic.com



လေးကို လက်ခံပေးပါကွာနော်။ ပလိ(စ်)။"

"ဘာစာလဲ။"

နဝါအသံက မာပြတ်နေသည်။

"ကိုယ့်အချစ်တွေကို ရင်ဖွင့်ထားတဲ့ ချစ်သဝဏ်လွှာပါ။"

ထိုပိန်တာရိုးအသံက ရွံ့စရာကောင်းလောက်အောင်ကို ပျစ်ချွဲချွဲနှင့်။

"ဒီမှာ အဲ့စာဆို ငါဖတ်စရာကိုမလိုတာ။ တစ်ခ
ထဲအဖြေပြန်ပေးလိုက်မယ်။ နင့်ကိုလုံးဝမချစ်ဖူး
ငါ့ရှေ့က ဖယ်တော့။"

"မင်းမချစ်ပင်မဲ့ ငါကချစ်တယ်လေ။ ဒီတော့ ဒီစာ
လေးတော့ ယူသွားပေးပါ။"

နဝါပြောမရသည့်အဆုံး သူ့လက်ထဲကစာကို ဆတ်ကနဲယူကာ ဒေါက်ဖိနပ်အနီလေးနှင့်တက်နင်းလိုက်သည်။ ထိုပိန်တာရိုး၏ အဖွဲ့သားများကတော့ ဟာ...ကနဲ အော်ကာ ဒေါသတွေထွက်ကြသည်။ နဝါကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပဲ ရှေ့ကကောင်တွေကို တွန်းတိုက် ကာ အပြင်သို့ထွက်လာခဲ့သည်။

နဝါခြေအလှမ်း ဆတ်ကနဲ ဆွဲလှည့်တာကိုခံလိုက်ရသည်။ နဝါဟန်ချက်ပျက်သွားကာ တစ်ချက်ယိမ်းယိုင်သွားသည်။ စီးထားသော ပန်ဆယ်ဟီး ဒေါက်ကလေး



ကလဲ လှုပ်စိတ်နှင့် နှဲ့ချိုးသလိုဖြစ်ကာ ကျိုးသွားသည်။ ဟန်ချက်ပျက်သွားသဖြင့် ထိုပိန်တာရိုးက လှမ်းဖမ်းထားလိုက်သည်။ ပခုံးကို လက်နှစ်ဖက်နှင့်သာ လှမ်းထိန်းထားသဖြင့် ချော်မလဲသော်လည်း တော်တော်တော့ ကို့ရိုးကားယားနိုင်သွားသည်။

"ဖယ်စမ်း။ လွှတ်..နင့်လက်။"

နဝါ ဒေါသတွေက အထွတ်အထိပ်ကိုရောက်နေပြီ။ ဖိနပ်ကလည်း လုံးဝသုံးမရအောင်ပြတ်သွားသည်။ တောက်...ဒီဖိနပ်ကောင်းကျိုးကိုမပေးတာ။

"ချစ်တယ်လို့ပြောမှလွှတ်မယ်။"

"ဖြောင်း။"

ဆိုသောအသံနှင့်အတူ ထိုပိန်တာရိုးကောင်၏ ချက်နှာလည်ထွက်သွားသည်။ နဝါကတော့ ဖိနပ်ကို ဒီအတိုင်းချွတ်ခဲ့ကာ အတန်းဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားလေသည်။ ထိုကောင်၏ သူငယ်ချင်းများလဲ ရုတ်တရက်ရှေ့ရကာ။ ဘာဖြစ်သွားမှန်းကို သိလိုက်ပုံမရ။ ခဏနေတော့မှ နဝါနောက်ကိုလိုက်မယ်လုပ်တော့ ဟို ပိန်ညှောင်ကောင်ကတားလေသည်။

ဘုန်းမြင့်မိုရ်ကြည့်နေရင်း သက်ပြင်းကိုချမိသည်။ တော်တော်စိတ်ပျက်ရပါလား။ ဘယ်သူမှန်ပြီး ဘယ်သူများမှန်းတော့မသိ။ ဒါပေမဲ့ တစ်စက်ကလေးမှ နှုံးညံ့မှုမရှိ

www.burmeseclassic.com

www.burmeseclassic.com


သောသူမကိုလဲ စိတ်ပျက်စွာ လိုက်ကြည့်နေမိသည်။ ရဲရင့်နှင့် မင်းမင်းတို့က နဝါရဲ့သတ္တိကို ချီးကျူးနေမိသော်လည်း ဘုန်းမြင့်မိုရ် ဘာတစ်ခွန်းမှမပြောဘဲ ရုပ်သာနားထောင်နေလိုက်သည်။ သူမချွတ်ထားခဲ့သော ဖိနပ်လေးကိုသာ အဓိပ္ပါယ်မဲ့စွာကြည့်နေမိသည်။ ဒီဖိနပ်လေးပေါ့ ဟိုတစ်နေ့က သူ့အမြင်ကတ်ကတ်နှင့် ပိတ်ကန်ခဲ့တာ။ အခု တော့…သူ့ပိုင်ရှင်က စိတ်ကြီးစွာနှင့်စွန့်ခွာခဲ့သည်။ ဖိနပ်မပါဘဲလမ်းလျှောက်သွားလဲထိုအာဂကောင်မလေးကတော့ အေးဆေးပင်။ သူမက တော်တော်ကို လူတွေကို ဂရုစိုက်ပုံမရချေ။

ထမီအနက်ကလေးဝတ်ထားသဖြင့် သူမခြေလှမ်းတိုင်း ဖွေးဖွေးဖြူနေသော သူမခြေထောက်ကလေးက အထင်းသား။ လူတွေက ဒါကိုအထူးအဆန်းလို လိုက်ကြည့်နေသော်လည်း သူမကတော့ အရေးကိုမလုပ်။ တကယ့်တော့ သူမ၏ပုံစံကိုက အန္တရာယ်တော်တော်များများကို ဖိတ်ခေါ်နေပုံပေါက်နေသည်။ ပျက်သွားသောဖိနပ်လေးကို ကြည့်ရင်းပင် ဟိုကောင်တွေကို ဘာရယ်မဟုတ် ဟိုတစ်နေ့ကဖြစ်ခဲ့သောအဖြစ်အပျက်လေးကိုပြန်ပြောပြလိုက်သည်။ ပြီးတော့ အဲ့လိုကောင်မလေးမျိုးကိုလဲ ဝေးဝေးရှောင်ရန် တခါထဲ ဆုံးဖြတ်လိုက်သည်။

❧ ❧ ❧ ❧ ❧

## အခန်း(၈)

"ဟယ်နဝါရယ် နောက်ကျလိုက်တာ။ အန်တီနေမကောင်းလို့လား။"

"မဟုတ်ဘူး စိမ်းလဲ့ ။ မေမေက ထုံးစံအတိုင်း check up လုပ်တာပါ။ နဝါရောက်တာကြာပြီ။ ပြဿနာတက်နေလို့။"

"ဘာဖြစ်တာလဲ နဝါ။"

ဘရယ်ဇီကပါ စိုးရိမ်တကြီးမေးလာလေသည်။ နဝါလဲ စောနကအဖြစ်အပျက်ကိုအတိုချုံးကာ အားလုံးကို ရှင်းပြလိုက်သည်။ နဝါစကားဆုံးတာနှင့် စိမ်းလဲ့က သူ့ရင်ဖတ်ကိုသူဖိရင်း…

"အမလေး နဝါရယ်။ ရှင့်ဟာကလဲ ကြောက်စရာကြီးပါလား။ ရှင်တကယ်ပါးရိုက်ခဲ့တာလား။"

"ဒါပေါ့။"

www.burmeseclassic.com

www.burmeseclassic.com



ခြေချိတ်ထိုင်ရင်းပင်နဝါကတော့ အေးအေးဆေးဆေးရုပ်ရှင်အကြောင်းပြန်ပြောပြနေသူလိုပင် သက်တောင့်သက်သာနှင့် မသိတဲ့သူဆို သူမဖြစ်လာတယ်လို့ ကို ထင်မှာမဟုတ်။ ဘယ်ကိစ္စကိုမဆို နဝါကဒေါသထွက်ရင်သာလွယ်တာ ပြီးရင်သူမဟုတ်သလို သွေးအေးသွားပြန်ရော..။

"ဒါဆို ရှင်အခုဖိနပ်မပါဘူးပေါ့။"

စိမ်းလဲ့က နဝါခြေတောက်ကို လှမ်းကြည့်ရင်းမေးသည်။ နဝါကလဲ

"ဒါပေါ့။ ဒီမှာကြည့်လေ။"

ခြေချိတ်ထိုင်နေသော ခြေတောက်လေးကို စိမ်းလဲ့ဘက်လှည့်ကာ လှုပ်ပြနေသေးသည်။

"အင်း။ ဖြစ်ရမယ်။ နဝါကိုလဲ ပြောစရာရှိသေးတယ်။ မနက်ကလဲ ငါတို့နှစ်ယောက် ရည်းစားစကား လိုက်ပြောခံရတယ်သိလား။"

"ဟုတ်လား။ ဘယ်မှာလဲ။"

"ငါနဲ့ ဘရုဏီနဲ့က နင်လဲမပါတော့ ဟာဘယ်အချိန်လာမယ်ဆိုပြီး ကျောင်းမှာချိန်းလိုက်တာ။ အဲ့ဒါငါ့ ကားအိမ်ကထွက်ထဲက နောက်ကနေ ကားတစ်စီး ပါလာပါတယ်လို့ထင်တာ။ အင်းယားလမ်းထဲလဲရောက်ကော ကားကိုပိတ်ရပ်ပြီး ကပ်ပေါ်ကဆင်းလာပြီး လာရည်းစားစကားပြောသွားတာ။"

"မှန်ပိတ်ထားပါလား။ ဘာကိစ္စ နင်က မှန်ချပေးရတာလဲ။"

"အေး ငါလဲ ရှုတ်တရက်ဆိုတော့ မှန်ကိုလက်နဲ့လာခေါက်တာနဲ့ ဘာလဲဆိုပြီးမှန်ချပေးလိုက်တာ။ သူလဲ ရည်းစားစကားပြောကော ငါမှန်ပြန်တင်တော့ သူက လက်ထိုးခံထားတော့ ငါဘယ်လိုမှလုပ်လို့မရတော့ဘူး။"

"အင်း နောက်တစ်ခါဆို အဲ့လိုလက်ထိုးခံထားရင် ကားပေါ်မှာ ရှိတဲ့တူတို့ ဂျိုက်တို့နဲ့ အဲ့လက်ကိုခေါက်ပစ်လိုက်။ နေဦးတစ်ခုပြောဦးမယ် ကုန်းတော့မကိုက်နဲ့နော်။ သူတို့လက်တွေက သန့်လားမသိ မသန့်လားမသိဆိုတော့ စိတ်မချရဘူး။ ပြီးတော့ လူသိပ်ပြတ်တဲ့လမ်းမျိုးဆိုမမောင်းနဲ့။ အင်းယားလမ်းက လူမပြတ်ပါဘူး။ နင်ကကြားလမ်းသွယ် လမ်းတွေ ဖြတ်လမ်းထဲက ဝင်လာ လို့လား။"

"အေးဟုတ်တယ်။"

"ဒါဆိုနောက်နင်ဘယ်တော့မှ အဲ့လိုလူရှင်းတဲ့လမ်းကမသွားနဲ့။ ပြီးတော့ တတ်နိုင်ရင် ကားမှန်ကိုမချနဲ့ ဆော့လဲချထား။ ဒါဆိုဒီကိစ္စကအေးသွားပြီ။ ဟဲ့နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ဘာဖြစ်ရပြန်တာလဲ။နဝါက ဆရာကြီးလေသံနှင့် တစ်ယောက်ချင်းဆီကို စစ်မေးနေသည်။

“ဘရယ်ဏီက စိမ်းလဲ့ကို စောင့်နေတာ အတန်းထဲလဲတစ်ယောက်ထဲမဝင်ချင်သေးတာနဲ့။ အဲ့ဒါဘယ်က ကောင်တစ်ကောင်လဲမသိဘူး ပုံစံကလဲလမ်းသရဲ ဒီဇိုင်း နဲ့ဟာ။ သူကအတင်းလာပြီးဘယ်ရဏီကို အရမ်းချစ်တယ် ဘာညာပေါ့ဟာထုံးစံအတိုင်းပေါ့။ ငါလဲ စိတ်မရှည်တာနဲ့ကားမောင်းပြီး ကျောင်းပြင်မှာ ဒီမိန်းမကို ထွက်စောင့်နေတာ..။”

“အေး ဒီအတိုင်းဆိုနောက်ဆိုငါတို့ အမြဲအတူတူလာမှ ဖြစ်မယ်။ မဟုတ်ရင်မလွယ်ဘူး။”

“ဟုတ်တယ် နဝါ ဘရဏီတို့ အဲ့အတိုင်းပဲ လုပ်ကြမယ်။”

“ဒါနဲ့ နဝါပါးရိုက်လိုက်တယ်ဆိုတော့။ အဲ့ကောင်လေးက ကျေနပ်ပါ့မယ်။”

“မကျေနပ်လဲ မတတ်နိုင်ဘူး ဖိနပ်ပြုတ်သွားလို့စိတ်တိုတာရော။ သူကလူကိုများ ပိုင်စိုးပိုင်နင်းရုပ်ရှင် တွေထဲလို အဖြေပေးမှ လွှတ်မယ်ဆိုတာနဲ့ဒေါသထွက် ထွက်နဲ့ တီးလိုက်တာ။”

“သတိတော့ ထားရမယ်။ တော်ကြာမလွယ်ဘူး။



နဝါကိုပြန်အန္တရာယ်ပြုနိုင်တယ်။”

နဝါကအရေးမပါပါဘူးဆိုသည့် ပုံစံဖြင့် နှုတ်ခမ်းနေကာ သွားကြားထဲကလေဖြင့် ‘ကျစ်’ကနဲမည်အောင် …တ်လိုက်သည်။

“စိမ်းလဲ့ပြောတာဟုတ်တယ်။ ဘာပဲပြောပြောသတိတော့ထားပါ နဝါရယ်နော်။”

စိမ်းလဲ့ကပါ တကယ့်ကို စိုးရိမ်တကြီးပြောနေလေသည်။ စိမ်းလဲ့မျက်ဝန်းတွေကို ကြည့်လိုက်ရုံဖြင့် စိမ်းလဲ့တကယ်စိတ်ပူ၍ပြောမှန်းနဝါ ရိပ်မိသည်။

“အိုကေပါ သူငယ်ချင်းတို့ရယ်စိတ်ချပါ။ ဒီနေ့တော့ ဟိုသူတောင်းစားကျေးရူးနဲ့ ခြေဗလာနဲ့နေရတော့ မယ် ဟား ဟား။ အော်...ခြေဗလာဆိုလို့ပြောရဦးမယ် သိလား..။”

တဟားဟားအော်ရယ်နေရမှာ အလှပြင်ဆိုင်သွားသည့်နေ့က ဖြစ်ခဲ့သောကိစ္စလေးကို သတိရစွာ သူငယ်ချင်းတွေကိုပြောပြဖြစ်သည်။

“ဒါဆို နင့်ဖိနပ်ကို အဲ့ခေါင်းလာလျှော်တဲ့တစ်ယောက်က တမင်ကန်လိုက်တာပေါ့ဟုတ်လား။”

ဘုန်းမြင့်မိုရ်တို့အဖွဲ့အတန်းထဲဝင်ဝင်ချင်း အပေါက်…နားတွင်ထိုင်နေသော သူမတို့စကားသံကို ကြားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ထိုကောင်မလေးတွေကတော့ တစ်လောကလုံးကို အာရုံမထားဘဲ သူတို့ပြောချင်တာကို သာအာရုံစိုက်ကာ ဆက်ပြောနေကြသည်။ စောနကမှ ပြောပြထားသဖြင့် သိထားသော သူငယ်ချင်းတွေကလဲ ဘုန်းမြင့်မိုရ်ကို လက်ကုတ်ကာ သူမတို့နှင့် မနီးမဝေး ခုံတွင်ဝင်ထိုင်လိုက်သည်။ သူမတို့စကားသံကိုလည်း ကြားနိုင်သောနေရာမှာပေါ့။

ဘုန်းမြင့်မိုရ်တို့လဲ မသိမသာလေး သူမတို့ပြောသောစကားများကို အာရုံစိုက်ကာနားထောင်နေသည်။

"ဒါပေါ့ဟ..နင်စဉ်းစားကြည့်ဟာ။ ဖိနပ်က ခေါင်းလျှော်ခုံခြေရင်းမှာသေချာ ချွတ်ခဲ့တာ။ ဘယ်လိုနည်းနဲ့မှ ဆိုဖာဆက်တီခုံအတွင်းထဲကိုရောက်နေစရာအကြောင်း မရှိဘူး။ တစ်ယောက်ယောက်က တိုက်မိလို့ လွင့်သွားတယ် ဆိုလဲ နီးနီးနားနားပေါ့။ အခုဟာက တမင်ကို ကန်ထည့် ထားလို့ ဟိုးအတွင်းထိရောက်နေတာ..။"

"ဒါနဲ့ သူလို့ နင်ကဘယ်လိုသိလဲ။"

"အော် အဲ့နားမှာရှိတာ သူနဲ့ငါနှစ်ယောက်ထဲရှိတာလေ။ သူမဟုတ်လို့ ဘယ်သူရှိရမှာလဲ။"

ဘရဏီက တစ်ချက်စဉ်းစားရင်း....

"ဒါဆို နင်သူ့ကိုမှတ်မိမှာပေါ့..နင်ဝင်ဝင်ချင်းတုန်းက သူ့ကိုတွေ့တာပဲ...။"

ဘုန်းမြင့်မိုရ်တို့ နားတွေက အသံတွေကို ပိုမိုအာရုံစိုက်သွားသည်။ မသိမသာပဲ နဝါမျက်နှာကို လှမ်းအကဲခတ်လိုက်သည်။ နဝါကတော့ နဖူးကြောလေးရှုံ့သည်အထိ တစ်ချက်စဉ်းစားရင်း..

"မမှတ်မိလိုက်ဘူး။ စတွေ့တဲ့အချိန်က သူကမျက်နှာ သစ်နေတာ။ သူ့မျက်နှာမှာ ဆပ်ပြာတွေနဲ့ ပြီးတော့ နဝါအကျင့်ကလဲ သိပ်ပြီး ပတ်ဝန်းကျင်ကို သတိမထားတတ်တော့ အမှတ်တမဲ့ပဲ။"

အခုမှပဲ ဘုန်းမြင့်မိုရ်လဲ သက်ပြင်းရဲရဲချရဲသည်။

"ဒါဆို နဝါကိုတမင်အမြင်ကတ်လို့လုပ်တာပဲ။ ဒီလူတော်တော်ယောကျ်ားမဆန်တာပဲ။"

စိမ်းလဲ့ဆိုသောကောင်မလေးအပြောကြောင့် ဘုန်းမြင့်မိုရ် ဆတ်ကနဲပင်ခေါင်းထောင်သွားသည်။ သူများပြောနေတာကို ခိုးနားထောင်တုန်းကထောင်ပြီး အခုတော့ ဘုန်းမြင့်မိုရ်တစ်ယောက်ခံလိုက်ရသည်။ ဆတ်ကနဲ မတ်တပ်ထရပ်မိသောဘုန်းမြင့်မိုရ်ကိုအာကာကတစ်ဖက်မင်းမင်းကတစ်ဖက် ပေါင်ကို လှမ်းဖိထားသဖြင့်လူကဆတ်ကနဲသာဖြစ်သွားပြီး ဖင်ကတော့ကြွမလာချေ။

"ဒါပေါ့ စိမ်းလဲ့ရယ်ယောကျ်ားမဆန်လို့ဒီလို အလုပ်တွေကို လုပ်တာပေါ့ ယောကျ်ားဆို



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ရင် ပွင့်ပွင့်လင်းလင်းရှင်းမှာပေါ့။ အခုလိုခိုးကြောင်ခိုးဝှက်တွေ ဘယ်လုပ်နေမလဲ။ ဟုတ်ဘူးလား။"

"ဟုတ်တယ်နဝါပြောတာ။ တကယ်လို့များ နဝါ သူ့ကိုသိပြီး မုတ်မိလို့က ဘာလုပ်မလဲ။"

"အော်...ပြောနေစရာလိုသေးလား ဘရယ်ဏီရယ် ဂုတ်ကကိုင်ပြီး အရေခွံဆုတ်ပစ်မှာ..။"

သူငယ်ချင်းတွေရှေ့တွင် ရွှက်နဝါကို ဘယ်လို မခံချိမခံသာအောင်လုပ်ခဲ့သည်ဟု ကြွားလုံးထုတ်ထား သော ဘုန်းမြင့်မိုရ်လည်း အခုတော့ သူငယ်ချင်းတွေရှေ့ မှာတင်အရှက်က ဟက်တက်ကွဲရပြီ ဖြစ်သည်။ တော်ပြီ နောက်နောင်များ ဒီဟာမလေးတွေနှင့် ပတ်သက်မိရင် ကိုယ့်ကိုယ်ကို ဒဏ်ခတ်မည်လို့ကိုဆုံးဖြတ်ထားသည်။ ပြုံးစိစိဖြစ်နေသော ဟိုကောင်တွေမျက်နှာကိုမြင်လေ အဲ့ နဝါဆိုသည့်ကောင်မလေးကို ပိုမုန်းလေဖြစ်သည်။ ဘယ် ဘဝ က ရေစက်မုန်းမသိပေမဲ့ ထိုကောင်မလေးကို သူကြည့် လို့ကိုမရချေ။ သူတို့အဖွဲ့သုံးယောက်လုံးကို ကြည့်မရပေမဲ့ သူမကိုတစ်ယောက်ကိုသာ ပိုမို၍ တူးခါးနေအောင်မုန်း သည်။ သူမနဲ့က စတွေ့ထဲကကို ခေါ်တ်ခံမကြည့်တာ အခု ဆို တော့ ပိုဆိုးတော့တာပေါ့..။



❧ ❧ ❧ ❧ ❧

## အခန်း(၈)

ဒီနေ့ရာသီဥတုက သာယာလှသည်။ မိုးလည်း ရွာ၊ နေလည်းမပူ၊ မိုးအုံ့အုံ့လေးနှင့် နေရထိုင်ရတာ ဘော်တော်လေးအဆင်ပြေသည်။ ဒါအပြင် ဒီနေ့ကျောင်း မောင်မယ်သစ်လွင်ကြိုဆိုပွဲရှိသဖြင့် အားလုံးက တက် ကြွကြွဖြစ်နေကြသည်။ အရောင်သွေးစုံလင်လှသော လှပငေးများစွာထဲမှ လှဇကရီလေးကို ရှာဖွေဖော်ထုတ် ဖြစ်သဖြင့် ယောကျာ်းလေးများက အထူးအံထူးကို ဝင်စားနေကြသည်။

ကောင်မလေးတွေကလဲ သူတို့မေဂျာက ကင်းနှင့် ွင်းကို သူများမေဂျာတွေထက် သာလွန်စေချင်သော တနာတွေနှင့် ခပ်ချောချောကောင်လေးများနှင့် ကောင် လေးလှလှလေးများးကို စာရင်းပြုစုနေကြသည်။ ဒါအပြင် စဉ် မေဂျာအားလုံးတွင် အချောဆုံးအလှဆုံးများပေါ

www.burmeseclassic.com

www.burmeseclassic.com



သော ဒီအီကိုမေဂျာက ကောင်မလေးတွေထဲမှ အချော
ကောင်မလေးဘယ်သူဖြစ်မည်ဆိုတာကို တခြားမေ
ကလူများကလူတွေကပါ စိတ်ဝင်တစားလေ့လာနေ
သည်။

"တို့မေဂျာက ကွင်းဘယ်သူရမယ်ထင်လဲ။"

အာကာကတော့ ထုံးစံအတိုင်းအားလုံးထက်ပို
စိတ်အားထက်သန်နေသည်။ မင်းမင်းကတော့တွေးေ
ဆဆလုပ်ရင်း...

"ငါထင်တာတော့ ဟိုသုံးယောက်ထဲက
တစ်ယောက်ပဲနေမယ်။ ကြည့်ပါလား မေဂျာ
ခုလုံးမှာ သူတို့က ပေါ်ပြူလာအဖြစ်ဆုံး အချေ
ဆုံးတွေပဲဟာ။ တစ်ခြားမေဂျာက ကောင်တွေ
တောင် ကျောင်းဖွင့်တာမကြာသေးဘူး အခန်း
မှာ လာလာပြီး ကြည့်နေကြတာကြည့်ပါ
လား။"

"မင်းကလဲ အတန်းထဲမှာ ယမုံဆိုတဲ့ကောင်မလေး
လဲချောပါတယ်။"

ရဲရင့်ကာ ဝင်ကာအတွန့်တက်လိုက်သည်။

ဘုန်းမြင့်မိုရ်ကတော့ သူတို့ပြောသမျှတစ်ခုမှ
စိတ်မဝင်စားသဖြင့် နားမှာနားကြပ်လေးတပ်ကာ MP
ထဲက သီချင်းလေးတွေကိုသာ နားထောင်နေလိုက်သည်



"ချောတော့ချောပါတယ်။ ဒါပေမဲ့ ဘယ်လိုပြော
ရမလဲကွာ ခရေပန်းနဲ့ နှင်းဆီပန်းကွာသလိုပေါ့။
သူဘာသာတစ်ယောက်ထဲနေရင်တော့ ချောပါ
တယ်။ ဒါပေမဲ့ ဟို သုံးယောက်နဲ့ ယှဉ်လိုက်ရင်
သူ့အလှကတော်မဝင်တော့ဘူး။သာမန်ရှုက်ကြမ်း
ရေကြိုသာသာလောက်ပဲရှိတော့မယ်။ဟုတ်တယ်
မှတ်လား။"

အာကာက စကားပြောနေရင်းနှင့် အခုထိတစ်ခွန်း
စ်လေမှ ဝင်မပြောသော ဘုန်းမြင့်မိုရ်ကို အားမလိုအား
နောက်ကနေပခုံးကို စောင့်တွန်းလိုက်လေသည်။
ကားအောက်ထစ်တွင် ထိုင်နေသော ဘုန်းမြင့်မိုရ်လဲ
ကို ငိုက်ကနဲဖြစ်သွားရင်း နားထဲက နားကြပ်ကိုဖြုတ်
ိုက်ရင်း ....

"ဟမ်....ဘာလဲ။"

"အော်..သူကတစ်မျိုး..နေတော့ မင်းကိုပြန်ပြီး
အစအဆုံးရှင်းမပြနိုင်ဘူး...။"

"နေပေါ့။"

နားထဲက နားကြပ်ကိုပြန်ထိုးထည့်ရင်း သီချင်းကို
ခပ်အေးအေးနားထောင်နေလိုက်သည်။ ဒီကောင်တွေ
စ်မနက်လုံးလဲဒီအကြောင်းပဲပြောနေတာအာကိုမညောင်
င်သေးဘူး။ ခဏနေပဲ ပွဲကစလို့သီရတော့မှာကို။

www.burmeseclassic.com

www.burmeseclassic.com



တဖြေးဖြေးနှင့် အခန်းထဲတွင် လူတော်တော်စုံနေပြီ ဖြစ်သည်။ ဘုန်းမြင့်မိုရ်တို့ သူငယ်ချင်းတစ်စုလဲ ခန်းမထဲကိုရောက်ရှိနေပြီး လာသမျှကောင်မလေးများကို ကြည့်ရှုဝေဖန်ရေးတာဝန်ကို တာဝန်ကျေကျေ ထမ်းဆောင်နေကြသည်။ ခန်းမထဲတွင် ပေါက်ပေါက်ဖောက်အောင်ကြားနေရသောအသံများကလဲ ထုံးစံအတိုင်းကွင်းကို အသည်းအသန်ရွေးနေကြခြင်းဖြစ်သည်။ ဘုန်းမြင့်မိုရ်တို့ရှေ့နားက ကောင်မလေးတစ်သိုက်ဆို...

"ဟယ်..ငါတော့ဘရဏီရမယ်ထင်တယ်။ သူပုံစံက နိုင်ငံခြားမင်းသမီး ကက်သရင်းဇီတာဂျုန်းနဲ့ ဒီလောက်တူတာ။ အရပ်တွေဆိုဒ်တွေဆိုလဲကြည့် အင်တာနေရှင်နယ်မော်ဒယ်ဒီဇိုင်းနော်..။"

"ဟာ...ငါတော့ ́စိမ်းလဲ့ပဲရမယ်ထင်တယ်။ သူ့မျက်လုံးတွေက ဒီလောက်လှတာ။ အရမ်းဆွဲဆောင်မှုရှိတယ်။တစိမ့်စိမ့်ကြည့်လေလှလေပဲ။"

"ဟင့်အင်း....ငါကတော့ ရွှက်နုဝါမှ ရွှက်နုဝါပဲ။ ရွှက်နုဝါလောက် ဘယ်သူမှ ဖက်ရှင်နေဘယ်မဖြစ်ဘူး။ ရွှက်နုဝါကိုကြည့်လိုက် ဘယ်တော့မဆိုသပ်ရပ်နေတာပဲ။ကြည့်လိုက်တိုင်း အမြဲကိုစမတ်ကျနေတာပဲ။"



"ဟုတ်တယ် ငါလဲအဲ့ဒါတော့ ထောက်ခံတယ်။ မိန်းကလေးဆိုတာလှရုံနဲ့မပြီးသေးဘူး အမြဲသပ်ရပ်ကျော့ရှင်းပြီး စတိုင်ကျနေဖို့လဲလိုတယ်ဟ။ ရွှက်နုဝါက အဲ့ဒါတွေအားလုံးတော့ တစ်ခြားလူတွေထက်ပိုပြီး ပြည့်စုံတယ်။လှတာခြင်းတူနေတာတောင် သူကစတိုင်တစ်မျိုးနဲ့ အမြဲ လင်းထွက်နေတာပဲ။"

"အင်း ဟုတ်တော့ဟုတ်တာပေါ့။ ဒါပေမဲ့ရွှက်နုဝါက မျက်နှာကနည်းနည်းမာပြီး ကြွပ်ဆတ်ဆတ်နိုင်တယ်။ အဲ့လိုပုံကနည်းနည်းတော့ဆိုးတယ်။"

ဟွန်း မိန်းမတွေများ အားအားရှိဒါတွေပဲပြောနေတယ်။ နားကိုငြီးနေတာပဲ။ ခဏနေတော့ ကျောင်းသားခေါင်းဆောင်က ထွက်လာကာ မိုက်ကလေးနှင့် ဆရာတစ်ဦးခြင်းကိုကျောင်းသားများနှင့် မိတ်ဆက်ပေးလေသည်။ ခဏနေတော့ အားလုံးတိတ်သွားကာ အကုန်လုံးမျှော်လင့်နေသော အလှဘုရင်မနှင့် အလှဘုရင်ကိုရှာဖွေသော အစီအစဉ်ကို ရောက်ရှိလာသည်။

"ကဲ...အခုဆို ကျွန်တော်တို့အားလုံးမျှော်လင့်နေတဲ့ ကင်းနဲ့ ကွင်းရွေးချယ်ပွဲကြီးစပါပြီ။ အဲ့တော့အားလုံး ကိုယ့်စိတ်ထဲရှိတဲ့လူကို အရင်ဆုံးပွင့်ပွင့်လင်းလင်းဖွင့်ပြောနိုင်ပါပြီခင်ဗျာ...။"

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာသံလဲအဆုံး အားလုံး၏ တစ်ယောက်တစ်ပေါက်အသံများနှင့် ဆူညံသွားသည်။

"ရှက်နေဝါ။"

"ဘာရဏီ။"

"စိမ်းလဲ့။"

အသံများက ဆူညံစွာထွက်ပေါ်လာသည်။ အားလုံးကလဲ သူမတို့သုံးယောက်ကိုပင် ပွဲတောင်းနေကြသည်။ အကုန်လုံးက မျက်လုံးဝှေ့ကာ သူမတို့အဖွဲ့ကို အသည်းအသန်ရှာကြသည်။ ကျောင်းသားခေါင်းဆောင်လည်း ချောင်းကိုတစ်ချက်ဟန့်ရင်း အခြေအနေကို ထိန်းလိုက်သည်။

"အဟွန့်..အဟွန့်။"

"အားလုံးပဲ ခဏငြိမ်နေပေးကြပါခင်ဗျာ။ အခုလက်ရှိကွင်းကိုတော့ ဒီမှာရှိတဲ့အထဲကအချောဆုံးကိုပဲ ရွေးချယ်ကြရအောင်။"

"ဘာလို့လဲ..။"

ဟိုးနောက်ဖက်နားတွင်ထိုင်နေသော ကောင်လေးတစ်ချို့က မကျေနပ်စွာလှမ်းအော်ကြသည်။

ကျောင်းသားခေါင်းဆောင်လဲ မတတ်သာသည့်အဆုံး မိုက်ကိုကိုင်ရင်း အားလုံးကျေနပ်အောင်ရှင်းပြရသည်။



"ဒီလိုခင်ဗျ....ကျွန်တော်လဲ မနက်ကအဲ့ကောင်မလေးသုံးယောက်ကိုသေချာသွားဖိတ်ပါတယ်။ ဒါပေမဲ့ သုံးယောက်လုံးက မလာနိုင်ဘူးလို့ပဲငြင်းပါတယ်။ အဲ့လိုကွင်းလဲမဖြစ်ခြင်ဘူးတဲ့ခင်ဗျ။ ဒါကြောင့်ဒီထဲက တစ်ယောက်ကိုပဲရွေးချယ်လိုက်ရအောင်..။ ကျွန်တော်ကတော့ ဟိုးမှာ ပန်းရောင်ဝမ်းဆက်လေးနဲ့ ထိုင်နေတဲ့ ကောင်မလေးကို လှတယ်လို့ထင်တယ် ခင်ဗျာ..ကဲခင်ဗျား တို့ရော။"

ကျောင်းသားခေါင်းဆောင်က ခြေဖျားကိုထောက်ကာ ခန်းမထဲကအချောဆုံးကောင်မလေးကိုဖွေရှာရင်း သူမဆီသို့ဦးတည့်လျှောက်လာခဲ့သည်။ အားလုံးကလဲ ထိုကောင်မလေးကို ဝိုင်းအကဲခတ်ကြသည်။ လက်ရှိအနေအထားအရတော့ ထိုကောင်မလေးက အားလုံးထဲတွင်အလှဆုံးလို့တော့ပြောလို့ရသည်။ အာကာပြောသော ယမုံဆိုသည့်ကောင်မလေးပင်ဖြစ်သည်။

"ကဲ....နာမည်လေးတစ်ဆိတ်လောက်ခင်ဗျာ။"

ကျောင်းသားခေါင်းဆောင်က မိုက်ကို ယမုံဘက်ထိုးပေးလိုက်သည်။ ယမုံလည်း မတ်တပ်ထရပ်ရင်း....

"ယမုံပါ။"

"ကဲ...အားလုံးဘယ်လိုသဘောရလဲ ခင်ဗျာ..။"

www.burmeseclassic.com

www.burmeseclassic.com



ဟိုသုံးယောက်ပြီးလျှင်တော့ သူမအလှည့်ဆုံးလို့ ပြောရမည်ဖြစ်သဖြင့် အားလုံးက သိပ်တော့မကျေနပ်သော်လည်း လက်ခံလိုက်သည်။ စည်းကမ်းအရလဲ ခန်းမထဲမှာ ရှိတဲ့လူပဲရွေးရမှာမှတ်လား။"

"အားလုံးသဘောတူပြီဆိုတော့ ကျွန်တော်တို့ ကင်းကိုဆက်ရွေးရအောင် ခင်ဗျာ။ ကင်းကိုတော့ မိန်းကလေးတွေထဲက ခေါင်းဆောင်ကပဲဆက်ပြီး ပြီးရွေးပေးပါဦး။"

မိန်းကလေးခေါင်းဆောင်လက်ထဲကိုမိုက်ကိုလွှဲပေးလိုက်သည်။ သူတို့ကျောင်းသူချင်း တိုးတိုးကြိတ်ကြိတ်ပြော ပြီးသောအခါ...

"အားလုံးကတော့ ဘုန်းမြင့်မိုရ်ကို ကင်းအဖြစ်ရွေးချယ်ပါတယ်။"

ဘုန်းမြင့်မိုရ် အအေးသောက်နေရင်း တန်းလန်း ကပင်'နှိုး'ဆိုပြီးထသီးလေသည်။ လုံးဝမထင်ပါ၊ ကိုယ်ရမည်လို့။ ကိုယ်နာမည်ခေါ်လိုက်တော့ပင် သောက်နေသော အအေးက လည်ပင်ထဲကအထက်ကိုပြန်တက်ကာ သီးပင်သွား သည်။ မနည်းကြိတ်ကာ ဟန်မပျက်အောင် ဟန်ဆောင် နေလိုက်ရသည်။

"ကဲ..အားလုံးရွေးပြီးပြီဆိုတော့..ပါမောက္ခက သရဖူချီးမြှင့်ပေးဖို့ စင်မြင့်ထက်ကို ဘုန်းမြင့်မိုရ်



ကိုရော၊ ယမုံကိုပါဖိတ်ပါတယ်ခင်ဗျာ။"

လက်ခုပ်သံများက တဖြောင်းဖြောင်းနှင့် ထွက်ပေါ်လာသည်။ ဘုန်းမြင့်မိုရ်လဲရှက်ကိုးရှက်ကန်းနှင့် စင်မြင့်ပေါ်သို့တက်လာရသည်။စင်ပေါ်ရောက်တော့ ပါမောက္ခက စလွယ်လေးတစ်ခုကို စွပ်ပေးလေသည်။ ယမုံကိုလည်း သရဖူလေးနှင့်အတူ နှင်တံကလေးကိုလည်း ချီးမြှင့်လေသည်။

လက်ခုပ်သံများကတော့ တဖြောင်းဖြောင်းနှင့် ဆူညံစွာထွက်ပေါ်လာသည်။

"နှစ်ယောက်တွဲပြီး သီးချင်းတစ်ပုဒ်ဆိုပြပါဗျို့။"

"ကဲ...ကြားတဲ့အတိုင်းပဲ အောက်ကပရိသတ်က တော့တောင်းဆိုနေပြီ။နည်းနည်းတော့ကူပါဦး။"

ကျောင်းသားခေါင်းဆောင်ကပါ အတင်းတိုက်တွန်းနေသည်။ ဆရာ၊ဆရာမတွေကပါ လုပ်ပါသားရယ် ဆိုတော့ ဘုန်းမြင့်မိုရ်အတွက် ဒုက္ခရောက်လေသည်။ ကိုယ်ကသာ ရှက်ကိုးရှက်ကန်းဖြစ်နေသော်လည်း ယမုံကတော့ ဘာမှ သိပ်မဖြစ်သလိုပင်။ မျက်နှာကြီးကတော့ ဂုဏ်ယူနေသလို ဖြီးနေသည်။ ကြည့်ရတာ သွားတောင်မနည်းစိထားရပုံရသည်။ အားလုံးတိုက်တွန်းနေသဖြင့် ယမုံနားကပ်ကာ....

"ဟို....ဘာသီချင်းရလဲ။"

www.burmeseclassic.com

www.burmeseclassic.com



“ကိုဘုန်းမြင့်မိုရ်ရော ဘာရလဲ။”

“ဟို ကျွန်တော်က ဟစ်ဟော့ပဲရတာ။ ဂျေမီသီချင်းတွေလေ။”

“အို..အဲ့ သီချင်းတွေတော့ ယမုံကဘယ်လို လုပ်လိုက်ဆိုလို့ရမလဲ စဉ်းစားကြည့်ပါဦး တစ်ခြားတစ်ပုဒ်ပုဒ်လောက်။”

အောက်က ပရိသတ်ကိုလှမ်းကြည့်လိုက်လေ။ သူတို့လက်ခုပ်တီးနေတာကို မြင်လေ စဉ်းစားလို့မရလေ။ နောက်ဆုံးတော့...

“မြနန္ဒာ”နှင့် နှစ်ပါးသွားလိုက်ရသည်။ ယမုံကြည့်ရတာတော့ သိပ်ကျေနပ်ပုံမရ။ ဟုတ်တယ်လေ။ ကိုယ်ကလဲ စဉ်းစားလို့မှမရတော့တာ။ ဒါပဲရတာ။ ဒါပဲဆိုရတော့မှာပေါ့။ အားလုံးပွဲပြီးတဲ့အချိန်မှာတော့ သူငယ်ချင်းတွေက ‘ကင်း’ ဆိုပြီးနောက်ပြောင်ခေါ်ဝေါ်နေသဖြင့်လဲ မနည်းတားယူရသည်။ သူငယ်ချင်းတွေအကုန်လုံးလဲ ဗိုက်ဆာပြီဆိုသောကြောင့် ကန်တင်းဘက်သို့သာခြေဦးကို လှည့်လိုက်ကြသည်။

ကန်တင်းရောက်တော့ အရင်ဆုံးတွေ့လိုက်ရတာ ဟိုမရွှေချောသုံးယောက်။ စကားတွေပြောပြီး ရယ်မောတောင်နေသေးသည်။ တော်တော်လေးကို လူမှုရေးခေါင်းပါးတဲ့ ကောင်မလေးတွေ ကိုယ့်မေဂျာရဲ့အရေးကို



သူတို့နှင့်မဆိုင်သလိုပင်။ အရမ်းကိုသွေးအေးလွန်းသည်။ အားလုံးကတော့ သူမတို့ကိုမျှော်လိုက်ရတာ။ သူမတို့ကတော့ လုံးဝကိုအရေးမလုပ် တန်ဖိုးမထားပေ။

ကျောင်းသားခေါင်းဆောင်ကတော့ ဘုန်းမြင့်မိုရ်ကိုပင် ဘာရယ်မဟုတ်ရင်ဖွင့်လိုက်သေးသည်။

“တော်တော်မလွယ်ဘူးဗျာ။ ကျွန်တော်ကိုတောင်ကွင်းလဲ စိတ်မဝင်စားဘူး။ မကွင်းလဲ စိတ်မဝင်စားဘူး။ လာလဲမလာဘူးလို့ကို ဘုတောလွှတ်တာဗျ..။”

မျက်စိထဲမှာလဲ ရွက်နုဝါပြောမည့်ပုံကို မြင်ယောင်ကာ နှာခေါင်းရှုံ့ရင်း သူမတို့ကိုမမြင်ရသောအခြမ်းကို ရွေးကာ ထိုင်လိုက်သည်။ သူမတို့ကိုမြင်တော့ အားလုံးက တော့ စုတ်တသတ်နှင့် သူမတို့ကို ဝိုင်းရစေချင်နေကြသည်။ ဒင်းတို့ကတော့....တော်ပြီ ဆက်မတွေးတော့ပါ။ ကော်ဖီကိုသာ အရသာခံသောက်ရင်း ဟိုကောင်တွေပြောသော စကားတွေကိုသာ နားထောင်ရယ်မောရင်း အာရုံတွေကို မေ့မေ့လျော့လျော့ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦ ❦ ❦

## အခန်း(၉)

ဒီနေ့ကိုလေးမင်္ဂလာဆောင်တဲ့နေ့ဖြစ်တာ ကြောင့် တစ်အိမ်သားလုံး ပျော်ရွှင်ကာ အလုပ်ရှုပ်နေကြသည်။ ချစ်သော အစ်ကိုရဲမင်္ဂလာဆောင်ပွဲအတွက် ဘုန်းမြင့်မိုရ်ကိုယ်တိုင် သတို့သား သတို့သမီးစီးသော ကားကို ကိုယ်တိုင်လိုက်မောင်းပို့ပေးရန် တာဝန်ယူထားသည်။ မနက်ထဲက ကိုလေးနှင့် မနန္ဒာကိုကြိုကာ ဟိုတယ်ကို ပို့ပေးရ။ အလှဖန်တီး ရှင်တွေကို ကြိုပေးရနှင့် လူလဲဖတ်ဖတ်ကိုမောနေသည်။ ဒါတောင် သတို့သား၊သတို့သမီးအရံများကို မကြိုပေးရတာ တော်တော်ကံကောင်းတယ်လို့ပြောရမည်။

အခုလဲ မာမီက သတို့သမီးအတွက် ဆံထိုးကိုမေ့ကျန်ခဲ့သည်ဆိုတာနှင့် သူ့အိမ်ကိုပြေးကာ သွားယူပေးရဦးမည်။ ကားကိုခပ်သွက်သွက်လေးမောင်းပြီး ဆံထိုးလေးကိုပြန်သွားယူပေးလိုက်သည်။စိတ်ထဲမှာတော့ တော်တော်အ



အစ်ရှုပ်တဲ့ဟာတွေ စထဲကကိုယ်ယူရမည့် ပစ္စည်းကိုသေချာအရင်းလုပ်ပြီး ယူမလာဘူးဟု စိတ်ထဲကတော့ ကြိတ်ပြောနေမိသည်။ လူကတော့ သွားပြန်ယူပေးပြီးလို့ ဟိုတယ်ထဲကိုတောင် ကားကပြန်နေဝင်ပြီ။ ဘုန်းမြင့်မိုရ်ရဲ့ အကျင့်ကိုသိတာ သိပ်စိတ်မရှည်တတ်တာခက်သည်။ သဘောကောင်းသည် လက်သီးပြင်းသည် ဆိုသလိုဖြစ်နေသည်။

ဆံထိုးလေးကိုယူလာကာ ဟိုတယ်အပေါက်ဝမှာရှိတဲ့ လက်ဖွဲ့ကောင်တာက ကောင်မလေးတစ်ယောက်ကိုသာ သွားပေးခိုင်းလိုက်သည်။

"အစ်ကိုကလဲ ကိုယ်တိုင်သွားပေးလိုက်ပါလား။ အပေါ်မှာ သတို့သမီးအရံတွေနဲ့ ပန်းကြဲတွေလဲရောက်နေပြီ။ ရုပ်တွေလဲရယ် အရမ်းချောတာနော်။ သွားပေးရင်း နဲ့ကြည့်ပါလား။"

ညီမ လေး၊ငါး ဝမ်းကွဲလောက်တော့ တော်မည်ဆင်သည့်( ကျွန်တော်လဲသေချာအမျိုးမစပ်တတ်ပါ။) မိဖြူက ကျွန်တော်ကို လာဆရာလုပ်နေသည်။

"အောင်မာ...ငါ့များနှာဘူးကျနေတာပဲ။ မသွားဘူး။ သွား...နင်တက်သွားပေးလိုက်။"

"နေပေါ့ မသွားလဲ။ ဖြူကအကောင်းနဲ့ပြောတာ"

"အေး..အကောင်းနဲ့ပြော ငါနဲ့လာမပြောနဲ့။"

"ဟွန်း...အဲ့ဒါကြောင့် ကိုဘုန်းကို ဘယ်ကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေးမှမကြိုက်။"

"အောင်မာ။"

ဒင်းကပင် ကက်ကက်လန်ရန်တွေကာ ဆောင့်-ဆောင့်နှင့် ထွက်သွားလေသည်။ သွားပေါ့။ ကိုယ်မသွားရရင် ပြီးတာပဲ။ ခဏနေတော့ အာကာ၊ရဲရင့်နှင့် မင်းမင်းက ကူညီရန်ဆိုသောအကြောင်းပြချက်နှင့် ရောက်လာကြသည်။ တကယ်တော့ ဟိုတယ်အပ်ထားတဲ့ ကိစ္စဘာမှ ကူညီရန်မလိုပေ။ အဲ့လိုပဲ ညာရွှီးပြီး ဝါးတီးဖွင့်နေကြပါ။

"လာ အထဲမှာပဲသွားထိုင်မယ်။"

"ဟာ..မင်းကလဲ ဒီလက်ဖွဲ့ကေ ာင်တာမှာပဲနေမယ်လေကွာ။ ဒီကကောင်မလေးတွေက ချောချောလေးတွေချည်းပဲဟာ။"

အာကာခေါင်းကို ဘုန်းမြင့်မိုရ် ပိတ်ရိုက်လိုက်သည်။

"အား...နာတယ်ဟ။ ဘာလို့ရိုက်လဲ။ ရှိုးပျက်ပါပြီ။"

ပြောင်လက်နေအောင် ဂျယ်အစွမ်းနှင့် အစွမ်းကုန်ရှုပါကိုဖွင့်လာသော အာကာက သူ့ဆံပင်တွေကို သပ်ရင်းထအော်လေသည်။

"အရှုးရဲ့ ဒီမှာရှိတဲ့လူတွေအကုန်လုံးက ငါ့ညီမဝမ်းကွဲတွေ၊ အမဝမ်းကွဲတွေချည်းပဲ။သေချင်



လို့။"

"ဟာ...ဆောရီး ယောက်ဖမသိလို့။"

ပြောကာမှပိုဆိုးပြီ။

"လာ..ဝင်မယ်။"

ဘုန်းမြင့်မိုရ်က အာကာကို ပခုံးကနေဖက်ရင်းခေါ်လာသည်။ ဒါတောင် မင်းမှာ ဒီလိုနှမချောချောလေးရှိမှန်းအစကမသိတာနာတာပဲ ဆိုပြီး သမင်လည်ပြန်၊ ယယ်လည်ပြန် ငမ်းနေသေးသည်။ ရဲရင့်နှင့်မင်းမင်းကတော့ အေးဆေးပြုံးရင်းပင် နောက်ကလိုက်လာသည်။ လာခန်းမရဲ့ ညာဘက်ထိပ်မကျတကျ ဝိုင်းတွင် သူငယ်ချင်းတွေစုထိုင်လိုက်ကြသည်။

ဧည့်သည်တွေကိုတော့ ဘုန်းမြင့်မိုရ်မိဘတွေ၊ လေးမိဘတွေနှင့် မနန္ဒာမိဘတွေက ဧည့်ခံနေရာချပေးသဖြင့် ဘုန်းမြင့်မိုရ်တို့ကတော့ အေးဆေးဝိုင်းဖွဲ့ကာသပေါ့နေလို့ရသည်။တဖြေးဖြေးနှင့်လူတွေလဲ တစ်စက်တစ်စ များများလာသည်။ ပွဲစချိန်လည်း နီးလာပြီသည်။ ပွဲထုတ်ရန်အတွက် စင်မြင့်ထက်မှ ယနေ့မှစတာရာတိုင်သီချင်းကိုလဲ အဆိုတော်နွဲ့ယဉ်ဝင်းက သီဆိုနေလေသည်။ လူတွေအားလုံး၏ မျက်လုံးများကလဲ အဝင်ဆီသို့ရောက်ရှိနေကြပြီ။ ကင်မရာမင်းတွေနှင့်တကွ မီးသားတွေကလဲ အဝင်အဝတွင်အလုပ်ရှုပ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တီးလုံးငြိမ့်ငြိမ့်လေးနှင့်အတူ အရင်ဆုံးပန်းကြဲကာ လျှောက်လမ်းလာသော ကောင်မလေးကို တွေ့လိုက်ရချိန်တွင် ဘုန်းမြင့်မိုရ်တို့ သူငယ်ချင်းတစ်စုလုံး ပါးစပ်အဟောင်းသားဖြစ်ရသည်။ အဲ့နောက်က ကိုလေးတို့ဆုံတွဲကိုကျော်ကာ သတို့သမီးအရံနှစ်ယောက်ကိုတွေ့ရချိန်မှာတော့

"ဟင်...။"

ဘုန်းမြင့်မိုရ်ဆီမှာ ရုတ်တရက်အာမေဋိတ်အသံထွက် ပေါ်လာသည်။

"ဟော့ကောင်မင်းမသိဘူးလား။ သူတို့ဆိုတာ။"

ဘုန်းမြင်းမိုရ်ခေါင်းကို တွင်တွင်ခါရင်း...

"ငါလဲမင်းတို့လိုပဲ အံ့သြနေတာ...။"

စကားပြောရင်း တရွေ့ရွေ့လျှောက်လမ်းလာသော ကောင်မလေးတွေကို မျက်တောင်မခတ်မတမ်းလိုက် ကြည့်မိသည်။ ဟော်တော်လှသော ကောင်မလေးများဖြစ်သည်။ အားလုံးထဲတွင်တော့ သူများတွေပြောသလို ရွှက်နုဝါက ပိုလှနေသည် ဆိုတာကိုတော့ ငြင်းလို့မရ။ သူမပုံစံက အများနှင့်ယှဉ်ရင်မတူပဲ အမြဲထင်းကန်နေအောင် အရောင်တစ်မျိုးလင်းထွက်နေသည်။သေချာတော့မပြောတတ်သော်လည်း တစ်ဖွဲ့လုံးကို လှမ်းကြည့်လိုက်ရင် သူမကို အရင်ဆုံးသတိထားမိတတ်သည်။ဒါကလဲသူမရဲ့ထူးခြားချက်ဖြစ်မည် ထင်သည်။

အခုလဲ ရွှက်နုဝါနှင့် စိမ်းလဲ့က ပုံစံတူလေးဝတ်ထားတာတောင် ရွှက်နုဝါက ပိုလှနေသည်။ ဘာအသားအနီး ယောကျ်ားလေးမို့သေချာမပြောတတ်သော်လည်း နုလေးလေးတွဲတွဲအိအိလေးဖြစ်နေသည့် အဖြူရောင်ဂါဝန်လေးနှင့် ခေါင်းပေါ်တွင် ဟာဝိုင်ရီကျွန်းကကောင်မလေးတွေလို ပန်းလေးတွေကို ခွေပြီး သရဖူလေးကို ပန်ထားသော သူမတို့၏ပုံမှာ ခါတိုင်းတွေ့နေကြပုံစံနှင့်မတူပဲ အရမ်းကိုကြည့်ကောင်းနေသည်။ ဒီပုံကိုသာကျောင်းကကောင်တွေတွေ့ပါက ချက်ခြင်းပြေးကာ ရည်းစားစကားအလုအယက်ပြောတော့မှာပဲဟုလည်း မလိုတမာတွေးနေမိသေးသည်။

ဂါဝန်ဒီဇိုင်းလေးကလဲ ခန္ဓာကိုယ်နှင့်ကွက်တိလေးချုပ်ရပ်ကာ ဒူးနားလောက်ကမှ လီးလေးလိုကားကားလေးနှင့် နိုင်ငံခြားမင်းသမီးတွေ အကယ်ဒမီပွဲတက်သည့် ပုံစံမျိုးနှင့်ဆင်သည်။ တိရိ ချပ်ကပ်ကာ အဆီပိုမရှိသော သူမတို့ကအတွက်တော့ မျက်တောင်ပင် မခတ်ချင်လောက်အောင်လှပကာ ကြည့်ကောင်းနေသည်။ ဘာရယ်မဟုတ်ကြွကြွရွရွလှမ်းလျှောက်လာသော ခြေထောက်လေးကိုကြည့်လိုက်တော့ လေဒီရှူးအနီရဲရဲလေး..။

ဘုန်းမြင့်မိုရ်တစ်ချက်ပြုံးမိသည်။ သူမကခြေနုပ်နီနီလေးတွေကို တော်တော်ကြိုက်ပုံရသည်။ အနီရောင်



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်များကို ပုံစံအမျိုးနှင့် သူမဆိမ်မှာတွေ့ရတတ်သည်။ မရည်ရွယ်ပါဘဲ လက်ထဲတွင် ကိုင်ထားသော ကတ်မရော လေးနှင့် သူမတို့ ဓါတ်ပုံတွေကို ရိုက်ယူနေမိသည်။ ဟို ကျောင်းတွေကလဲ သူ့အာရုံနှင့်သူ့အနုထိ စကားမပြောအား သေးပေ။ ကိုလေးတို့ ပုံတွေရော။ ပန်းကြဲနေသော ဆာ ကူး။ စိမ်းလဲ့နှင့် ရွက်နုဝါပုံများကို ရိုက်ယူနေမိသည်။ ဒါ ပေမဲ့ အားလုံးထဲတွင် ရွက်နုဝါပုံတွေက အများဆုံးဆိုတာ ကိုတော့ ဘုန်းမြင့်မိုရ်ကိုယ်တိုင်တောင် သတိမထားမိ လိုက်ပါ။

ကျွန်တဲ့ ကောင်မလေးများကသာ ပြုံးပြုံးရွှင်ရွှင် မျက်နှာလေးတွေနှင့်ရှိသော်လည်း ရွက်နုဝါမျက်နှာလေး ကတော့ ခပ်တည်တည်လေးပင်။ သူမကိုမြင်တိုင်း ရယ် ပြုံးနေတာဆိုတာ တော်တော်ရှားရခဲ့သည်။ ဒီလိုခပ်တည် တည်လေးနေတာတောင် ဒီလောက်လှတွေ သဘောကျြ တာ သူမသာ ကြည်ကြည်သာသာလေးပြုံးနေပါကား...

"ဟော့ကောင်ကင်မရာကိုင်ပြီးဘာငိုင်နေတာလဲ"

"သူတို့သားအရုံမလုပ်မိတာကို နောင်တရနေ တာလား။"

"သွားစမ်းပါကွာ။ ဓလုပ်ဖြစ်လိုက်တာ ကံကောင်း လေ့စွလို့တွေးနေတာ။ အခုတောင် ဘယ်လို ဒီဟာမလေးတွေနှင့် ပတ်သက်နေလဲမသိဘူး။"



"အော်...ကြည့်ရတာ ဘရဏီက မနန္ဒာရဲ့ ညီမ ဝမ်းကွဲဖြစ်မယ်။ ဒါကြောင့်သူ့သူငယ်ချင်းဟိုနှစ် ယောက်ပါပါလာတာဖြစ်မယ်။"

ဘုန်းမြင့်မိုရ်တစ်ယောက်ထဲတွေးကာတစ်ယောက် ပြောနေသည်။

"ဟော့ကောင်...ဟိုမှာစင်ပေါ်မှာလဲကြည့်ဦး ဟိုကောင်မော်ဒယ်ဘွိုင်းကတော့ နုဝါကိုကြည့်ပြီး ပြုံးပြုံး နေလိုက်တာ ပါးစပ်ထဲတောင် ယင်ဝင်ဥ တော့မယ်။"

"အေးလေ..ဟိုကဖြင့် လှည့်တောင်မကြည့်ဘူး။ သူ့မှာသာ ဘယ်အချက်လှည့်ကြည့်မလဲဆိုပြီး ပြုံးနေရတာ သူ့အစားငါတောင်မေးညောင်း တယ်။"

"စိတ်မပူနဲ့ ငါတက်နင်းပေးမယ်။"

ရဲရင့်က ဝင်ပြီးနှိပ်ကွပ်လိုက်သည်။ အာကာနှင့် ခေါင်းက အချင်းချင်းစင်ပေါ်ကြည့် ရင်း အတင်းတုတ် ကြသည်။ တကယ်တော့ အတင်းတုတ်တယ်ဆိုတာ ာလေးတွေကိုသာပြောတာ တကယ် တော့ ကျွန်တော် ယောက်ျားလေးတွေလဲ တုတ်ကြတာပါပဲ။ ဘုန်းမြင့် လဲ စင်ပေါ်လှမ်းကြည့်နေလိုက်တော့ ဟုတ်ပ...အဲ ကောင် ကလဲ အဲကောင်ပဲ။ ဟိုစကားပုံကို လက်ကိုင်ပြု

www.burmeseclassic.com



နေပြီထင်တယ်။ ကြိုက်မရှက် ငိုတ်မရှက်လေ။ ဒီလောက်
လူတွေကြားထဲမှာတောင် တစ်စက်လေးမှကို အိနြေ္ဒထိန်း
ပေ။ အော်..ဒါလဲ သူ့အထာနဲ့ သူနေမှာပါလေ။

တော်တော်လေးကြာလို့ ပွဲပြီးတဲ့အချိန်မှာတော့
ကိုလေးတို့ကို ပုံစံမျိုးစုံနှင့် ကင်မရာမင်းက မပြီးနိုင်မ
နိုင် ဓါတ်ပုံရိုက်နေသဖြင့် ဘုန်းမြင့်မိုရ်ကတော့ ကားပေါ်
ကသာသွားစောင့်နေလိုက်သည်။ ခဏနေတော့ စိမ်းလဲ့
ဘရဏီနှင့် ရွှက်နုဝါတို့ ထွက်လာကြသည်။ ဘရဏီ နှင့်
စိမ်းလဲ့ကို ဒါရိုက်ဘာများက လာကြိုကြသော်လည်း နုဝါ
ကတော့ သူမကားလေးဆီကို မင်္ဂလာဆောင်ပွဲတုန်းက
ဝတ်စုံနှင့် လျှောက်ကာ သူမဘာသာကားလေးကို ကျွမ်း
ကျင်စွာမောင်းထွက်သွားလေသည်။ တကယ့်ကို နေ
လည်ရခက်သည့်ကောင်မလေးပင်။

တော်တော်လေးကြာတော့ ကိုလေးတို့အတွဲကို
အိမ်ပြန်လိုက်ပို့ပေးလိုက်သည်။ အာရုံထဲမှာတော့ ဘာရယ်
မဟုတ်ဘဲ နုဝါပုံလေးက ဖြတ်ကနဲပေါ်လာသည်။ တစ်
ယောက်ထဲပြုံးမိသည်။ တစ်လက်စထဲခေါင်းထဲက အတွေး
တစ်ချို့ကိုပါ တစ်ခါထဲမောင်းထုတ်လိုက်မိသည်။ ခေါင်းက
တစ်ချက်ခါရင်း ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်မိတော့
နုဝါကားကို မီးနီမားကက်တစ်ခုရှေ့တွင်တွေ့လိုက်ရသည်။

သူမပြန်သွားတာ သိပ်မှာမကြာသေးတာ ဘာလ



သွပ်ပါလိမ့်။ သိချင်စိတ်နှင့်အတူ ကားကို ပြန်ကွေ့လာမိ
သည်။ ကားလမ်းကလဲ အခုမှမီးပွိုင့်လွတ်သဖြင့် ကား
တွေက တော်တော်နှင့်မပြတ်ချေ။ ကားရှင်းလို့ လမ်းကို
ဖြတ်ကွေ့လိုက်တော့.. စောနက ဂါဝန်နှင့်ပဲ လက်ထဲမှာလဲ
ခြင်းနှင့် အအေးဘူးကို ကိုင်ပြီး ထွက်လာသောသူမကို
တွေ့လိုက်သည်။ ကားကိုဆက်မသွားဘဲ ခပ်လှမ်းလှမ်းမှာ
ထိုးကာ အကဲခတ်ကြည့်လိုက်တော့ဆိုင်ထဲကကောင်မလေး
တွေနှင့် အရောင်းစာရေးကောင်လေးတွေက မှန်ပေါက်ဝ
နားတွင် ရစ်သီရစ်သီနှင့် သူမကိုငေးမောနေကြသည်။

သူမကတော့ ကားပေါ်မှာတင် အကျအန မုန့်စား
လိုက် အအေးသောက်လိုက်လုပ်နေသည်. ကြည့်ရတာ သူမ
ကို ထွက်ကြည့်နေတာလဲ ရိပ်မိပုံရမယ်မထင်ပါ။ သူမမုန့်
စားပြီး အားလုံးကုန်မှပင် တစ်ရှူးလေးနှင့် နှုတ်ခမ်းကို
သုတ်ရင်းကားကို မောင်းထွက်သွားလေသည်။ ဘုန်းမြင့်
မိုရ် ကြည့်ရင်းတော်တော့်ကို အံ့သြသွားသည်။ သူမက
အခုလိုကြတော့လဲ တကယ့်ပီတိကလေးလေးလိုပင်။ ဘာ
ဟန်ဆောင်မှုမှမပါ။ အလွန်ချစ်စရာကောင်းနေပြန်သည်။
တော်တာက သူမက ဘေးပတ်ဝန်းကျင်ကိုလဲ သိပ်အလေး
ထားဘဲ။ သူမလုပ်ချင်တာကိုပဲ ဇွတ်လုပ်တတ်ပုံရသည်။

အဲ့ဒါတစ်ခုတော့ တော်တော်ဆိုးသည်။ အိမ်ပြန်
ရောက်လို့ ရေမိုးချိုးပြီးတာနှင့် ထမင်းပင်မစားသေးပဲ

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာထဲကပုံလေးများကို ကျွန်ပျူတာထဲကို အရင်ဆုံး ထည့်နေမိပြန်သည်။ ကျွန်ပျူတာထဲတွင်မြင်ရသော ရှက်နု ဝါ၏ခပ်တည်တည်မျက်နှာလေးနှင့် ပုံလေးကို စိုက်ကြည့် နေမိသည်။ ကြည့်နေရင်းနှင့် "ရှင်ကျွန်မကို ဘာစိုက်ကြည့် နေတာလဲ ။" ဆိုသည့် နုဝါ၏ ဘုဆတ်ဆတ်အသံလေးကို အာရုံထဲမှာ ကြားလိုက်ရချိန်မှာတော့ ကျွန်ပျူတာကို ချက် ခြင်း ပိတ်လိုက်မိသည်။

ခေါင်းထဲကအတွေးတွေကို ချက်ခြင်းမောင်းထုတ် ရင်း အိမ်အောက်ကို ပြေးဆင်းလာခဲ့သည်။ ဘယ်တော့မှ သူမနှင့် မပတ်သတ်ဖို့ကို သူ့မာနကအကြီးအကျယ်ကိုတား မြစ်ထားသည်မဟုတ်လား။

"အား..ဗိုက်ဆာတယ်..မေမေရေထမင်းစား မယ်။"

"ဖြစ်ပြီ..စောနကပြောတော့ မဆာသေးဘူးဆို"

"အခုဆာပြီ။"

"လာ..ဒါဆို။"

မေမေ ခါးကိုဖက်ရင်း ထမင်းစားခန်းသို့ဝင်လာ ခဲ့သည်။



❦ ❦ ❦ ❦ ❦

အခန်း(၁၀)

"နုဝါ နောက်ကိုလုံးဝလှည့်မကြည့်နဲ့နော်..။ နောက်မှာ ဟိုတစ်နေ့က နင်ပါးရိုက်လွှတ်လိုက်တဲ့ ကောင်တွေရောက်နေတယ်။"

"တောက်။"

နုဝါ စိမ်းလဲ့စကားကြောင့်တောက် တစ်ချက်ကို နာနာကျင်ကျင်ခေါက်လိုက်သည်။ ဒီကောင်တွေတော် တော် လွန်နေပြီ။ နုဝါနောက်ကိုအရိပ်လိုလိုက်ကာ လိုက် နှောင့်ယှက်နေသည်။ မနေ့ညကလဲ အိမ်ရှေ့မှာ အသံသေး အသံကြောင်နှင့် ညသန်းခေါင်ကျော်ချိန်ထိလာအော်နေ သည်။ ဘယ်လိုမှ သည်းမခံနိုင်တဲ့အဆုံး ရပ်ကွက်လူကြီး အိမ်ကို ဖုန်းဆက်တိုင်လိုက်မှပဲ ကားမောင်းပြေးကြလေ သည်။

နေ့တိုင်းလိုလိုလဲ နုဝါ့ရဲ့ကားဘောမှာ I Love Nu

www.burmeseclassic.com

www.burmeseclassic.com



War ဆိုသောစာလုံးကို နုဝါကားမှန်အပြည့်နီးပါးဆော့ပင်နှင့် ကားမှန်တွင်ရေးထားလေသည်။ ဘယ်သူဘယ်ဝါမှန်း သေချာ မသိပေမဲ့ ဒင်းတို့လက်ချက်ဆိုတာ နုဝါ သေချာ သိသည်။

နုဝါတို့ခြေလှမ်းကို နည်းနည်းမြန်မြန်လှမ်းလိုက်သည်။ ထိုနောက်ကအဖွဲ့ကတော့ နုဝါတို့ထက်ခြေလှမ်းကို ပိုမြန်ရင်း နုဝါတို့ရှေ့တွင်ပိတ်ရပ်လိုက်သည်။

"ဖယ်စမ်း ငါ့ရှေ့ကနေ။ ဒါဘာလုပ်တာလဲ။"

နုဝါ ရှုးရှုးရှရှပိတ်အော်လိုက်သည်။ ဘရဏီကတော့ နုဝါလက်ကိုတစ်ချက်ဖြစ်ကာ သတိပေးလိုက်သည်။ နုဝါတို့က အေးအေးလူလူနေရအောင်ဆိုပြီး လူရှင်းသောအဆောင်ဘက်အခြမ်း သူငယ်ချင်းတစ်စုလာထိုင်နေကြခြင်းဖြစ်သည်။ အဆောင်တွေကကြီးပြီး တစ်ဆောင်နှင့်တစ်ဆောင်ကလဲ တော်တော်လေးခြားသဖြင့် တစ်ခုခုဖြစ်နေလျှင် ရုတ်တရက်လူတွေ သိနိုင်မှာမဟုတ်ပေ။

"အဲ့လောက်ဒေါသမကြီးစမ်းပါနဲ့ကွာ...ရုပ်က
လေးလှသလောက် ဘာလို့ဒီလောက်တောင်
မာနတွေကြီးနေရတာလဲ ရွှေမင်းသမီးလေးရဲ့။"

လက်ကိုပိုက်ရင်း နုဝါကို မခိုးမခန့်ပုံစံနှင့် လာရောက်ရယ်ပြသည်။ ရုပ်ရှင်ထဲက ကိုကိုဦး ရယ်တဲ့အထာမျိုးပေါ့။ ဘေးနားကအပေါင်းအပါ များကလဲ ဘာမှမဟုတ်



ပဲ တသောသောလာရယ်ပြနေသည်။

"ဒီမှာ ငါ့ရှေ့မှာ လာရယ်ပြမနေနဲ့. ငါနွားပွဲစား
မဟုတ်ဘူး ဖယ်စမ်း။"

နုဝါ စိတ်တိုတိုနှင့် ခွေးမောင်းသလိုမောင်းထုတ်နေမိသည်။ နုဝါရဲ့စကားသံလဲကြားရော ဘေးနားက သူငယ်ချင်းတွေက ရှုးရှုးရှဲရှဲဖြစ်ကုန်သည်။

"ဒီမှာ ဟန်နီ..စကားကို ထိန်းပြော။ စကားကျွံရင်
နုတ်လို့မရဘူးဆိုတာ ဟန်နီသိပါတယ်။ ကိုယ့်
သူငယ်ချင်းတွေက စိတ်ကြီးတယ် ဟန်နီရဲ့။ ကိုယ့်
ကြောင့် မင်းကို ဒီလောက်သည်းငြိုးခံနေကြတာ
မင်းကောင်းကောင်းသဘောပေါက်ပါ။"

"အော်...ဟုတ်လား။"

နုဝါက တမင်သက်သက် ပခုံးနှစ်ဘက်ကို တွန့်ပြရင်းကြောက်ချင်ယောင်ဆောင်ပြလိုက်သည်။

"ငါ စိတ်ကြီးတာလဲ နင့်သူငယ်ချင်းတွေကို
ပြန်ပြောပြလိုက်လေ။ ငါ့လက်က ပါးမရွေးတာ
ကိုလဲ နင်သိပါတယ်။"

နုဝါရဲ့စကားကြောင့် ဟိုကောင်သူငယ်ချင်းတွေအားလုံး လှုပ်လှုပ်ရွရွဖြစ်လာသည်။

"ဟေ့ကောင်..ကြာတယ်ကွာ။ မင်းဘာလုပ်နေတာ
လဲ။ဒီလောက်ပြောနေတာတစ်ခုခုလုပ်တော့..။"

www.burmeseclassic.com



"အိုကေ..ဟန်နီက ဒီလောက်ဆိုးနေမှတော့ ကိုယ့်အကြောင်းပြရသေးတာပေါ့။ ကိုယ့်နှုတ်ခမ်းကတော့ ပါးရွှေးပါတယ်။ မင်းတစ်ယောက်ထဲအတွက်။"

ဝေလွင်စိုးဆိုသောကောင်က နုဝါ့အနားကို ပိုတိုးကပ်လာသည်။ ဘာရဏီနှင့် စိမ်းလဲ့ကတော့ လက်ဖျားခြေဖျားအေးအေးနှင့် နုဝါ့လက်ကို ဆုတ်ကိုင်ထားသည်။ အခု ထိလဲ တစ်လုံးမှလဲဝင်မပြောချေ။ ကြည့်ရတာ သူတို့တော်တော်ကြောက်နေကြပုံရသည်။ အေးက နှစ်ကောင်ကလဲ စိမ်းလဲ့နှင့် ဘာရဏီကို လက်ကနေ လှမ်းဆွဲက ချုပ်ပေးထားသည်။

ဝေလွင်စိုးက နုဝါ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။ နုဝါ့အားနှင့်ဆောင့်ရုန်းလိုက်တော့ ပိုမိုသာမာန်သောလက်တွေနှင့် တိုးဖက် လိုက်သည်။

"ဖယ်စမ်း...။ ခွေးကောင် မိုက်ရိုင်းလို့...။"

နုဝါ အားကုန်ဆောင့်ရုန်းလိုက်သည်။ ဝေလွင်စိုးလက်ထဲက နုဝါဖြုတ်ကနဲလွတ်သွားသည်။ နုဝါလွတ်သွားသည်နှင့် လက်ကိုလွဲကာ အားကုန်ပိတ်ရိုက်လိုက်သည်။ ဖြောင်းဆိုသောအသံနှင့်အတူ ဝေလွင်စိုး မျက်နှာ တစ်ဖက်သို့ ရွေ့သွားသည်။ ပွဲကလဲပိုမိုကြမ်းသွားသည်။



"ဒီမှာ မင်းတစ်ခါပဲရမယ်။ မင်း ကိုဒီတစ်ခါတော့ ခွင့်မလွှတ်တော့ဘူး။"

ဝေလွင်စိုးလက်တွေအရွေ့ ကော်ရစ်တာ ထောင့်ချိုးကနေပြေးထွက်လာသော ကောင်လေးသုံးယောက်။ ဝေလွင်စိုး၏ လက်ကိုပြေးဆွဲလိုက်သည်။ ချက်ခြင်း အခြေအနေက ပိုမိုတင်းမာကာ ရှုပ်ထွေးကုန်သည်။ ဝေလွင်စိုးကိုပါ ခွတ်ကနဲ ဆွဲထိုးချလိုက်သည်။

အေးကိုကောင်တွေနှင့် လာကူသော ကောင်လေးတွေပြသနာတက်ကုန်သည်။ နုဝါ ချက်ခြင်း ...

"ဟိုမှာ ဆရာတွေလာနေတယ်။ နင်တို့တော်တော့။ အကုန်ကျောင်းထွက်ချင်လို့လား။"

နုဝါအသံကြားတော့ အားလုံးရပ်သွားကြသည်။ ဆရာတွေကလဲ ဒီဘက်ကိုလျှောက်လာနေကြပြီဖြစ်သ ဖြင့် ဝေလွင်စိုးတို့ အုပ်စုလွယ်အိတ်တွေကောက်ယူကာ ထွက်သွားကြသည်။ တကယ်တော့ ဆရာတွေက သူတို့ဖာသာ သူတို့ကိစ္စနှင့်လာခြင်းဖြစ်သည်။ ဆရာတွေက နုဝါတို့ကို ကျော်သွားသည်နှင့်...

"ဘာဖြစ်သွားသေးလဲ နုဝါ..။"

နုဝါ မျက်ခုံးကိုပင့်ရင်း သူတို့ကိုတစ်ချက်ကြည့်လိုက်သည်။

"ဘာလဲ နုဝါနှာခေါင်းကိုသိနေလို့ အံ့ဩနေတာ

www.burmeseclassic.com

www.burmeseclassic.com



လား။ ဒါများနဝါရယ်မစမ်းပါဘူး တစ်ကျောင်းလုံးမှာ နဝါတို့သုံးယောက်ကိုမသိတဲ့လူမှမရှိတာ။"

နဝါ ဘာမှပြောမနေချင်တာနှင့် ခေါင်းသာ ငြိမ့်ပြလိုက်သည်။ စိမ်းလဲ့နဲ့ ဘရဏီကတော့ တော်တော်လေးကို ကျေးဇူးတင်နေပုံရသည်။ အခုမှပဲ သူတို့မျက်နှာလေးက သွေးရောင်နဲ့နဲ့ပြန်လွှမ်းလာသည်။

"ဟုတ်ကဲ့။ ဘရဏီတို့ကျေးဇူးတင်ပါတယ်။ အဲ့ကောင်တွေက နဝါကိုတစ်ချိန်လုံးလိုက်နှောက်ယှက်နေကြတာလေ။"

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ်။ ဒါနဲ့ ကျွန်တော် ခင်ဗျားတို့ကို ခင်လို့ရမလား...။"

နဝါကိုသေချာကြည့်ရင်း မေးလိုက်သည်။ နဝါကတော့ နောက်ဆုံးတော့ ဒီဘူတာပဲဆိုက်တာပဲဆိုသောသဘောနှင့် အထင်တသေးကြည့်လိုက်သည်။ ဘရဏီ နှင့် စိမ်းလဲ့ကတော့ ချက်ခြင်း အားကိုးရှာလိုက်ပုံရသည်။

"ဟုတ်ကဲ့ရပါတယ်။ကျွန်မက စိမ်းလဲ့။ သူက ဘရဏီ။ နဝါကိုတော့သိပြီးသားမှတ်လား။"

ခေါင်းကိုငြိမ့်ပြရင်း

"ကျွန်တော်အားလုံးရဲ့နာမည်ကိုသိပြီးသားပါ။ ကျွန်တော်လဲပြန်မိတ်ဆက်ပေးမယ်နော်။



ကျွန်တော်နာမည်က ဝေယံကိုပါ။ သူက မိုးမာန်။ သူက ဗညား။"

"ဟုတ်ကဲ့တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျ။"

ယောကျ်ားလေးအားလုံးက ကောင်မလေးချောချောလေးများနှင့် မိတ်ဆွေဖြစ်ရသဖြင့် အားလုံးကတက်ကြွ ပျော်ရွှင်နေကြသည်။

"ကျွန်တော်တို့က ဖစ်ဆစ်မေဂျာကပါ။ အခုလိုခင်မင်ခွင့်ရတဲ့အတွက်တကယ့်ကိုကျေးဇူးတင်ပါတယ်။ သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ကျွန်တော်တစ်ခုခု ကျွေးပါရစေလား။"

နဝါငြင်းမလို့ ပါးစပ်ပြင်လိုက်ပင်မဲ့ နဝါထက်ဦးအောင် ဟိုနှစ်ဦးက..

"ဟုတ်ကဲ့ ကျွန်မတို့ ကန်တင်းပဲသွားရအောင်။"

နဝါစိတ်ထဲအောင့်သက်သက်ဖြစ်သော်လည်း နှစ်မဲတစ်မဲနှင့် ရှုံးပြီးသားဖြစ်သောကြောင့် ဘာမှပြောမနေတော့ပဲ ကန်တင်းဘက်ကိုသာ လျှောက်လာခဲ့သည်။ အားလုံးကတော့ နဝါတို့ကိုအထူးအဆန်းလို ဝိုင်းကြည့်ကြသည်။ ဟိုအဖွဲ့ကတော့ ပါးစပ်ကိုမစေ့နိုင်အောင် သွားကိုဖြီးနေသည်။ နဝါသာ နည်းနည်းရှိုးတို့ရှန်းတန်းခံနေရသည်။ ကိုယ်ကတစ်ခါမှ ယောကျ်ားတစ်ယောက်နှင့် အဲ့လိုအတူတွဲပြီး လမ်းလျှောက်ဖူးတာမဟုတ်...။

www.burmeseclassic.com

www.burmeseclassic.com



အာကာက ပါးစပ်အဟောင်းသားနှင့်မေးထိုးပြသည်။ ပါးစပ်ထဲမှာလဲ မုန့်ဟင်းခါးတွေက အပြည့်နှင့် ဘုန်းမြင့်မိုရိုကတော့ ဆိုင်အတွင်းဘက်ကို မျက်နှာမူထိုင်နေသဖြင့် ရုတ်တရက်နားမလည်လိုက်ပေ။ ဘေးနားက မင်းမင်းနှင့် ရဲရင့်တို့ကပါ အဲ့လိုအမူအရာတွေဖြစ်ကုန်သဖြင့် ခါးစောင်းက အပြင်ကို လှမ်းကြည့်လိုက်သည်။

နဝါတို့သူငယ်ချင်းသုံးယောက်နှင့်အတူတွဲလျှောက်လာသော ကောင်လေးသုံးယောက်။ သူများတွေဆို ဒါမျိုးကအထူးအဆန်းမဟုတ်သော်လည်း နဝါတို့အဖွဲ့အတွက်တော့ ဒီအဖြစ်က ထူးဆန်းနေသည်။ အရင်လိုရည်းစားစကားလိုက်ပြောတာလဲမဟုတ်ဘဲ ပြုံးပြုံးရွှင်ရွှင်စကားပြောရင်းဝင်လာသဖြင့် ပိုမိုအံ့သြနေသည်။ စိမ်းလဲ့နှင့် ဘုရဏီတို့က ဟိုအဖွဲ့ကကောင်လေးတွေပြောတာ ကိုအလိုက်အထိုက် ပြုံးပြုံးရွှင်ရွှင်ပြောနေသော်လဲ နဝါကတော့ ခပ်တည်တည်ပင် ထိုင်တာတောင်အစွန်ဆုံးတွင်ထိုင်သည်။

အဲ့အဖွဲ့ထဲက မျက်ခုံးနက်နက်၊ အသားဖြူဖြူနှင့် မေးလေးထောင့်နှင့် ခပ်မိုက်မိုက်ကောင်ကတော့ နဝါကို မျက်တောင်မခတ်တမ်းစိုက်ကြည့်ကာ စကားဆိုနေသည်။ ကြည့်ရတာလဲ နဝါကိုတော်တော်ကြွေနေပုံရသည်။ နဝါက ဘာလုပ်လုပ် ခွင့်လွှတ်နိုင်သည့်ဆိုသည့် ရုပ်မျိုးနှင့်ပေါ့။



ကြည့်နေရင်း ဒီမြင်ကွင်းကို မမြင်ချင်တော့တာနှင့် ကျောက်ခြင်းမျက်နှာလွှဲလိုက်သည်။

"နဝါ ဒီအတိုင်းဆို နဝါအတွက် အရမ်းအန္တရာယ်ရှိတယ်။ ဒီကောင်တွေက နဝါကိုကျေနပ်တာမဟုတ်ဘူး။ တစ်နည်းမဟုတ်တစ်နည်းနဲ့ ဒုက္ခပေးနိုင်တယ်။ ဒီလိုလုပ်ပါလား ညနေအပြန်ကြရင် ကျွန်တော်နဝါကို လိုက်ပို့ပေးမယ်လေ။"

ဝေယံကိုက တကယ့်ကို စိတ်မချဖြစ်နေမိသည်။ နဝါဆိုတာက သူ့အသည်းပေါက်မတတ်ချစ်ရသောကောင်မလေးပင် နဝါကိုတွေ့ကာစထဲက ဒီနေ့အထိတစ်နေ့မပျက်နဝါတို့ အခန်းရှေ့မှာလာကြည့်ရတာအမော။ နဝါကသာမသိတာ ကျန်တဲ့လူတော်တော်များများကတော့ ရိပ်မိကုန်ကြပြီ။ အခုတောင် ကံကောင်းလွန်းလို့ နဝါနဲ့ အခုလို ပြောဆိုဆက်ဆံခွင့်လေးရတာ။ အခုဆို စောစောကအဖြစ်အပျက်ကို ကြည့်ပြီးထဲက နဝါကို ဝေယံလုံးဝစိတ်မချတော့တာဖြစ်သည်။

"ရတယ် နဝါမှာကားပါတယ်။"

"ဒီလိုလေ...ကျွန်တော်ပြောတာက နဝါကားက ရှေ့ကမောင်း ကျွန်တော်ကားက နောက်ကနေ လိုက်ပို့ပေးမယ်။ နဝါ အိမ်ကိုရောက်မှာ ကျွန်တော်ပြန်မယ်လေ။ မဟုတ်ရင် နဝါစဉ်းစားကြည့်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်အရမ်း များတယ်နော်။ တောနကလို သူငယ်ချင်းတွေ ရှေ့မှာတောင် ဒီကောင်တွေ ဒုက္ခပေးသေး တာ နဝါတစ်ယောက်ထဲသာဆို စဉ်းစားကြည့်ပေါ့။"

"အို...ဒါမင်းမဲ့တိုင်းပြည်မှမဟုတ်တာ..။"

နဝါက မကျေမနပ်ပြန်ရန်တွေ့လိုက်သည်။

"ဒါပေမဲ့ တစ်ခုခုဆိုမိန်းကလေးပဲ နစ်နာမှာ မှတ်လား။"

"ဟုတ်တယ် ဝေယံရယ်။ ကဲ...နဝါလဲငြင်းမနေတော့နဲ့။ ဟိုကောင်တွေက နင့်ကိုလုံးဝမကျေနပ်တာလဲသိရဲ့သားနဲ့။ ဝေယံပြောတာကိုပဲ လက်ခံလိုက်။"

စိမ်းလဲ့က ကြားထဲကနေ ဖြန်ဖြေပေးသည်။ ဘရဏီကလဲ ထောက်ခံသည်။

"သူ့ကိုရော နဝါက ယုံရမှာမို့လို့လား။"

"ဗုဒ္ဓေါ...။"

ဝေယံဘုရားတောင်ပြေးတမိသည်။ ဒီလောက်ပြောင်ကျသောစကားလုံးမျိုးကို ကိုယ့်ရှေ့မှာထားပြီး ပြောရဲသော သူမလေးကိုလဲ သဘောပိုကျသွားသည်။ စိမ်းလဲ့နှင့် ဘရဏီကတော့ အားနာသလို "ဟဲ့ ဟုလှမ်းတားကြသည်။" ဒါကိုပင်သူမ "ဟုတ်တယ်လေဟ။"ထပ်ပြော



နေသေးသည်။ ကျွန်တော့ဘေးတွင်ရှိသော သူငယ်ချင်းများလဲ ဝိုင်းရယ်နေကြသည်။ ရယ်မှာပေါ့ ကိုယ့်ချစ်တဲ့ မိန်းကလေးကမှ ကိုယ့်ကိုမယုံတာ။ ရယ်စရာတော့ တော်တော်ကောင်းနေသည်။

"စိတ်ချပါ နဝါ ဒီကောင်ကို ကျွန်တော်တာဝန်ယူပါတယ်။ ဘာမှမဖြစ်စေရပါဘူး။ ဒီကောင်က နဝါကို ဘယ်တော့မှ အန္တရာယ်ပေးမှာမဟုတ်ပါဘူး။"

မိုးမာန်ကမနေသာတော့ပဲ ကြားထဲက အာမခံခဲ့သည်။ နဝါကတော့ တစ်ချက်စဉ်းစားသလို လုပ်ရင်း

"အိုကေလေ...ဒါဆို ရှင့်တို့လဲ အတန်းသွားတက်တော့။ နဝါတို့လဲ အတန်းတက်တော့မယ်။"

နဝါက နင်နေပြီဆိုမှတော့ ဘယ်သူမှဆက်မနေခဲ့ ချက်ခြင်းနှုတ်ဆက်ကာ ထပြန်လာခဲ့ရသည်။ နို့မို့သူ့စိတ်နှင့်မတဲ့ရင် ရပြီးသားအခွင့်အရေးလေးတောင် ချက်ခြင်းပြန်ရုပ်သိမ်းသွားနိုင်သည်။

ဝေယံတို့ထွက်သွားသည်နှင့်...

"စိမ်းလဲ့နဲ့ ဘရဏီကလဲ ဘာလို့သူတို့နဲ့ခင်လိုက်တာလဲ။ မခင်ချင်ပါဘူး။ တစိမ်းတွေနဲ့။"

နဝါက စူပုတ်ပုတ်လေးထပြောလေသည်။

"မဟုတ်ဘူး နဝါရဲ့ ငါတို့မှာအကြံရှိတယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြံလဲ။"

နဝါအသံက မကျေမနပ်နှင့် ခပ်တောင့်တောင့်။

"ဒီလိုလေဟား..နင်သိတဲ့အတိုင်း ငါတို့တွေမှာ တစ်နေ့တစ်နေ့ရှင်းလိုက်ရတဲ့ ပြဿနာတွေ။ အကုန်လုံးက ရည်းစားစကားလိုက်ပြောလို့၊ ရည်းစားစာပေးလို့ချည်းပဲ။ အဲ့တော့ အဲ့ပြဿနာတွေကို ဖြေရှင်းချင်ရင် တစ်ခုတည်းသော နည်းလမ်းက ငါတို့ရည်းစားထားလိုက်ဖို့ပဲ။ အခုငါ တို့က ရည်းစားလဲမထားချင်ဘူးဆိုတော့ ဒီကောင်တွေကို ငါတို့ရဲ့ဘော်ဒီဂတ် လုပ်ခိုင်းလိုက်ရုံပဲ။ အဲ့တော့တခြား လူတွေက ငါတို့နဲ့ ပတ်သက်တယ်ထင်ပြီး ကိုယ်ရှိန်သတ်ကုန်တော့မှာပဲ။ အဲ့တော့ ငါတို့အခုကြုံနေရတဲ့ စိတ်ရှုပ်စရာတွေလဲ မကြုံရတော့ဘူး။ ပြီးတော့ ဘာပဲဖြစ်ဖြစ် အရေးကြုံရင် ခိုင်းဖို့လူလဲရတာပေါ့..။"

စိမ်းလဲ့က ဒီလိုနေရာမျိုးတွင် ဉာဏ်ကြီးရှင်ပင်။

"နင့်အဘ...ဟိုကရော ဒီအတိုင်းနေမလား။ သူတို့လဲ ရည်းစားစကားမပြောပါဘူးလို့နင်အာမခံလား။"

ဘရဏီကပါ နဝါမေးချင်သောစကားတွေကို ဝင်မေးပေးသည်။



"အော်..နင်ကလဲ အများကြီးစိတ်ရှုပ်တာထက်စာရင်။ နည်းနည်းပဲ စိတ်ရှုပ်တာမကောင်းဘူးလား။"

"နင်ပြောတာလဲ ဟုတ်တော့ဟုတ်ပါတယ်။ ... မဲ့ ပြီးမှအဘင်း...ကပ်နေပြီး ခွာလို့မရရင် ဘယ်လိုလုပ်မလဲ။"

နဝါပါ အားတက်သရောဝင်ဆွေးနွေးလာသည်။ နဝါပါ ပါလာပြီဆိုတော့ စိမ်းလဲ့က ဆရာကြီးလေသံပိုမ်းလိုက်သည်။

"နင်ကလဲ ဘာအရေးလဲ။ မရရအောင် ခွာထုတ်လိုက်ပေါ့ဟာ။ သူတို့ပုံကြည့်ရတာလဲ မိကောင်းဖခင် သားသမီးပုံတွေပါပဲ ပြီးတော့လဲ ရေလျှံမယ့်ပုံပါ စိတ်ချ အဲ့လိုကောင်လေးတွေက ဘယ်တော့မှ တွယ်ကပ်မနေဘူး ဒီနေ့ငြင်းလိုက်တာနဲ့ နောက်နေ့နောက်ကောင်မလေးနား ရောက်သွားမှာ။"

"အင်းအဲ့လိုဆိုရင်တော့ ကောင်းတာပေါ့။ ...ကဲ အတန်းသွားတက်မယ်။"

နဝါတို့ထွက်သွားတော့ ဘုန်းမြင့်မိုရ် တောက်တစ်ချက်ခေါက်လိုက်သည်။ မိုက်ရိုင်းလိုက်တာ။ သူတို့စကားတွေကိုကြားထဲက သွေးတွေက ဆူပွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်ဘာကိစ္စမင်းက တောက်ခေါက်ရတာလဲ။”

အာကာက နားမလည်သလိုမေးလာသည်။

“မင်းစဉ်းစားကြည့်စမ်း ယောက်ျားတစ်ယောက်ကိုများ သူတို့ခိုင်းစရာနွားများထင်နေသလားမသိဘူး။ အဲ့ကောင်မလေးတွေ တော်တော်ရက်စက်တယ်။ ငါတွေ့သလောက်တော့ ဟိုကောင်တစ်ကောင်က နဝါကို တော်တော်ကြွေနေပုံရတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်အဆင်ပြေဖို့ တစ်[illegible]ထဲကိုကြည့်ပြီး လူတစ်ဖက်သားကို အသုံးမချသင့်ဘူး။”

“မင်းကလဲကွာ အဲ့လိုတော့မပြောပါနဲ့။ ဟိုကလဲကျေနပ်နေတာပဲဟာ။ နှစ်ဦးနှစ်ဖက်ကျေနပ်နေတဲ့ကိစ္စမှာ မင်းကဘာဖြစ်လို့ ကြားထဲကနေ ငထွားက ခါးနာရတာလဲ။”

ရဲရင့်ကပါ ဝင်ပြောလေသည်။ ဘာဖြစ်လို့မှန်းတော့မသိ တော်တော်လေးတော့ ဒေါသတွေထွက်နေမိသည်။ တကယ်ပါပဲ..။ဒီကောင်တွေကို လဲဘာမှဆက်ရှင်းပြမနေချင်တော့တာနဲ့ ကျောပိုးအိတ်ကိုကောက်လွယ်ကာ အတန်းသွားတက်ရန်သာ ထွက်လာခဲ့သည်။

“ဟော့ကောင် ဒီကောင်ဘာဖြစ်သွားတာလဲ။”



“ဘယ်သိမလဲ။ မင်းအာဘာ မင်းသွားမေး။”

ရဲရင့်နှင့် အာကာက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မေးနေကြသည်။ မင်းမင်းကတော့ ဆရာကြီးလေသံနှင့် မရှိတဲ့ မုတ်ဆိတ်ပွတ်ရင်း..

“ငါ့အထင်တော့ ဒီကောင် ရွှက်နဝါကိုများကြိုက်နေသလားမသိဘူး။”

“မင်းအာဘာထဲမှာ သွားပြောကြည့်ပါလား။ ဟိုကောင်က ပိတ်ထိုးမှာ။ ဒီကောင် ဒီလောက်ရွှက်နဝါကို ကြည့်မရနေတာ မင်းလဲသိသားနဲ့။”

“တော်စမ်းပါကွာ..မင်းအတွေးအခေါ်ပေါက်တတ်ကရနဲ့လျှောက်ပြောမနေနဲ့။ လာလာ ငါတို့လဲ အတန်းသွားတက်မယ်။”

အာကာက ဦးဆောင်ကာ အတန်းဘက်သို့ခြေဦးလှည့်သဖြင့် မင်းမင်းလဲ အထွန့်မတက်နိုင်တော့ပဲ နောက်ကအပြေးလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ညနေအပြန်နဝါကားထွက်လာသည်နှင့် အနောက်ကဝေယံကိုကားမီးလှမ်းတောက်ကာပါလာကြောင်း လှမ်းအသိပေးလိုက်သည်။ သူ့လိုက်ပို့တယ်ပေါ့။ နဝါနောက်ကြည့်မှန်က တဆင့် ဝေယံကားကို လှမ်းအကဲခတ်လိုက်သည်။ 90 model SURF ကား ခဲပုပ်ရောင်လေးနှင့် ကားကိုစတိုင်ကျကျလေးမောင်းနေသော ဝေယံကို ပုံမှာလူကြီးလူကောင်းသားသမီးမှန်းတော့ ပြောစရာမလိုဘဲ မြင်ရုံနှင့်သိနိုင်သည်။

လမ်းတစ်လျှောက်လုံးလဲ နဝါကားနောက်ကနေခပ်ဖြေးဖြေးလေးလိုက်လာလေသည်။ နဝါကလဲကိုယ့်နောက်ကနေ တကူးတကလိုက်ပို့ပေးနေသဖြင့် ကားကိုပုံမှန်လေးသာ မောင်းလာခဲ့သည်။ ညနေဘက်မိုးလေးကလဲတဖွဲဖွဲရွာသဖြင့် ကားကိုဖြေးဖြေးပဲ ဂရုစိုက်ပြီးမောင်းလာခဲ့သည်။



နဝါကားလေး ပြည်လမ်းကျော်လာသည်နှင့် ပြဿနာက စတက်လာတော့သည်။ နဝါကားဘေးကနေ ကားတစ်စီး အတင်းဖြတ်ဝင်လာသည်။ လှမ်းကြည့်လိုက်တော့ ဝေလွင်စိုးတို့ကားဖြစ်နေသည်။ "ဝူး...ဝါး"ဆိုသော အော်သံတွေနှင့် အတူအရှေ့ကနေ ပညာပြကာ ကားကို မျိုးစုံမောင်းပြနေသည်။ ပေးလဲမကျော်ပဲ တမင်ပညာပြနေခြင်းဖြစ်သည်။ နဝါဒေါသတွေထွက်လာသည်။ ဒီကောင်တွေ မိန်းမဆန်လွန်းသည်။ အလကားနေ မိန်းမလိုမိန်းမရ လိုက်လုပ်နေသည်။ နဝါတောင် မိန်းမဆိုပေမဲ့ မကျေနပ်ရင် မကျေနပ်တဲ့နေရာမှာသာ အပြတ်ရှင်းသည်။ ပြီးရင်ခေါင်းထဲကနေ အကုန်လုံးကို ထုတ်ထားလိုက်သည်။ အခုတော့ ဒင်းတို့က ဒီလိုမဟုတ်။ တမင်တကာ ပြသနာကိုလိုက်ရှာနေသည်။ နဝါလီဗာကို ဖိနင်းလိုက်သည်။ထိုကောင်တွေကားကို မရမက ကျော်တက်လာခဲ့သည်။

တရိပ်ရိပ်တက်လာသော အရှိန်နှင့်အတူဒေါသပါတက်လာသည်။ ရှေ့မှာ နဝါနှင့် ဟိုကောင်တွေရဲ့ အခြေအနေကို ကြည့်ရင်း ဝေယံကားကို အရှိန်ပိုမြင့်လိုက်သည်။ မိုးရွာနေသဖြင့် နဝါကိုလဲ အဲ့လောက်အရှိန်ပြင်းပြင်း မမောင်းစေချင်ပေ။ ဝေယံကားအရှိန်ကို နဝါကားထက်ပိုတင်ရင်း နဝါကားရှေ့ဖြတ်ဝင်လိုက်သည်။ ဝေယံကားကို

www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ နဝါ ကားအရှိန်ကိုလျှော့ပေးလိုက်သည်။

ဟိုကောင်တွေကလဲ သူတို့ရဲ့ Publica ကားစုတ်ကလေးနှင့်နောက်ကနေ တဂူးဂူး...တဒိုင်းဒိုင်းနဲ့ ငယ်ငယ်ရင်းပါအောင်လိုက်လေသည်။ ဝေယံကတော့ နဝါရှေ့မှာ ကားကိုပိတ်ကာ ခပ်ဖြေးဖြေးမောင်းလိုက်သည်။ နဝါလဲ ဝေယံကကားကိုအရှိန်လျှော့စေချင်မှန်း ရိပ်မိသဖြင့် အရှိန်လျှော့လိုက်သည်။ အခုမှနောက်ကနေ နဝါတို့အရှိန်လျှော့လိုက်သဖြင့် အနည်းငယ်မီလာသော ဟိုကောင်တွေကလဲ ကားကို အရှိန်နှင့်မောင်းလာလေသည်။ မီးပွိုင့်ကလဲ မီးစိမ်းနေသဖြင့်နဝါတို့ကားတွေကတော့ အေးဆေးလွတ်သွားသည်။ နဝါရဲ့နောက်ကကားတစ်စီးက တွန့်ဆုတ်ဆုတ်နှင့် မဖြတ်ရဲပဲ ကားရပ်လိုက်သည်။

နောက်ကအရှိန်နှင့် လိုက်လာသော ဟိုကောင်တွေ ကားကလဲဘရိတ်အုပ်ချလိုက်ရသည်။ မိုးရွာထဲအရှိန်များသဖြင့် ဘရိတ်ကမမိပဲ ရှေ့ကကားကို ကျကျနနလေးကို ဝင်ဆောင့်လေတော့သည်။ 'ဝုန်း' ကနဲဆိုသော အသံနှင့်အတူ ဓာတ်သိမ်းလှသွားချိန်မှာတော့ နဝါတို့ကားလေးက ပြည်လမ်းမကြီးအတိုင်းမောင်းထွက်လာခဲ့လိုက်သည်။ နဝါတို့ လမ်းထိပ်ကိုရောက်တော့ ဝေယံကားက ဆက်မလိုက်လာပဲ ကျန်နေခဲ့လေသည်။ နဝါကားလေး ခြံထဲချိုးကွေ့ဝင်သွားမှသာ ကားလေးကို နောက်ဆုတ်ရင်း ပြန်ထွက်ခွာသွားလေသည်။ ပထမဆုံးသတိထားမိလိုက်တာကတော့ ဒီကောင်လေးမဆိုးဘူးပဲ။ အလိုက်သိသည်။ နဝါအိမ်ရှေ့အထိလိုက်မပို့သည့်အတွက်တော့ ကျေနပ်သွားသည်။ အိမ်ရှေ့ထိလိုက်လို့ မိဘတွေကို အကျိုးအကြောင်းရှင်းပြရင် ဘာမှပြောမှာမဟုတ်သော်လဲ။ နဝါက ရှင်းကိုမပြချင်ပေ။ အခုတော့ သူ့ရဲ့အလိုက်သိမှုကြောင့် နဝါစိတ်အနောက်အယှက်တော့ ကင်းရသည်။ နဝါတစ်ယောက်ထဲတွေးရင်း မိုးရေချိုးရန်အပေါ်ထပ်လသာဆောင်ကို ထွက်လာခဲ့သည်။



နဝါတို့အိမ်ရဲ့အပေါ်ထပ်လသာဆောင်က ခေါင်မိုး[illegible]လုံးကို ဆလပ်လောင်းထားသဖြင့် ကျယ်ဝန်း လှ[illegible]ယံငှ[illegible]ကဆို စိမ်းလဲတို့၊ဘရယ်ဏီတို့လာရင် [illegible]မှာပဲ ဝိုင်း[illegible]ပြုးလိုက်တန်းကစားခဲ့ကြသည်။ နဝါမှာ[illegible]သည်။ ငယ်ငယ်ထဲက အခုအချိန်ထိ မိုးရွာ[illegible]ထွက်ချိုးသည်။ ငယ်ငယ်ကဆို မိုးရွာပြီဆိုတာမှ [illegible]ဘီးလေးကို ယူပြီး မိုးရေထွက်ချိုးရင်း စက်ဘီးလေ[illegible]စီးတတ်သည်။ ကြီးလာတော့ မေမေတို့က ခွင့်မပြု[illegible]သဖြင့် ကိုယ့်အိမ်လသာဆောင်မှာသာ မိုးရေတက်ချိုးဖြစ်တော့သည်။

လသာဆောင်အပေါ်မှာလဲ အပင်မျိုးစုံပါ စိုက်ပျိုးထားသဖြင့် ခြံထဲမှာ ဆင်းရေချိုးနေရသလိုပင်။ နဝါဆိပ်န်း၊

www.burmeseclassic.com

www.burmeseclassic.com





သစ်ခွပန်းနှင့် ကစ်မီးကွစ်အရောင်စုံစိုက်ပျိုးထားသည်။ မိုးတွေကလည်း ဖွဲဖွဲလျှပ်အောင်ရွာနေသဖြင့် နဝါတို့အကြိုက်ပင်။ လသာဆောင် မိုးသည်းသည်းကြားမှာ သီချင်းကို စိတ်လွတ်လပ်လွတ်အော်ဆိုရင်း နဝါပျော်ရွှင်နေသည်။ ဒါကြောင့် ဘယ်လောက်ပဲ မိုးစိုလို့စိတ်ပျက်စရာကောင်းပါစေ နဝါတို့ကတော့ ရာသီဥတုများတွင် မိုးတွင်းကို အနှစ်သက်ဆုံးဖြစ်သည်။

စိတ်လွတ်လပ်လွတ်သောင်းကျန်းပြီးလို့ မိုးလည်းတော်တော်လေးစဲလာမှ အောက်ထပ်ကို ပြန်ဆင်းလာခဲ့သည်။ နဝါကိုမြင်သည်နှင့် ကြီးကြီးမြက...

"သမီးရေ ရေနွေးနဲ့ ရေချိုးလိုက်နော်။ မဟုတ်ရင် ဖျားတော့မယ်။ ဒီနေ့မိုးရေတက်ချိုးတာအကြာကြီးပဲ ကြီးမြလဲ ခုလေးတင် မိနွေးကိုတက်ခေါ်ခိုင်းတော့မလို့...။"

"ဟုတ်တယ်...ဒီနေ့မိုးကတော်တော်ရွာလို့ ကြီးမြရဲ့။"

"ကဲကဲလုပ်လုပ် ကြီးမြသမီးအတွက် ကော်ဖီပူပူလေးဖျော်ထားမယ်။ ကော်ဖီသောက်မလား။ နွားနို့သောက် မလား။ ဘာသောက်မလဲသမီး။"

"နွားနို့သောက်မယ် ကြီးမြ။"

"ဟုတ်ပြီ သမီးရေ။ ကြီးမြနွေးထားမယ်။"

ကြီးမြက ရေခဲသေတ္တာထဲက နွားနို့ဗူးလေးကို ထုတ်ကာ microwave ထဲထည့်ကာ သုံးမိနစ်အပူပေးလိုက်သည်။ ကြီးမြဆိုတာက နဝါမမွေးခင်ထဲက အိမ်မှာလာနေသော လူယုံဖြစ်သည်။ နဝါကလဲ ကြီးမြလက်ပေါ်မှာ တင်ကြီးခဲ့ရတာဖြစ်သည်။ ဒါကြောင့်လဲ ကြီးမြက နဝါကိုအရမ်းသံယောဇဉ်ရှိသည်။ နဝါကြောင့်ပဲ အိမ်ထောင်လဲ မပြုဖြစ်ဘဲ တစ်ကိုယ်တည်း အပျိုကြီးအဖြစ်နှင့် အိမ်ရဲ့ အိမ်တော်ထိန်းကြီးအဖြစ်နှင့် ကောင်မလေးတွေကို စီမံခန့်ခွဲနေသည်။ တခြားကိစ္စတွေကိုသာ ကြီးမြက ကောင်မလေးတွေကို တာဝန်ပေးချင်ပေးမယ်။ နဝါနှင့်ပတ်သက်ရင်တော့ ကြီးမြက ကိုယ်တိုင်လုပ်ပေးရမှကျေနပ်သည်။

နဝါကလဲ ကြီးမြမှလွဲရင် တခြားလူလုပ်ပေးရင် စိတ်တိုင်းမကျ။ ကြီးမြက ဘယ်အရာမဆို နဝါအကြိုက်ကို သိသည်။ ကောင်မလေးတွေဆို ထမင်းစာမယ်လို့ပြောလို့ ထမင်းခူးထားရင်ကို အသုံးမကျတာ။ ထမင်းထည့်ထားရင် ထမင်းကို အတုံးလိုက်ထည့်လိုထည့် ပန်းကန်ဆိုလဲ သူ့ဟင်းနဲ့ သူ့ပန်းကန်လိုက်အောင် ဘယ်တော့မှမထည့်ပေ။ အစိမ်းကျော်လိုဟာမျိုးကို ဟင်းရည်ထည့်သော စောက်ပန်းကန်ထဲထည့်လိုထည့်နှင့် အချိုးမပြေပေ။

နဝါကလဲ လူတွင်မကပဲ ဘယ်အရာမဆို လုပ်တာ လေးပဲ ကြိုက်တော့ သူတို့နဲ့ ဘယ်လိုမှအဆင်မပြေ။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ရေချိုးပြီးပြီလား။"

ဆံပင်တွေရေသုတ်ရင်းထွက်လာသော နုဝါကို ကြီး မြက နွားနို့ကို မတ်ခွက်လှလှလေးထဲထည့်နေရာမှ လှမ်းမေးလိုက်သည်။

"ဟုတ် ကြီးမြ။ ရပြီလား။"

"ဒီမှာပါတော်..။"

မတ်ခွက်လေးကို နုဝါရှေ့မှာချပေးလိုက်သည်။

"သမီးရေ သမီးမိုးရေတက်ချိုးနေတုန်းက ဘရယ် -ဏီဆီက ဖုန်းလာတယ်။ စောစောက ရေချိုး နေတုန်းကတော့ စိမ်းလဲ့ဆီက ဖုန်းလာတယ်။"

"ဟုတ်...ကြီးမြ..နုဝါဆက်လိုက်မယ်။"

နွားနို့ပူပူလေးကို မှုတ်သောက်နေရာမှ ခွက်ကလေးကိုကိုင်ရင်း နုဝါအခန်းထဲဝင်လာခဲ့သည်။ တဆက်ထဲ ဘရဏီဖုန်းနံပါတ်လေးများကို နှိပ်ရင်း ဖုန်းကောက်ဆက်လိုက်သည်။

"ဟလို..နုဝါပြော။"

"ဖုန်းဆက်တယ်ဆို ...ဘာကိတ်လဲ။"

"အဆင်ပြေလား ဝေယံကို လိုက်ပို့တာ။"

ဘရဏီလဲ စိတ်ပူနေသဖြင့် ဖုန်းဆက်လှမ်းမေးပုံရသည်။

"အင်းပြေပါတယ်။ လမ်းမှာတောင် ဝေလွှင်စိုး



တို့နဲ့တွေ့သေးတယ်။ နုဝါကားနောက်က အတင်းလိုက်တာ သူ့ကားစုတ်ကြီးနဲ့များ သနား တောင် သနားသေးတယ်။ ဒါတောင် မိုးကအရမ်း ရွာနေတော့ ဝေယံက ကားကိုဖြေးဖြေးမောင်း အောင် ရှေ့ကနေပြီး ပိတ်မောင်းနေလို့ မဟုတ် လို့ကတော့...။"

"ဟုတ်လား...ဘာလာလုပ်သေးလဲ။"

"ဟာ ဟ...သူတို့လားလုပ်လို့ရမယ် မီးပွိုင့်လဲလွှတ် ကော သူတို့ကအရှိန်နဲ့မောင်းလာတာ အဲ့ဒါနုဝါ တို့နောက် ကကားက မကွေ့ရဲတော့ ကျန်ခဲ့တာ ပေါ့။ သူတို့ကလဲ အရှိန် နဲ့လာ ရှေ့ကားကလဲ မထွက်လဲမထွက်ကော ဘရိတ်လဲ မမိတော့ ဝင်တိုက်ကြတာပေါ့။"

"အင်းဖြစ်ရမယ်။ တော်သေးတာပေါ့ဟယ်.. ဘာပဲပြောပြော ဝေယံကိုပါနေလို့။"

"သူမပါလဲ နုဝါဘာသာရှင်းနိုင်ပါတယ်။"

"ဒါတော့ ဒါပေါ့နုဝါရယ်။ သူပါနေတော့ တစ်ခု ခုဆို အကူအညီရတာပေါ့။ ဟုတ်ဘူးလား။"

"ဟပ်ချိုး..။"

ဖုန်းပြောနေရင်း နုဝါနှာချေလိုက်သည်။

"မိုးရေတက်ချိုးတာ အအေးမိပြန်ပြီဟုတ်လား။"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဒါဆိုလဲ နွေးနွေးထွေးထွေးနေဦး။ မနက်ဖြန် ကျောင်းမတက်နိုင်ပဲနေဦးမယ်။"

"အင်း...ဒါဆို ဘရဏီပဲ စိမ်းလဲ့ဆီဖုန်းဆက်ပေးတော့နော်။ စိမ်းလဲ့လဲစိတ်ပူနေပုံရတယ်။ နဝါဆီဖုန်း ဆက်တယ်။"

"အင်း စိတ်ချ နဝါ..ဘရဏီဖုန်းဆက်ပြောပြလိုက်မယ်..ဂွတ်နိုက်နော် ဒါဆို။"

ဖုန်းချပြီးသည်နှင့် လူက အဆက်မပြတ်ချီကာနေလို့သိပ်မကောင်းချင်တော့ပေ။ ကိုယ်လဲနည်းနည်းပူလာသဖြင့် ပါရာစီတမော ထသောက်ကာ အိပ်ပစ်လိုက်သည်။



❧ ❧ ❧ ❧ ❧

## အခန်း(၁၂)

နဝါ အိပ်ရာကနိုးနိုးချင်းလူက အားမရှိသလို နုံးနုံးကြီးဖြစ်နေသည်။ ဆေးအရှိန်ကြောင့်လဲ နုံးချိချိဖြစ်တာ ထင်သည်။ နေ့လည်လောက်ကျရင်တော့ ကောင်းမည်ထင်သည်။လူမမာလို မနေတတ်တာကလဲ ငယ်ထဲကဖြစ်သည်။ နဝါကငယ်ငယ်ထဲက သူများကလေးလိုမဟုတ် နည်းနည်းပေသည်။ ဘယ်လိုပြောရမလဲ နည်းနည်းဂျစ်တိုက်သည်လို့ပဲပြောရမလား။ သူများကလေးဆို နေမကောင်းလျှင် ငြိမ်ငြိမ်နေသည်။ နဝါကတော့ မကောင်းလို့ အိပ်ရာထဲဘုန်းဘုန်းလဲမှသာ မဟုတ်ရင်တော့ လုံးဝမရ။ အခုလဲ ရေထချိုးလိုက်သေးသည်။ ရေချိုးများ လန်းဆန်းလာမလားဆိုပြီး ရေထချိုးလိုက်သေးသည်။

ရေချိုးလိုက်တော့နည်းနည်းတော့ နေလို့ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ရေချိုးအလှပြင်လိုက်တော့ စိတ်ကလဲပြန်လန်းလာသည်။ ကိုယ်တော့မပူတော့။ သိပ်စိတ်မချသဖြင့် ကြက်ဥပေါက်ရောင်ခေါ်သော အဝါရောင်အနုအင်္ကျီလေးပေါ်တွင် အနက်ရောင်ဆွယ်တာ အင်္ကျီလေးကို ထပ်ဝတ်လာလိုက်သည်။ ရာသီဥတုကလဲ မိုးအုံ့က အေးစိမ့်စိမ့်လေးဖြစ်နေတော့ တော်သေးသည်။

ကားသော့လေးကို ယူရင်းကျောင်းသွားဖို့ ထွက်လာခဲ့သည်။ ကားလေးကို ခြံထဲကချိုးကွေ့ထွက်လာ လိုက်သည်။ လမ်းထိပ်ရောက်သည်နှင့် အသင့်စောင့်နေသော ဝေယံကို ကိုတွေ့လိုက်ရသည်။ နဝါ မျက်ခုံးကို ပင့်ရင်း ကားကို ဝေယံကိုကားနား ကပ်ပြီးရပ်လိုက်သည်။

"ဘာလာလုပ်တာလဲ။"

ကားမှန်ကိုချရင်း ဝေယံကိုကိုလှမ်းမေးလိုက်သည်။ ဒါအငြင်သာဆုံးနှင့် အသက်သာဆုံးပြောလိုက်သည့် စကားဖြစ်သည်။

"နဝါကို လာစောင့်နေတာ။ တော်ကြာမနေ့ကလို ဖြစ်မှာစိုးလို့။"

အဲ့လို့ တယ်လာတဲ့ တော်ကီပါလား။ နဝါခပ်တည်တည်လေးကြည့်ရင်း

"ရပါတယ်။ နောက်ဆိုလာမစောင့်နဲ့နော်။ ဒီ... မနက်ပိုင်းကြီးတော့ သူလဲဘာမှလုပ်ရဲမှာ



မဟုတ်ပါဘူး။"

"ဒါပေမဲ့ နဝါရယ်..။ အကြံသမားဆိုတာ အမြဲပဲကြံဆောင်နေတာလေ။ ကိုယ်သတိတစ်ချက်လေးလွတ် သွားတာနဲ့ ပြဿနာ တက်နိုင်တယ်မှတ်လား။"

ဟွန်း....ဟိုကအကြံသမားဆို...ရှင်ကရော။ စိတ်ထဲကကြိတ်တွေးလိုက်သော်လဲ အပြင်မှာတော့ ဘာမှပြောမနေတော့ချေ။

"ကဲ့...အခုကျွန်မကျောင်းသွားတော့မယ်။ ဒါဆို ရှေ့က မောင်းသွားလိုက်မယ်နော်။"

"ဟုတ်ကဲ့။"

နဝါက ကားလေးကို ငြင်သာစွာမောင်းထွက်လာသည်။ နဝါရဲ့ကားနောက်မှ ဝေယံလိုက်မောင်းရင်း ရင်ထဲအဆမတန်ခုန်ကာ ပျော်ရွှင်နေမိသည်။ ဒါဟာ အချစ်ဆိုတာကိုလဲ တစိမ့်စိမ့်တွေးရင်း ပျော်ရွှင်လာမိသည်။ ကားလေးက ကျောင်းထဲကိုဝင်လာချိန်မှာတော့ မောင်းလာသမျှ ခရီးလျှောက်မှာ ဒီတစ်ခါလမ်းကအရမ်းတိုနေသလိုပါခံစားရသွားမိသည်။

နဝါ ကားရပ်ပြီးသည်နှင့် ဝေယံကိုမစောင့်ဘဲ မမြင်ချင်ယောင်ဆောင်ကာ ရှေ့ကထွက်လာခဲ့သည်။ ဝေယံတစ်ချက်ပြုံးရင်း နောက်ကနေလိုက်လာခဲ့သည်။ မသိ

www.burmeseclassic.com

www.burmeseclassic.com



သလို သိသလိုလုပ်နေသော ချစ်ရသူကိုလဲအသည်းတယား ယားနှင့် အချစ်ပိုလာမိသည်။ နုဝါကတော့ ခပ်တည်တည် လေးနှင့် သူငယ်ချင်းများရှိသော ကန်တင်းကိုသာ ထွက် လာခဲ့သည်။

"မောနင်း..သူငယ်ချင်းတို့။"

စကားကောင်းနေသော ဘရဏီနှင့် စိမ်းလဲ့က နောက်ကနေနုဝါ ပခုံးလေးပုတ်ပြီး နှုတ်ဆက်မှသာ သတိ ထားမိသွားသည်။

"နုဝါ နေကောင်းလား။"

"သိပ်မကောင်းဘူး ဘရဏီရယ် ခေါင်းက နည်းနည်းကိုက်နေတယ်။"

နုဝါနောက်ကလိုက်လာသော ဝေယံကိုတွေ့လိုက် တော့ သူငယ်ချင်းတွေက ပြုံးစိစိနှင့် ဘယ်လိုသဘောလဲ ဆိုသည့်သဘောနှင့် မျက်စပစ်ပြလေသည်။ ဝေယံကလဲ သူငယ်ချင်းနှစ်ယောက်နှင့်အတူ နုဝါတို့စားပွဲတွင်လာဝင် ထိုင်သည်။ နုဝါကတော့ မနောက်ရန်သူငယ်ချင်းတွေကို မျက်နှာရိပ်မျက်နှာကဲပြကာ သတိပေးလိုက်သည်။

"စိမ်းလဲ့တို့ စောစောစီးစီး ဝါးတီးဖွင့်နေကြ ပြီလား။"

မိုးမာန်က အားလုံးထဲတွင် နှုတ်အသွက်ဆုံးဖြစ်သ ဖြင့် အရင်ဆုံးနှုတ်ဆက်လိုက်သည်။



စိမ်းလဲ့ပြုံးရင်း ပြန်နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် မိုးမာန်ရေ မိုးလင်းထဲက စဉ်းစားမိ တာ..စားဖို့ပါပဲ..။"

အဲလက်စ်သီချင်းကို ထဆိုပြလိုက်သည်။ အားလုံး ကလဲ စိမ်းလဲ့ဆိုပြလိုက်သောသီချင်းကြောင့် ထရယ်ကြ လေသည်။

"ကဲ..ထိုင်ကြ...ဘာမှာမှာလဲ။"

ဘရဏီက အားလုံးကိုဝေ့ကြည့်ရင်း ရှက်ကိုး ရှက် ကန်းဖြစ်မနေအောင် ဝင်ထိန်းထားလိုက်သည်။

"ဒကာခံမှာလား။"

ဇည္ဈားက ဘရဏီကိုပြုံးစစကြည့်ရင်းပြောလိုက် သည်။

"အော်...အခုမှာ အငတ်ဘေးဆိုက်တဲ့လူတွေနဲ့ တွေ့နေရတယ်။ စားပါရှင်စားပါ။"

အားလုံးက တစ်ယောက်ကိုတစ်ယောက်စရင်း နောက်ရင်း ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံနေသော်လည်း အခုထိ နုဝါနှင့် ဝေယံကတော့ စကားဝိုင်းထဲတွင် ဘာမှ ဝင်မပြောဘဲ နားထောင်သူသက်သက်သာ လုပ်နေကြ သည်။ သူငယ်ချင်းတွေကလဲ နုဝါနှင့် ဝေယံကို မသိမသာ လေးအကဲခတ်နေကြသည်။

နုဝါကတော့ နားထင်လေးကို လက်နှင့်ထောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း မျက်နှာလေးတော့ နည်းနည်းညှိုးနွမ်းနေသည်။ နုဝါမျက်နှာနွမ်းနေတော့ ဝေယံမနေတတ်ချေ။

"နုဝါ နေကောင်းရဲ့လား။"

နုဝါ မျက်လွှာလေးကိုပင့်ကြည့်ရင်း မျက်နှာလေးတစ်ချက်ရှုံ့လိုက်သည်။

"အင်း ခေါင်းနည်းနည်းကိုက်နေတယ်။"

"မှန်းစမ်း...အို..ကိုယ်ပါပူနေတာပဲ။ ကြည့်ပါဦး အဲဒါကိုများ အခုလိုပဲနေနိုင်ပါလား နုဝါရယ်။"

ဘရယ်ဇီက နုဝါနဖူးလေးကို စမ်းရင်နုဝါကိုမချင့်မရဲပြောလေတော့သည်။ နုဝါကတော့ ယှဲ့ယှဲ့လေးပြုံးရင်း...

"ရပါတယ် သူငယ်ချင်းရယ်။ နည်းနည်းပါးပါးပါ"

"အဲ့လိုပဲ ဝေယံကိုရေ နုဝါကအခုထိကလေးလိုပဲ မိုးရွာပြီဆိုတာနဲ့ မိုးရေချိုးလိုက်ရမှ။ မနေ့ကလဲ မိုးရေ တက်ချိုးနေတာ အကြာကြီးပဲ။ စိမ်းလဲ့ကော ဘရဇီပါ ဖုန်းနှစ်ခါဆက်တာတောင် သူပြန်ဆင်းမလာသေးဘူးလေမိုးရေတက်ချိုးနေတာ။"

"အာ စိမ်းလဲ့ကလဲ။"

နုဝါက မိမိအကြောင်းတွေကို မိမိနှင့်ရွယ်တူ တစိမ်းယောကျ်ားလေးတွေရှေ့မှာပြောနေသဖြင့် မနေတတ်သလိုနှင့် စိမ်းလဲ့ကို ဟန့်လိုက်သည်။



ဝေယံကတော့ နုဝါ ဟန့်လိုက်သည့်မျက်နှာလေးကိုပဲ မြတ်နိုးမဝပဲ မျက်တောင်မခတ်တမ်းကြည့်နေမိသည်။ ဟိုကောင်တွေ မိုးမာန်နှင့် ဗညားကလဲ ဘရဇီနှင့် စိမ်းလဲ့ကိုစိတ်ဝင်စားနေပုံရသည်။ ကောင်မလေးချောချောလေးတွေပဲဟာ ဘယ်ယောကျ်ားမှ စိတ်မဝင်စားပဲမနေနိုင်ပေ။ မိုးမာန်မျက်လုံးများက စိမ်းလဲ့ထံမှာသာ တဝဲလည်လည်ရှိသလို ဗညားမျက်ဝန်းကလဲ ဘရဇီထံမှ မခွာပေ။

"ဆေးသောက်ထားလား နုဝါ။"

ဝေယံစိုးရိမ်စိတ်နှင့် မေးလိုက်သည်။ နုဝါက မျက်ဝန်းလေးကို ဒေါင့်ကပ်ကာ စဉ်းစားရင်း ...

"ညကတော့သောက်ထားတယ်။"

"အော် ဒါဆိုဘယ်ရမလဲ အခုထပ်သောက်လိုက်ပါလား။ ကျွန်တော်ဆေးသွားဝယ်ပေးမယ်။"

"ရတယ် ကိစ္စမရှိဘူး။ နုဝါကတော်ကြာနေသက်သာသွားမှာ။"

"ဘယ်ဟုတ်မလဲ။"

နုဝါတားနေသည့် ကြားကပင် ဝေယံထွက်ကာဆေးသွားဝယ်လေသည်။ ကျန်တဲ့လူတွေလဲ ဝေယံနှင့်အတူလိုက်သွားကြသည်။ စိမ်းလဲ့ကတော့ မျက်စပစ်ရင်း...

"ဝေယံတို့ကတော့ အပြတ်ကိုသဲနေပြီနော်။ ကြည့်ကျက်လဲလုပ်ဦး။"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အရှိန်နဲ့သူလွှတ်ထားလိုက်စမ်းပါ။အရှိန်ကုန်တော့လဲ ရပ်သွားလိမ့်မယ်။"

"နင်ကလဲကြည့်လဲလုပ်ပါဦးဟယ် မရပ်ပဲ ကုန်းဆင်း ဖြစ်နေရင် ဘယ်လိုလုပ်မလဲ။"

နဝါကတော့ သူတို့ပြောသမျှကို ငြင်းလဲမငြင်း ထောက်လဲမထောက်ခံပဲ အပြင်ကိုသာငေးမောနေမိသည်။ ဘာရယ်မဟုတ်ဘဲငေးနေရင်း နဝါတို့ဆိုင်ထဲသို့ ကောင်လေးတစ်စုဝင်လာသည်ကို အမှတ်မထင်တွေ့လိုက် သည်။ ထိုအုပ်စုထဲမှာ အရပ်ရှည်ရှည် အသားဖြူဖြူ မေးရိုးလေးတောင့်နှင့် တော်တော်လေးကို ကြည့်ကောင်းသော ကောင်လေးတစ်ယောက်နှင့် အမှတ်မထင်မျက်လုံးချင်း ဆုံမိသည်။ သူလဲနဝါကို အမှတ်မထင်မြင်လိုက်တာ ဖြစ်မည်။ နဝါမျက်လုံးလွှဲဖို့ကြိုးစားတုန်းမှာပင် သူ့ကအရင်ဦး အောင်မျက်လုံးလွှဲလိုက်လေသည်။

နဝါ အံ့သြသွားသည်။ သူ့ပုံစံမှာ နဝါကိုမမြင်လိုက်သလိုပင်။ ဒါပေမဲ့သူနဝါကိုမြင်လိုက်မှန်း နဝါကောင်းကောင်းသိသည်။ နဝါရင်ထဲနည်းနည်းတော့ ထူးဆန်းသွားသည်။ နဝါဘဝတွင် နဝါကသာဦးအောင်မျက်နှာလွှဲခဲ့တာရှိသည်။ နဝါကိုဘယ်ယောက်ျားမိန်းမကမှ စတင်၍ မျက်စိလွှဲဖို့ကြိုးစားတာမျိုးမကြုံဘူးပေ။

နဝါမသိချင်ယောင်ဆောင်ရင်း အံ့သြတကြီးစိတ်



တော့ဝင်စားသွားမိသည်။ ဘာရယ်မဟုတ်ကြည့်နေတုန်း သူတို့အဖွဲ့ထဲက တစ်ယောက်ကနဝါတို့ကိုမြင်သွားပုံရသည်။နဝါကိုသေချာကြည့်ရင်း သူ့ကို တစ်ခုခုလှမ်းပြောလိုက်သည်။ နဝါကလဲ သူဘယ်လိုများတုန့်ပြန်မလဲလို့စောင့်ကြည့်နေသော်လည်း ထိုတစ်ယောက်ကတော့ ကော်ဖီသောက်ရင်း ဂျာနယ်ကိုငုံ့ဖတ်နေရာမှ မျက်နှာပင်ဖော်မလာပေ။ နဝါကြည့်နေရင်း ရင်ထဲ ကလိကလိဖြစ်လာသည်။

"နေပေါ့။ ဒင်းကများ ကြီးကြီးကျယ်ကျယ်။" နဝါတွေးရင်း လုံးဝသူတို့ဘက်ကိုမကြည့်ဖြစ်အောင် ထိုင်ခုံကိုပါ ဘေးစောင်းကာ ထိုင်ပစ်လိုက်သည်။

"ဟိတ်ကောင်...ဟိုမှာနဝါတို့အဖွဲ့။"

အာကာက အခုမှမြင်ပုံရကာ ဝမ်းသာအားရ ဘေးနားတွင်ရှိသော ဘုန်းမြင့်မိုရ်ကို လှမ်းပြောလေသည်။ ဘုန်းမြင့်မိုရ်က ဝင်လာကတဲကမြင်ပြီးသားပင်။ အာကာပုံစံက မျောက်အုန်းသီးရပုံစံမျိုးဖြစ်နေသဖြင့် တစ်ဘက်ကအလွယ်တကူသိသွားနိုင်သည်။ ဒါကြောင့်လဲဘုန်းမြင့်မိုရ် စာအုပ်ကို ကုန်းဖတ်ရင်း စိတ်ဝင်စားချင်ယောင်ဆောင်ထားလိုက်သည်။

"မင်းကလဲ မကြည့်ဘူး ဟိုမှာနဝါက ကြည့်နေတာ။ မင်းကပြန်မကြည့်တော့ ဟိုက[illegible]သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာခုံတောင်နောက်ခိုင်းလိုက်ပြီ။”

အာကာစကားကြောင့် ဘုန်းမြင့်မိုရ်ရဲ့ဂျာနယ်ကို ခေါက်ရင်း နဝါဘက်ကိုလှမ်းကြည့်လိုက်သည်။ တကယ်ကို ခုံကိုနောက်ခိုင်းထိုင်လိုက်တာဖြစ်သည်။ ဘုန်းမြင့်မိုရ် ပြုံးရင်း“တော်တော် ကလေးဆန်ပါလား ကောင်မလေးရယ် လို့လဲ ”တစ်ဆက်ထဲတွေးမိလာသည်။ သူ့ဘက်ကျတော့ သိတတ်လိုက်တာ ဒီလိုလေးအရေးမလုပ်မိတာကိုပင် ဆတ်ဆတ်ခါအောင် နာသွားပုံရသည်။ ဘုန်းမြင့်မိုရ် သက်ပြင်းမောတစ်ခုကို ကြိတ်ချမိသည်။

“နဝါကြည့်ရတာ ဖျားနေလားမသိဘူးနော်။”

မင်းမင်းကလဲ သူမကိုလှမ်းကြည့်ရင်းပြောလိုက်သည်။ ဟုတ်တယ်သူမပုံလေးကြည့်ရတာ တော်တော်လေး နွမ်းနေပုံရသည်။ ဝင်လာတုန်းကဆို သူမမျက်နှာလေးက နည်းနည်းရဲကာ အဖျားရှိန်တက်နေသလိုပင်။ အနွေးထည်ကိုဝတ်ထားတယ်ဆိုထဲက သူမဖျားနေတာတော့ သေချာသလောက်ရှိသည်။ ခါတိုင်းဆိုအမြဲလင်းလက်တောက်ပနေသော သူမမျက်ဝန်းလေးများကလဲ ဒီနေ့တော့အရောင်မှေးမှိန်နေသည်။ ဒီနေ့သူမပုံကြည့်ရတာ နွမ်းနေသည့်ပန်းလေးတစ်ပွင့်နှင့်တော်တော်တူနေပါသည်။

သူမအကြောင်းကိုအတွေးလွန်ရင်း ဘေးနားကရဲရင့်လှမ်းပြောတာကိုပင်မကြားလိုက်။



“ဟမ်...ဘာလဲ။ ”

ရဲရင့်ကိုလှမ်းကြည့်ရင်းပြန်မေးလိုက်သည်။

“ဟေ့ကောင် မင်းဘာတွေအတွေးလွန်နေတာလဲ။ ငါပြောတာ အားလုံးကြားတယ် မင်းတစ်ယောက်ထဲ မကြားတာ။”

“ဟုတ်တယ် ငါမနက်ဖြန်ကျရင် အဖေခိုင်းထားတာတစ်ခုလုပ်ပေးဖို့ စဉ်းစားနေမိလို့။”

ဘုန်းမြင့်မိုရ် ပါးစပ်ထဲတွေ့သည့်ဆင်ခြေတစ်ခုကို အရင်ပေးလိုက်သည်။ ဟုတ်တာမဟုတ်တာအသာထား လောလောဆယ် ဒီကောင်တွေရှေ့တွင်အရှက်မကွဲရင် ပြီးတာပဲ။

“အော်...ဟိုမှာ မင်းပြောတော့သာ နဝါက ဟိုကောင်ကိုခိုင်းစားတယ်လေ ဘာလေးနဲ့ ဟိုမှာ ကြည့်ပါဦး ကြင်နာနေလိုက်တာ။”

ဘုန်းမြင့်မိုရ် နဝါတို့ဝိုင်းဘက်ကိုလှမ်းကြည့်လိုက်သည်။ ဟိုကောင် ဘယ်သူ...အော်ဟိုကောင်တွေပြောတာ ဝေယံကိုဆိုလား။ အင်း...အဲ့ကောင်က နဝါအတွက် ရေနွေးကို ခွက်တစ်ခွက်ကနေ တစ်ခွက်ကိုလောင်းထည့်ရင်း အအေးခံပေးနေသည်။ အေးလောက်ပြီရှိမှ ရေနွေးခွက်လေးကိုနဝါရှေ့မှာချထားရင်း ကျောပိုးအိတ်လေးထဲက ဆေးကို ထုတ်ကာ နဝါလက်ထဲထည့်ပေးလိုက်သည်။ နဝါ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ လက်ထဲရောက်လာသော ဆေးကိုပါးစပ်ထဲ ပစ်ထည့်ကာ ရှေ့တွင်ရှိသော ရေနွေးကိုမော့ချလိုက်သည်။

ဘုန်းမြင့်မိုရ် သေချာစိုက်ကြည့်ရင်း ဒေါသတွေ အလိုလိုထွက်ကာ ကြည့်မရဖြစ်လာလေသည်။ ဘယ်ကြောင့်မှန်းမသိပေမဲ့ စိတ်ထဲတွင် အလိုလိုဒေါသတွေထွက်နေမိသည်။

"အလကားပါကွာ။ အဲ့မိန်းမလား ပြီးရင်ခေါက်ခဲ့မှာ။ မင်းလဲ ဟိုနေ့ကကြားတာပဲ။ သူတို့အကြောင်းတွေ။ အခုလဲသူ့အကျိုးအတွက် ဟိုကောင်ကို သက်သက်အသုံးချနေတာ။ ဟိုကောင်ကသာ ဘာမသိ ညာမသိနဲ့ မာန်တွေစွတ်တက်ပြီး သက်သက်နွားကျခံနေတာ။"

"ဘုန်းမြင့်မိုရ်..မင်းမဟုတ်သေးဘူး။ မင်းသူများကို အဆိုးတော်တော်မြင်နေပါလား။ မင်းကြာရင် အဆိုးမြင်ဝါဒီသမားဖြစ်တော့မယ်။ စိတ်ကိုလျှော့။"

ရဲရင့်စကားကို ထောက်ခံကာ အားလုံးကို ခေါင်းငြိမ့်ပြကြသည်။ အားလုံးကတစ်ဖက် ကိုယ်ကတစ်ဖက်ဖြစ်နေသဖြင့် ဘာမှဆက်ပြောမနေတော့သော်လည်း ဒေါသကတော့ အလိပ်လိုက်ထွက်နေမိသည်။ ကြာရင် အမြင်ကတ်ကတ်နှင့် လျှောက်ပြောမိမှာစိုးသဖြင့် အတန်းထက်ကိုသာ ထထွက်လာခဲ့သည်။ ဟိုကောင်တွေကလဲ ရိုက်ဆဲရှင်းကာ နောက်ကလိုက်လာကြသည်။ နောက်ကနေကျော့ပိုးအိတ်ကိုဆောင့်ဆွဲရင်း တွန်းလိုက် ကြိတ်လိုက်နှင့် အရင်လိုပြန်ဖြစ်သွားကြသည်။ လမ်း လျှောက်နေတုန်းခေါင်းထဲကို သင်းရနံ့တစ်ခုက တိုးဝင်လာသည်။ အော် သူမတို့လဲ အတန်းတက်တော့ မည်ထင်သည်။ နောက်ကို လှည့်ကြည့်စရာမလိုဘဲ အလိုလိုစိတ်ကသိနေသည်။ မေ့ထားပါဘဲနှင့် မှတ်မိနေတတ်သော စိတ်ကိုလဲအံ့ဩမိသည်။

ဟိုကောင်တွေကတော့ လုံးဝမသိပဲ တစ်လမ်းလုံး သူတို့တွေပဲရှိသည်ထင်ကာ သီချင်းအော်ဆိုသူဆို နောက်သူကနောက်နှင့် ပျော်ရွှင်မြူးတူးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

အခုဆိုအချိန်တွေကလဲ တစ်ရွေ့ရွေ့နှင့်ကုန်လာသည်။ နုဝါတို့အဖွဲ့တွင်လဲ ဝေယံကို၊မိုးမာန်နှင့် ဗညားတို့ကလဲ တစ်စတစ်စနှင့် ခင်မင်လာကြသည်။ အားလုံးကဆို နုဝါကို ဝေယံရဲ့ရည်းစား၊ စိမ်းလဲ့ကို မိုးမာန်၏ရည်းစားနှင့် ဘရဏီကို ဗညားရဲ့ရည်းစားလို့ကို ထင်ကုန်လာကြသည်။ ထိုကောင်လေးသုံးယောက်ကလဲ အဲ့လိုထင်ရလောက်အောင်ပင် နုဝါတို့ဘေးနားတွင်ကပ်နေကြသည်။ မနက်တိုင်းလဲ ကိုယ်စီကိုယ်စီက လာကြိုကြသလို။ ညနေဆိုလဲ ပြန်လိုက်ပို့ကြသောကြောင့် တခြားကောင်လေးများက အနားကပ်ခွင့်မရဘဲ တစ်ဖြေးဖြေးနှင့် ကိုယ်ရှိန်သတ်ကာ နုဝါတို့နားကို မကပ်ကြတော့ပေ။

ဒီအတွက်လဲ နုဝါတို့က သူတို့ကို သူငယ်ချင်းအဖြစ်သတ်မှတ်ခဲ့ခြင်းလဲဖြစ်သည်။ နုဝါတို့ သူတို့ကိုချစ်



သားဆိုရင် အားလုံးဖြေမည့်အဖြေက တစ်ခုထဲရှိသည်။ "နိုး"လို့သာပြိုင်တူပြောကြမည်ဖြစ်သည်။ သူတို့သုံးယောက်က လက်ခံနိုင်လောက်သည့်အခြေအနေတွင် ရှိသော်လဲ နုလုံးသားကသွေးအေးနေလွန်းသည်။ သဘောကောင်း၍ ဘာမဆိုကူညီတတ်သော သူတို့ကို နုဝါတို့ခင်မင်လာကြသော်လဲ ချစ်ဖို့ကြတော့ ဘယ်သူမှစိတ်မဝင်စားပေ။

သူတို့ကတော့ နုဝါတို့ကိုလိုလေးသေးမရှိအောင်ဂရုစိုက်သည်။ နုဝါတို့အနားတွင် practical အချိန်မှလွဲ၍ကျန်တဲ့အချိန်တိုင်း အနားတွင်အမြဲရှိကာ နုဝါတို့လိုအပ်သမျှကို ပြောစရာမလိုလောက်အောင် အလိုက်တသိဖြည့်ဆည်းပေးတတ်သည်။ နုဝါတို့အတန်းတက်ရင်လဲ လိုက်တတ်ကြသည်။ အတန်းချိန်များက ပျင်းစရာကောင်းသောအချိန်များတွင် အလိုက်တသိအချဉ်ထုတ်နှင့် အအေးဘူးများကို ပေးတတ်ကြသည်။ ဒါကိုမနာလိုသော့ ကောင်လေးအချို့ဆိုရင် မကြားတကြားမျိုးစုံကဲ့ရဲ့ဝေဖန်တတ်ကြသော်လဲ သူတို့ကတော့ စိတ်ထဲမှာကို မထားပေ။

သူများအမြင်ကတ်ရလောက်အောင်ကို ဂရုစိုက်ကြင်နာပြလေသည်။ ဒါကြောင့်လဲ လူတွေက ဝေယံတို့ကိုမြင်ကတ်ကြသည်။ ဝေလွင်စိုးတို့ကလဲ မစားရတဲ့အမဲ သဲနှင့်ပက်ဆိုသလို ။မဟုတ်တာတွေက အဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကာ ဓာတ်လမ်းဆင်ပြီး အတင်းချသေးလေသည်။ သူ့တို့ရဲ့ အဲ့လို အတင်းပြောမှုကြောင့်လဲ လူတွေက ဝေယံတို့ကို ပိုမိုစောင့် ကြည့်အကဲခတ်နေကြသည်။

အခုလဲနုဝါတို့အဖွဲ့က အတန်းတစ်ချိန်ဖျက်ကာ ရုပ်ရှင်ကြည့်ကြရန်တိုင်ပင်နေမိသည်။ ပြီးလျှင် shopping ထွက်မည်ပေါ့။ နုဝါတို့သူငယ်ချင်းတစ်စုခေါင်းခြင်းဆိုင် တိုင်ပင်နေကြသည်။ ဘယ်ကနေဘယ်လိုရောက်လာမှန်း မသိသော ဝေယံကိုတို့ပါကြားကာ တက်တက်ကြွကြွ နှင့် လိုက်မည်ဖြစ်လာကြသည်။

"ဟာ…ဘာလိုက်လုပ်မှာလဲ။ နုဝါတို့ကပြီးရင် ဈေးဝင်ဝယ်ဦးမှာကို..။"

"ဝယ်ပေါ့ ဘာဖြစ်လဲ။ ကျွန်တော်တို့က အထုပ် လိုက်ဆွဲပေးမှာပေါ့။ ဒီကျောင်းမှာ နုဝါတို့မရှိဘဲ ကျောင်းမှာမနေချင်ပါဘူးနော်..။"

ဝေယံက 'နော်'ဆိုတာကို သူ့သူငယ်ချင်းတွေဘက် ကိုမေးငေါ့ပြီး စစ်ကူလှမ်းတောင်းလိုက်သည်။ သူငယ်ချင်း တွေကလဲ ချက်ခြင်းပင်…

"ဟုတ်တယ်။ ဟုတ်တယ်။ ကျွန်တော်တို့ပါတော့ အဖော်ရတာပေါ့။"

မိုးမာန်ကလဲ အားတက်သရောကို အတင်းကာ ရော လိုက်ပါနိုင်ရန် ပြောနေပြန်သည်။



"ဘယ်လိုလုပ်ရမှာလဲ စိမ်းလဲ့တို့က မိန်းကလေး ပစ္စည်းတွေဝယ်မှာကို..။"

"ဝယ်ဗျာ..အဲ့အချိန်ဆို ကျွန်တော်တို့ ဆိုင်ပြင်က နေစောင့်နေပေးမယ်။"

ဗညားကပါ အတင်းဝင်ပြောပြန်သည်။ ဘရဏီ တော့ သူတို့သုံးယောက်ပုံကို ကြည့်ရင်း ထရယ်ကာ..

"အို…ဘယ်လိုမှကိုပြောလို့မရပါလားနုဝါရေ။"

"ကဲ…ဒါဆိုလဲ လိုက်ခဲ့။ ရှင်တို့ဘာသာလိုက်ချင် တာနော်။ နုဝါတို့ခေါ်တာမဟုတ်ဘူး။ ပြီးမှ အတင်းမပြောနဲ့။"

နုဝါက ပိုက်ဆံအိတ်ကို ကောက်လွယ်ရင်း ထွက်လာသည်။ ကျန်သူငယ်ချင်းများလဲ တစ်ပါထဲ က်ပါလာသည်။ ဟိုသုံးယောက်ကတော့ နောက်ကနေ ရှင်ဖွာလိုက်ပါလာသည်။ ခဏနေတော့ လှုတော်တော် များအမြင်ကတ်လောက်အောင် ကားခြောက်စီးက ဂူး တန်းစီထွက်လာချိန်မှာတော့ မေးငေါ့သူကငေါ့။ င်းပြောသူကပြောကာ ကျောင်းကြီးကတော့ နုဝါတို့ ဝေးကာကျန်ခဲ့ကြလေသည်။

နုဝါတို့အဖွဲ့ကတော့ တက်ကြွလန်းဆန်းပျော်ရွှင် လေအဟုန်ကို ခွင်းရင်းထထွက်လာခဲ့လေသည်။ ဘန်းကြီးကတော့ ဘုရားပွဲလှည့်သလို တန်းစီလို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘေးနားကကားတွေကလဲ ကားမျိုးစုံ ပုံစံမျိုးစုံနှင့် ခေတ်မှီမှီကောင်လေး၊ကောင်မလေးများကို အားကျသလို ငေးမောကြည့်နေလေသည်။ နုဝါတို့ရောက်တော့ သမ္မတရုပ်ရှင်ရုံရှေ့တွင် ကားပါကင်နေများက သုံးစီးစာသာ ကျန်ခဲ့သဖြင့် နုဝါတို့မိန်းကလေးတွေသာ ကားပါကင်ထိုးလိုက်ကြသည်။ ယောကျာ်းလေးများကတော့ အဆင်ပြေသည့်နေရာတွေတင်သာ ထိုးပြီး နောက်ကနေအပြေးလိုက်ခဲ့ကြလေသည်။

ဒီလိုအချိန်မျိုးကတော့ လူငယ်ဆန်ဆန်ပျော်ရွှင်စရာကောင်းလှပါသည်။ တစ်ယောက်တစ်ပေါက် ပြောရင်းနဲ့လဲ နုတို့အဖွဲ့လေးက ပိုမိုစည်ကားကာ ပျော်စရာပိုမိုကောင်းလာခဲ့သည်။ နုဝါတို့ရင်ထဲမှာလဲ သူတို့ကိုတကယ့် ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများလို ခင်မင်လာမိပါသည်။ ဒါဟာ အေးချမ်းတဲ့အဖြူရောင် မေတ္တာတွေသာဖြစ်သည်။

ရုပ်ရှင်ကြည့်တော့လဲ သူတို့တွေက မိန်းကလေးအတွက် အချဉ်ထုတ်တွေ၊ နေကြာစေ့တွေနှင့် အအေးဗူးတွေပါဝယ်လာပေးကြသည်။ အရင်က နုဝါတို့သူငယ်ချင်းသုံးယောက်ထဲကြည့်လျှင် ဘယ်တော့မှ မုန့်ဝယ်မလာမိပေ။ ရုပ်ရှင်ရုံထဲရောက်မှသိတော့လဲ တကူးတက ဘယ်သူမှထွက်မဝယ်ချင်တာနှင့် ဒီလိုပဲရုပ်ရှင်ကြည့်ဖြစ်လိုက်တာ



…သည်။ အခုလို ဂရုစိုက်တော့လဲ မိန်းကလေးသဘော… ကျေနပ်မှုလေးတော့ ဖြစ်မိသည်။ ရုပ်ရှင်ပြီးလို့ ဒဂုံစင်…မှ ဈေးသွားဝယ်တော့လဲ မငြီးမငြူကိုလိုက်ခဲ့ကြပြန်…ည်။ နုဝါတို့ဝယ်သမျှ ပစ္စည်းများကိုလဲ အကုန်လိုက်…ပေးကာ နောက်ကနေ တစ်ကောက်ကောက်လိုက်ခဲ့…သည်။ နုဝါဝယ်သမျှကို ဝေယံကိုသယ်ပေးသလို၊ …ာန် ကတော့ စိမ်းလဲ့ဝယ်သမျှနှင့် ဗညားကတော့ …ဒီ ဝယ်လာသမျှကို သယ်ပေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"အပြင်လေးဘာလေးသွားရအောင်။"

အတန်းပြီးလို့ ပြန်မယ်ဆိုတာနှင့် မင်းမင်းက အရင်ဆုံးစကားစလာသည်။ မင်းမင်းကတော့ မတ်တပ်ရပ်ကာ အပျင်းကြောကိုဆန့်ရင်း ပြောလိုက်သည်။

"ဘယ်သွားမှာလဲ။"

ဘုန်းမြင့်မိုရ်ကထိုင်နေရာမှ မတ်တပ်ရပ်နေသော မင်းမင်းကိုမော့ကြည့်ရင်းမေးလိုက်သည်။မင်းမင်းကတော့ မေးကိုပွတ်ရင်း တစ်ချက်စဉ်းစားသလိုလုပ်ရင်း ပြောသည်။

"ဒဂုံစင်တာသွားမယ်။"

"ဘာဝယ်စရာရှိလို့လဲ။"

အာကာကပါ မင်းမင်းပုံကိုကြည့်ကာ ထပ်မေးလေသည်။ ဒီကောင်ပုံကလဲ ဘာမှထွေထွေထူးထူးမရှိဘဲ



ခြေဦးတည့်ရာလျှောက်သွားချင်နေပုံမျိုးကို။

"window shopping ပေါ့ကွာ။ မင်းကလဲ အပျင်းပြေပေါ့။"

"အဲ့ဒါ မိန်းကလေးတွေအလုပ်ပဲ မင်းနဲ့ဘာဆိုင်လို့လဲ။"

ရဲရင့်ကပါ အူတူတူကြောင်ကြောင်တောင်တောင်နိုင်သော မင်းမင်းကို ထအော်လေသည်။

"မင်းဘိုးထဲမှ မုန့်စားမယ်ကွာ။ လာတဲ့ကောင်မလေးတွေကို လိုက်ငေးမယ်ကွာ။ ပြီးတော့ နည်းနည်းပါးပါး အဝတ်အစားလေး လျှောက်ကြည့်ရအောင်ကွာ..။"

မင်းမင်းစကားကို အာကာကချက်ခြင်းသဘောပေါက်သွားကာ မျက်နှာကြီးဖြီးလာပြီး..

"အေး..ကောင်းသားပဲ။ အဲ့က ဂျွေဒိုးနတ် မုန့်တွေကောင်းတယ်။ ဟီး ဟီး သွားစားရအောင်။"

"နှာဘူး။"

ဘုန်းမြင့်မိုရ်က အသံတိတ်ပါးစပ်လှုပ်ကာ ဆဲလိုက်သော်လည်း နောက်ဆုံးတော့ သူငယ်ချင်းတွေနဲ့ အတူထထွက်လာကြသည်။ မင်းမင်းနှင့် အာကာက ဒီနေ့ ကားမပါလာသဖြင့် ဘုန်းမြင့်မိုရ်ကားတွင် မင်းမင်းလိုက်လာပြီး ရဲရင့်ကားတွင်တော့ အာကာလိုက်ကာထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

ဒဂုံစင်တာရောက်သည်နှင့် အရင်ဆုံးအဝတ်အ
များလျှောက်ကြည့်မည်ဟုခေါင်းစဉ်တပ်ကာ ကော
လေးတွေကို လိုက်ငေးလေသည်။ ခပ်ချောချောအစ်မ
နှစ်ယောက်ကိုတွေ့တော့ အာကာနှင့် မင်းမင်းတို့
အဲ့အစ်မတွေနောက်ကမခွာပဲတစ်ကောက်ကောက်လျှော
လိုက်နေသဖြင့် ဘုန်းမြင့်မိုရ်နှင့်ရဲရင့်မှာ ရှက်ရှက် နှင့်
မဆိုင်ညာမဆိုင်အနောက်က လျှောက်လိုက်နေရ
သည်။

"နဒီရေ...ငါတို့အနောက်မှာ ကောင်လေးတ
ပါလာတယ်သိလား။"

"အင်း...ငါတွေ့တယ်။ အဲ့ထဲက အဖြူရောင်
Arrow စပို့ရှပ်ဝတ်ထားတဲ့ကောင်လေးက မို
တယ်နော်။ ပုံစံလေးက ကိုရီးယားမင်းသား
လိုပဲအရမ်းချောတယ်။"

"ဟုတ်တယ်။ ငါလဲနင့်ကိုအဲ့ဒါလှမ်းပြောမလို့"

အာကာတို့က ထိုအစ်မနှစ်ယောက်ကို အသေလ
ရှိုးနေကြသဖြင့် တိုးတိုးတိုးပြောနေသော ထိုအစ်မကြီး
ယောက်ကို မြင်လေသည်။ ပြီးတော့ ဟိုးအပြင်တောင့်
ရပ်နေသော ဘုန်းမြင့်မိုရ်ကို ကြည့်ကာ တခစ်ခစ်ရယ်
ကြသဖြင့် အခြေအနေကို သဘောပေါက်ကာ တပ်ခေါ်



ပြန်လာကြသည်။

"သွားမယ်။"

အပြင်အပေါက်ဝမှာ နောက်ခိုင်းရပ်ကာ စကား ပြောနေသော ဘုန်းမြင့်မိုရ်နှင့် ရဲရင့်က အနောက်ကနေ ပခုံးကိုပုတ်ကာ သွားမယ်လို့ပြောတဲ့အသံကြားမှပင် လှည့်ကြည့်မိသည်။ ဘုန်းမြင့်မိုရ်လှမ်းကြည့်လိုက်တော့ အထဲက အစ်မနှစ်ယောက်က ပြုံးမြမြနှင့်ပဲပေးနေလေသည်။ ဘုန်းမြင့်မိုရ် ပခုံးကိုတွန့်ရင်း ပြန်လှည့်ကာ သူငယ်ချင်းတွေနဲ့ အတူ ဂျေဒိုးနတ်ဘက်သို့လျှောက်လာကြသည်။ ဆိုင်ထဲရောက်သည်နှင့် အာကာက မှန်ပြတင်းပေါက်နားရှိ ထိုင်ခုံကို ဦးထားလိုက်ရင်း...

"ငါ့ အတွက် ကော်ဖီအေးတစ်ခွက်ယူခဲ့။"

ဟုလှမ်းအော်ပြောလေသည်။ ဒီဆိုင်လေးကလဲ လူကြိတ်ကြိတ်တိုးအောင် အောင်မြင်သောဆိုင်ဖြစ်သဖြင့် အခုလို ခုံနေရာလွတ်ပါက အရင်ဦးထားမှစိတ်ချရသည်။ မဟုတ်လို့ကတော့ ကိုယ်မှန့်မှာပြီးလို့ ပြန်လာချိန်တွင် နေရာလွတ်က ကျန်ချင်မှကျန်သည်။ အခုလို အပြင်ကို မြင်ရသော မှန်ပြတင်းပေါက်နားရဘို့ဆို ပိုလို့တောင်ခဲ သေးသည်။

အာကာမှာသော ကော်ဖီအေးနှင့် မက်မွန့်တစ်ခွက် ကိုယူရင်း ဘုန်းမြင့်မိုရ်အရင်ထွက်လာကြသည်။ ဟိုကောင်

www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ မှန့်တွေပါမှာနေကြသဖြင့် အချိန်ပိုကြာနေလေသည်။ ဘုန်းမြင့်မိုရ် ကော်ဖီအေးကို အာကာရှေ့တွင်ချပေးလိုက်သည်။ အဲ့တော့မှ ကိုယ်တော်ကအပြင်ကိုငေးမောနေတာကို လက်စသတ်ကာ ကော်ဖီကို ကုန်းသောက်လေသည်။ ခဏကြာတော့ မင်းမင်းနှင့်ရဲရင့်ပါရောက်လာကြသည်။

ရဲရင့်ကတော့ ပုတင်းတစ်လုပ်ကိုခပ်စားရင်း...

"ဘယ်လိုဖြစ်ပြီး မင်းတို့မမတွေနောက်ကိုမလိုက်တော့ပဲ တပ်ခေါက်ပြန်လာရတာလဲ။"

ရဲရင့်စကားသံကြားတော့ အာကာနှင့် မင်းမင်းကမျက်နှာတွေပုပ်လာကြသည်။ ပြီးတော့ သောက်နေသောအအေးနင်သွားသလို အသံကြီးနှင့်..

"အဲ့ဒါ ဒီကောင်ကြောင့်ပေါ့။"

ဘုန်းမြင့်မိုရ်ကို လက်ညိုးထိုးရင်း မင်းမင်းကအပြစ်တင်လေသည်။

"ငါ့ကြောင့်..ဘာဆိုင်လို့လဲ။"

ဘုန်းမြင့်မိုရ်က မျက်ခုံးပင့်ရင်းမေးလိုက်လေသည်။

"ဆိုင်တာယ်ကွ..ဟိုမမတွေက ငါတို့ကိုမမြင်ပဲ မင်းကိုပဲမြင်နေတာ။ ပြီးတော့တစ်ယောက်ကို တစ်ယောက် လှမ်းပြောပြီးတောင် ကျေနပ်နေ



သေးတယ်။ အဲ့တော့ သူ့တို့နောက်ကို တကယ်လိုက်တဲ့ ငါတို့က အရူးဖြစ်တာပေါ့။ အဲ့တော့ အမြင်ကတ် လို့တပ်ခေါက်ပြီး ပြန်လာတာ။"

"ဟ ဟား...။"

ဘုန်းမြင့်မိုရ်နှင့် ရဲရင့်ကတော့ ဒီကောင်နှစ်ကောင်ရဲ့စကားကြောင့် အော်ရယ်ကြလေသည်။ အဲ့နှစ်ကောင်ကတော့ အီးမှန်တဲ့ မျက်နှာတွေနှင့် မဲ့ရွဲ့ရွဲ့တွနေကြသည်။ ရယ်နေသော ဘုန်းမြင့်မိုရ်ရဲ့ နှုတ်ခမ်းတွေက မှန်အပြင်မှ လျှောက်လာသော အတွဲလေးများကို ကြည့်ကာ ရပ်တန့်သွားသည်။ ဘုန်းမြင့်မိုရ်ရဲ့အမူအရာကို ကြည့်ကာ ကျန်တဲ့လူများလဲ အပြင်ကိုသတိထားကြည့်မိသွားသည်။

အားလုံးက မယုံသလို ပြူးပြဲကြီးသေချာကြည့်လိုက်မိသည်။ အံ့သြခြင်းနှင့်အတူ လူကခဏတော့ မှင်တက်သွားမိသည်။

နဝါ...ဘေးနားမှာဟိုကောင်..ဝေယံကိုက တစ်တွဲ၊ သူတို့ ဘေးနားမှာ စိမ်းလဲ့နှင့် မိုးမာန်ကတစ်တွဲ၊ အဲ့နောက်မှာတော့ ဗညားနှင့် ဘရယ်ဏီကတစ်တွဲ၊ အတွဲကိုယ်စီနှင့်..။ အိုး..ထူးဆန်းပါဘိ။ ကောင်လေးတွေကတော့ ကိုယ်စီကောင်မလေးတွေနားကပ်ကာ စကားတွေပြောရင်း အထုပ်တွေကို သယ်ပေးထားကြသည်။ သူတို့လက်ထဲကအထုပ်တွေကို ကြည့်ခြင်းအားဖြင့်လဲ သူမတို့ဒီရောက်တာ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာပြီ ဆိုတာကို သိနိုင်သည်။

မှန်ပြုတင်းပေါက်လေးကို တွန်းဝင်လာချိန်တော
ဘုန်းမြင့်မိုရ်မျက်နှာလွှဲထားလိုက်သည်။ နဝါတို့ကတော
သူတို့စားပွဲနောက်က လွတ်နေသော ထိုင်ခုံတွင်ဝင်ထိုင်
လေသည်။

"နဝါ ဘာသောက်မလဲ။"

ဝေယံက နဝါကိုလှမ်းမေးလိုက်သည်။

"နဝါက မက်မွန်တစ်ခွက်။"

"စိမ်းလဲ့ကော။"

မိုးမာန်က စိမ်းလဲ့ကိုမေးသည်။

"အင်း စိမ်းလဲ့က လိမ္မော်တစ်ခွက်။"

"ဘာရယ်ထိကရော..။"

ဗညားက မေးလိုက်တာဖြစ်သည်။

"အင်း နို့အေး။"

"အိုကေ..။"

ကောင်လေးသုံးယောက်မှာတော့ ကိုယ့်ကောင်
လေးတွေအတွက် ကိုယ်စီ၊ ကိုယ်စီသွားဝယ်ကြလေသည်
ဒါကိုကြည့်ချင်းအားဖြင့်လဲ ဘယ်သူက ဘယ်သူနှင့်သ
ဆိုင်သည်ဆိုတာကို သိနိုင်လေသည်။ ခရီးလဲတော်တော
လေးတော့ ရောက်နေပုံရသည်။ မာနမင်းသမီးလေးမျာ
လိုက်လိုက်လျောလျောရှိတယ်ဆိုထဲက ကြည်ဖြူတဲ့ပုံတော



ရလေ။

အာကာကတော့ တိုးတိုးနှင့်အနားလာကပ်ပြော
လေသည်။

"မင်းပြောတော့ ခိုင်းစားတယ်ဆို။ ဟိုမှာတော့
အဆင်ကိုပြေနေတာပဲ။ မကြာခင်တော့ ပေါ်တင်
တွဲကြလိမ့်မယ်ထင်တယ်။"

ဘုန်းမြင့်မိုရ်ကတော့ ဘာထင်မြင်ချက်မှမပေးဘဲ မသိချင်ယောင်သာဆောင်နေလိုက်သည်။ ပြီးတော့တခြား အကြောင်းတွေကို စကားလွှဲရင်း သူငယ်ချင်းတွေကို အာရုံ ပြောင်းလိုက်လေသည်။ အားလုံးကလဲ ဘုန်းမြင့်မိုရ်စကား ကို အာရုံရောက်နေတုန်း နဝါတို့ထပြန်သွားတာကိုလဲ မျက်လုံးဒေါင့်က မြင်ဖြစ်အောင်မြင်လိုက်လေသည်။ သူမ တို့ပြန်ပြီးတော်တော်ကြာမှလဲ ဘုန်းမြင့်မိုရ်တို့အဖွဲ့ထပြန် ဖြစ်ကြလေသည်။ ဒါတောင် အာကာက သတိတရ နဝါ တို့ဘယ်တုန်းကထပြန်သွားလဲမသိဘူးနော်လို့တောင် ပြော နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၁၅)

လေပြေညှင်းကလေးက ငြိမ့်ငြောင်းစွာနှင့် တိုက်ခတ်လာသည်။ မကြာခင်မိုးရွာတော့မည်ဖြစ်သဖြင့် လေနုအေးလေးတွေကလဲ အဆက်မပြတ်တိုက်ခတ်နေကြသည်။ ငုဝါပင်အောက်တွင်ထိုင်ရင်း မိုးအနံ့ပါလာသော လေပြေညှင်းလေးကို တစ်ဝါကြီးရှူရှိုက်လိုက်သည်။ ထိုလေနုအေးလေးကြောင့်လဲ ရင်ထဲမှာအေးမြလန်းဆန်းသွားသည်။

ဘေးနားတွင်ရှိနေသော ဝေယံကိုကိုငဲ့ကြည့်ရင်း နုဝါစိတ်ထဲတွေးစရာတွေများလာသည်။ နုဝါကဒီနေ့ကျောင်းကိုစောရောက်နေသည်။ ဒါကြောင့်ကျောင်းမှာ နုဝါနှင့်ဝေယံသာရှိနေသည်။ ဟိုမိန်းမတွေထံဖုန်းဆက်တော့လဲအခုမှရေချိုးမလို့လုပ်သည့်သူနှင့် ကျန်ဆင်စ် ယောက်ကတော့ ထွက်လာနေပြီပြောသဖြင့် ထိုင်စောင့်



နေလိုက်သည်။

အခုဆိုနုဝါတို့က သူငယ်ချင်းအရင်းတွေလို ဖြစ်နေကြတော့ ဘယ်တော့မဆို သွားအတူလာအတူဖြစ်နေကြသည်။ ဒါကိုပင် ကျောင်းသူ၊ကျောင်းသားအချို့ကလဲ နုဝါတို့ကို သမီးရည်းစားထင်နေကြသည်။ နုဝါတို့ကို ကိုယ်တိုင်မေးဖို့ကြတော့လဲ မမေးရဲပဲ သူတို့ထင်မြင်ချက်နှင့် သူတို့ထင်နေကြသည်။ နုဝါတို့ကလဲ ကိုယ်မဟုတ်သော ကိစ္စအတွက် ဘယ်သူ့ကိုမှရှင်းပြနေစရာမလိုဟု သဘောထားလိုက်သည်။

အခုဆို နုဝါတို့ကတစ်ယောက်နှင့်တစ်ယောက် အရမ်းကိုခင်မင်လာကြသဖြင့် ကျောင်းပိတ်ရက်တွေဆို တစ်ခါတစ်လေချိန်းပြီးမုန့်လျှောက်စားကြသည်။ လျှောက်သွားကြသည်။ အဲ့မှာ ကျောင်းသူတစ်ချို့နှင့်တွေ့ကာ သူတို့ထင်မြင်ချက်တွေကို တကယ်ထင်လာကြသည်။

အခုဆို ဟိုတစ်စဒီတစ်စကြားနေကြတာကတော့ နုဝါတို့သုံးယောက်နှင့် ဝေယံကိုတို့ကောင်လေးသုံးယောက်က သမီးရည်းစားတွေဖြစ်နေကြပြီဆိုတာပင်။ နုဝါတို့သုံးယောက်ကတော့ အဲ့စကားတွေကိုကြားရင် အူတက်အောင်ရယ်သည်။ မိန်းကလေးနဲ့ ကောင်လေးတစ်ယောက်ကိုတွဲတွေတိုင်းသာ သမီးရည်းစားတွေဟု ထင်မြင်ပြောဆိုကြမယ်ဆိုရင် ကားမှတ်တိုင်မှာ ကားရပ်စောင့်ဖို့ပင်မလွယ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



နဝါတို့ကိုသာပြောနေတာ အခုခေတ်လူငယ်တွေလဲ နဝါတို့လိုပါပဲ တစ်ယောက်ကိုတစ်ယောက်ရင်းရင်းနှီးနှီးဖော်ဖော်ရွေရွေ ဆက်ဆံနေကြတာပဲမဟုတ်လား။ နဝါတို့ကြမှပဲ အဲ့လိုမြင်သွားကြတာတော့သိပ်မတရားပေ။ မတရားဘူးလို့ပဲ နဝါမြင်သည်။

"ဟော့....နဝါ ဘာတွေတွေးနေတာလဲ."

နဝါအတွေးလွန်နေရာမှ တစ်ချက်ပြုံးရင်း ဝေယံကို့ ကို ခေါင်းလေးစောင်းကာငဲ့ကြည့်လိုက်သည်။ ဝေယံကတော့ ခေါင်းလေးတစ်ခြမ်းစောင်းကာ ပြုံတုံ့တုံ့လေးငဲ့ကြည့်နေသော နဝါကို ချစ်မဝစွာစိုက်ကြည့်မိသည်။ နဝါက ပြုံးလျှင်တော်တော်လှပါသည်။ နဝါရဲ့အပြုံးက အရမ်းကိုချိုကာ တစ်ဖက်သားကို ညို့ယူနိုင်စွမ်းအပြည့်ရှိသည်။ ဒါကိုတောင် ဒီကောင်မလေးက အပြုံးတွေရွှေဖို့ နှမြောတွန့်တိုနေသေးသည်။

"ဟင့်အင်း....ဒီလိုပါပဲ။"

နဝါ နှုတ်ခမ်းလေးချွန်ကာ ခေါင်းလေးကို ခါယမ်းလိုက်သည်။ သူမရဲ့ခေါင်းအရမ်းတွင် ဝေယံရဲ့နှလုံးသားတစ်ခုလုံး သွက်သွက်ခါအောင် လှုပ်ရှားယိမ်းယိုင်သွားတာကိုတော့ သူမ မသိချေ။ သက်ပြင်းကိုချရင်း ဝေယံအဝေးကို လှမ်းကြည့်လိုက်သည်။ မလွယ်..ဒီပုံစံအတိုင်းနဲ့ဆိုကြာရင် အနေးနဲ့အမြန်ဆိုသလို သူမရိပ်မိသွားနိုင်သည်။



ချိန်တွေကြာလာလေလေ သူမလေးကို မြတ်မြတ်နိုးနိုးခိလာလေလေဖြစ်သည်။ နဝါကတော့ ငုဝါပင်ကြီးအောက်ကထိုင်ခုံအမြင့်လေးတွင်ထိုင်ရင်း ခြေထောက်လေးလွဲကာ ဆော့ရင်း သူမသူငယ်ချင်းများကိုမျှော်နေလေသည်။

ထိုင်နေသော ငုဝါပင်ကြီးအောက်ကို စိမ်းလဲ့ကားနှင့် မိုးမာန်ကားလေးက ထိုးရပ်လာသည်။ နဝါကတော့ အခုမှကစားဖို့အဖော်ရသော ကလေးတစ်ယောက်လို ယား...လို့အော်ကာ လက်ခုပ်တီးလို့ကို ပျော်ရွှင်သွားသည်။ ဒီလိုဆိုတော့လဲ ပီတိကလေးတစ်ယောက်လိုပါပဲလား နဝါရယ်..။ စိမ်းလဲ့နှင့် နဝါကသာ မမြင်တာကြာသော အမျိုးတွေပြန်တွေ့သလိုပျော်ရွှင်နေကြသော်လဲ မိုးမာန်ကတော့ ဝေယံကို အကဲခတ်ရင်း အခြေအနေကိုနားလည်သလိုဖြစ်လာမိသည်။ တကယ်တော့ မိုးမာန်ရင်ခွင်မှာလဲ ဝေယံလိုပဲမဟုတ်လား။

"ဟိုမိန်းမလေ အခုထိကိုရေချိုးလို့မပြီးသေးဘူးလားမသိဘူး။ ဘယ်နှစ်ခုနှစ်ထဲက မတိုက်တဲ့ကြိုးတွေများ အခုမှတိုက်နေလဲမသိဘူး။ ကြာလိုက်တာနော်။"

စိမ်းလဲ့က ရောက်တာဖြင့်မကြာသေးဘူး။ စောင့်ရတာသိပ်စိတ်ရှည်ပုံမရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"အော်..အခုမှရောက်တဲ့သူကပြောနေ။ နဝါတို့ကတော့စောင့်လိုက်ရတာ တညောင်းပဲ..။"

နဝါကလက်နှစ်ဘက်ကိုယှက်ကာ ရှေ့ကိုဆန့်ထုတ်၍ အမျိုးကြောလေးဆန့်ရင်း ပြောလိုက်သည်။ စိမ်းလဲ့ကတော့ အခုမှသူနောက်ကျတာကို သတိရရင်း လက်လေးကိုက်ကာ ဇက်ကလေးပုရင်း ရယ်ပြလေသည်။ မိန်းကလေးနှစ်ယောက်ကတော့ ဘရယ်ဏီကိုစောင့်ရင်း ပေါက်ပေါက်ဖောက်သလို စကားတွေကို တရပ်စပ်ပြောနေသော်လဲ ယောကျ်ားလေးများကတော့ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေကြသည်။

ခဏကြတော့ ဘရဏီနှင့်ဗညား ရောက်လာသည်။ ဘရဏီရောက်လာတော့ နဝါတို့အတန်းတက် ဖို့ထထွက်လာကြသည်။

"အတန်းတက်မယ်။ လိုက်ကြဦးမလား။"

နဝါက ယောကျ်ားလေးသုံးယောက်ကို ကြည့်ကာ လိုက်ကြမလားမေးလိုက်သည်။

"မလိုက်တော့ဘူး။"

ဝေယံကထူးထူးဆန်းဆန်းငြင်းလာသည်။ နဝါလဲ သူတို့မလိုက်တော့ဘူးဆိုတာနှင့် နှုတ်ဆက်ထွက်လာကြသည်။

"အို့ကေ။ ဒါဆိုနဝါတို့သွားတော့မယ် ဘိုင်။"



"ဘိုင်။"

"တက်တာ။"

အားလုံး၏အပြန်အလှန်နှုတ်ဆက်သံများနှင့် ရုပ်ယုက်ခတ်နေသည်။ နဝါတို့သုံးယောက်ကတော့ အတန်းဘက်ကိုထွက်လာခဲ့သော်လည်း ယောကျ်ားလေးသုံးယောက် ကတော့ ကန်တင်းကို ထွက်လာကြသည်။

ကန်တင်းကိုရောက်သည်နှင့် ကော်ဖီသုံးခွက်မှာ ကာ သုံးယောက်သားစကားမပြောဖြစ်ပဲ တစ်ခုခုကိုအသေ အလဲတွေးတောနေမိသည်။ ကန်တင်းထဲကိုဝင်လာသော အစ်တန်းထဲသူငယ်ချင်း ကျော်ကြီးက စားပွဲတွင်ဝင်ထိုင် ရင်း..

"မင်းတို့လဲ အခုမှပဲတွေ့ရတော့တယ်။ ဒါနဲ့မသိလို့ မင်းတို့ကဘယ်မေဂျာကလဲ။"

အလွန်အစအနောက်သန်၍ ခင်မင်တတ်သော ကျော်ကြီးက လာထိုင်းရင်း စကားလာပြောလေသည်။

"မနောက်ပါနဲ့ ကျော်ကြီးရာ။"

ဗညားကလဲ ဘာတွေကို စိတ်ညစ်နေလဲမသိ စိတ်ရှုပ်ရှုပ်အသံကြီးနှင့် ကျော်ကြီးကိုပြန်ပြောလေသည်။

"မင်းတို့ကောင်မလေးတွေ စောစောကအတန်းတက်သွားတာတွေ့တယ်။ မလိုက်သွားကြဘူးလား။"

www.burmeseclassic.com

www.burmeseclassic.com



ဝေယံခေါင်းခါပြလိုက်သည်။

“ဘာလဲ မင်းတို့က သွေးကြီးသွားတာလား။ နဝါ၊ ဘရဏီ၊ စိမ်းလဲ့နဲ့ ချစ်သူတွေဖြစ်သွားပြီဆိုပြီး။”

“မဟုတ်ရပါဘူး ကျော်ကြီးရာ။ မင်းစိတ်ထင်တာတွေလျှောက်ပြောမနေစမ်းပါနဲ့။”

မိုးမာန်ကရှင်းပြလိုက်သည်။ ဒါပေမဲ့ ကျော်ကြီးကတော့ ငါသိပါတယ်ဆိုတဲ့ အထာနဲ့ လုံးဝလက်မခံချေ။

“ဘာမဟုတ်တာလဲ ဒီအကြောင်းကို တစ်ကျောင်းလုံးသိတယ်။ လျှို့မနေစမ်းပါနဲ့ကွာ။ ငါတို့က ဝမ်းသာနေတာ ဒီလောက်တစ်ကျောင်းလုံး ကြိုက်တဲ့ကောင်မလေးတွေကို ငါတို့မေဂျာက ကောင်လေးတွေကရအောင် ပိုးနိုင် လို့။ ပြီးတော့ တစ်ယောက်တောင်မဟုတ်ဘူး သုံးယောက်လုံးကို။ ဟ ဟား...။ဓာနကတောင် အဲ့ကိစ္စအဓိကို ကကောင်တွေကို ပြောပြီးကြွားခဲ့သေးတယ်။”

ကျော်ကြီးကို ပြောလဲ ယုံမှာမဟုတ်ပေ။ အခုဆို ကျော်ကြီးမှမဟုတ်ဘူး ဘယ်သူ့ကိုသွားပြောပြောယုံမှာ မဟုတ်ပေ။ အားလုံးကလဲ အဲ့လိုပဲထင်နေကြသည်။ ကိုယ်တိုင်ကလဲ အဲ့လိုပဲဖြစ်စေချင်သည်။ ချော်လဲရောထိုင် မဟုတ်ပေမဲ့။ ထိုင်မချလဲမဖြစ်တော့သည့်အဆုံး ပျော်ပျော်



ကြီးထိုင်ချမိသည်လို့ပဲပြောရမလား။ သူတို့အတွေးကို လွှတ်ထားလိုက်သည်။

“ကဲ..ငါလဲအဲ့အကြောင်းပြောချင်လို့လာထိုင်တာ။ ငါ့သူငယ်ချင်းတွေက နောက်ဝိုင်းမှာ သွားထိုင်လိုက်ဦးမယ်။”

ကျော်ကြီးက တကယ်သူပြောချင်တာပြောပြီး ထွက်ကာ သူ့သူငယ်ချင်းတွေနှင့်ထိုင်ကာ စကားတွေပြောကြင်း တဝါးဝါး တဟားဟားနှင့်။ ကျန်တဲ့သူတွေမှာသာ ကျို့ဆေးမိခံထားရသလို တငုငုတငိုင်ငိုင်ဖြစ်နေသည်။ ငြိမ်သက်မှုကို စတင်ပေါက်ခွဲလိုက်တာက ဝေယံကိုဖြစ်သည်။

“ငါ နဝါကို ဖွင့်ပြောလိုက်တော့မယ်။ အခုဆို အားလုံးကလဲ ငါတို့ကိုချစ်သူတွေလို့ထင်နေကြပြီ။ ဒါကိုလဲသူတို့လဲကြားမှာပဲ။ ပြီးတော့ ငါတို့လဲ တစ်ဦးအကြောင်းကို တစ်ဦးသိနေပြီဆိုတော့ ငါ့ရင်ထဲကစကားတွေကို နဝါ့ရှေ့မှာ ဖွင့်ချချင်ပြီ။”

ဗညားက ဝေယံစကားကိုကြားတော့အားတက်သရောပင် ထိုင်ခုံကိုရှေ့သို့တိုးကာ

“ငါလဲ ဘရဏီကို ဖွင့်ပြောချင်နေတာကြာပြီ။”

ယခုမှပင် အပြိုင်အဆိုင်ရင်ဖွင့်ချင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမာန်ကတော့ စားပွဲခုံကို လက်ညှိုးနှင့် တတောက်တောက် ခေါက်ကာ မျက်မှောင်ကုတ်၍ စဉ်းစားရင်း...

"လွယ်ပါ့မလားကွာ။ သူတို့ကိုကြည့်ရတာ လုံးဝ အဖြူရောင်နော်။ သူငယ်ချင်းတွေလို ခင်နေတာ။ တော်ကြာအဲ့သံယောဇဉ်လေးပါ ပျောက်ပျက် သွားနိုင်တယ်။"

"ဒါပေမဲ့ အချစ်ဆိုတာ သိမ်းဆည်း ထားလို့မှမရတာ။ငါကတော့ဖြစ်ချင်တာဖြစ်ဖွင့်ပြောတော့မယ်။"

ဝေယံကတော့ လုံးဝကိုဆုံးဖြတ်ထားပြီးမှန်း သူ့မျက်ဝန်းတွေက သက်သေခံနေသည်။ ဝေယံပြောမယ်ဆိုတော့ ဗညားကပါ အားတက်လာပုံရသည်။

"ဟုတ်တယ် ငါလဲ ဖွင့်ပြောမယ်။"

"မင်းတို့အားလုံးပြောမှတော့ ငါလဲပြောမှပေါ့ကွ။"

မိုးမာန်ကဆရာကြီးသာလုပ်နေတာ အားလုံးပြောမယ်ဆိုတော့ သူလဲပြောမယ်ဆိုတာပင်။ တကယ်ဆို သူလဲ ဖွင့်ပြောချင်နေတာပါပဲ။ နည်းနည်းအတွန့်တက်ချင်လို့သာ အိုက်တင်ခံလိုက်ရတာ။ သူများတွေပြောမယ်ဆိုတော့ နောက်ကျတော့မကျန်ခဲ့ပေ။ သူပါတက်ကြွလာသည်။

ချက်ခြင်းသူငယ်ချင်းတစ်စု ခေါင်းချင်းဆိုင်ကာ



တိုင်ပင်မိကြလေသည်။ ပြောစရာမလိုပဲ စားပွဲအလည်ကို ခေါင်းသုံးခေါင်းပူးကပ်သွားသည်။

"အဲ့တော့ ငါတို့ဘယ်နေ့ပြောမလဲ။"

မပြောချင်သလိုလို ဘာလိုလိုလုပ်နေသော မိုးမာန်က အရင်ဆုံးပင်စမေးလေသည်။ မေးတာတောင် ဒီအတိုင်းမေးတာမဟုတ်ဘဲ ဘေးလူတွေကြားမှာစိုးသလိုလို ဘေးဘယ်ညာကြည့်ပြီး အသံကို နှိမ့်ကာ ခပ်တိုးတိုးပြောလာလေသည်။

"ဟော့ကောင် ကျယ်ကျယ်ပြောပါကွာ မင်းအသံက အတန်းထဲမှာ ခိုးပြီးအီးပေါက်ရတဲ့အသံဖြစ်နေပြီ။"

ဗညားစကားကြောင့် မိုးမာန်ပါးစပ်လှုပ်ကာ ကြိတ်ဆဲလိုက်သည်။

"ငါကတော့ ပြောမယ်ဆို ချက်ခြင်းပဲကြိုက်တယ်။ ရင်ထဲမှာသိမ်းထားရတာ မွန်းကြပ်နေပြီ။ဒီနေ့ ညနေကျောင်းအပြန်ပဲ ဖွင့်ပြောလိုက်တော့မယ်"

ဝေယံကတော့ ဖြူဖြူမဲမဲသဲသဲကွဲကွဲတော့ သိချင်နေပြီဖြစ်သည်။

"အိုကေ..မင်းညနေပြောရင်..ငါတို့လဲညနေပဲ ပြောမယ်။ ဘာလို့ဆိုတော့ တစ်ယောက်ထဲ သွားရင် ကျန်တဲ့လူတွေက သတိအနေအထားနဲ့

www.burmeseclassic.com

www.burmeseclassic.com


ရှန်တိန်လုပ်သွားနိုင်တယ်။ တခါထဲ စပရိုက်ဝင်း သူ့တို့ ရင်ထဲကအဖြေကို ဒို့တွေရနိုင်မှာ..။"

"တံတွေးစင်တယ်။"

မိုးမာန်ကအခွင့်သာတုန်း ဗညားကိုနိုပ်ကွပ်လိုက်သည်။ ဗညားကမကျေနပ်သော်လဲ ဘာမှထပ်မပြောချေ။ ဒီကိစ္စနှင့် အခုအရေးကြီးသောဆွေးနွေးပွဲကို မပျက်စေချင်သလို မိုးမာန်ကို ပေစောင်းစောင်းလှည့်ကြည့်သော်လဲ ဘာမှတော့ထပ်မပြောချေ။

"ကဲ..ရဲဘော်တို့...ဒါဆိုလုပ်စရာရှိသည်တို့ကို ရဲရဲဝံ့ဝံ့ဆက်လုပ်ပါ... အောင်မြင်မှုအကြိုအထိမ်းအမှတ်အနေနဲ့...ချီးယား။"

ဝေယံက သူ့ရှေ့တွင်ရှိသော ကော်ဖီခွက်ကို မြှောက်လိုက်သည်။ မိုးမာန်နှင့်ဗညားကလဲ သူတို့ အသီးသီးရှေ့ တွင်ရှိသော ကော်ဖီခွက်တွေကို မြှောက်ကာ ခွက်ခြင်း တိုက်ကာ ချီးယား ဆိုပြီးကြုံးအော်ကြလေသည်။ သူတို့ အသံတွေက ကျယ်လောင်သွားသဖြင့် ဘေးနားတွင်ရှိသော လူတွေကပါ အရူးတွေဆိုသည့် သဘောနှင့်ဝိုင်း ကြည့်ကြလေသည်။ ခါတိုင်းအချိန်မျိုးဆို ဒေါသတွေထွက်နေမှာဖြစ်သော်လဲ အခုအချိန်မှာတော့ ကိုယ့်အတွေးနဲ့ကိုယ် လူကအူမြူးနေသဖြင့် လှမ်းကြည့် လာကြသောလူများကို ပြန်လည်ပြုံး၍တောင်ပြလိုက်သေးသည်။

ဆယ်တို့ကိုကြည့်ကာအရူးကွက်နင်းသည်ထင်ကာအားလုံးက ဂရုစိုက်မနေတော့ဘဲ သူတို့အလုပ်ကိုသူတို့ ဆက်လုပ်ကြလေသည်။

ဝေယံတို့သုံးယောက်ကတော့ အတွေးပင်လယ်မှာ လက်ပစ်ကူးရင်း စုန်ဆန်မျောနေလေသည်။ တစ်ယောက်ပြောသော စကားကိုတစ်ယောက်က ထောက်ခံလိုက် တစ်ယောက်က ထပ်ပြောလိုက်နှင့် တကယ့်ကို အပေးအယူမျှခြင်း ကျေနပ်ကြည်နူးပျော်ရွှင်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၁၆)

ညနေခါတိုင်းလို နဝါကားနောက်ကလိုက်ရင်း ရင်ခုန်သံတွေက ဘလောင်ဆူနေသည်။ ဘယ်လိုဖွင့်ပြော ရပါ့မလဲဆိုတာကိုလဲ တစ်လမ်းလုံးစဉ်းစားနေသဖြင့် အာရုံ က ကားမောင်းတဲ့အပေါ်မှာမရှိပဲ တစ်ခြားကိုပဲရောက် ရောက်နေသည်။ နောက်ကားမှဟွန်းတီးမှ မီးပွိုင့်စိမ်း၍ ကားတွေထွက်နေမှန်းသိလိုက်သည်။ နဝါကား ရှေ့ကနေ မောင်းထွက်သွားတာကိုပင် လုံးလုံးမသိလိုက်ပေ။

ဟိုမှာသာ ဘာလုပ်မယ်၊ဘယ်လိုပြောမယ်ဆို ပြီး လက်သီးလက်မောင်းတန်းပြောခဲ့သော်လဲ တကယ်လက် တွေ့ကျ လူကနည်းနည်းလန့်နေသလို ကြောက်ဒူးတွေ တုန်နေသလိုလိုခံစားနေရသည်။ ဒါက ဝေယံကို ဘဝမှာ ပထမဆုံးခံစားဖူးတာပင်။ ဆယ်တန်းတုန်းကတော့ ကောင် မလေးတွေကို လိုက်စကားပြောဖူးသော်လဲ တစ်ခါမှ ဒီလို



မျိုးမဖြစ်ဘူးပေ။

နဝါနောက်ကြည့်မှန်မှ ဝေယံကားကိုလှမ်းကြည့် လိုက်သည်။ ဘာဖြစ်နေပါလိမ့်။ ကားများမကောင်းတာ လား။ အရင်ဆိုဒီလိုမဟုတ်ပါဘူး။ တွေးရင်း နဝါကားကို အရှိန်လျှော့လိုက်သည်။ ချက်ခြင်းဆိုသလို နဝါဖုန်းလေး က မြည်လာသည်။ ကြည့်လိုက်တော့ ဝေယံဖုန်းဖြစ်သည်။

"ဝေယံပြော ဘာဖြစ်တာလဲ ကားက။"

"အင်း နဝါရှေ့က စားသောက်ဆိုင်လေးမှာ ခဏ ရပ်စောင့်ပေးပါနော်။"

"အော်...ဟုတ်ပြီ။ နဝါစောင့်ပေးမယ်လေ။"

နဝါကားလေးကို အင်းယားလမ်းထဲရှိ Happy ဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်။ နဝါကားပေါ်ကဆင်းရင်း ဆယ်ထံလျှောက်လာလိုက်သည်။

"ကားဘာဖြစ်လို့လဲ။"

ဝေယံက ကားသော့ကိုပိတ်ရင်း...

"ဒီဆိုင်လေးမှာ ခဏထိုင်ရအောင် နဝါ။"

နဝါ ဘာမှဆက်ပြောမနေတော့ပဲ။ ရှေ့ကအရင် ထွက်လာခဲ့သည်။ ဝေယံကတော့ နဝါနောက်နားမှကပ် ကာလိုက်ပါလာသည်။

"ဘာမှာမလဲ။"

မီးနူးလေးကို နဝါလက်ထဲထည့်ပေးလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com


ဝေယံမေးလိုက်သည်။

"ရတယ် ကော်ဖီတစ်ခွက်ဆိုရပြီ။"

"အိုကေ ကော်ဖီနှစ်ခွက်ပေးနော်။"

ဘေးနားတွင်ရပ်နေသော ဝိတ်တာလေးကို ဝေယံ ကော်ဖီနှစ်ခွက်မှာလိုက်သည်။

"ကဲ့...ဘာပြောစရာရှိလို့လဲ။"

နဝါက ဝေယံကိုစိုက်ကြည့်ရင်းမေးလိုက်သည်။ ဝေယံလဲ နဝါကိုလှမ်းကြည့်ရင်း စကားလုံးများက လည်မျိုတွင် တစ်ကာအပြင်သို့ထွက်မလာတော့။ဝေယံကိုကြည့်နေရင်းနှင့် နဝါစိတ်သိပ်မရှည်တော့။ ဝိတ်တာလေးကတောင် ကော်ဖီနှစ်ခွက်လာချပေးနေပြီ။ အခုထိဝေယံက ဘာမှ မပြောဘဲ နဝါကိုချည်း စိုက်ကြည့်နေသည်။

"ကဲ...ဘာလိုလဲပြောဦးမှာလား။ ကော်ဖီတောင် လာချပေးနေပြီ။"

"အင်း...ကျွန်တော်...နဝါကို ချစ်တယ်။ကျွန်တော့် အချစ်ကိုလက်ခံပေးပါနဝါ။"

နဝါကော်ဖီသောက်နေရင်းနှင့်ပင် သီးချင်သလို လိုဖြစ်လာသည်။ ဘာမှစကားပလ္လင်မခံပဲ ဒါရိုက်ဖွင့်ပြော လာသဖြင့် လူကအံ့သြကာ ရုတ်တရပ်ကြောင်သွားသည်။ နဝါ လည်ပင်းထဲတွင်ရှိသော ကော်ဖီကိုမျိုချလိုက်ရင်း –

"နဝါ...ဝေယံကို သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တယ်။ နဝါစိတ်ထဲမှာ အဲ့ထက်ဘာမှမပို ဘူး။"

"အဲ့လိုတော့ ယတိပြတ်မဆုံးဖြတ်လိုက်ပါနဲ့ နဝါ ရယ်။ တကယ်လို့ ကျွန်တော့်ဆီမှာ နဝါမကျေနပ် တဲ့၊ မကြိုက်တဲ့အချက်တွေရှိရင်လဲပြောပါ ကျွန်တော် အကုန်ပြင်ပေးမယ်။"

တကယ်ကို အလေးအနက်ပြောနေမှန်း ဝေယံ မျက်လုံးများကိုကြည့်ရုံနှင့် သိသာနိုင်သည်။ နဝါခေါင်းကို ဖြေးညှင်းစွာခါရင်း....

"မဟုတ်ပါဘူး ဝေယံမှာ အပြစ်ပြောစရာတစ်ချက်မှ မရှိပါဘူး။ ဒါပေမဲ့အချစ်ဆိုတာ ဘယ်လိုပြောရမလဲ နားလည်ရခက်တယ်။ နဝါကတော့ နဝါ တကယ်ရင်ခုန်တဲ့သူကိုပဲ ရွေးချယ်ချင်တယ်။ အခု အချိန် အထိကို နဝါနှလုံးသားတွေက တည်ငြိမ် နေသေးတယ်။"

"ကျွန်တော် နဝါရဲ့အချစ်ကိုရဖို့ ဘယ်လိုကြိုးစား ရပါ့မလဲ။"

နဝါပြုံးရင်း..

"နဝါတို့ သူငယ်ချင်းလိုပဲနေကြရအောင်နော်။ နဝါ ...ဝေယံကို ဘယ်လိုမှချစ်လို့မရဘူး။"

"မရတော့ဘူး ကျွန်တော်ကတော့ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ထက်ကိုပိုနေပြီ။ ကျွန်တော် နုဝါကိုအရမ်းချစ်မိ
နေပြီ။ ကျွန်တော့အချစ်ကို လက်ခံပေးပါ
နုဝါရယ်။"

စားပွဲပေါ်တွင် တင်ထားသော နုဝါလက်ကလေးကို လှမ်းဆုပ်ကိုင်လိုက်သည်။ နုဝါမျက်နှာချက်ခြင်းတင်းသွားကာ လက်ကိုရုန်းလိုက်သော်လဲ ဝေယံကို လွှတ်မပေးဘဲ ခပ်တင်းတင်းလေး ဆုပ်ကိုင်ထားဆဲဖြစ်သည်။

"လွှတ်ပါ နုဝါကို အဲ့လိုမလုပ်နဲ့မကြိုက်ဘူး။"

နုဝါ မျက်နှာစူပုတ်ပုတ်နှင့် ခပ်မာမာပြောလိုက်သည်။ ဝေယံကိုကတော့ နုဝါကို အသနားခံတောင်းပန်တိုးလျှိုးသော မျက်ဝန်းများနှင့် စိုက်ကြည့်ကာ လွှတ်ပေးလိုက်သည်။

"ဒီမှာ ဝေယံအချစ်ဆိုတာ ခါးပြတိုက်လို့ရတဲ့
အရာမဟုတ်ဘူး။ တော်ပြီ ဝေယံဒါတွေ နားမ
လည်တဲ့ ရှင့်ကိုလဲ ဘာမှပြောမနေချင်တော့ဘူး။
နောက်လဲ မပတ်သတ်ချင်တော့ဘူး။ နုဝါတို့
သူငယ်ချင်းအဖြစ်ကပါ ရပ်စဲလိုက်ကြရအောင်။"

နုဝါက စားပွဲပေါ်ရှိပိုက်ဆံအိတ်ကို ကောက်ယူကာ ချက်ခြင်းကောက်ထွက်သွားသည်။ ဒေါသလဲတော်တော်ထွက်နေသည်။ ဒါတောင် တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးခဲ့သော အချိန်များကြောင့် ဒီလောက်သည်းခံထား



ဘာ။ နုဝါထွက်သွားတော့ ဝေယံအားကလိုက်ကာ အတင်းဆိုက်တောင်းပန်သည်

"ကျွန်တော် တောင်းပန်ပါတယ် နုဝါရယ် အဲ့လို
တော့မလုပ်လိုက်ပါနဲ့။"

ဝေယံဘယ်လောက် တောင်းပန်ပန်နုဝါကတော့ အရေးကိုမလုပ်ပဲ ကားပေါ်တက်ကာမောင်းထွက်သွားလေသည်။ ဝေယံလဲဆိုင်ထဲဝင်ကာ ပိုက်ဆံအမြန်ရှင်းကာ နုဝါကားကိုအမှီ မနည်းလိုက်ရသည်။ နုဝါကတော့ လုံးဝကို ဥပက္ခာပြုကာ သူမခြံထဲကို ကားကိုချိုးကွေ့ဝင်သွားသည်။

အသည်းကွဲခြင်းဆိုသည့် ဝေဒနာက ဝေယံရင်ထဲ အသည်းပက်ပြေးဆော့ရင်း ကောင်းကောင်းကြီး ဒုက္ခပေးနေလေသည်။စိတ်တွေညစ်လာသည်။ ရင်ထဲမှာလဲ မွန်းကြပ်လာကာ အသက်ရှူမဝချင်တော့..။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၁၇)

စိမ်းလဲ့ ကားမောင်းနေရင်း နောက်ကနေ အတင်းကျော်က အချက်ပြမီးပြကာ ကားအတင်းရပ်ခိုင်းသော မိုးမာန်ကြောင့် စိမ်းလဲ့ကားကို Moon Barkery ဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်။ မိုးမာန်ကားပေါ်က ဆင်းကာ စိမ်းလဲ့ထံလျှောက်လာသည်။ စိမ်းလဲ့က ကြောင်ကြောင်တောင်တောင်လေးပင် မိုးမာန်ကိုလှမ်းကြည့်ကာ ကားပေါ်ကလဲ မဆင်းမိ။ မိုးမာန်ကတော့ စိမ်းလဲ့ထိုင်နေသော ကားမောင်းသည့်ဘက်ကိုလာရပ်ကာ ကိုယ့်ကိုငုံ့ရင်း ကားထဲမှ စိမ်းလဲ့ကို ကြည့်ကာစကားဆိုလေသည်။

"ဒီဆိုင်မှာခဏထိုင်ရအောင် စိမ်းလဲ့ရယ်။"

စိမ်းလဲ့ မိုးမာန်ကိုလှမ်းကြည့်နေရာမှ နာရီကို ဖြတ်ကနဲ ငုံ့ကြည့်လိုက်သည်။ ဒါကို အင်မတန်ပါးနပ်လျှင်မြန်သော မိုးမာန်ကလဲ တွေ့ဖြစ်အောင်တွေ့လိုက်သေးသည်။

"ခဏလေးပါစိမ်းလဲ့ရယ် မကြာစေရဘူးစိတ်ချ"



စိမ်းလဲ့ စိတ်ထဲမှာ သိပ်မသင်္ကာသော်လဲ အချင်းချင်းမို့ အားနာတာနှင့် စိမ်းလဲ့ဘာမှထပ်ပြောမနေတော့ဘဲ ကားပေါ်မှ ပိုက်ဆံအိတ်ကလေးကို ယူကာဆင်းလာခဲ့သည်။

မိုးမာန်ကတော့ ရှေ့ကနေဦးဆောင်ကာ အပေါ်ထပ်သို့တက်လာခဲ့သည်။ စိမ်းလဲ့အပေါ်ရောက်တော့ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သည်။ မှန်တွေပတ်ပတ်လည်ဖြင့် ဖွဲ့စည်းထားသော ထိုအခန်းလေးက လှပကာချစ်စရာကောင်းနေသည်။ စိမ်းလဲ့တို့ အင်ယားကန်ဘောင်ကို လှမ်းမြင်ရသော ရှေ့ဘက်လေးတွင် ထိုင်လိုက်ကြသည်။ မိုးတွင်းပေါက်မို့လို့ ကောင်းကင်ကြီးကအနည်းငယ် မှိုင်းညို့ညို့ရှိနေသည်။ စိမ်းလဲ့နေသော မြက်ခင်းများနှင့်အတူ ချစ်စရာစုံတွဲလေးများက လက်ခြင်းယှက်ကာ ပျော်မြူးစွာနှင့် သွားလာနေကြသည်ကိုလဲ လှမ်းမြင်ရနိုင်သည်။

စိမ်းလဲ့ကတော့ လှပသော ပတ်ဝန်းကျင်ကို ငေးမောင်းကောင်းနှင့် ငေးနေတာ ဝိတ်တာလေးလာချပေးမှပင် မိုးမာန်..စိမ်းလဲ့အတွက် စားစရာမှာထားပေးမှန်းသိလိုက်သည်။

"လှတယ်နော်။ အခုလို ညနေဘက်သူငယ်ချင်းတွေနဲ့အတူ လမ်းမလျှောက်ရတာတောင်ကြာပြီ။ အရင်ကဆိုလေ စိမ်းလဲ့ရယ်၊ ဘရယ်လီရယ်၊ နဝ

www.burmeseclassic.com

www.burmeseclassic.com



ရယ်က ညနေဘက်တွေဆိုလာလမ်းလျှောက်ကြတယ်။ ”

“ဟုတ်လား အခုဘာလို့မလျှောက်တော့တာလဲ။”

မိုးမာန်က စိမ်းလဲ့စားဖို့ တူကိုဖောက်ပေးရင်း မေးလိုက်သည်။စိမ်းလဲ့ကတော့ရှေ့တွင်ရှိသောကော်ပြန့်ကြော်ကို အရသာခံဝါးရင်း

“အော်..ကန်ဘောင်ကပြန်ရင် နောက်ကနေ့တိုင်းကောင်လေးတွေလိုက်လာတော့ ရန်ဖြစ်ရလွန်းလို့နောက်တော့ စိတ်ရှုပ်ကြတာနဲ့ မသွားတော့တာ။”

“ဒါများ စိမ်းလဲ့ရယ် လွယ်လွယ်လေးပဲ။ ကောင်လေးတွေမလိုက်စေချင်ရင် အနားမှာအားကိုးရလောက်တဲ့ ချစ်သူတစ်ယောက်လောက်ရှာထားပါလား။ ဒါဆိုစိတ်ချဘယ်ကောင်လေးမှ အနားကပ်တော့ မှာမဟုတ်ဘူး။ ”

မိုးမာန်က မိမိဝွင်ထဲဝင်လာသဖြင့် အခွင့်အရေးရ



အုန်း စကားလှမ်းတောက်လိုက်သည်။

“နိုးပါ...စိမ်းလဲ့တို့မှာမှ အချစ်မရှိတာ။”

“မရှိတာမဟုတ်ပါဘူး မလိုချင်တာပါ။ ဟုတ်တယ်မှတ်လား။”

မိုးမာန်က စိမ်းလဲ့ကို အကဲခတ်ရင်း မေးလိုက်သည်။ စိမ်းလဲ့ကလဲ ခပ်အေးအေး ခေါင်းငြိမ့်ပြရင်းနှင့်

“အမှန်ပဲ..စိမ်းလဲ့တို့က အချစ်ကိုလိုကိုမလိုချင်တာ။ ”

“ဒါပေမဲ့ ကျွန်တော်ကတော့ စိမ်းလဲ့အချစ်ကို လိုချင်နေတယ်ဆိုရင်ကော...။”

မိုးမာန်ပြောပြီးပြီးချင်း စိမ်းလဲ့မျက်ဝန်းထဲကို ချက်တောင်မခတ်တမ်း မမိုတ်မသုန်စိုက်ကြည့်ကာ အဖြေရှာနေမိသည်။ စိမ်းလဲ့ကတော့ လက်ကျန်ကော်ဖီလေးကို အကုန်မော့လိုက်ရင်း..

“ဒါဆိုရင်တော့ ရှင်ကံဆိုးပြီ စိမ်းလဲ့ရည်းစားထားဖို့လဲ အစီအစဉ်လုံးဝမရှိသေးဘူး။ရှိခဲ့ရင်လဲအဲ့တစ်ယောက်က မိုးမာန်မဖြစ်နိုင်ဘူး။”

စိမ်းလဲ့စကားတွေနားထောင်ရင်း မိုးမာန်မျက်နှာကြီးက မကျေခင်ပြုံကျတော့မည့် မိုးလို မဲမှောင်လာသည်။ မိုးမာန်စကားကို ထိန်းပြောနေရင်းကပင် အသံကတုန်ချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ..ဘာလို့လဲ စိမ်းလဲ့။"

စိမ်းလဲ့...အသက်ကိုဝဝရှူရင်း မိုးမာန်ကိုမော့ကြည့်လိုက်သည်။ ဒီကိစ္စကတစ်ခါထဲ အပြတ်ရှင်းမှတန်ကာကျမည်။ တော်ကြာ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုးဆိုသလိုဖြစ်လာမှာကိုလဲ စိုးသည်။

"မချစ်လို့ပါ။ စိမ်းလဲ့ မိုးမာန်ကို မချစ်လို့ပါ။"

စိမ်းလဲ့စကားအဆုံးမှာတော့ မိုးမာန်ခေါင်းငိုက်ကျသွားသည်။ စိမ်းလဲ့ရင်ထဲ စိတ်မကောင်းသော်လဲ စိမ်းလဲ့ဘာမှမတတ်နိုင်ပါ။

"ကဲ ပြန်ကြရအောင် မိုးမာန်။ အရမ်းနောက်ကျနေရင် မာမီစိတ်ပူနေမှာစိုးလို့ပါ။"

စိမ်းလဲ့ကျသင့်ငွေကိုရှင်းကာ ရှေ့ကထွက်လာခဲ့သည်။ စိမ်းလဲ့ကားမောင်းထွက်လာချိန်မှာတော့ စိမ်းလဲ့ကားနောက်တွင် အရင်လိုမိုးမာန်ကား ပါမလာတော့ချေ။ စိမ်းလဲ့ကက်ဆက်ထဲ အခွေကိုထိုးထည့်လိုက်ရင်း သီချင်းလေးငြီးရင်း တိတ်ဆိတ်စွာပြန်လာခဲ့လိုက်သည်။ ခုနကအုံ့မှိုင်းနေသော မိုးကောင်းကင်ကလဲ ချက်ခြင်းလင်းလာကာ နေရောင်က ပြန်လည်ဖြာကျနေပြန်သည်။

လူ့စိတ်ဆိုတာလဲ တကယ်တော့ရာသီဥတုလိုပါပဲ။ အပြောင်းလဲအများကြီးနဲ့ တည်ဆောက်ထားတာမှတ်လား။ အခုလဲ မိုးမာန်ကိုကြည့်ရင်း စိမ်းလဲ့ ကောင်းကောင်းသဘောပေါက်ခဲ့ပါသည်။ နောက်ဆုံးတော့လဲ အချစ်ဆိုတာ ဒါပါပဲ။ အချစ်အတွက် ခဏတာကြေကွဲပြီးရင်လဲ နောက်ထပ်ကျန်ရှိနေသေးတဲ့ အလုပ်တွေအများကြီးကို ဆက်လုပ်ကိုင်ကြရဦးမှာမှတ်လား။ ဒါကြောင့် ဘာလို့ အချစ်အတွက် လူတွေ အချိန်ထပ်ကုန်နေကြဦးမှာလဲ။ ခဏတာကြေကွဲပြီးတော့လဲ ပုံမှန်အတိုင်း ပြန်လည်အသားကျကာ အသက်ရှင်လှုပ်ရှားကြရဦးမှာပဲ မဟုတ်လား။ စိမ်းလဲ့ အတွေးထဲမှာ နစ်မျောရင်း ဘယ်လို ပြန်ရောက်လာခဲ့ မှန်းတောင်သေချာမသိတော့..။



www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၁၈)

နဝါ ဖုန်းချပြီးပြီးချင်း ဖုန်းထပ်လာသဖြင့် ကောက်ကိုင်လိုက်သည်။ ဒီတစ်ခါဖုန်းဆက်တာက ဘရဏီဖြစ်သည်။

"ဘယ်လိုလဲ ဘရဏီ...နင့်ကို ဗညားရည်းစားစကား လာပြော သွားတယ်မှတ်လား။"

"ဟင်..နင်ဘယ်လိုလုပ်သိလဲ။"

ဘရဏီအသံက အံ့သြသွားပုံပင်။

"အင်း ဒီလိုပေါ့။"

"ဘယ်လိုလဲ ရှင်းအောင်ပြောပါဟယ်။"

စိတ်စောနေသောအသံကြီးနှင့် နဝါကို အားမလိုအားမရ မေးလေသည်။

"ဒီလိုဟ ဒီနေ့နဝါကိုရော စိမ်းလဲ့ကိုရော ရည်းစားစကားပြောသွားတော့ ဘရဏီကိုလဲ ကျိန်းသေ



ပြောမှာပဲလို့ထင်လို့။"

"အင်းဟုတ်တယ်။ ဘရဏီကိုလဲ ပြောသွားတယ်။"

"ဘယ်လိုပြောသွားလဲ။ စားသောက်ဆိုင်မှာပဲမှတ်လား။"

"ဟုတ်တယ်။ နဝါတို့ကိုရော စားသောက်ဆိုင်မှာပဲပြောသွားကြတာလား။"

"အင်း...ဟုတ်တယ်။ နဝါကိုရော စိမ်းလဲ့ကိုပါ စားသောက်ဆိုင်မှာပဲ ရည်းစားစကားပြောသွားတာ နဝါနဲ့ စိမ်းလဲ့ကတော့ တစ်ခါထဲငြင်းခဲ့တယ်။ ဘရဏီရော...။"

"ဘရဏီလဲ တစ်ခါထဲငြင်းခဲ့တယ်သိလား။ ဘရဏီ မချစ်ဘူးလို့။ ဗညားကို ဘယ်လိုမှ ချစ်လို့ မရ ဘူးလို့ တစ်ခါထဲ အပြတ်ငြင်းခဲ့လိုက်တယ်။"

"ဟုတ်လား။ နဝါနဲ့ စိမ်းလဲ့လဲ အဲ့လိုပဲငြင်းခဲ့တာ။"

"ဒါဆို ဘရဏီတို့ ကြိုတိုင်ပင်ပြီး ငြင်းတယ်လို့များ ထင်ကြမလားမသိဘူးနော်။"

"ထင်လဲပြဿနာမရှိပါဘူး။ သူတို့လဲ သူငယ်ချင်းတွေတိုင်ပင်ပြီး တစ်နေ့ထဲရည်းစားစကား

www.burmeseclassic.com

www.burmeseclassic.com



အကုန်လာပြောကြတာပဲ။"

"ဟုတ်တယ်နော်။ သူတို့တွေက မိန်းကလေးသုံးယောက်ကို ကောင်လေးသုံးယောက်က ခွဲတန်းချပြီး လိုက်ကြတာပါ။ သူတို့ပုံစံတွေက ငယ်ငယ်တုန်းက ကလေးတွေမုန့်ဝေသလို သူရရင်ငါလဲရရမယ်ဆိုပြီး ဝင်ပြီးတန်းစီတဲ့ပုံစံမျိုးတွေပါ။"

"ဟုတ်တယ် ဘရဏီပြောတာ အရမ်းမှန်တာပဲ။ တော်သေးတာပေါ့ ဒို့သုံးယောက်ကလဲ သူတို့ကို လုံးဝစိတ်မဝင်စားလို့။"

"ဒါပေမဲ့ အားလုံးထဲမှာ ဝေယံကို ကတော့ နုဝါအပေါ်လေးနက်မယ်ထင်တယ်။ ဟိုနှစ်ယောက်ကသာ သူများယောင်လို့ လိုက်ယောင်တဲ့ပုံပါ။"

"မထူးပါဘူး ဘရဏီရယ်။ သူလဲ အဲ့လိုပဲနေမှာပါ။ စောနကတော့ စိမ်းလဲ့နဲ့ ဖုန်းပြောတုန်းကတောင် စိမ်းလဲ့ကပြောနေသေးတယ်။ သူလဲ ငြင်းလိုက်ရောတဲ့ မိုးမာန်ကဟန်ဆောင်ပန်ဆောင်လေးတောင် စိမ်းလဲ့ကို ပြန်လိုက်မပို့တော့ဘူးတဲ့။"

"ဟုတ်တယ်လေ။ ဘရဏီကိုလဲ အဲ့လိုပဲ ဗညားက ကြက်ကြီးလည်လိမ်ခံထားရတဲ့ ရုပ်ကြီးနဲ့ လင်းတမှိုင်မှိုင်ပြီး ကျန်ခဲ့တာ။ နုဝါကိုရော ဝေယံပြန်လိုက်ပို့ပေးသေးလား။"

"အင်း..သူကတော့ အားလုံးထက် ပိုဟန်ဆောင်ကောင်းလို့ထင်တယ် နုဝါအိမ်ရောက်တဲ့အထိတော့ပြန်လိုက်ပို့သေးတယ်။"

"အင်း ဒါကြောင့်ပြောတာပေါ့ ဝေယံကို ကတော့ နုဝါကို တကယ်ချစ်တာဖြစ်နိုင်တယ်လို့။"

"အော်..သူတကယ်ချစ်ချစ် မချစ်ချစ် နုဝါမှ ချစ်လို့မရတာ ဘရဏီရယ်..။"

"ဒါဆို ဘရဏီတစ်ခုတော့ ပြောချင်တယ်။"

"ဘာများလဲ ဘရယ်ဏီ။"

"ဘရဏီတို့ သူတို့နဲ့ ခပ်တန်းတန်းဆက်ဆံ ရင်ကောင်းမလားလို့။"

"ဟုတ်တယ်။ ဒီကိစ္စကို နုဝါနဲ့ စိမ်းလဲ့တို့လဲ တိုင်ပင်ထားကြတယ်။ နုဝါတို့ သူတို့နဲ့အရောမဝင်တော့ပဲ မသိမသာကိုယ့်ဘာသာပြန်နေကြရင်ကောင်းမယ်။ သူတို့လဲ သဘောတော့ပေါက်ကြမှာပါ။"

"ဟုတ်တယ် ဘရဏီလဲ အဲ့ဒါ စဉ်းစားမိလို့။ သူတို့အိမ်ပြန်လိုက် ပို့နေတာတွေကိုပါရပ်ခိုင်းလိုက်ရင်ကောင်းမယ်။ဘရဏီတို့နဲ့ သူတို့နဲ့ကို တချို့တွေက တစ်မျိုးထင်နေကြတယ်လေ။ အဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ တကယ်လို့များ သူတို့တွေက အိမ်ပြန်လိုက်ပို့ရင်း နဲ့ တစ်ခုခုဖြစ်လာရင်တောင် လာကူကြမှ မဟုတ်ရင်။ အဲ့တော့ ဘာပဲပြောပြော ဘရဏီတို့အတွက်တော့ မကောင်းဘူး။ ဘာမှမဆိုင်မှန်း သိအောင်တော့ လုပ်ရမယ်။”

“အင်း...ဘရဏီပြောတာလဲ ဟုတ်ပါတယ်။ အဲ့လိုပဲ လုပ်ကြတာပေါ့။”

“ဒါဆို မနက်ဖြန်မနက်ကနေစပြီး ကျောင်းကို သူတို့မလာခင်အချိန်ထဲက စောစောသွားထားကြမယ်။ ညနေအပြန်ကြရင်လဲ ဟိုဝင်စရာရှိလို့ ဒီဝင်စရာရှိလို့ ဆိုပြီး လိုက်မပို့ခိုင်းတော့ဘူး။ နောက်နေ့တွေလဲ လာကြိုမပေး နဲ့လို တစ်ခါထဲ အပြတ်ပြောရအောင်။”

“အင်း..ကောင်းတယ်အဲ့အစီအစဉ် စိမ်းလဲ့ကိုပါ ဖုန်းဆက်ပြောလိုက်ရင်ကောင်းမယ်။”

“အိုကေ..ဒါဆို ဘရဏီပဲ ဆက်လိုက်မယ်။”

“ကောင်းပြီလေ။ ဒါဆို ကျောင်းသွားတော့မဲ့ အချိန်ကြရင် ဖုန်းဆက်လိုက်လေ။ အကုန်အိမ်ကအတူ ထွက်ကြတာပေါ့။”

“ကောင်းပြီ နုဝါ။ ဖုန်းဆက်လိုက်မယ်လေနော်။”
နုဝါတို့ အားလုံးတိုင်ပင်ကာ အကွက်ချလိုက်ကြသည်။ ဟိုး



အရင်ထဲကလဲ ဒါမျိုးဖြစ်ရင် ဘယ်လိုလုပ်မယ်လို့တိုင်ပင်ကြပြီးဖြစ်သဖြင့် သိပ်ပြီးတွေးကာ ခေါင်းခြောက်နေစရာမလိုတော့ပါ။ သိပ်မကြာခင်အချိန်မှာလဲ ပထမနှစ်စာမေးပွဲကို ဖြေရတော့မှာ ဖြစ်သဖြင့် သိပ်တော့ပြဿနာမရှိချေ။ နုဝါတို့ကို အတ္တကြီးတယ်ပဲပြောပြော အခုဆိုနုဝါတို့ဘေးကို ကောင်လေးတော်တော်များများလဲ အရင်လိုမကပ်ရဲတော့သဖြင့် သူတို့မရှိလဲဖြစ်နေပြီဖြစ်သည်။

နုဝါတို့အကြောင်းကို မသိခင်တုန်းကသာ အသဲအသန်လိုက်ချင်ကြသော ကောင်လေးများကလဲ အခုဆိုနုဝါတို့ရဲ့စိတ်တွေကို သိကာ ဆယ်ပေအကွာကပင် ရှောင်သွားကြသဖြင့် တော်တော်လေးလဲ စိတ်ချမ်းသာရသည်။ ရနိုင်မှန်းသိသော နုဝါတို့ဆီတွင် သူတို့၏တန်ဖိုးရှိသောအချိန်တွေကို မကုန်ဆုံးတော့ပဲ သူတို့ကို မေတ္တာပြန်လည်တုန့်ပြန်မဲ့ကောင်မလေးတွေကိုသာ အချိန်ပေးသင့်ကြောင်းကိုလဲ ကောင်လေးတွေကောင်းကောင်းသိကုန်ကြပြီ ဖြစ်သဖြင့် နုဝါတို့အဖွဲ့ဘေးတွင် အရင်လို ဝေယံကိုတို့အုပ်စုရှိနေပေးရန်လဲ မလိုအပ်တော့ချေ။ ဒီတော့ လူတစ်ယောက်အတွက် မလိုအပ်ရင် အဲ့ဒါဟာ အမှိုက်ပဲပေါ့။ ဒါဆိုရင် စွန့်ပစ်ခွင့်ရှိတယ်မဟုတ်လား။ ပြီးတော့ သူတို့တွေလဲ အရင်လို နုဝါတို့အပေါ်မှာ မဖြူစင်တော့ ဒီတော့နုဝါတို့ ဘက်ကလဲ အရင်လိုခင်ခင်မင်မင်မပက်သတ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တော့တာ နုဝါတို့အများတော့မဟုတ်ပါဘူး။ နုဝါ ကုတင်ပေါ်မှာဟိုဘက်ကိုလှိမ့်လိုက်ဒီဘက်ကိုလှိမ့်လိုက်နှင့်အတွေးပေါင်းစုံနှင့် အဖြေကိုကြိုးစားရှာဖွေနေမိသည်။



❧ ❧ ❧ ❧ ❧

## အခန်း(၁၉)

နုဝါတို့အားလုံးက ခပ်တန်းတန်းပုံမှန်သာ ဆက်ဆံကြသဖြင့် သူတို့လဲ နုဝါတို့နှင့် အရင်လိုအတင်းဝင်လုံးကာ မဆက်ဆံရဲချေ။ အခုဆို နုဝါတို့က အပို့၊အကြိုကိုလဲလုံးဝလက်မခံတော့သဖြင့် သူတို့တွေ လိုက်မပို့တော့ချေ။ ကျောင်းရောက်ရင်လဲ သူတို့ကိုကြုံမြင်ပါက အရင်ကြိုရှောင်သည်။ မတတ်သာ၍ ထိပ်တိုက်ဆုံလာလျှင်တော့ ပြုံးပြရုံမှလွဲ၍ အရင်လိုညည်တောင့်ခံမနေတော့ပေ။ မလွဲသာလို့ ပြုံးပြလိုက်ပြီးတာနှင့် ကိုယ်လမ်းကိုယ်ဆက်သွားကြသည်။

သူတို့က တစ်ခါ၊နှစ်ခါတော့ အတင်းဝင်ရောက်ကာ လိုက်မည်၊ပြုမည်ပြောသော်လဲ နုဝါတို့ကတော့ ပြတ်ပြတ်သားသားပင် ငြင်းဆန်ခဲ့သောကြောင့်လည်း အခေါက်ကြိုကာ ရှေ့ဆက်ပြီးမတိုးရဲကြတော့ချေ။ နုဝါတို့ကြီး ပြသ

www.burmeseclassic.com

www.burmeseclassic.com



နာဖြစ်ကာစကတော့ သမီးရည်းစားအချင်းချင်း စိတ်
ကောက်တယ်ဟု ထင်ထားကြသော်လဲ အခုနဝါတို့ပုံစံ
ချစ်သူအချင်းချင်း စိတ်ကောက်တဲ့ပုံမဟုတ်ဘဲ သာ
အသိတစ်ယောက်ကို ဆက်ဆံသလိုမျိုးဆက်ဆံသည့်အ
အားလုံးက မျက်လုံးတွေပြူးကာ နားမလည်ဖြစ်ရ
သည်။

ဒါကြောင့်လဲ သူဟို့ထင်ကြေးမျိုးစုံနှင့် ထပ်မံ
ဆိုကြပြန်သည်။ ကောင်လေးတွေက လိုက်ပြီး နဝါတို့
မသိချင်ယောင်ဆောင်နေကြသဖြင့်လဲ သူတို့လိုက်မ
ပြန်ဘူးထင်ပါသည်။ သတင်းမျိုးစုံကို တစ်နေ့တစ်မျိုး
အောင် နဝါတို့ကြားခဲ့ရသည်။ အခုလဲ နဝါတို့ရော
နေတာကိုမသိသော ကောင်မလေးတစ်စုက နဝါ
အကြောင်းကို အတင်းတုတ်နေပြန်သည်။ ဆင်နားရွက်
ပိတ်ထားသော တံခါးအတွင်းမှာတော့ ကောင်မလေးတ
ယောက်ရဲ့ အသံကကျယ်ကျယ်နှင့် သူ့ပဲအူမချေးခါး
သည့် ပုံနှယ်အားရပါးရပြောနေလေသည်။

ဘာရယ်မဟုတ်နဝါတို့လဲ အတန်းပြင်ကို အ
ထွက်ကြားသဖြင့် ရပ်နားထောင်နေလိုက်သည်။ တံခါး
အတွင်းဘက်ကောင်မလေးကတော့ နဝါအဖွဲ့ တံခါး
အပြင်ဘက်တွင်ရှိနေတာကိုမသိရှာပဲအာပေါင်အာရင်းသ
သန်နှင့်ပြောသဖြင့် နဝါတို့လဲ တစ်ယောက်ကိုတစ်ယော



ကျက်စပြစ်ကာ ဘာရယ်မဟုတ် အပျင်းပြေရပ်နားထောင်
လိုက်သည်။

"ငါပြောတယ်မှတ်လား။ ဒီလောက်မာနကြီးတဲ့
မိန်းမတွေကို သွားပတ်သက်တာကို။ အလကား
တကယ်တော့ အဲ့နဝါတို့က တမင်လုပ်တာသိ
လား။ "

အထဲက ကောင်မလေးစကားကြားတော့ နဝါကို
ကိုယ်ကိုယ်ကိုယ် လက်ညှိုးပြန်ထိုးကာ ဘာသဘောလဲ
သည့်ပုံမျိုးနှင့်သူငယ်ချင်းတွေကို မေးငေါ့ပြလိုက်သည်။
သူငယ်ချင်းတွေကတော့ သူတို့လဲမသိဘူးဆိုသည့် ပုံစံမျိုး
ပခုံးနှစ်ဖက်ကို ပြန်လည်တွန့်ပြကြသည်။

"ဘာလိုတမင် လုပ်တာလဲ လုပ်ပါဦး။"

သုံး၊လေးယောက်လောက်တော့ရှိမည် ထင်ရ
သည့် အထဲက ပွစိပွစိအသံများကြားမှ အသံစူးစူး စွာစွာ
ကောင်မလေးတစ်ယောက်၏ အသံက ထပ်မံပေါ်ထွက်
လာပြန်သည်။

"ဒီလိုဟ။"

ဒီတော့ စောနကဆရာမကြီးလေသံနှင့် ပြောနေ
သော ကောင်မလေးက .. အသံကိုအနည်းငယ်ဆွဲလိုက်၍
အားလုံး၏ သိချင်စိတ်ကိုပိုမိုနှိုးဆွလိုက်သည်။ အခုတော့
သည်း တစ်ဖွဲ့လုံးက ဒီကောင်မလေးပြောနေတာကို

www.burmeseclassic.com

www.burmeseclassic.com



မကြားရမှာ စိုးသည့်အလား ကက်ဆက်အကြီးဖွင့်နေတုန်း ရုတ်တရပ် မီးပြတ်သွားသလို ယတိပြတ်ကြီး ငြိမ်ကျ သွားလေသည်။ အဲ့တော့မှာ ဒေါ်ဒေါ်ပဲကလဲ စကား ကိုပြန်ဆက်လေ သည်။

"ဒါတမင် ထွင်လုံးသုံးတာ။ အရင်ကလဲ သူတို့ ကို အားလုံးစိတ်ဝင်စားနေတဲ့အချိန်မှာ မတူသလို မတန်သလိုချိုးတယ်။ အဲ့လိုချိုးလေ ကောင်လေး တွေက ပိုပြီး စိတ်ဝင်စားလေမှတ်လား။ နင်တို့ စဉ်းစားကြည့်ကြဟာ လူဆိုတဲ့အမျိုးကလဲ မရတာ ကိုမှ ပိုလိုချင်ကြတာမှတ်လား။ အဲ့အကြောင်းကို ကောင်းကောင်းသိတဲ့ သူတို့က အဲ့လိုအကွက်ကို တမင်နင်းလိုက်တာ။"

"မဖြစ်နိုင်ပါဘူး။ ဒါဆို သူတို့ကဘာလို့ ဖစ်ဆင် မေဂျာက ကောင်လေးတွေနဲ့ သူငယ်ချင်းလုပ် လိုက်လဲ။"

သူတို့အဖွဲ့ထဲမှ ကောင်မလေးတစ်ယောက်က တော့ သူ့စကားကိုအပြည့်အဝမယုံသလို ထောက်ပြလိုက် သည်။

"ဒါက ဒီလိုရှိတယ်။ နင်စဉ်းစားကြည့်ဟာ နေ့တိုင်း ဝက်သားဟင်းစားပါဆို စားချင်မလား တစ်ခါတစ်လေတော့လဲ ချဉ်ပေါင်ဟင်း၊ အရွက်



ကြော်ကို စားချင်ကြတာပဲမှတ်လား။ ဒါဘာလို့ လဲဆိုတော့လူဆိုတာက အပြောင်းအလဲကို ကြိုက် တယ်။ အဲ့ တော့ သူတို့ကလဲ လူတွေရဲ့ အာရုံကို နောက်တစ်မျိုးနဲ့ ထပ်ပြီးဆွဲဆောင်လှည့်ဖျားလိုက် တာပေါ့။"

အောင်မလေး ဒီကောင်မလေးကတော့ အီကိုမေ ဂျာမယူသင့်ဘူး ဆိုက်ကိုမေဂျာသာပြောင်းယူသင့်တော့ တယ်။ နဝါကတော့ ခပ်ချဉ်ချဉ်တွေးရင်း သူငယ်ချင်း တွေကို ကြည့်လိုက်တော့ သူငယ်ချင်းတွေကလဲ ထိုကောင် မလေးစကားကိုကြားကာ လှောင်ပြုံးပြုံးနေကြလေသည်။

"ဒါဆိုအခုကြတော့ရော။"

"အော့....ဒါကဘယ်လိုပြောမလဲ။ နင်အနောက် တိုင်း မင်းသားမင်းသမီးတွေကြည့်ပါလား သူတို့ အကြောင်း လူတွေ စိတ်မဝင်စား ဝင်စားအောင် ကောင်းတာတွေရော မကောင်းတာတွေရော လုပ်ပြီး လူကြားထဲမှာရေပန်းစား အောင်နေကြ တာပဲ။ အခုလဲ သူတို့လဲ အဲ့လိုပဲပေါ့ဟ သူတို့ကို အတွဲတွေရှိနေပြီး တစ်ချို့ကောင်လေးတွေက မလိုက် ရဲဘူးလေ အဲ့တော့ သူတို့က ဘယ်လိုပြော ရမလဲ သူတို့လဲ ပရိမိုးရှင်းဆင်းတဲ့သဘောပဲဟာ။ ဘေးနားမှာရှိတဲ့ ကောင်လေးတွေကိုခေါ်ကပြီး

www.burmeseclassic.com

www.burmeseclassic.com



နာမည် ထပ်တင်တာ...။"

ဘုရားရေ...နဝါတို့ကပဲ မော်ဒယ်မမလေးတွေလို ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ပရိုမိုးရှင်းလုပ်ရဦးမည်ပေါ့။ ဟာဟာ။ ရယ်တောင်ရယ်ချင်သေးသည်။ ဒီကောင်မလေးက စာရေးဆရာရှူးလား၊ ဓာတ်ညွှန်းရေးဆရာရှူးလားတော့ မသိဘူး။ သူ့ပါးစပ်ထဲကထွက်ကျလာသည့် စကားလုံးတွေကတော့ ရုပ်ရှင်ကြည့်နေရသလို အချိတ်အဆက်မိမိပြောနေတော့သည်။ အဓိပ္ပါယ်ရှိတာမရှိတာကတော့ တစ်ကန့်တပေါ့။ ဒါပေမဲ့ သူ့မစကားတွေက အောင်မြင်သည့်လို့တော့ ပြောရမည်။ ဘေးကနားထောင်နေသည့်လူတွေကတော့ ငယ်ငယ်တုန်းက ကလေးတွေကို ပုံပြင်ပြောသလို ဝိုင်းကာ တိတ်ဆိတ်စွာဖြင့် အာရုံစိုက်နားထောင်နေကြသည်။

နဝါတို့လဲ စိတ်ကိုထိန်းချုပ်ထားသည့်ကြားက ရယ်ချင်လာကာ ရယ်ချမိလေသည်။ အားလုံးကလဲ ဒီလိုဝထရယ်ချလိုက်သဖြင့် ရယ်သံကြီးက ဝေါကနဲနှင့် ကျယ်လောင် စွာပေါ်ထွက်လာသည်။ နဝါတို့လဲ အဓိပ္ပါယ်မရှိသည့်စကားသံတွေ ဆက်ပြီးနားမထောင်လိုတော့တာနှင့် ထွက်လာခဲ့သည်။ နဝါတို့ရယ်သံကြီးတော့ ဆင်နားရွက်တံခါးအတွင်းမှာ ကောင်မလေးတွေက တံခါးဖွင့်သံကိုတော့ နဝါတို့အခန်းကိုမကျော်ခင်လေးတွင်မှာ



ကြားလိုက်ရသည်။

'နောက်နားမှ ကြားသွားလားမသိဘူးနော်' ဆိုပြီး ကောင်မလေးတစ်ယောက်၏ စိုးရိမ်သံတိုးတိုးကိုလဲ တဆက်ထဲကြားလိုက်ရပါသည်။

ကိုယ်မှန်တယ်ထင်ရင် ဘယ်သူ့ကိုမှ သိပ်ပြီးဂရုစိုက်တတ်သောနဝါတို့အတွက်တော့ ဒီကိစ္စက ဘာမှအရေးမကြီးပေ။ ရယ်စရာပျက်လုံးတစ်ခုကို လာရွတ်ပြနေသည့်လို့သာထင်သည်။ လူတွေရယ်တော့လဲရယ်ရသည်။ ကိုယ့်ထမင်းကိုယ်စားပြီး သူများအတင်းလိုက်ပြောရတာ ဆင်ပန်းဘူးလားမသိ။

နဝါတို့မှာ သူများအတင်းပြောဖို့ကို တစ်ခါမှ ဦးနှောက်ထဲမရှိခဲ့ပါ။ အားနေဖက်ရှင်လိုင်းကြည့်မယ်။ သီချင်းနားထောင်မယ်။ ဒီထက်ပိုအချိန်ရလျှင် ဒီဇိုင်းလုလုအားတွေ ထွင်မယ်။ ပြီးရင် ဒီဇိုင်းနာဆီသွားပြီး အာပေါက်တတ်ဒီဇိုင်းတွေရှင်းပြကာ ချုပ်ခိုင်းမယ်။ ဒါပဲရှိသည်။ အားပေါ်လေ လူဆိုတာ တစ်ဦးနဲ့ တစ်ဦးကတော့ တူမှမတူတာ ဒီလိုမျိုးတွေတော့ရှိမှာပေါ့...။ ဒါကိုလဲ ကန်တင်းကိုလျှောက်လာသော ခဏလေးမှာတင်ခေါင်းထဲမှာရှိသော်လဲ ပြီးတော့လဲ မေ့လျော့သွားခဲ့တာပါပဲ။ ဘဝမှာပျော်ပျော်နေသခဲ့ဆိုသည့်အတိုင်း ဘယ်အရာကိုမှာ ကြာကြာခေါင်းထဲထားပြီး စိတ်ရှုပ်မခံတတ်တာ အားလုံးရဲ့ အကျင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၂၀)

"ဝေယံ မင်းဒီထက်ပိုပြီး နုဝါနဲ့ မပတ်သက်သင့်တော့ ဘူးလို့ ငါတို့ထင်တယ်။"

ဗညားက ဝေယံမျက်နှာကို သေချာကြည့်ရင်းပြော လိုက်သည်။ ဗညားမျက်နှာမှာလဲ အခံရခက်တဲ့ အောင့် သက်သက်ပုံပေါ်နေသည်။ မိုးမာန်ကတော့ ပီကေကိုဝါး ရင်း ...

"ဟုတ်တယ် ဝေယံ။ ဗညားပြောတာအမှန်ပဲ။ အခု ဆိုကျောင်းထဲမှာလဲ ငါတို့အကြောင်းကိုပြောနေ ကြတာ ရစရာကိုမရှိတော့ဘူး။ ကိုယ့်ကိုမချစ်နိုင် ဘူးလို့ ငြင်းထားတဲ့ မိန်းမ တစ်ယောက်ကို အောက်ကျ နောက်ကျခံပြီး လိုက်ရအောင် ငါတို့ ဂုဏ်သိက္ခာအဲ့လောက် မပဲ့သေးဘူး။ တကယ် အမှန်အတိုင်းပြောကြေးဆို ငါတို့အခြေအနေနဲ့လဲ



ဘယ် မိန်းကလေးကိုမဆို ချဉ်းကပ်လို့ရပါတယ်။ အခုလို သုံး ယောက်လုံးကို အခေါက်ခံရတာတော့ မမိုက်ဘူး။ သိက္ခာကျတယ်။ ဒီကြားထဲမင်းကပါ လိုက်ပြီးကြွေပြနေတော့ လူတွေကြားထဲ ငါတို့က သနား စရာဂိုလို၊ လှောင်စရာလိုလိုဖြစ်ရ တယ်။"

မိုးမာန်ကပါ နုဝါတို့အဖွဲ့ကိုလုံးဝမကျေနပ်။ သူ ကျေနပ်ရင် မကျေနပ်စရာပင်။ ကျောင်းထဲမှာလဲ ဘယ် ရာသွားလိုက် သွားလိုက် အထူးအဆန်းလို ကျွန်တော် တို့ သုံးယောက်ကိုပဲ ကြည့်ပြီးဝေဖန်နေကြသည်။ တစ်ချို့ တော့ သနားသလိုလို မျက်ဝန်းများနှင့်ကြည့်ပြီး တစ်ချို့ တော့ လှောင်ပြောင်ချင်သလိုလို ပုံစံမျိုးနှင့်ကြည့်ကြ သည်။ ဒီလိုမျိုးဖြစ်တိုင်းလဲ ဗညားနှင့် မိုးမာန်က တောက် ခေါက်ခေါက်ဖြစ်နေကြသော်လဲ ဝေယံကတော့ အေး ဆေးပင်။ အဲ့လိုဖြစ်လေ နုဝါကို မရမကယူချင်လေလေ ဖြစ်မိသည်။

"ငါကတော့ နုဝါကို ချစ်တယ်။ အဲ့တော့ ဘယ်လို ပုံနဲ့ပဲဖြစ်ဖြစ်မရမက ရအောင်လိုက်မှာပဲ။ တကယ် လို့များ အဲ့လိုပုံစံကြောင့်မင်းတို့ပါရောပြီး သိက္ခာကျရတယ်ဆိုရင်တော့ ငါ့ကိုအပေါင်း အသင်း စာရင်းကသာ ပယ်လိုက်ပါတော့။"

www.burmeseclassic.com

www.burmeseclassic.com



ဝေယံကတော့ နုဝါကိုလက်လွှတ်ဆုံးရှုံးခဲ့ဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့သဖြင့် မိမိဆုံးဖြတ်ချက်ကို ပွင့်ပွင့်လင်းလင်းပြောလိုက်သည်။ နုဝါကိုရမည်ဆိုပါက အရာအားလုံးနှင့်လဲနိုင်သည်။ နုဝါသည် ဝေယံဘဝအတွက် အချစ်ဦးနှင့် တစ်ဦးတည်းသော အချစ်ရဆုံးချစ်ရသူလေး နုဝါကိုစတွေ့ထဲက ဝေယံဘဝရဲ့ ဖူးစာရှင်လေးလို့လဲ မှတ်ယူထားပြီးသား။ ဘယ်လိုပဲ ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ် နုဝါကို အရယူမည်။ ဝေယံဘဝရဲ့ အဓိပ္ပါယ်သည် နုဝါသာ ဖြစ်သည်လို့လဲ အရူးအမူးကို ခံယူထားခဲ့သည်။

"ဟူး။"

ဗညားက သက်ပြင်းကို မှုတ်ထုတ်လိုက်ရင်း...

"အဲ့လိုတော့ မပြောပါနဲ့ကွာ မင်းတို့ငါတို့ဆိုတာ စတိတ်ကျောင်းမှာထဲက ခင်လာကြတာပဲ။ အ... ဟာက မင်းအစား ငါတို့ကမခံနိုင်လို့ပါ။ မင်း... ကျေနပ်တယ်ဆို ငါတို့လဲပြောစရာမရှိပါဘူး။"

မိုးမာန်ကတော့ ခေါင်းကို ခါယမ်းရင်း...

"မင်းလဲ ဝဋ်ပဲကွာ..။"

ဟုတ်တယ် နုဝါ။ ကျွန်တော်က နုဝါဆီမှာ ဘ... ဘဝကများ ဝဋ်ကြွေးတွေပါလာလဲမသိပါဘူး ။ ဘယ်... မှ ရုန်းမထွက်နိုင်ပါဘူး နုဝါရယ်..။ ဝေယံအတွေးစ... က နုဝါထံတွင်ရစ်ဝဲနေပြန်သည်။



"မင်းအဲ့ဒါဆိုလဲ အရလိုက်ကွာ။ လုပ်မနေနဲ့ နုဝါ အချစ်က တော်ရုံတန်ရုံတော့ ရမှာမဟုတ်ဘူး မင်းအခြေအနေပေးရင် ခိုးသာပြေး။"

မိုးမာန်က နုဝါကိုအမြင်ကတတ်တာနှင့် တမင်ပင် ဝေယံကို မြှောက်ပေးလိုက်သည်။ ဝေယံမျက်နှာက တွေဝေနေသော်လဲ ဘာမှတော့ မပြောပေ။

"ဒါနဲ့ စာမေးပွဲတွေနီးပြီနော်။ ငါတို့အတန်းလေး ဘာလေးလဲ ပုံမှန်တက်ဦးမှာ စာမေးပွဲကတစ်ပတ်လောက်ပဲလိုတော့တာ အခုထိဘာစာကျက်ရမှန်း တောင်မသိ သေးဘူး။ တော်ကြာစာမေးပွဲကျမှ တစ်ရက်က နှစ်ရက်ဖြစ်နေဦးမယ်။"

ဗညားပြောမှ အားလုံးကလဲ မကြာခင်စာမေးပွဲရှိသည်ကို ခေါင်းထဲရောက်က အတန်းပြေးတက်ဖြစ်ကြသည်။ တစ်ချိန်လုံးနုဝါတို့ဘေးနားကပ်နေသဖြင့် မမှီလိုက်သော စာများကိုလဲ အခုမှ ဟိုလူ့ဆီငှား ဒီလူ့ဆီငှားနှင့် စာတွေပါ အသည်းအသန်ပြန်ကူးကြရသည်။ ဘာပဲဖြစ်ဖြစ်ကျောင်းသားတစ်ယောက်ရဲ့တာဝန်ကိုလဲ ကျေပွန်အောင်တော့ ထမ်းဆောင်ရဦးမည် မှတ်လား။

www.burmeseclassic.com

www.burmeseclassic.com





❧ ❧ ❧ ❧ ❧

## အခန်း(၂၁)

"အချိန်နှင့်ဒီရေသည် လူကိုမစောင့်"ဆိုသ… စကားသည် သွေးထွက်အောင်မှန်ခဲ့သည်။ တကယ်… မိုးရာသီကနေ ဆောင်းရာသီကိုပြောင်းပြီး အခုဆိုနွေရာ… ကိုပင် ရောက်လာခဲ့ပြီ။ နွေရာသီကျောင်းပိတ်ရက်က… တော်တော်ကို ရှည်လွန်းသည်ဟု ထင်မြင်မိသည်။ နုဝါ… မတွေ့ရတာ တစ်လပင်ပြည့်တော့မည်။ နောက်ဆုံးတွေ့… သည့်နေ့က စာမေးပွဲနောက်ဆုံးနေ့။ စာမေးပွဲဖြေနိုင်… လားလို့ သွားမေးခဲ့တုန်းကတော့ ခေါင်းလေးငြိမ့်ပြ… သည်။

ဟန်ဆောင်ပန်ဆောင်လေးတောင် စာမေးပွဲဖြေ… နိုင်လားလို့တောင်ပြန်မမေးခဲ့။ ဒီကောင်မလေးအသည်း… အရမ်းကို မာကျောလွန်းသည်။ အဲ့နေ့ကတော့ ဘာဖြစ်ပြီ… ဆိုပြီး နုဝါကားနောက်ကနေ အိမ်အပြန်လိုက်ပို့ခဲ့သည်…

…မကတော့ မသိသလိုနှင့် အိမ်ထဲကိုတန်းဝင်သွား လေ… …သည်။ တကယ်တော့ ဝေယံလိုက်ပို့တာကို နုဝါသိမှာပါ။ …သိစရာလဲ အကြောင်းမရှိပါဘူး။ နုဝါကအရမ်းကို လျှင်… …ကောင်မလေးပဲ။ တမင်မသိချင်ယောင်ဆောင်နေတာ …သာ ဖြစ်မည်။

နေ့စဉ်နေ့တိုင်းလဲ နုဝါအိမ်ရှေ့ကိုလာကာအလွမ်း… …လာကြည့်ပါသော်လဲ တစ်ရက်မှမတွေ့ခဲ့ရပေ။ နုဝါက …းနိုင်အားကောင်းလွန်းနေသည်။ ဒီနေ့တော့ နုဝါကို …တွေ့လျှင်လုံးဝမပြန်ဟု သံမဏိဒွန်ချထားကာ မနက် ဆယ် …ရီလောက်ထဲက လာစောင့်နေခဲ့သည်။ အိတ်ထဲမှာ လဲ …ကြိုတင်ပြင်ဆင်မှုများ…ထုပ်ထားခဲ့သည်။

ညနေသုံးနာရီကျော်ကျော်လောက်မှ နုဝါကား …သား ခြံထဲကထွက်လာသည်။ ဝေယံလဲ ကားသုံးလေးစီး …ကွာလောက်မှ မသိမသာလိုက်လာခဲ့သည်။ ဒီနေ့မှ …မေ့ကားကိုယူလာခဲ့သဖြင့်လဲ နုဝါမသိနိုင်ပေ။ နုဝါကား …သားကတော့ အရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာသည်။ နုဝါ …ကိုတွေ့လိုက်ရ၍ ဒီနေ့ပေါင်မုန့်နှင့်ပြီးလိုက်ရသောနေ့လည် …က တန်သွားသည်။ မတွေ့တာကြာလို့လားမသိ နုဝါ …လှလာသည်။ ဂျင်းပန်အတိုလေးနှင့် တီရှပ်အဖြူလေး …ဝတ်ထားသော နုဝါပုံစံလေးက ကလေးဆန်ဆန်လေး …င် ချစ်စရာလှပနေပြန်သည်။ နားတွင်လဲ နားကွင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် နေကာမျက်မှန်အနက်လေးကို တပ်ထားသော နဝ
ပုံစံလေးက ခပ်မိုက်မိုက်ဒီဇိုင်းလေးနှင့် အရမ်းကိုလန်းနေ
သည်။

နဝါကားလေးက Ocean super market ရှေ့တွ
ရပ်လိုက်သည်။ ကြည့်ရတာ တစ်ခုခုအရေးတကြီး ဝင်ဝယ
ပုံရသည်။ ကားကို ကားပါကင်တွင်ဖြစ်သလိုထိုးက
ဆိုင်ထဲသို့လှမ်းဝင်သွားသည်။ ဆိုင်ပေါက်နားရောက်
ကားသော့ကိုလဲ remote နှင့်လှမ်းပိတ်ကာ ခပ်သွက်သွ
ဝင်သွားလေသည်။

ဝေယံလဲ ကားထဲကနေသာနဝါကိုစောင့်နေလို
သည်။ ဘာရယ်မဟုတ် ဝေယံနဝါကားကိုလှမ်းကြည့်
လိုက်ချိန်မှတော့ ဝေယံအတွက်ကံကောင်းခြင်းများ
စောင့်ကြိုနေသည်။ နဝါကားတံခါးကမကျပေ။ လော
လောလောနှင့်ထွက်သွားသဖြင့် ကားတံခါးမကျခြင်း ဖြ
မည်။ ဝေယံဘာမှစဉ်းစားမနေတော့ပဲ ကားထဲရှိကော
ပိုးအိတ်လေးကို ယူကာကားတံခါးကိုပိတ်ပြီး နဝါကား
ပြောင်းတက်လိုက်သည်။ နဝါကားနောက်ခန်းထဲမှာ မ
နိုင်အောင် လှဲအိပ်နေလိုက်သည်။ ဆယ့်ငါးမိနစ်၊ မိန
နစ်ဆယ်ကြာတော့ နဝါပြန်ရောက်ရှိလာသည်။ အထုပ်
တွေကို ဒါရိုက်ဘာဘေးခုံတွင် လှမ်းတင်လိုက်တော
ဝေယံကိုယ်ကိုပိုကျုံ့ကာ ပုန်းနေလိုက်သည်။



နဝါကတော့ ဘာမှကိုသတိမထားမိပဲ ကားလေးကို ရှစ်မိုင်ဘက်ကို ဦးတည်မောင်းလာလိုက်သည်။ နဝါတို့အဘွားအိမ်သွားတာဖြစ်မည်။ နဝါတစ်ခါပြောဖူးသည် ရှစ်မိုင် ရွှေနှင်းဆီလမ်းတွင် နဝါတို့အဘွားအိမ်ရှိသည်တဲ့ ကျောင်းပိတ်ရက်တွေဆို နဝါကအဘွားတွေနှင့် သွားနေတတ်သည်ကိုလဲ ပြောဖူးသည်။ နဝါကားလေးက ရှစ်မိုင်ရွှေနှင်းဆီလမ်းထဲချိုးဝင်လိုက်သည်နှင့် ဝေယံထထိုင်လိုက်သည်။

"ဟင်…။"

နဝါနောက်ကြည့်မှန်ကို ကြည့်လိုက်ချိန်မှာတော့ နဝါကားပေါ်မှာအခန့်သားထိုင်နေသော ဝေယံကိုကိုတွေ့လိုက်သည်။

"နင်…ငါ့ကားပေါ်ဘယ်လိုရောက်နေတာလဲ ဆိုင်း။"

ကိုယ့်မသိပဲ ကိုယ့်ကားပေါ်ပိုင်စိုးပိုင်နင်းတက်ထိုင်လိုက်ပါလာသဖြင့် နဝါစိတ်ဆိုးဒေါသထွက်သွားသည်။

"နဝါမှာ ကားတံခါးကိုသေချာကျအောင် မပိတ်ပဲအဲ့တော့ ကိုယ်ကတက်ထိုင်လိုက်တာပေါ့။"

ဝေယံက ချစ်ရည်ရွှန်းသောမျက်ဝန်းတွေနှင့် နဝါမျက်နှာလေးကို သေချာစိုက်ကြည့်ရင်းပြောလိုက်သည်။ ဒါကိုပင်ဒေါသတွေထွက်နေသော နဝါက…

www.burmeseclassic.com

www.burmeseclassic.com



"နှင်အောက်တန်းကျလှချည်လား။ အဲ့လိုပဲ သူများကားပေါ်ကိုခိုးကြောင်ခိုးဝှက်တက်နေရလား။ ဆင်း အခု ဆင်း...။"

ကားကိုရပ်ကာ အတင်းနှင်ချနေသည်။ မနှင်ချလို့လဲမရပါ။ အဘိုးတွေအိမ်ကို ဘယ်လိုလုပ် သူ့ကိုခေါ်သွားလို့ရမှာလဲ။ ပြီးတော့ အဲ့လိုအပြုအမူမျိုးကိုလဲ နုဝါလုံးဝမကြိုက်ပါ။

"ဒီမှာက လူလဲရှင်းတယ်။ ကားလဲရှင်းတယ်။ ကိုယ်ဘယ်လိုအပြင်ရောက်အောင်ပြန်ထွက်ရမှာလဲ။"

တကယ်လဲနုဝါတို့ အဖွားအိမ်က ရွှေနှင်းဆီအတွင်းပိုင်းတော်တော်ကျသဖြင့် လူရော၊ ကားရောရှင်းသည်။ ကားပြန်ထွက်ငှားဖို့တောင် အနည်းဆုံးမိနစ်နှစ်ဆယ်လောက် လမ်းထိပ်ရောက်အောင်ပြန်လျှောက်ရမည်ထင်သည်။

"အိုကေ။ လမ်းထိပ်ပြန်လိုက်ပို့ပေးမယ်။"

"ရတယ်။မပို့နဲ့။"

သူ့စကားကိုနားမလည်သလို နောက်လှည့်ကြည့်လိုက်ချိန်မှာတော့ စူးရှသောအနံ့တစ်မျိုးစွပ်ထားသောလက်ကိုင်ပုဝါလေးနှင့် နုဝါနှာခေါင်းကို လှမ်းပိတ်လိုက်လေသည်။ နုဝါ တွန်းထိုးရုန်းကန်ပါသော်လဲ ယောကျ်ား

လေးနှင့် မိန်းကလေးအားဖြစ်နေတာကြောင့် နုဝါမရုန်းနိုင်တော့ပဲ တဖြေးဖြေးနုဝါပျော့ခွေကာ သတိမေ့သွားလေသည်။

နုဝါသတိမေ့သွားသည်နှင့် ဝေယံနုဝါကိုယ်လေးကိုမကာ တစ်ဘက်ခုံတွင်ပြောင်းတင်ထားလိုက်သည်။ ပြီးသည်နှင့် ကားစက်ကိုနှိုးကာ ဟိုင်းဝေးလမ်းမကြီးအတိုင်း ကားကို အရှိန်နှင့်မောင်းလာခဲ့သည်။ လေအဟုန်ကိုခွင်း၍ တရိပ်ရိပ်ပြေးနေသောကားလေးက အဝေးပြေးလမ်းမကြီးပေါ်တွင် လျှင်မြန်စွာဖြတ်သန်းနေသည်။

ဘေးနားတွင်ရှိသော နုဝါကိုလှမ်းကြည့်ရင်းလဲ ဝေယံစိတ်ထဲ ပြောမပြနိုင်လောက်အောင်ကို ကျေနပ်ကြည်နူးနေမိသည်။ ကိုယ့်ချစ်သူကိုပိုင်ဆိုင်ရတော့မှာလောက် ပျော်စရာကောင်းတာမရှိ။နုဝါကတော့ ကလေးလေးတစ်ဦးလို အပူပင်ကင်းစွာ မေ့မျောနေသည်။ အနီးကပ်ကြည့်လိုက်တော့ ဖြူစင်ဝင်းမွတ်သောအသားအရေပေါ်တွင် သွေးကြောစိမ်းလေးတွေယှက်ပြေးနေတာကအသည်းယားစရာကောင်းလောက်အောင်ကို ချစ်ဖို့ကောင်းသည်။ ပန်းနုရောင်နှင်းဆီဖူးနှုတ်ခမ်းနှစ်လွှာကို အကြည့်ရောက်သွားတော့ ဝေယံရင်ခုန်သံတွေက မြန်ဆန်လာသည်။

ကားမောင်းနေရင်းနဲ့လဲ ဘေးနားက နုဝါကိုအရိပ်

www.burmeseclassic.com

www.burmeseclassic.com



တကြည့်ကြည့်နှင့် လှမ်းလှမ်းကြည့်နေမိသည်။ ကားထဲမှာ လဲ လေးဖြူရဲ့ ငါ့ရဲ့လမင်းသီချင်းလေးကိုလဲ တိုးတိုးငြိမ့် ငြိမ့်ငြိမ့်လေးဖွင့်ထားလိုက်သည်။ ပျော်ရွှင်ခြင်း ကြည်နူး ခြင်းများက သွေးကြောထဲမှတဆင့် ခန္ဓာကိုယ်တစ်ခုလုံး ကို လှည့်ပတ်ပြေးလွှားနေသည်။ မျက်နှာတစ်ခုံးလုံးကလဲ ပါးစပ်ကိုပိတ်မထားနိုင်လောက်အောင်ကို ပြုံးဖြီးဖြီးကြီး ဖြစ်နေသည်။ အခုလိုသာ နဝါကိုခိုးယူနိုင်မှန်းသိပါက ဟိုကောင်တွေလဲ ဝမ်းသာကြလိမ့်မည်။ အတွေးတွေ ရှေ့ရောက်လိုက် နောက်ပြန်ရောက်လိုက်နှင့် စိတ်တွေက ကစဉ့်ကလျား..။

နဝါ ခေါင်းကသိပ်မကြည်ချင်။ နဝါဘာဖြစ်တာလဲ အရင်ဆုံးပြန်စဉ်းစားကြည့်လိုက်သည်။ မျက်လုံးကို အသာလေးဖွင့်ကြည့်လိုက်တော့ ဘေးနားမှာ ဝေယံက ကားမောင်းလို့။ ချက်ခြင်းဆိုသလို အဖြစ်အပျက်ကိုပြန် မှတ်မိသွားသည်။ နဝါမျက်စိဖွင့်ကြည့်ကာ လူကိုမတ်ပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်တော့ရန်ကုန်နှင့်တော်တော်ဝေး နေသည်။ အချိန်ကလဲ ငါးနာရီခွဲ၊ခြောက်နာရီလောက်ရှိ တော့မည်။ နဝါကိုယ်ကိုမတ်ကာ ခေါင်းထောင်ကြည့် လိုက်သည်။

"ဟင်....နဝါသတိရလာပြီလား။"

ဝေယံက ကားမောင်းနေရာမှ နဝါသတိရလာမှန်း



ချက်ခြင်းသိလိုက်သည်။

"ကားကိုအခုရပ်စမ်း...။နင်ယုတ်မာလှချည် လား။"

နဝါဒေါသထွက်ထွက်နှင့် ဝေယံကို ကိုထရိုက်ရင်း ထအော်လိုက်သည်။ ဝေယံကိုက နဝါလုပ်သမျှကို ငြိမ်ခံ နေရင်း နဝါကိုတောင်းပန်နှစ်သိမ့်နေလေသည်။

"ယုတ်မာတာမဟုတ်ပါဘူး နဝါရယ်။ နဝါကို ချစ်လွန်းလို့ပါ။ ကိုယ့်ဘဝမှာ မိန်းမတစ်ယောက် ကို ခိုးယူပေါင်းဖက်ရလိမ့်မယ်လို့ ဘယ်တော့မှ မတွေးမိခဲ့ဘူး။ အခု ဟာက နဝါကိုချစ်လွန်းလို့။ နဝါကိုလက်လွှတ်ဆုံးရှုံးမခံ နိုင်လို့ပါနဝါရယ်။"

ဝေယံက ကားကိုပုံမှန်မောင်းရင်း နဝါကိုချော့မော့ တောင်းပန်လေသည်။ နဝါမျက်ဝန်းများမှမျက်ရည်များက တော့ ပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက် လိမ့်ကျလာလေ သည်။ နဝါအံကို ကြိတ်လိုက်ရင်း..

"ဒီမှာ ငါကလေ အရှက်ကိုအသက်နဲ့လဲရတယ်။ နင်ကားကိုမရပ်ပေးဘူးနော် ကောင်းပြီ ဒါဆို ငါ ကားပေါ်က ခုန်ဆင်းရလိမ့်မယ်။"

နဝါက ပြောရင်ပြောသလိုလုပ်တဲ့လူမို့ကား တံခါးကိုဆွဲဖွင့်လိုက်လေသည်။ လော့ချလိုက်သော လည်း မမှီလိုက်ပေ။ ဝေယံဘာမှကို စဉ်းစားချိန်မရပဲ ကားကိုလမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘေးထိုးရပ်လိုက်တော့သည်။ ကားရပ်လိုက်သည်နှင့် နဝါကအရူးတစ်ယောက်လို ပြေးထွက်သွားလေ သည်။ ဝေယံလဲ ခါးပတ်ကိုချက်ခြင်းဖြုတ်ကာ နဝါ နောက်ကို ပြေးလိုက်ခဲ့သည်။ ဆယ်ငါးလှမ်း ၊အလှမ်း နှစ်ဆယ် လောက် တွင် နဝါလက်ကို ဖမ်းဆွဲတားလိုက် သည်။

"တောင်းပန်ပါတယ် နဝါရယ်။ နဝါမကျေနပ်ရင် ကြိုက်သလိုလုပ်ပါ။ နဝါကိုအမြမ်းချစ်လွန်းလို့ပါ။ ဒါကြောင့်နဝါနဲ့ မဝေးချင်လို့ နဝါအချစ်ကို ရချင်လို့ လုပ်ခဲ့မိတာပါ။"

နဝါ လက်ကိုဆောင့်ရုန်းလိုက်သည်။

"နင့်လိုကောင်မျိုးက အချစ်ဆိုတဲ့စကားလုံးနဲ့ မတန်တဲ့ကောင် နင်လိုကောင်မျိုးကို ငါအရမ်းရွံ တယ်သိလား နင့်ကိုယူမယ့်အစား ငါကိုယ့်ငါ သတ်သေလိုက်မယ်။ ငါမလုပ်ရဲဘူးမထင်နဲ့ ငါတကယ်လုပ်လိုက်မယ်။"

နဝါပြောပြီးပြီးချင်း မျက်နှာချင်းဆိုင်က လာနေသော ကားလမ်းပေါ်သို့ပြေးတက်သွားသည်။ နဝါမျက်ဝန်း ထဲတွင်မျက်ရည်များနှင့် ပြည့်နက်ကာ ဘာမှကိုသဲသဲကွဲ ကွဲမတွေ့ရတော့ချေ။ ဝေယံလှမ်းကြည့်လိုက်ချိန်မှာတော့ တစ်ဘက်ကားက မီးလှမ်းထိုးကာ အချက်ပေးလိုက်သည် ကိုသိလိုက်သည်။ နဝါအတွက်စိုးရိမ်စိတ်များက ထူပူ



လာကာ နဝါနောက်ကိုပြေးလိုက်ရင်း နဝါကိုလှမ်း ဖက်ကာ လမ်းဘေးဘက်သို့ ပစ်လှဲချလိုက်လေသည်။ ကားကလဲ နဝါရပ်နေမည်ထင်သော်လဲ အရင်းဖြတ်ပြေးလာသဖြင့် ကားကို လမ်းဘေးဘက်ကိုဆွဲချလိုက်သဖြင့် မြောင်းကြီး ထဲ ရှေ့ဘီးက ထိုးကျသွားလေသည်။

ကားကလူကိုမတိုက်မိလို့တော်သေးသည်။ ဘုန်းမြင့်မိုရ်အခုမှ သက်ပြင်းချကာ မျက်စိဖွင့်ကြည့်လိုက် တော့ မြင်ကွင်းက တော်တော်လေးကိုအံ့အားသင့်သွား စေ သည်။ ကားရှေ့ကိုကောင်မလေးတစ်ယောက်ပြေးဝင်လာ သို့ ဘရိတ်အုပ်ကာ လမ်းဘေးကို ထိုးချလိုက်ချိန်မှာပဲ ကောင်လေးက သူ့ကောင်မလေးကို စိုးရိမ်တကြီး လှမ်းဆွဲ ကာ လမ်းဘေးဘက်ကို လှိမ့်ချလိုက်သည်လို့ပဲ သိ လိုက်တာ။ အခုမီးထိုးထားလို့သေချာမြင်ရတော့မှ အဲ့ ကောင်မလေးက သူ့...သေအလဲမှန်းခဲ့သော ရှက်နဝါ ဖြစ်နေသည်။ အခြေအနေက ဘာမှန်းမသိလို့ကားပေါ်က ဆင်းမိဘဲ ရုတ်တရပ်ကြည့်နေမိသည့်အချိန်မှာပဲ..

နဝါ...ဝေယံရင်ခွင်ထဲမှကုန်းထလိုက်သည်။ နဝါကအပေါ်က ဝေယံကအောက်ကကျသဖြင့် နဝါက တော့ ဘာမှအနာတရမဖြစ်ခဲ့သော်လဲ ဝေယံခြေတော်က် ဆွကတော့ အုတ်ခဲကျိုးပေါ်ကျကာ ထောက်လို့မရလောက် အောင်နာကျင်နေသည်။နဝါကုန်းထရင်း ကားဆီပြေး

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလိုက်သည်။

ဝေယံလဲ အားတင်းဆက်ကာ နုဝါနောက်ကို ထော့ကျိုးထော့ကျိုးနှင့်လိုက်ခဲ့သည်။ ကားထဲက ဘုန်းမြင့်မိုရ်ကတော့ ပါးစပ်အဟောင်းသားနှင့် အခုထိလဲ ကားပေါ်က ကားအောင်မဆင်းမိဘဲ စိတ်ဝင်တစားကို ကြည့်နေမိသည်။ ကိုယ့်ကားဘာဖြစ်သွားလဲတောင် မကြည့်နိုင်လောက်အောင်ကို ရှေ့ကမြင်ကွင်းက သူ့ကိုဆွဲဆောင်ထားသည်။ မှန်ကိုချလိုက်သဖြင့် အပြင်ကအသံတွေကိုလဲ ကြားနေရသည်။

ဝေယံကိုက နုဝါကားရှေ့တွင် ပိတ်ရပ်ရင်း တတွတ်တွတ်တောင်းပန်နေရှာသည်။

"ငါ့ကားရှေ့ကဖယ်နော် ။ မဖယ်ရင် ငါပိတ်တိုက်လိုက်မှာ။ အဲ့ကျမှ ငါ့အဆိုးမဆိုနဲ့။ "

ဝေယံက နုဝါကားရွေ့တဲ့ဘက်ကို လိုက်ကာ ကာဆီးနေသည်။ နုဝါရင်ထဲမှာတော့ ရှက်တာတွေ၊ ဒေါသတွေနှင့် မွန်ထူကာ ဝေယံကိုအရှုမ်းမုန်းနေမိသည်။ နုဝါအခုလိုဖြစ်ရတာ သူ့ကြောင့်။ နုဝါဇာကြီးလို့သာ ရေတိမ်မနစ်ခဲ့ရတာ။

"ငါပြောနေတယ်နော် ဖယ်လို့။"

"တောင်းပန်ပါတယ်နုဝါရယ်။ ကိုယ့်ကိုခွင့်လွှတ်ပါ။ ခွင့်လွှတ်တယ်လို့ပြောပေးခဲ့ပါ။"



"ငါ..နင့်ကိုဘယ်တော့မှ ခွင့်မလွှတ်ဘူး။ဖယ်နော်။ မဖယ်ရင် ငါတကယ်တိုက်တော့မှာ..။"

"တိုက်လိုက်ပါနုဝါရယ်။ နုဝါဆီက ခွင့်လွှတ်တဲ့ စကားမကြားရရင် သေတာမှကောင်းသေးတယ်။"

နုဝါ လီဗာကိုဖိနင်းလိုက်သည်။ ကားသံကြီးက ဝေါကနဲ မြည်လာသည်။ဘုန်းမြင့်မိုရ်လဲ ကားထဲကကြည့်နေရင်းနှင့် လန့်ဖြန့်လာကာ ကားပေါ်က အပြေးဆင်းမိလေသည်။ သို့သော်ဘုန်းမြင့်မိုရ် နောက်ကျသွားလေသည်။ နုဝါ မျက်စိကို စုံမှိတ်ကာ ဝေယံကိုရှောင်ရင်း ကားကိုဆွဲကွေ့လိုက်သည်။ ဝေယံကတော့ နုဝါကားကွေ့တဲ့ဘက်ကို လိုက်ယိမ်းလိုက်သဖြင့် ဝေယံညာဘက်ခြေထောက်ကို တိုက်မိလိုက်မှန်းတော့သိလိုက်သည်။

နုဝါဆင်းကြည့်ချင်စိတ်မရှိသဖြင့် ဆင်းတော့မကြည့်တော့ဘဲ ကားဘက်ကြည့်မှန်ထဲကသာ လှမ်းကြည့်လိုက်သည်။ ညာဘက်ခြေထောက်ကိုဖိကာ လူးလှိမ့်အော်နေသော ဝေယံကိုကိုတွေ့လိုက်သည်။ ဝေယံက အနာကိုနှိပ်ရင်း ပါးစပ်ကလဲတရပ်စပ်နုဝါကို လှမ်းအော်ပြောလေသည်။

'ကျွန်တော်...ခင်ဗျားကို ဘယ်လောက်ချစ်ခဲ့လဲဆိုတာ ခင်ဗျားအသိဆုံးပါ။ ခင်ဗျားရက်စက်လွန်း

www.burmeseclassic.com



တယ်ဗျာ။ ခင်ဗျား မချစ်နိုင်ရင်အစထဲကမျှော်လင့်
ချက်ပေး မထားသင့်ဘူး။ ခင်ဗျားသက်သက်
အရှုးလုပ်တာ။ ကျွန်တော် ခင်ဗျားကို တစ်ခုတော့
ပြောခဲ့မယ်။ခင်ဗျားကို တကယ်ချစ်ခဲ့တဲ့ကျွန်တော့
အချစ်တွေ မှန်ကန်ရင် ခင်ဗျားလဲ ကျွန်တော်လို
ကိုယ်တကယ်ချစ်တဲ့ သူနဲ့ ဘယ်တော့မှ မဆုံ
ဆည်းပါရစေနဲ့။"

ကောင်လေးတစ်ယောက် ပြေးလာဆီးမွှေလို
တာတွေလိုက်သဖြင့် နဝါဆင်းကြည့်မနေတော့ဘဲ။ အိမ်
တန်းပြန်လာခဲ့လိုက်သည်။ အခုအချိန်လောက်ဆို နဝါ
အားလုံးလဲစိတ်ပျ နေလောက်ပြီ။ နဝါဆောက်တည်
မရစွာ ကားကိုအမြန် မောင်းရင်းထွက်လာခဲ့သည်
နားထဲမှာလဲ ဝေယံအသံတွေက ပဲ့တင်ရိုက်နေသည်။
ထဲမှာလဲ ဝမ်းနည်းအားငယ်လာကာ မျက်ရည်များက
ပေါ်သို့လိမ့်ဆင်းကျရောက်လာသည်။ မျက်ရည်
ကြောင့်ဝေဝါးနေ၍ ကားကိုပါအာရုံစိုက်ကာ ဂရုစိုက်မောင်း
လာခဲ့လိုက်သည်။



❧ ❧ ❧ ❧ ❧

အခန်း(၂၂)

ဝေယံကိုကိုဆွဲထူရင်း ဘုန်းမြင့်မိုရ် တောက်တစ်
ချက်ကို နာနာကြည်းကြည်းခေါက်လိုက်သည်။ ဘယ်လို
ဖြစ်ခဲ့လဲတော့ ကျွန်တော်မသိပါ။ ဒါပေမဲ့ ကိုယ့်ကိုအသက်
ပေးကာကွယ်တဲ့ ကျေးဇူးကိုမှမထောက် ကားနဲ့ဝင်တိုက်
ရတယ်လို့။ တိုက်ပြီးတာတောင် တစ်ချက်ဆင်းမကြည့်ပဲ
လူသားမဆန်စာနာစိတ်ကင်းမဲ့လွန်းသော ရှက်နဝါကိုလဲ
တူးတူးခါးခါးကြီးကို မုန်းမိပါသည်။

"ခင်ဗျားရလား။ လမ်းလျှောက်နိုင်ရဲ့လား။"

"ကျွန်တော့်ခြေထောက်တွေလုံးဝအထောက်မခံ
နိုင်တော့ဘူး။"

ဝေယံကို အားတင်းပြီး ထကြည့်သော်လဲ ခြေ
ထောက်က အထောက်မခံနိုင်လောက်အောင်ကို ခိုက်ခိုက်
တုန်နာကျင်နေသည်။ နာလွန်းသဖြင့် အသားတွေတောင်
တဆတ်ဆတ်တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကျွန်တော် ကုန်းပိုးလိုက်မယ်။"

ဘုန်းမြင့်မိုရ် မနေသာတော့ပဲ ကိုရီးယားကားတွေထဲကလို ကုန်းပိုးကာ ကားထဲသွင်းပေးလိုက်သည်။ ဝေယံကိုကတော့ အံကိုကြိတ်ရင်း တင်းခံနေသည်။ တော်တော်နာကျင်နေသည်ကိုတော့ တဆတ်ဆတ်တုန်နေသော သူ့မေးဖျားကိုကြည့်တာနှင့်သိနိုင်သည်။

"ဘယ်လိုဖြစ်တာလဲဗျာ။ ဒီမိန်းမ မိုက်ရိုင်းလွန်းတယ်။ လူမှုရေးစိတ်ဓါတ်နည်းနည်းမှကိုမရှိဘူး"

ဘုန်းမြင့်မိုရ်စကားကြားတော့ ဝေယံကို ဘုန်းမြင့်မိုရ်ကို လှည့်ကြည့်လာသည်။

"အော်..ကျွန်တော်က ရွက်နုဝါတို့နဲ့ တစ်မေဂျာထဲပါ။ ကျွန်တော်ခင်ဗျားကိုလဲ သိနေပါတယ်။"

ဝေယံကိုကတော့ ဘာမှပြောမလဲဘဲ ခေါင်းသာတစ်ချက်ညိတ်ပြလိုက်သည်။ ဘုန်းမြင့်မိုရ်ကတော့ ကြားကနေနာကာ စကားတွေကို တရပ်စပ်ပြောနေလေသည်။

"ကျွန်တော် ဒီမိန်းမကို ကျောင်းမှာထဲကကြည့်မနေတာ။ အလကားနေရင်း အခြောက်တိုက်မာန်တက်နေတယ်။ လူတွေအားလုံးကိုလဲ မတူသလိုမတန်သလိုနဲ့။"

ဝေယံကိုကတော့ ဘာမှမပြောဘဲ သူ့ဒူးခေါင်းကိုသာ ဆုပ်ကိုင်ထားသည်။



"အခုကိစ္စလဲကြည့်ဗျာ။ သူခင်ဗျားကို ဘယ်လောက်ကြီးပဲ စိတ်ဆိုးဆိုး ခင်ဗျားက သူ့ကို အသက်ကိုစွန့်ပြီးတောင်ကာကွယ်ပေးထားတာပဲ။သူ့ အခု လိုတော့ ခင်ဗျားကို ကားနဲ့မတိုက်သင့်ဘူး။ ပြီးတော့ တစ်ချက်လေးတောင် ဆင်းကြည့်ဖော်မရတဲ့ မိန်းမ။"

"သူက အရမ်းရက်စက်တယ်။ သူ့မှာအသဲနှလုံးမရှိဘူး။ သူကဘယ်သူ့ကိုမှ ကိုယ်ချင်းမစာပေးဘူးဗျာ။"

ဝေယံစကားပြောနေရင်းမှ အသံတွေက တိုးတိတ်ကာ သတိပါမေ့လျော့သွားတော့သည်။ ဘုန်းမြင့်မိုရ်လဲ ကားအရှိန်ကို မြင့်လိုက်ရင်း ဆေးရုံကိုမြန်မြန်တန်းမောင်းလာခဲ့သည်။ ဝေယံကိုကြည့်ရင်းနှင့်လဲ စိတ်မကောင်းဖြစ်မိသည်။ ရွက်နုဝါကိုတော်တော်ချစ်ပုံရသည်။ ဒီမိန်းမကသာ လူတစ်ဖက်သားအပေါ်အနိုင်ယူ ဗိုလ်ကျနေတာဖြစ်မည်။ ရွက်နုဝါအကြောင်းတွေးရင်း ဘုန်းမြင့်မိုရ်မေးကြောကြီးများ ထောင်လာသည်အထိ ဒေါသတွေထွက်နေမိသည်။

ကားကိုလဲ အမြန်မောင်းရင်း ဆေးရုံထဲချိုးကွေ့ဝင်လာခဲ့သည်။ ဆေးရုံရောက်သည်နှင့် ဝေယံအိပ်ကပ်ထဲမှာ ဖုန်းကိုစစ်ကာ အိမ်ဖုန်းဟုရေးထားသော ဖုန်းနံပါတ်ကို

www.burmeseclassic.com

www.burmeseclassic.com





နှိပ်ကာ လှမ်းအသိပေးလိုက်သည်။ စိုးရိမ်ပူပန်သွားပုံ ရသော ဝေယံအမေကတော့ ငိုကြီးချက်မနှင့်ကို မေးရှာလေသည်။ ဆေးရုံမှာလဲ ဒါကကားတိုက်မှုဖြစ်နေသဖြင့် ကြားထဲက ဘုန်းမြင့်မိုရ်မှာ ဘုန်းကြီးအမှုရှာပတ်ကာ ကိုယ်ပါမနေရပါဘဲ အမှုတွေကြားထဲ ကန့်လန့်ကန့်လန့်နှင့် ပါနေရသည်။

ခဏကြာတော့ ဝေယံအမေနှင့် အဖေရောက်လာလေသည်။

"အန်တီသား ဘယ်လိုဖြစ်တာလဲ သား။"

"အခုတော့ ခွဲစိတ်ခန်းထဲမှာပါ အန်တီ။"

"ဘာ...။"

မိုက်ကနဲဖြစ်သွားသော ဝေယံမေမေကို ဘေးနားတွင်ရှိသော ဝေယံဖေဖေက လှမ်းထိန်းလိုက်သည်။

"ကားတိုက်မှုဖြစ်တာ ဆိုတော့ မောင်ရင်မောင်းတဲ့ကားကလား။"

ထိုဦးလေးကြီးကလဲ သူ့သားကိုဝင်တိုက်ခဲ့သည်ထင်ကာ ဒေါသတကြီးအသံကြီးနှင့် ဘုန်းမြင့်မိုရ်ကို မေးလေသည်။ ဘုန်းမြင့်မိုရ်မှာသာ ယာဉ်ထိန်း ရဲကစစ်လိုက်၊ ဝေယံမိဘ တွေက စစ်လိုက်နှင့် တရားခံလုံးလုံးဖြစ်နေရသည်။ ဘုန်းမြင့်မိုရ် ဝေယံမိဘတွေကိုတော့ ကိုယ်သိသလောက် မြင်သလောက်ကို အမှန်အတိုင်းပြောပြလိုက်သည်။ ဘုန်းမြင့်မိုရ် အမေကတော့ အကြောင်းစုံသိရသဖြင့် တရားစွဲမည်တကဲကဲနှင့် ဦးလေးနှင့် ဘုန်းမြင့်မိုရ်ကသာ အကြောင်းရင်းကို သေသေချာချာခိုင်ခိုင်လုံလုံသိမှ လုပ်ဖို့မနည်း တောင်းပန်ထားရသည်။

တော်တော်လေးကြာတော့ ဆရာဝန်များထွက်လာကာ ခွဲစိတ်မှုပြီးဆုံးသွားပြီဖြစ်သည်။ ဝေယံကို၏ ညာဘက်ခြေချင်းဝတ်တွင်အရိုးများ တစစီကျိုးကာ စတီးချောင်းထည့်လိုက်ရသည်လို့ပြောသည်။ ဝေယံမိဘတွေကတော့ ရင်ကျိုးမတတ် ငိုကြွေးကြလေသည်။ မေးဆေးအရှိန်ပြေ၍ သတိရလာသည်နှင့် ဝေယံကတော့ သူ့ကို ချစ်လျှင် သူ့ကောင်မလေးကို တရားမစွဲရန်သာ မိဘတွေ ဆီတွင် တတွတ်တွတ်တောင်းပန်နေရှာလေသည်။

ဘုန်းမြင့်မိုရ်လဲ ကြည့်ရင်း ရင်ထဲမှာစိတ်မကောင်းဖြစ်ရှာ နွမ်းလျှလာလေသည်။ ချစ်တတ်လွန်းသော ဝေယံကို ကြည့်ကာ ရှက်နဝါကို သတ်ပြစ်ချင်လောက်အောင်ကို ရွံရှာမုန်းတီးလာမိသည်။ အားလုံးကို နှုတ်ဆက်ပြီး ဘုန်းမြင့်မိုရ်ပြန်လာချိန်မှာတော့ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၂၃)

ရွှက်နုဝါအတွက် ဒီအဖြစ်အပျက်ကြီးတစ်ခုလုံး က အိမ်မက်တွေလိုပင်။ တကယ့်ကို အိမ်မက်ဆိုးတွေပါ။ ကံကြီးလို့ဒုက္ခမရောက်ခဲ့သော်လဲ အရှမ်းကိုကြောက်ရွံ့သွားခဲ့သည်။ အဲ့ဒီနေ့ကဒေါသတွေထွက်နေတာရော ကြောက်နေတာရော နှစ်ခုပေါင်းကာ နုဝါဘာတွေလုပ်ခဲ့လို့လုပ်ခဲ့မိမှန်းမသိတော့ချေ။ဒီအဖြစ်တွေကို သူငယ်ချင်းတွေကိုပြန်ပြောပြတော့ သူတို့ကပါဒေါသတွေထွက်ကြလေသည်။

"ဟုတ်တယ် နုဝါ။ တကယ်ဆို နင်အသေကို တိုက်သတ်သင့်တာ။ ဒီလောက်အောက်တန်းကျတာ မိန်းမ တစ်ယောက်ကိုများ အလိုမတူပဲ မေ့ဆေးအုပ်ပြီး ကားတင် ခိုးပြေးရတယ်လို့။ ဒီကောင်တော်တော်လူမဆန်တာ။ နင်သာ ကံမကောင်းရင် အခုအချိန်ဆို ဒူးနဲ့မျက်ရည်သုတ်နေရလောက်ပြီ။



ဘာရယ်ဏီ အရမ်းကိုဒေါသတွေထွက်ကာ ပြောနေလေသည်။ နုဝါလည်း အဲ့အချိန်ကတော့ အရမ်းကိုဒေါသထွက်ခဲ့တာပဲ။ ဒေါသထွက်လွန်းလို့လဲ ဘာလုပ်လို့လုပ်မိ မှန်းကို မသိခဲ့ပါ။ အခုလိုသွေးအေးသွားချိန်မှာတော့ နုဝါများ လွန်သွားသလားလို့ သံသယဖြစ်မိသည်။ သူက သူ့အသက်ကို ပဓာနမထားပဲ နုဝါကိုကယ်ခဲ့တာမှတ်လား။

"ဟုတ်တယ်။ ငါလည်းသူ့ကိုအရမ်းကို ဒေါသထွက်ခဲ့တာပါ။ ဒါပေမဲ့ သူကငါ့အသက်ကို ကယ်ခဲ့တာ ငါက အဲ့လိုကားနဲ့ပြန်တိုက်ခဲ့တော့ ငါများလွန်သွားသလား မသိဘူးနော်..။"

"မလွန်ဘူး နုဝါ။ နင်စဉ်းစားကြည့် နင်အခုလို သတ်သေခြင်လောက်အောင်ဖြစ်အောင် ဘယ်သူလုပ်ခဲ့တာလဲ။ သူလုပ်ခဲ့လို့ သူကာကွယ်တာလေ။ နင်အဲ့နေရာမှာ တစ်ခုခုဖြစ်ကြည့်ပါလား သေချာတယ် သူလဲအမှုမလွတ်လောက်ဘူး။ နင်ခေါင်းထဲမှာ အများကြီးမတွေးစမ်းပါနဲ့ နုဝါ သူ့အပြစ်သူခံရတယ် လို့ပဲ သဘောထားလိုက်စမ်းပါ။"

စိမ်းလဲ့ကလဲ ဒီကိစ္စတွင် နုဝါမှန်သည်လို့သာ ထင်သည်။ နုဝါဘာသာ နုဝါအေးအေးဆေးဆေးနေတာပဲ။ ဒီကောင်လုပ်လို့သာ အခုလိုတွေဖြစ်သွားရတာ။ ဒါကြောင့်ဘာကြောင့် အဲ့ကောင်ကို ကျေးဇူးရှင်လိုသတ်မှတ်ရမှာလဲ။ နုဝါ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ တွေတွေဝေဝေပုံလေးနှင့် စိတ်ရှုပ်နေသည်။ နဝ္ဂါ က အခုဆိုဟိုအရင်လိုမဟုတ်တော့။ သူမမျက်နှာက နှောင် တတစ်ချို့နှင့် ညှိုးငယ်နေသလိုလို ။ အရင်လိုအပြင်တွေ လဲ သိပ်မသွားတော့။ အိမ်ထဲမှာသာ တစ်ယောက်ထဲခပ် ငြိမ်ငြိမ်နေသဖြင့် နဝ္ဂါမေမေကပါ ရိပ်မိကာ စိမ်းလဲ့နှင့် ဘရယ်ဏီကို ဖွင့်မေးရသည်အထိ နဝ္ဂါတကယ်ကိုပြောင်း လဲသွားသည်။

နဝ္ဂါမှာ အရင်လိုတက်ကြွရိပ်တွေမတွေ့တော့ သူငယ်ချင်းတွေဖြစ်တဲ့ စိမ်းလဲ့နှင့် ဘရဏီလဲ စိတ်မ ကောင်းပေ။ ဒါလိုတွေဖြစ်နေတာကိုမြင်လေ ဘရယ်ဏီနဲ့ စိမ်းလဲ့က ဝေယံကိုတို့ကိုပိုမုန်းလေဖြစ်သည်။ နဝ္ဂါကတော့ ဘယ်သူ့မှကို အပြစ်မပြောဘဲ သူ့ကိုယ်သူသာအပြစ်တင် နေတော့သည်။ တကယ်ကိုနဝ္ဂါ ပြောင်းလဲသွားတာ မယုံ နိုင်လောက်စရာပင်။ အရင်လိုတက်ကြွပြီး ဘယ်သူ့မှကို လူမထင်သည့် ခပ်ထက်ထက်ကောင်မလေး နဝ္ဂါကပျောက် သွားပြီး စိတ်ရှုပ်၊စိတ်လေနေသည့် ကောင်မလေး တစ် ယောက်ကိုသာ မြင်ရပေလိမ့်မည်။

"ကဲပါ နဝ္ဂါရယ် ဒီအကြောင်းတွေကို ခေါင်းထဲက ထုတ်လိုက်တော့။ သိပ်လည်း စိတ်ထဲမထားနဲ့။ အခုဆို နဝ္ဂါ မှုမျက်နေတာကို အန်တီတို့လည်း ရိပ်မိတယ်။ စိမ်းလဲ့နဲ့ ဘရဏီကို ဖုန်းဆက်



မေးတယ်။ ဒီကိစ္စက လူကြီးတွေသိသွားရင် မကောင်းဘူးလေ။ အဲ့တော့ ဘာကိုမှမတွေးဘဲ အရင်လိုပျော်ပျော်ရွှင်ရွှင်ပဲပြန်နေ။"

မေမေတို့တောင်ရိပ်မိကုန်ပြီလား။ ဒီကိစ္စက ဘယ် လိုနည်းနဲ့မှ မေမေတို့သိလို့မဖြစ်ပေ။ မေမေတို့သိရင် ပြဿနာတွေပိုရှုပ်လာနိုင်သည်။ နဝ္ဂါမျက်နှာလှလှလေးက ချက်ခြင်းညှိုးကျသွားသည်။

"ပျော်ပျော်နေပါဆိုမှ မျက်နှာကြီးကလဲ ကြည့်ပါ ဦး။"

စိမ်းလဲ့က နှာဝါမေးဖျားလေးကို ကိုင်ရင်း ကလေး သေလို နဝ္ဂါကိုစလေသည်။ နဝ္ဂါမျက်နှာပြုံးလာလေသည်။

"နေပါတယ် စိမ်းလဲ့ရယ်။"

"ဟုတ်ပြီ ဒါဆို ဒို့သူငယ်ချင်းတွေအရင်လို စိတ်ပြေလက်ပျောက် Shopping ထွက်ကြမယ်။ နဝ္ဂါက ဒို့နှစ်ယောက်နဲ့ လိုက်တာလေးတွေ အရင်လိုပဲရွေးပေး။"

သူငယ်ချင်းတွေက နဝ္ဂါကို တမင်စိတ်ပြောင်းပေး မှန်းလဲ နဝ္ဂါသိပါသည်။ နဝ္ဂါလဲ သူတို့စေတနာကို အသိ အမှတ်ပြုသည့်အနေနှင့် မသိချင်ယောင်ဆောင်ကာ အရင် လိုပင်....

"ဟွန့်...မိန်းမတွေတော်တော်တရားတယ်။ ဒါဆို

www.burmeseclassic.com

www.burmeseclassic.com



အပြန်ကျရင်ဒီဇိုင်းနာလုပ်ပေးခ နုဝါကို မှန့်ကျွေးရမယ်။"

"ကျွေးရမှာပေါ့ စိမ်းလဲ့တို့ရဲ့ တစ်ဦးတည်းသော ဒီဇိုင်းနာလေးကို အဝကိုကျွေးမှာ..။"

"လိမ်မာလိုက်တာ အလှဆုံးလေးတွေရွေးပေးမယ်။"

"နုဝါနော်..အဲ့လိုတော့ မျက်နှာမလိုက်နဲ့ ဘရဏီလည်း နုဝါ ကြိုက်တာအဝကျွေးမှာ ပိုလှတာ ရွေးပေးရမယ်..။"

"ဟ ဟား ။ ဟုတ်ပါပြီ ။နှစ်ယောက်လုံးကို အလှဆုံးတွေပဲ ရွေးပေးမယ်။ ဗိုက်ကွဲသေအောင်တော့ မလုပ်ပါနဲ့။"

"ဟီး ဟီး။"

"ဟား ဟား။"

ရယ်သံများက အရင်လိုပြန်လည် စည်ကားသွားကြသည်။ နုဝါကလဲ ကိုယ့်ကြောင့် သူငယ်ချင်းနှစ်ယောက်လုံးကို စိတ်မဆင်းရဲစေချင်သဖြင့် အတတ်နိုင်ဆုံးသူငယ်ချင်းတွေရှေ့တွင်ပျော်ပျော်နေရန်သာ ဆုံးဖြတ်လိုက်သည်။ နုဝါ မျက်နှာလေးပြုံးနေတော့ သူငယ်ချင်းတွေလဲ ပျော်ရွှင်နေသည်။

"ကဲ...သွားမယ်။သွားမယ်...ကြာတယ်..လာထ။"



ထိုင်နေသော နုဝါနှင့် စိမ်းလဲ့ကို လက်မောင်းက နေအတင်းမကာ ဘရဏီက အတင်းခေါ်နေပြန်သည်။ နုဝါတို့နှစ်ယောက်က တမင်ပေထိုင်နေသဖြင့် ဘရဏီ မှာ အီး..အားနှင့် မရမကကို အားကုန်ထူမနေလေသည်။

နှုတ်ခမ်းတွင် ချွေးသီးလေးများစို့လာသည်အထိ မရမက အတင်းကုပ်ကပ်မနေသော ဘရဏီကို သနားလာသဖြင့် နုဝါမတ်တပ်ထရပ်လိုက်သည်။ နုဝါရပ်တော့ စိမ်းလဲ့ပါ ထရပ်လေသည်။

"နုဝါ ကားမမောင်းချင်ဘူးနော်။ ဘယ်သူ့ကားနဲ့ လိုက်ရမှာလဲ။"

နုဝါက တီရှပ်အကျပ်အနက်လေးနှင့် အိတ်ကပ်တွေအများကြီးပါသော ဘောင်းဘီတိုအနက်ရောင်လေးကို အိမ်နေရင်း လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထားသည်။

"ဘရယ်ဏီလဲ နုဝါအိမ်မှာပဲ ကားထားခဲ့မယ်။ စိမ်းလဲ့ကားနဲ့ပဲ အတူသွားကြတာပေါ့။"

စိမ်းလဲ့ကတော့ ပိုက်ဆံအိပ်ပြားပြားလေးထဲက ကားသော့ကိုထုတ်ရင်း...

"ရတယ်လေ စိမ်းလဲ့ကားနဲ့ပဲသွားကြတာပေါ့ နုဝါ အကျီလဲဦးမလား။"

နုဝါက ခေါင်းလေးခါရင်း...။

www.burmeseclassic.com

www.burmeseclassic.com



"နီး...လှတဲ့သူတွေက ဘာဝတ်ဝတ်လှတယ်။ သူများတွေလို အလှဆုံးတွေလိုက်ရွေးဝတ်နေစရာ မလိုဘူး။"

နဝါကိုပြောပြီးပြီးချင်း ကားဆီသို့ ဦးအောင်ရွှေက ပြေးလေသည်။ဘာရယ်ဏာနှင့် စိမ်းလဲ့ကလဲ "မိန်းမစုတ်" လို့ အော်က နောက်ကပြေးလိုက်ကြလေသည်။



❧ ❧ ❧ ❧ ❧

အခန်း(၂၄)

"ဟလို။"

"ကိုဘုန်းမြင့်မိုရ် နဲ့စကားပြောချင်လို့ပါ။"

ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ဘုန်းမြင့်မိုရ် မသိပေ။

"ကျွန်တော် ဘုန်းမြင့်မိုရ်ပါ။"

"ကျွန်တော် ဝေယံကိုပါခင်ဗျာ..။ ကျွန်တော်ကို မှတ်မိမလားမသိဘူး ကိုဘုန်းမြင့်မိုရ် ဟိုတစ်လော ကဆေးရုံပို့ပေးခဲ့တာလေ။"

"ဟုတ်ကဲ့ ကျွန်တော်မှတ်မိပါတယ်။ ခြေထောက် သက်သာလား။ ကျွန်တော်လဲ လာမယ်လာမယ်နဲ့ မလာ ဖြစ်ဘူးဗျာ။ ဆေးရုံပို့ပေးတဲ့အချိန်ပဲ တွေ့ဖြစ်လိုက်တယ်။"

"ရပါတယ်ဗျာ..ကိုဘုန်းမြင့်မိုရ်လဲ ဘယ်အားမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နားလည်ပါတယ်။ အခုဖုန်းဆက်လိုက်တာက ကိုဘုန်းမြင့်မိုရ်ကို ကျေးဇူးတင်စကား ပြောရင်းနဲ့ နှုတ်ဆက်ချင်လို့ပါ..။"

"ကိုတွေ ဘာတွေတပ်မနေပါနဲ့ဗျာ..ခင်ဗျားနဲ့ ကျွန်တော်က ရွယ်တူပဲဟာ ဘုန်းမြင့်မိုရ်ပဲခေါ် ရင်းရင်း နှီးနှီးပေါ့..။"

"ကျေးဇူးတင်ပါတယ်ဗျာ။ အဲ့နေ့က ခင်ဗျားသာ ဆေးရုံလိုက်မပို့ရင် ကျွန်တော်အဖြစ်က မတွေး စရာပဲ။"

"ခင်ဗျားခြေထောက်ကရော အခုဘယ်လိုနေ လဲ။"

တစ်ဖက်ကအသံက ငြိမ်ကျသွားသည်။ ဘုန်းမြင့် မိုရ် ဖုန်းကျသွားလားတောင်ထင်မိသည်။ခဏကြာ ခပ်အက်အက်အသံနှင့် ဝေယံကိုစကားကို ကြားရ သည်။

"ကျွန်တော်ခြေထောက်က အခုစတီးချောင်းထည့် လိုက်ရတယ်လေ ထောက်လိုက်ရင် တစ်ဖက် နည်းနည်း နိမ့်သွားချင်တယ်..။"

"ဟာဗျာ...ဖြစ်ရလေ။ ကျွန်တော် စိတ်မကောင်း လိုက်တာ..။"

"ကုသိုလ်ကံပေါ့ဗျာ။ ကျွန်တော့်မှာ ဒီလိုဖြစ်ဖို့



ပါလာလို့နေမှာပါ..။"

"ဟိုတစ်ယောက်ကိုရောတရားစွဲကြသေးလား။"

မမေးပါဘူးလို့ ထိန်းနေသည့်ကြားက နှုတ်က ဘယ်လိုဖြစ်ပြီးမေးမိသွားမှန်းကိုမသိတော့ချေ။

"ကျွန်တော့် မိဘတွေကတော့ ဒေါသတွေအရမ်းထွက် နေတာပေါ့ဗျာ။တရားစွဲမယ်ဆိုတာချည်းပဲ။ ကျွန်တော် အတင်းတောင်းပန်ထားရတာ။ တကယ်လို့သူ့ကိုတရားစွဲရင်ကျွန်တော်ဆေးဆက် ကုတော့ဘူးလို့ကို အကြပ်ကိုင်ထားရတာ..။"

ချစ်တတ်လိုက်တာ။ ဘုန်းမြင့်မိုရ်သူ့စကားတွေ ကြားတော့ ကြက်သီးတွေထသွားအောင်ကို တုန်လှုပ်သွားမိ သည်။ တကယ့်ကို ယောကျာ်းပီသတဲ့ လူတွေရဲ့စိတ်ဓါတ် ပဲ။ တစ်ချက်မှကို ချစ်ချင်စရာမကောင်းအောင်လုပ်သွား တာကိုပင် သူက ကာကွယ်နေချင်သေးသည်။

"အခုလဲ ကျွန်တော်က ဘုန်းမြင့်မိုရ်ကို ကျေးဇူး တင် စကားပြောရင်းနဲ့ နှုတ်ဆက်တာပါ။ ကျွန်တော် ကိုယ်တိုင်လာပြီးပြောချင်ပေမဲ့ ကျွန်တော်ခြေထောက်ကလှမ်း လို့သိပ်မကောင်း သေးလို့ပါ..။"

"ရပါတယ်ဗျာ..ဒါတွေမလိုပါဘူး။ ဝေယံတို့က ဘယ်ကိုသွားမလို့လဲ။"

www.burmeseclassic.com

www.burmeseclassic.com





"ကျွန်တော်ခြေထောက်က စင်ကာပူမှာပြန်ပြ မယ်။လိုအပ်တာတွေလဲ ပြန်စစ်ဆေးရင်းပေါ့။ ပြီးတော့မေမေက နဝါကိုအရမ်းမုန်းနေတယ် လေ။ ကျွန်တော် ဒီမှာရှိရင် နဝါနဲ့နီးစပ်သွား စိုးတယ်လေ အဲ့တော့ ခြေထောက်ပြပြီးတာနဲ့ မှာပဲ ကျောင်းဆက်တက်ဖို့ပါတခါထဲ စီစဉ်လို တယ်။ အဲ့ဒါကြောင့် ဘုန်းမြင့်မိုရ်ကို လှမ်း ဆက်တာလေ။ မနက်ဖြန်မနက် လေယာဉ်နဲ့ သွားရတော့မှာ နှစ်နှစ်၊ သုံးနှစ်လောက်တော့ ကြာမယ်ထင်တယ်။"

"ကောင်းပါတယ်ဗျာ။ ဟိုမှာကြတော့ ဆေးပစ္စည်း တွေပိုစုံတော့ ပိုကောင်းတာပေါ့။ ဝမ်းသာပါတယ် ဗျာ။ ပြန်ရောက်ရင်တော့ ကျွန်တော်ကို ဖုန်းဆက် ဦးလေ။ တွေ့ကြရအောင်။"

"စိတ်ချ ကျွန်တော် မြန်မာပြည်မြေကို အရင်ဆုံး ခြေချတာနဲ့ ဘုန်းမြင့်မိုရ်ကို အရင်ဆုံးလှမ်း အကြောင်းကြားမယ်။"

"ဟုတ်ပါပြီဗျာ။အစစအရာရာ အောင်မြင်ပါစေ လို့ ကျွန်တော်ဆုတောင်းပေးပါတယ်။"

"ပေးတဲ့ ဆုနဲ့ ပြည့်ပါရစေဗျာ။"

ဖုန်းချပြီးသည်နှင့် ဘုန်းမြင့်မိုရ် အတွေးတွေက ကားတိုက်ခဲ့သောနေ့ကိုပြန်ရောက်ရှိသွားသည်။ ကားကို လီဗာ ဖိနင်းကာ အရှိန်နှင့် ပိတ်တိုက်လိုက်သော နဝါပုံရိပ် က မျက်ဝန်းထဲမှာ ပြန်မြင်ရလေသည်။ မျက်လုံးကို ပိတ်ချ လိုက်ချိန်မှာတော့ ဝေယံကို၏ ကျွန်တော်ခြေထောက်က ဆောက်လိုက်ရင် တစ်ဖက်က နိမ့်သွားတယ်ဗျာလို့ ပြောသံ ကိုပြန်ကြားလိုက်ချိန်မှာတော့မေးကြောကြီးများထောင်လာ သည်အထိ အံကိုတင်းတင်း ကြိတ်ထားမိသည်။ မျက် လုံးများကို မှေးစင်းရင်း လက်သီးကို ဆုပ်ကာ ဆုံးဖြတ် ချက်ကို အမြန်ဆုံးအကောင် အထည်ဖော်ရန်လည်း စဉ်း စားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၂၅)

"ဝှန်း..။"

သွားပြီ။ နဝါမျက်နှာလေးရှုံ့မဲ့သွားသည်။ နဝ
ကားဖင်ကို နောက်ကကားတစ်စီးက ဝင်အောင်းသွားသည်
နဝါဒီကားကိုစမောင်းထဲက မတိုက်အောင်အမြဲ ဂရုစိုက်
သည်။ နဝါဆယ်တန်းအောင်တုန်းက ဖေဖေကဝယ်ပေး
တာဖြစ်သည်။ ဒီလိုကားလေးက မြန်မာပြည်မှာလဲလ
ချိုးရေတွက်လို့ရအောင် အစီးရေနည်းကာ ချစ်စရာကောင်း
သောကားလေးဖြစ်လို့လည်း နဝါအရမ်းကိုတန်ဖိုးထား
တာ။

"ဟင်..။"

နောက်ကားမီးခွက်နှင့် ကားနောက်ဘန်ပါ
ဝင်ဆောင့်လိုက်သည်။ နီနီရဲရဲကားနောက်ဘန်ပါလေး
အထဲကို ချိုင့်ဝင်သွားသည်။ မီးခွက်လေးကလဲ ကွဲကြေသွား



သွားသည်။ နဝါရင်ထဲနမြောစိတ်လွန်းလှသဖြင့် ရင်ဘတ်
ကိုပင် လက်နဲ့ဖိထားမိသည်အထိ..။

"ဟယ်..ကုန်ပါပြီ။"

နဝါကသာ စိုးရိမ်တကြီးပြာပြာသလဲ ဆင်းကြည့်
သော်လဲ နောက်ကားက သူနဲ့မဆိုင်သလို တစ်ချက်ပင်
ဆင်းမကြည့်ပဲ ကားထဲမှာတင်ထိုင်နေလေသည်။ နဝါ
ဒေါသထွက်လာကာ နောက်ကားဆီသို့ လျှောက်သွား
လိုက်သည်။

"ဒီမှာ ရှင်မမြင်ဘူးလား ကားတစ်စီးလုံးကို။"

နဝါက ဒရိုင်ဘာ ဘက်အခြမ်းကိုလာကာ ခါးကို
ထောင်းကာ အနည်းငယ်ငုံ့ရင်း ရန်တွေ့လိုက်သည်။ ထိုတော့
မှ ထိုလူကတပ်ထားသော နေကာမျက်မှန်ကို ချွတ်လိုက်
ရင်း ...

"မမြင်လို့ပေါ့ဗျာ။ ဘယ်သူကရော အားအားယား
ယား ခင်ဗျားကားကိုလာတိုက်မှာလဲ။ အလုပ်ရှုပ်
ရတဲ့အထဲ အဲ့ဒါတွေက တစ်မျောက်။ ကဲ...
ခင်ဗျားဘာဖြစ်ချင်သလဲ သာပြော ကျွန်တော့်မှာ
အချိန်သိပ်ရှိတာမဟုတ်ဘူး။"

အောင်မယ်..သူကလဲ ဝင်တိုက်သေးတယ်။ စကား
ပြောတာလဲ မာရေကျောရေနဲ့ တစ်စက်မှကို အချိုးမပြေ။

"ဒီမယ် ရှင်သိထားဖို့က ကျွန်မကားက ရှင့်ကား

www.burmeseclassic.com

www.burmeseclassic.com



လို ကြိုက်တဲ့နေရာမှာ စပယ်ရာပတ်(spare parts)က ဝယ်လို့ရတာ မဟုတ်ဘူး။ ဒီနိုင်ငံမှာလဲ ဝယ်လို့မရဘူး။"

နဝါအမြင်ကပ်ကပ်နှင့် ဖိအော်ပြစ်လိုက်သည်။

"ဒီမှာ ခင်ဗျားကြွားတာတွေကို နားထောင်ဖို့အချိန်မရှိဘူး။ ဒီတော့ ဒီမှာကျွန်တော့် လိပ်စာကဒ်။ ခင်ဗျား ဘယ်လိုဖြစ်စေချင်လဲ အခုတစ်ခါထဲပြောမှာလား ဖုန်းဆက်ပြောမှာလား။ ကျွန်တော်ကတော့ အခုလေဆိပ်မှာ ညှော်သည်သွားကြိုဖို့ရှိတယ်အချိန်မရဘူး။"

နဝါလက်ထဲက လိပ်စာကပ်မလေးကို တစ်ချက်ကြည့်လိုက်သည်။

"ဒီမှာ လိပ်စာကပ်ကအတုဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ မလိုချင်ဘူး ရှင့်ယာဉ်မောင်းလိုင်စင်ပေး။"

လိုင်မောင်းလိုင်စင်ကို ဘုန်းမြင့်မိုရ် ထုတ်ပြလိုက်သည်။ နဝါကလှမ်းယူရင်း...

"အိုကေ ဒါဆိုကျွန်မဖုန်းဆက်လိုက်မယ်။"

ပြောပြီးလှမ်းထွက်လာခဲ့သည်။ဘုန်းမြင့်မိုရ်ကားပေါ်ကဆင်းကာ နဝါနောက်ကိုလိုက်ရင်း...

"ဒီမှာ လိုင်စင်မရှိဘဲ ကျုပ်ကဘယ်လိုကားမောင်းရမှာလဲ။ လိုင်စင်ပြန်ပေးခဲ့။"



နဝါကခြေစုံရပ်ကာ နောက်ပြန်လှည့်ကြည့်လိုက်သည်။

"အော်..ဒါဆို ကျွန်မမှာ ဘာသက်သေအထောက်အထားမှမရှိဘဲ ဘယ်လိုယုံရမှာလဲ။ တော်ကြာရှင်က ပျောက်သွားရင် ဘယ်လိုက်ရှာရမှာလဲ။ လိပ်စာဆိုတာလဲ စာရွက်ထဲမှာပဲရှိတာ ယုံရတာမဟုတ်ဘူး။"

"ရော့...ဒါဆို။ "

ဘုန်းမြင့်မိုရ်က ဘောင်းဘီထဲတွင်ထည့်ထားသောဖုန်းကို ထုတ်ကာ နဝါလက်ထဲထည့်ပေးလိုက်သည်။

"ဘာလုပ်ရမှာလဲ ကတ်ဖုန်းတွေဖြစ်နေရင် ဘယ်လို လုပ်မလဲ။"

နဝါက အမြင်ကတ်ကတ်နှင့်မဖြစ်နိုင်မှန်းသိပေမဲ့ အမင်ပြောလိုက်သည်။

"ခင်ဗျားဖုန်းနံပါတ်ပြော။"

"ဘာလုပ်မလို့လဲ။"

"ဒီမှာ ခင်ဗျားကိုကြောင်ဖို့မဟုတ်ဘူး ကတ်ဖုန်းဟုတ်လားမဟုတ်လားသိရအောင် ခေါ်ပြမလို့။"

နဝါက ခပ်တိုးတိုးရွတ်ပြလိုက်သည်။ ဒီလူလေးက ဘားပြောတဲ့နေရာမှာ တင်စီးတာမရှိ။ တော်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို အမြင်ကတ်စရာကောင်းတဲ့လူ..။

နဝါဖုန်းလေးမြည်လာသဖြင့် နဝါဘောင်းဘီအိတ်လေးထဲက ဖုန်းလေးကိုထုတ်ယူလိုက်သည်။

"မြင်တယ်နော်။ ကတ်ဖုန်းမဟုတ်ဘူး။ အိုကေ နောက်ကိစ္စနောက်မှရှင်းမယ်။ အချိန်မရှိဘူး သွားပြီ။"

"ဒီမှာ..။"

နဝါက လှမ်းခေါ်လိုက်သော်လဲ ဒီလူကတော့ တစ်ချက်ပင်လှည့်မကြည့်ဘဲ သူ့ကားဆီလျှောက်ကာ မောင်းထွက်သွားလေသည်။ နဝါဘေးနားက ဖြတ်ကျော်တော့ ဘာများပြောဦးမလဲလို့ နဝါရပ်စောင့်နေမိသော်လဲ ဟိုကတော့ နေကာမျက်မှန်တပ်ကာ မမြင်ချင်ယောင်ဆောင်သွားသဖြင့် နဝါမှာသာအသည်းတယားယားနှင့် ကျန်နေခဲ့ရပါသည်။

ဘုန်းမြင့်မိုရ်ကတော့ ဆွေ့ဆွေ့ခုန်ကာကျန်နေခဲ့သောနဝါပုံကို ကားနောက်ကြည့်မှန်ကကြည့်ကာ ပျော်ရွှင်ကျေနပ်နေမိသည်။ လေကိုချွန်ရင်း တစ်ယောက်ထဲ ပြုံးနေမိသည်။

ကျောင်းဖွင့်ဖို့ကလဲ တစ်ပတ်လောက်ပဲလိုတော့သဖြင့် နဝါခေါင်းခြောက်စွာနှင့် ချက်ခြင်းဝပ်ရှော့ထိုးကာ ပြင်ခိုင်းရလေသည်။ ဒါတောင်မီးခွက်က ဒီမှာမရှိသဖြင့်



ဖေဖေထံဖုန်းဆက်ကာ နိုင်ငံခြားတွင် အတင်းမှာခိုင်းရလေသည်။

ဟိုလူကတော့ သူနှင့်မဆိုင်သလိုရင်ကော့ကာထွက်သွားသဖြင့် နဝါတစ်နေ့လုံးသူ့ကို ကောင်းကောင်းမေတ္တာပို့နေမိသည်။ နဝါမှာတော့ မိန်းကလေးတန်မဲ့ ကားဝပ်ရှော့တွင် ထိုင်ကာ ကိုယ့်ကားကိုသေချာစောင့်ကြည့်ပြီး လိုအပ်တာလေးတွေကို ပြန်ပြင်ခိုင်းလိုက်နှင့် စိတ်တိုင်းမကျမချင်း အထပ်ထပ်ပြုပြင်ခိုင်းနေတော့သည်။

အိမ်ကကားမောင်းတဲ့ ဦးလေးကြီးကိုလာစောင့်ခိုင်းလို့ရသော်လဲ ဘယ်တော့မဆို အတွန့်မတက်တတ်သော ထိုဦးလေးကြီးက ပြင်ပေးသမျှကိုလက်ခံပြီးပြန်လာမှာ သေချာသဖြင့် နဝါမှာစိတ်မချနိုင်ပဲ ကိုယ်တိုင်သာ ထိုင်စောင့်နေရသည်။

❁

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၂၆)

"ဟလို။"

"ကားကိစ္စဘာလုပ်ပေးရမလဲ။"

"ကျွန်မအခုလေးတင် ဝပ်ရှော့ကပြန်လာတာ။ ကားဘန်ပါကို ပြန်ထုရတယ်။ ဆေးပြန်လိုက်ရမယ်။ မီး ခွက်က ဒီမှာမရှိလို့ ဟိုကလှမ်းမှာထားရတယ်။"

"ဟုတ်ပြီလေ။ အဲ့တော့ အားလုံး ဘယ်လောက်ကျလဲ။ ကျွန်တော်ဘယ်မှာလာ ပေးရမလဲ။"

"အဲ့ဒါတော့ ရှင်ဘာသာ ဝပ်ရှော့ဆရာနဲ့ လာညှိ မီးခွက်ကတော့ ရောက်မှပဲ ဘယ်လောက်ကြလဲ သိရမယ်။"

"ကောင်းပြီလေ။ ဒါဆိုဘယ်ဝပ်ရှော့ကို လာခဲ့ရမလဲ။"



"ဦးမင်းမောင် ဝပ်ရှော့။ တာမွေက။"

"ရပြီ ကျွန်တော်သိပြီ။ မနက်ဖြန်နေ့လည်လာခဲ့မယ်။"

ပြောပြီးသည်နှင့် ဖုန်းချသွားသည်။ နဝါလဲ အမြင်ကတ်ကတ်နှင့် ဖုန်းဆောင့်ချလိုက်သည်။ ဒီလိုလူနဲ့သာ ကြာကြာ ဆက်ဆံရရင်နဝါလဲ ဒေါသထွက်တာနှင့် သေနိုင်သည်။

နဝါခေါင်းကို ခါယမ်းရင်း မျက်နှာသစ်ကာအိပ်လိုက်သည်။ မနက်ဖြန်လဲကားဝပ်ရှော့သွားရဦးမည် မှတ်လား။

မနက်မိုးလင်းလို့ မျက်စိနှစ်လုံးဖွင့်လိုက်သည်နှင့် အရင်ဆုံးပြေး၍ ရေမိုးချိုးကာ ကားဝပ်ရှော့ကိုပြေးခဲ့ရပြန်သည်။ နဝါတို့များ ဝိရိယကောင်းပုံက ကားပြင်သည့်ကောင်လေးတွေတောင်မရောက်သေးဘူး နဝါတို့က အရင်ကြိုရောက်နေသည်။ ကားဝပ်ရှော့ရှေ့က မလှမ်းမကမ်းတွင် လက်ဖက်ရည်ဆိုင်လေးရှိသဖြင့် ထိုဆိုင်လေးတွင်သာ ကော်ဖီသောက်ရင်း ထိုင်စောင့်နေလိုက်သည်။

တော်တော်လေးကြာမှ ကားပြင်ဆရာများနှင့် ကောင်လေးတွေရောက်လာသည်။

"ဟာ ..သမီးစောလှချည်လား။ ဝိရိယက တယ်

www.burmeseclassic.com



ကောင်းသကို..။"

"မကောင်းလို့မရဘူး ဦးလေးက။ ကျောင်းကဖွင့်တော့မှာလေ။ တော်ကြာ နဝါကားကြီးက မလှမပဖြစ်နေ မှာစိုးလို့..။"

"အေးပါသမီးကားကို ဦးကိုယ်တိုင်ကိုင်ပေးမယ် စိတ်ချ..။"

နဝါစိတ်ကိုသိနေသဖြင့် ထိုဝပ်ရှော့ဆရာဦးလေးကြီးက တခြားကားများကို တပည့်များနှင့်လွှဲကာ နဝါကားကို ကိုယ်တိုင်ကိုယ်ကျသေချာပြင်ပေးလေသည်။ နဝါကတော့ ဆေးတွေပျက်ကာ ရုပ်ဆိုးသွားသော နဝါကားလေးကိုကြည့်ကာ စုတ်တသတ်သတ်နှင့် ရင်ထဲမှာ နမြောဝမ်းနည်းနေမိသည်။ ဒါဟိုလူမဆင်မခြင်မောင်းလို့ဖြစ်ရတာ။ လမ်းကြားထဲမှာများ ကားကိုဘယ်လိုလုပ်ပြီး မဟားတရားမောင်းလာလဲမသိ။ ဒီလောက်ရှင်းနေသော လမ်းမှာ နဝါကားကိုများ မဆင်မခြင်ပိတ်တိုက်ရတယ်လို့။ဒီလူကားရောသေချာမောင်းတတ်ရဲ့လားမသိပါဘူး။

ကားမောင်းလာရင်းနဲ့ ဖုန်းပြောလာမှတော့ တိုက်မိတာလဲ သိပ်တော့မဆန်းပါ။ တွေးလေတွေးလေ ဒေါ်ကိုဒေါသထွက်လေပါပဲ။ ပြီးတော့လဲ စကားကိုလဲ အထက်စီးက ပြောသေးသည်။ တော်ပြီအကုသိုလ်ပွားတယ် မတွေးတော့ပဲကောင်းတယ်။



"ဦးလေးတို့ Breakfast စားပြီးကြပြီလား။"

"ဘယ်စားရဦးမလဲ သမီးရယ်။ ရောက်ရောက်ချင်းသွားစားမလို့ သမီးရောက်နေတာနဲ့ သမီးကားကို ကိုင်နေကြတာလေ။"

"အော်..ဟုတ်တာပေါ့။ ဒါဆိုသမီး ဦးလေးတို့စားဖို့ တစ်ခုခုသွားဝယ်လိုက်ဦးမယ်..။"

"နေပါစေ သမီးရယ်။ နောက်မှပဲ သွားစားလိုက်တော့မယ်။"

"မဟုတ်တာ ခဏလေး။"

နဝါ ကားလမ်းကို ဖြတ်ကူးကာ မျက်နှာချင်းဆိုင်က လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့် ထမင်းကြော်ကို အားလုံးအတွက်ဝယ်ကျွေးလိုက်သည်။ ကိုယ့်ကားလေးကို ဂရုတစိုက်စိတ်တိုင်းကျ ပြုပြင်ပေးသဖြင့်လဲ ကျေးဇူးတင်မိပါသည်။ တစ်ဦးစေတနာ တစ်ဦးမေတ္တာဆိုသလို သူတို့ကလဲ ပြန်လည်ပြီး စေတနာပြန်လည်ထားကြသည်။

"သမီးသွားထိုင်နေပါ။ နောက်မှလိုအပ်တာပြော။ အားလုံးစိတ်တိုင်းကျစေရမယ်။"

ချောမောလှပသော ကောင်မလေးတစ်ယောက်ထဲ ကားလာပြင်နေသဖြင့် ကားလာပြင်သော ယောကျ်ားတွေက မျက်တောင်မခတ်တမ်း ငေးမောနေကြသဖြင့် ဦးမင်းမောင်က ကြားထဲက နဝါကို အားနာကာ ထိုင်ခုံပေး၍

www.burmeseclassic.com

www.burmeseclassic.com



ကားနှင့်ကွယ်ကာ အတွင်းပိုင်းကျကျတွင် ထိုင်နိုင်းလေသည်။ နုဝါကလဲ ကားအကြောင်းသိပ်နားလည်တာမဟုတ်သော်လဲ အရင်လိုအကောင်းအတိုင်းပြန်ဖြစ်ချင်လို့သာ ကိုယ်တိုင်ကိုယ်ကျ လာပြင်ရတာ။ တကယ်ဆို နုဝါလဲ သိပ်နားလည်တာတော့မဟုတ်ချေ။

နုဝါလက်မှာ ပတ်ထားသော နာရီလေးကိုမြှောက်ကြည့်လိုက်သည်။ နေ့လည် ဆယ့်နှစ်နာရီတောင်ထိုးတော့မည်။ ဟိုလူလာမည်ဆိုပြီးအခုထိမလာသေး။ လာကောလာပါဦးမလားမသိ။

"သမီးရေ..သမီးနဲ့တွေ့ချင်လို့တဲ့..။"

ဦးမင်းမောင်က ဦးလေးကြီးတစ်ယောက်ကို နုဝါထိုင်နေရာ နေရာသို့ ခေါ်လာလေသည်။ နုဝါ ထိုင်နေရာမှ မော့ကြည့်လိုက်သည်။ နုဝါလဲတစ်ခါမှ မမြင်ဘူးသဖြင့် လူမှားတာများလား..။ ဇဝေဇဝါနှင့် ..

"ဦးလေးက ဘယ်သူလဲမသိဘူး။"

"ဦးလေးကို မောင်ဘုန်းမြင့်မိုရ်လွှတ်လိုက်တာပါ။ ဒီကတူမကြီးကားရဲ့ ကုန်ကျငွေကို လာလျော်တာပါ။"

နုဝါစိတ်ထဲ တော်တော်လေးကို အခံရခက်သွားသည်။ သူကများလူလွှတ်ပြီးလျော်ခိုင်းရတယ်လို့။ သူကြောင့်ဖြစ်သွားတာကိုပင် အဆင်ပြေရဲ့လား တစ်ချက်



မေးဖော်မရ။ လူမှုရေးစိတ်ဓါတ်တော်တော်ခေါင်းပါး သည့်လူပင်။

"ရတယ် ဒါဆို ဦးလေး ဟိုနားမှာမတ်တပ်ရပ်နေတဲ့ဦးလေးကိုပဲ ဘယ်လောက်ကျလဲ မေးကြည့်လိုက်ပါ။ ကားမီးခွက်ဖိုးကို သိရရင်တော့ ကျွန်မဖုန်းဆက်လိုက်ပါ့မယ်။ ရော့ ဒီမှာဒါကသူ့ဖုန်း"

နုဝါ ပိုက်ဆံအိပ်ထဲက ဘုန်းမြင့်မိုရ်ဖုန်းလေးကို ထုတ်ကာ ထိုဦးလေးကြီး၏ လက်ထဲကို တစ်ခါထဲထည့်ပေးလိုက်သည်။

"အော်..အေးအေး။"

ထိုဦးလေးကြီးကတော့ ကားဝပ်ရှော့ဆရာထံသွားပြီး ငွေချေနေလေသည်။ နုဝါ ဟိုလူ့ကိုစိတ်တိုနေ၍ ထိုဦးလေးကြီးကိုလဲ ကောင်းကောင်းမွန်မွန်မပြောနိုင်တော့။ ထိုဦးလေးကြီးကတော့ ကျသင့်ငွေပေးပြီးသည်နှင့် နုဝါကို လှမ်းပြုံးပြကာ ကားပေါ်တက်ကာထွက်သွားလေသည်။

နုဝါမှာသာ တစ်ယောက်ထဲတောက် တစ်ခေါက်ခေါက်နှင့် ကျန်နေခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၂၅)

"နဝါ ရှင့်ကားက တိုက်မိထားတယ်သာပြောတာ နဂိုအတိုင်းပါပဲ။"

ကျောင်းတွေပြန်ဖွင့်ပြီဖြစ်သည်။ ကျောင်းရောက်လို့ ကန်တင်းထိုင်ထိုင်ခြင်း စိမ်းလဲ့က နဝါကားကိုသေချာကြည့်ကာ ပြောလေသည်။

"အော်...အဲ့လိုမဖြစ်ဖြစ်အောင် တစ်နေကုန်တစ်နေခန်း ဝပ်ရှော့မှာထိုင်ပြီးပြင်ထားရတာလေ။"

"နင်ပြောတဲ့ ဟိုဘုကလန့်ကောင လာတွေ့သေးလား။"

ဘရဏီက နဝါပြောပြထားသဖြင့် သူ့အကြောင်းကို တစ်စွန်းတစ်စသိကာ မေးလေသည်။

"ဝေးစွ။ ကားပြင်ခရော ကားမီးခွက်ဖိုးရော နှစ်ခု



လုံးကို သူ့အိမ်က ဒါရိုင်ဘာဦးလေးကြီးပဲ လာပေးတာ။"

"အေးနော် ဘာအထာလဲမသိဘူး။ သူကများ မတူသလိုမတန်သလိုနဲ့။"

"အော်...ဘရဏီရယ် သူလဲအလုပ်တစ်ခုခုရှိလို့နေမှာပေါ့။ ဒို့မင်းသမီးကိုများ မတွေ့ချင်တဲ့လူရှိမလား။"

စိမ်းလဲ့က ဘာအကြောင်းမှကိုသေချာမသိသဖြင့် ဤသို့ဝင်ပြောနေခြင်းဖြစ်သည်။ စိမ်းလဲ့ ထိုသို့ပြောတော့ ဒါက အော်တောင်ရယ်ချင်သေးသည်။ ဟိုကများ နဝါကို မင်းသမီးလို သတ်မှတ်ဖို့နေနေသာ မိန်းကလေးတစ်ယောက်လိုပင်အသိအမှတ်ပြုမသွားပေ။

"ရှိတယ်...။တကယ် မယုံမရှိနဲ့။ အဲ့လူက ဘရဏီပြောသလိုပဲ တကယ့်ကိုမတူသလို မတန်သလို အချိုးချိုးတာ။"

"အဟုတ်..။"

စိမ်းလဲ့က မယုံနိုင်သလိုပင် ထပ်မေးနေသေးသည်။ နဝါကတော့ ပါးစပ်ကတောင်ဖွင့်ပြောပြမနေချင်တော့တာနှင့် ခေါင်းသာငြိမ့်ပြလိုက်သည်။ ဒါကိုမှ မျက်လုံးများဝိုင်းဝိုင်းလေးများကို မယုံသလိုပြူးကြည့်ကာ

"စိမ်းလဲ့တို့နဲ့ ရှယ်တူပဲလား။"

www.burmeseclassic.com

www.burmeseclassic.com



"ရှယ်တူပဲ။ ဘာလဲ အဖိုးကြီး၊ ဒါမှမဟုတ် ကလေး
မို့လို့အဲ့လိုလုပ်တယ်လို့ ထင်နေတာလား။"

စိမ်းလဲ့က ပုတ်သင်ညိုလေးလို ခေါင်းကို ဆတ်
ကထဲငြိမ့်ပြလေသည်။

"ဒါဆို သူကရည်းစားတွေဘာတွေနဲ့ ကွဲပြီးမိန်း
တွေကို စိတ်နာနေတဲ့ အဆိုးမြင်ဝါဒီသမားကြီး
များလား မသိဘူးနော်။ ဟိုလေသူ့ကောင်မလေး
က အရမ်းချောပြီး သူနဲ့ရည်းစားဖြစ်ပြီးမှ တခြား
ကောင်လေးတစ်ယောက် ကိုကြိုက်သွားလို့
ကောင်မလေးချောချောလေးတွေကို အမြင်ကတ်
မုန်းတီးနေတဲ့လူများလားလို့..။"

စိမ်းလဲ့က သူ့ဘာသာလျှောက်တွေးကာပြောပြနေ
သည်။ နဝါက စိမ်းလဲ့စကားလဲဆုံးရော လက်ခုပ်လက်
ဝါး တီးပြီးတော့ကို အော်ရယ်မိလေသည်။

"အဲ့ဒါကြောင့် စိမ်းလဲ့ကို ကိုရီးယားကားတွေသိပ်
မကြည့်ပါနဲ့လို့ပြောတာ..ဟ..ဟား။"

"နဝါ...စိမ်းလဲ့ပြောတာဖြစ်နိုင်တယ်နော်။"

"ဟင်..။"

ဘာရဏီကပါ စိမ်းလဲ့စကားကို လက်ခံပြီး
ထောက်ခံနေသဖြင့် နဝါနည်းနည်းကြောင်သွားသည်။

"အို..သူ့ဘာသာ ဘာပဲဖြစ်နေဖြစ်နေ နဝါတို့နဲ့



မဆိုင်တာ။ တော်ပြီလေကုန်တယ် အဲ့အကုသိုလ်
အကြောင်းမပြောတော့ဘူး။ နဝါကတော့
နဝါကားလေး ကိုပဲနှမြောနေတာ..။"

"အော်..နဝါရယ်..နဝါကားကလေ နဝါပြောလို့
ကိုတိုက်ထားမှန်းသိရတာ ဒို့မျက်စိထဲမှာတော့
အရင်အတိုင်းပဲ။"

"အင်းပါ..ဖြစ်ပြီးမှတော့ ပြောနေလဲမထူး..ထူး။"

"နဝါဘာလဲ..။"

နဝါမျက်လုံးများက ဟိုရှေ့ကစုံတွဲလေးဆီရောက်
သွားချိန်မှာတော့..စကားလုံးများက ဆွံ့အသွားသည်။
ကောင်မလေး စိတ်ဆိုးနေတာကို အသဲအသန်လိုက်ချော့နေ
သော ကောင်လေးတစ်ယောက်။ ပတ်ဝန်းကျင်ကိုပင်မရှုက
နိုင်ဘဲ အသည်းအသန်ကို လိုက်ချော့နေမှန်းအဝေးက
ထိုင်ကြည့် နေသော နဝါတို့ပင် ခန့်မှန်းနိုင်သည်အထိ။
အခုကျတော့လဲ ဒီလူ့ရုပ်က ဘာလုပ်လုပ်ခွင့်လွှတ် ကြည်
ဖြူစွာနှင့် အစွမ်းကုန်လိုက်လျောတော့မည့်ရုပ်မျိုး။ နဝါ
တွေ့တုန်းကနှင့်များကွာပ။ ရုပ်ကြီးကိုက ကမ္ဘာပေါ် တွင်
သူ့လောက်သည်း ခံနိုင်မည့်သူရှိမည်လို့ မထင်ရလောက်
အောင် ပြုံးတွေဝေ ဆာစွာနှင့် ချိုမြနေသည်။

"ဟိုနေ့က နဝါနဲ့ ကားချင်းတိုက်မိတဲ့လူ။"
နဝါလှမ်းပြလိုက်တော့ ထိုသူကလဲ နဝါတို့ကန်

www.burmeseclassic.com

www.burmeseclassic.com



တင်းဘက်ထဲ ဝင်လာလေသည်။ ပြီးတော့ နုဝါတို့ရှေ့နာ က စားပွဲဝိုင်းတွင် ဝိုင်လိုက်သည်။ ဒါဆိုသူကလဲ ဒီကျောင်း ကပဲပေါ့။ နုဝါမျက်ခုံးကိုပင့်ရင်း နှာခေါင်းရှုံ့ကာ မြင် ချင်ယောင်သာဆောင်နေလိုက်သည်။ ထိုသူကတော့ သူ့အ ကြောင်းနှင့်သူ မွှန်ထူကာ နုဝါကိုလဲမြင်ပုံမရချေ။

"ဟုတ်လို့လား နုဝါရယ်။ လူမှားတာများလား။ သူ့ရုပ်က နုဝါပြောသလိုလဲ ရင့်ရင့်သီးသီးပုံမပေါ် ပါဘူး။ ဟိုမှာကြည့်ပါဦး သူ့ကောင်မလေးကိုမျှာ ကြင်နာနေလိုက်တာ..။"

ဘုန်းမြင့်မိုရ်က နုဝါတို့ဒီမှာရှိမယ်ဆိုတာကြိုသိ ထား ပြီးသားဖြစ်သည်။ ဒါကြောင့်လဲ တမင်ကို မီးငယ်ကို ဒီကန် တင်းကို ခေါ်လာခဲ့တာဖြစ်သည်။

"မီးငယ်ရယ်..စိတ်မဆိုးပါနဲ့ ကိုကိုကလာမခေါ် ချင်လို့မဟုတ်ပါဘူး။ ဒီနေ့က တကယ့်ကို ကိုကိုမအားလို့ပါကွာ..။"

"မီးငယ်ကတော့ ကျောင်းတက်တက်ချင်းရက်မှာ ကိုကိုနဲ့အတူကျောင်းကိုသွားရမယ်ဆိုပြီး ကြိုတင် တွေးပြီး ရင်တွေခုန်နေလိုက်ရတာ...။"

မီးငယ်ကလဲ ချော့လေပိုမိုစိတ်ကောက်ပြကာ ကြာကြာအချော့ခံရလေအောင်လုပ်ပြနေသည်။ အရင်က ဆိုသူမစိတ်ဆိုးလဲ ကိုကိုက ဘယ်တုန်းကမှအရေးမလုပ်



ခဲ့သဖြင့် ဒီလိုမျိုးတစ်ခါမှ အချော့မခံဖူးပေ။ ဒါကြောင့်လဲ ကိုကို့အချော့တွင် သာယာယစ်မူးကာ ဟန်ပိုလုပ်နေမိခြင်း ဖြစ်သည်။

ဘုန်းမြင့်မိုရ်တို့က ရယ်ချင်တာအူကိုလှိမ့်နေတာ ပဲ။ မမြင်ချင်ယောင်ဟန်ဆောင်ထားရသော်လဲ မျက်လုံး အစွန်းလေးကနေ မြင်နေရသည်။ ဘုန်းမြင့်မိုရ်ကိုတွေ့သည် နှင့် ပါးစပ်အဟောင်းသားနှင့် အံ့သြသွားသည်။ ပြီးတော့ အသည်းအသန်ကြွေပြနေသော ဘုန်းမြင့်မိုရ်ကို ကြည့်ကာ ဒေါသတွေ အလိပ်လိုက်ထွက်နေသည် ဆိုတာကို လဲ သွားလေးနှင့် ဖိကိုက်ထားသော နှုတ်ခမ်းလေးကိုကြည့်ချင်း အားဖြင့် သိနေနိုင်တာပဲ။

ဒါပဲလေ မိန်းမတွေဆိုတဲ့အမျိုးက ဘယ်လောက်ပဲ အချစ်မခံချင်ဘူးပြောပြော သူ့ထက်သူများကို သည်းသည်း လှုပ်ချစ်ပြနေလျှင် အနည်းနဲ့အများတော့ စိတ်လှုပ်ရှား တတ်လေသည်။ ပြီးတော့ သူမလို လူတကာချစ်တဲ့ မင်းသ မီးလေးကိုပယ်ပြီးအလှချင်းဘယ်လိုမှမယှဉ်သာတဲ့ကောင်မ လေးကိုမှ အရူးအမူးကြွေပြနေတော့ တော်တော် လေးကို ခံချိမခံသာဖြစ်နေရောပေါ့။ ဒါတွေကြိုသိလို့ လဲ ဒါမျိုးကို တမင်ကို ဖန်တီးထားတာပေါ့။

မီးငယ်ဆိုတာက ဟိုးအရင်က ကိုလေးတို့ ဗိုလ်ငယ် တို့အိမ်မှာ သွားသွားကစားရင် အမြဲအတူကစားနေကြ

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးတို့နှင့် အိမ်ချင်းကပ်လျက်ကကောင်မလေး
ဘုန်းမြင့် မိုရ်ကတော့ ညီမတစ်ယောက်လိုသာ သဘော
ထားသော်လဲ ထိုကောင်မလေးကတော့ ဘုန်းမြင့်မိုရ်
အပေါ်တွင် စိတ်ဝင်စားနေသဖြင့် နောက်ပိုင်းမတွေ့အောင်
ရှောင်နေခဲ့တာဖြစ် သည်။ အခုတော့ ဆယ်တန်းအောင်လို့
တက္ကသိုလ်ပထမဆုံးတက်ရမည့်နေ့ဖြစ်သဖြင့် လိုက်ပို့ပေး
ရန်ပူဆာထားခြင်းဖြစ်သည်။

ဘုန်းမြင့်မိုရ်ကလဲ ထုံးစံအတိုင်း အရှောင်အတိမ်း
ဂျက်စီကျိန်း လုပ်ထားသော်လဲ အခုတော့ စိတ်ကူးသစ်တစ်
ခုရတာနှင့် ထိုကောင်မလေးကို ကျောင်းပေါ်တီကို အောက်
တွင်စောင့်ကာ အကွက်ကျကျ ကပြင်လိုက်တာဖြစ်သည်။

"ကဲပါ မီးငယ်ရယ် ကိုကိုမှားပါတယ် ကျေနပ်
တော့နော်။ ညနေကျရင် မီးဘာစားချင်လဲ ကိုကို
လိုက်ကျွေးမယ်ကွာ။ ပြီးမှအိမ်ပြန်ပို့မယ်..။"

"တကယ်နော် ကိုကို..။"

မီးငယ်က ကလေးလိုလို ချွေးလိုလို လက်ညှိုးတ
ချောင်းထောင်ကာ ညုတုတုပြောလိုက်လေသည်။ ဘုန်းမြင့်
မိုရ်မှာ မီးငယ်ကိုကြည့်ကာရယ်ချင်သော်လဲ အောင့်အင်း
ကာ..

"တကယ်ပေါ့ကွ။"

ဟုပြောရင်း မီးငယ်ဦးခေါင်းလေးကို လှုပ်ယမ်း



ကာ ဆံပင်များကို ဆွဲဖွလိုက်သည်။

"ကိုကိုကလဲ မီးငယ်ဆံပင်တွေဖွကုန်ပါပြီ။ မလှ
ဘဲနေတော့မှာပဲ။"

"မီးငယ်ရယ် ကျောင်းတက်တာပဲ ဖက်ရှင်ရှိုးလာ
လျှောက်တာမှ မဟုတ်တာ။ တအားကြီးအလှ
တွေပြင် နေစရာမလိုပါဘူး။ ကိုကိုပြောတာ
သနပ်ခါးဘဲကြားနဲ့ လာရမယ်လို့မဆိုလိုဘူး
သပ်သပ်ရပ်ရပ်လေးနဲ့ကြည့် ကောင်းရုံဆို တော်ပြီ
ပေါ့။ အဲ့လိုမဟုတ်ဘဲ ကော်ပတ်ရုပ် လိုအလှတွေ
တအားပြင်ပြီးလာတာ ကျောင်းသူတစ်ယောက်နဲ့
ဘယ်တူတော့မလဲ။ အဲ့ဒါမျိုးကို စိတ်ဝင်စားတယ်
ဆိုရင်လဲ ကျောင်းလာမတက်နဲ့ ဖက်ရှင်ရှိုးသာ
သွားလျှောက်...။"

သူတို့စကားကိုကြားရသဖြင့် သောက်နေသော
ကော်ဖီပင်နင်သွားလေသည်။ ဘယ်ရယ်မဟုတ်ပဲ ပြောနေ
သော သူတို့အတွဲရဲ့အသံကြောင့် ဆိုင်ထဲရှိတစ်ချို့လူတွေ
က နဝါတို့ကို မသိမသာလှမ်းကြည့်ကြလေသည်။ အစထဲ
က သမီးရည်းစားရန်ဖြစ်တယ်ဆို ဘာလဲလို့စိတ်ဝင်တစား
နားထောင်နေကြတာ။ အခုလိုလဲပြောရော အားလုံးက သူ့
စကားကိုပဲ လက်ခံသလိုလိုနှင့် နဝါတို့ကို လှမ်းကြည့်ကြ
လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှာ နုဝါကလဲ ကချင်အင်္ကျီလည်ထော
လက်ပြတ်လေးနှင့် ကချင်ထမိန်လေးကို ခြူသေးသေး
များထည့်ကာ ဒီဇိုင်းထွင်ပြီးချုပ်ဝတ်ကာ သုံးလက်
လောက်မြင့်သော ပန်ဆယ်ဟီးကိုစတိုင်ကျကျဝတ်ထ
သဖြင့်ကိုယ့်ကိုစောင်းပြောခံနေရသလိုလိုပင်။ စိမ်းလဲ့နှ
ဘရဏီကလဲ ထုံးစံအတိုင်း သူများမဝတ်သောပုံစံများ
ကိုသာ လုလုပပကြွကြွရွရွလေးဝတ်ထားသဖြင့် သူတို့ရှေ
ပါ မျက်နှာပျက်နေလေသည်။ ထိုသူကတော့ သူ့စကား
ဘယ်သူ့ကို ထိနိုက်သွားလဲ သိပုံမရဘဲ သူ့ကောင်မလေး
မျက်နှာကိုသာ မျက်တောင်မခတ်တမ်း ချစ်ရည်ရွှန်းလဲ့စွာ
စိုက်ကြည့်ပြီးပြောနေသဖြင့် ရန်သွားတွေ့ရကလဲ ခက်နေ
လေသည်။

"အင်းပါ ကိုကိုရယ်။ ကိုကိုစိတ်မချလို့ပြောမှန်း
သိပါတယ်။ မီးနောက်ဆို တအားမပြင်တော့ဘူး
နော်။"

"မီးငယ်က အရမ်းလိမ္မာတာပဲ။ ကဲလာ မီးငယ်
အတန်းကို ကိုကိုလိုက်ပို့ပေးမယ်..။"

ထိုနှစ်ယောက်ထွက်သွားမှာ စိမ်းလဲ့ကလဲ အသည်း
ရဲရဲရှရဲလေသည်။

"ဟွန်း...ဒီလူနဲ့တော့ သူ့ကောင်မလေး သူပြော
တာပဲ တိုးတိုးသက်သာပြောပါလား အခုတော့



ကြားထဲကပါ ငါတို့ကတရားဝင်နာနေရသလို
ပဲ။"

"သူလဲ ပုံမှန်တော့ ပုံမှန်လေသံနဲ့ပဲပြောသွားတာ
ပါဟာ။ ခုံတွေက အရမ်းကပ်နေတော့ ကြားရတာ
ပေါ့။"

ဘရဏီက ကျေတော့မကျေနပ်ပေမဲ့ အကျိုး
အကြောင်းကိုတော့ ရှင်းပြသေးသည်။ ဟုတ်တော့လဲ ဟုတ်
ပါသည်။ ဆိုင်လေးက ကျဉ်းတော့ တစ်ခုံနဲ့ တစ်ခုံကို ခပ်
စိပ်စိပ်ချထားသဖြင့် ခပ်တိုးတိုးပြောတောင်မှ ဘေးဝိုင်း
ကလူက အကုန်ကြားနိုင်သည်။

"တော်ပြီဟာ ဒင်းနဲ့တွေ့တိုင်းအမြဲ စိတ်တိုရ
တယ်။ အကုသိုလ်ကိုများမယ်။ အတန်းသွားတက်
ကြမယ်လာ။"

နုဝါတို့သုံးယောက်လဲ စိတ်မပါသောခြေလှမ်းများ
နှင့်သာ အတန်းဆီသို့ဦးတည်၍ ထွက်လာကြသည်။ ဒီနေ့
ကံကောင်းတာဆိုလို့ ရောက်ရောက်ချင်းကြားလိုက်သော
ဝေယံကို နိုင်ငံခြားတွင်ကျောင်းသွားတက်သည်ဆိုသည့်
စကားတစ်ခွန်းသာ စိတ်ချမ်းသာပျော်ရွှင်ဖွယ်ကောင်းသေး
သည်။ ဒါကြောင့်လဲ ဘေးဝိုင်းကလူတွေကို ပြေးတောင်
ကန်တော့ချင်စိတ်ပေါက်မိသည်။

နုဝါတို့ စိတ်မပါတပါခြေလှမ်းတွေနှင့်အတန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းဝင်ကာ ရှေ့ဆုံးက ထောင့်စွန်းခုံတွင် ဝင်ထိုင်လိုက်သည်။

"မထိုင်နဲ့။"

နောက်ခုံက အသံနက်ကြီးနှင့် ထအော်လိုက်သဖြင့် ထိုင်မလို့ဟန်ပြင်လိုက်သည့် နဝါတို့သုံးယောက်စလုံး ဆတ်ကနဲ ထရပ်လိုက်သည်။ နဝါစိတ်တိုတိုနှင့် နောက်လှည့်ကြည့်လိုက်တော့ မျက်လုံးများပြူးထွက်သွားသည်။ သေလိုက်ပါတော့။ တစ်နှစ်လုံးတစ်တန်းထဲတက်ခဲ့တာကိုပင် သတိမပြုမိတာတော့ နဝါတို့အလွန်ပင်။

"ဘာဖြစ်တာလဲ။"

နဝါလဲ စိတ်တိုတာနှင့် ခပ်ဆတ်ဆတ်ထအော်လိုက်သည်။ ဘရဏီနှင့် စိမ်းလဲ့ကတော့ တော်တော်လေးအံ့သြနေသလို ပါးစပ်အဟောင်းသားနှင့် တစ်ခွန်းမျှဝင်မပြောချေ။

"ဘာဖြစ်ရမှာလဲ။ ထိုင်မယ်ဆိုရင်လဲ အောက်လေးဘာလေး နည်းနည်းကြည့်ထိုင်ပါလား။ မိန်းကလေးဖြစ်ပြီး။"

သူပြောမှပင် နဝါစိတ်တိုတိုနှင့် အောက်ငုံ့ကြည့်လိုက်သည်။ အောက် ထိုင်ခုံတွင် ကျောပိုးအိတ်တစ်လုံးချထားသည်ကို တွေ့လိုက်ရသည်။

"ဘာမှ မိန်းကလေးတွေဘာတွေလာပြောမနေနဲ့။ ရှင်ကရော စည်းရှိကမ်းရှိထားပါလား။ ဘာကိစ္စကျောပိုးအိတ်ကို ဒီလို ဖင်ထိုင်ခုံမှာတင်ထားလဲ ထိုင်ခုံဆိုတာ ထိုင်ဖို့ရှင့်နားလည်လား။"

စိမ်းလဲ့က ဒေါသထွက်ထွက်နှင့် ထအော်လိုက်သည်။ တော်သေးတာက အတန်းထဲတွင် ဆရာရှိမနေတာပင်။ နဝါကတော့ စိမ်းလဲ့ပြောနေသဖြင့် လက်ပိုက်ကာနားထောင်နေလိုက်သည်။

"ဒီမှာ ကျွန်တော့် သူငယ်ချင်းတွေထိုင်မှာမို့လို့ ခုံဦးထားတာ..။"

တကယ်တော့ ဘုန်းမြင့်မိုရ်က နဝါတို့ဝင်လာကာ ဒီထိုင်ခုံတွင် ဝင်ထိုင်မည့်ပုံပေါ်၍ တမင်ကျောပိုးအိတ်ကို ဘယ်သူမှမသိအောင်ခုံအောက်ကနေချလိုက်တာဖြစ်သည်။ ဘုန်းမြင့်မိုရ် စကားကိုကြားတော့ အနားက မင်းမင်း၊ အာကာနှင့်ရဲရင့်တို့က နားမလည်သလို ကြောင်တောင်တောင်လေးတွေနှင့် ဘာမှတော့ဝင်မပြောဘဲ အခြေအနေကို စောင့်ကြည့်နေလေသည်။

"ခုံဦးရအောင် ဒါရှင့်အဘပိုင်တဲ့ ဇရပ်မဟုတ်ဘူး။ ကျောင်းသူ၊ ကျောင်းသား ဘယ်သူမဆို ထိုင်လို့ရတယ်။ ကလေးစိတ်မကုန်သေးရင် သူငယ်တန်းပြန်တက် ဒါတက္ကသိုလ်ရောက်နေပြီ။ရှေ့မရောက်ရင် ရောမလိုကျင့်နားလည်လား..။"



www.burmeseclassic.com

www.burmeseclassic.com



ဘရဏီက စကားကိုအချက်ကျကျပြောကာ ကျောပိုးအိတ်ကိုကောက်ယူပြီး နောက်ထိုင်ခုံတွင် ပစ်တင်ပေးလိုက်သည်။ ဘုန်းမြင့်မိုရ်မှာသာ နိုင်ချင်စိတ်နှင့် ပြော မိပြောရာပြောလိုက်မိသဖြင့် ဟိုကောင်မလေးများ၏ အချက်ကျကျ နှိပ်ကွပ်တာကို ခံလိုက်ရသည်။

"တောက်။"

ဘုန်းမြင့်မိုရ် အနိုင်နှင့်ပိုင်းခံလိုက်ရသဖြင့် တောက်တစ်ချက်ခေါက်လိုက်သည်။ ဘေးနားမှာ ပြုံးစိစိလုပ်နေသော ဟိုကောင်တွေကိုပါ ကုလားမနိုင် ရခိုင်လှည့်မဲလိုက်သည်။

"ဘာရယ်တာလဲ။"

"ဘာမှ မရယ်ဘူး ဟီး ဟီး။"

ဘုန်းမြင့်မိုရ် စိတ်တွေတိုနေသော်လဲ ဘယ်သူမပြု မိမိမှုလို့ပဲပြောရမှာပေါ့။ ဒေါသတွေထွက်ကာ မျက်နှာကြီးက သုန်မှုန်နေသည်။ ဘုန်းမြင့်မိုရ်တကယ်ဒေါသထွက်နေသဖြင့် သူငယ်ချင်းတွေကလဲ ဆက်မရယ်ရဲတော့ပဲ ကိုယ်ရှိန်သတ်ကုန်ကြသည်။

နဝါနောက်ကိုမသိမသာလှည့်ကြည့်တော့ ကလေးတစ်ယောက်လို မျက်နှာကြီးသုန်မှုန်နေသော ဘုန်းမြင့်မိုရ်ကိုတွေ့ရလေသည်။ နဝါဘာရယ်မဟုတ်ဘဲ ပြုံးမိသွားသည်။ ဒီယောက်ျားနှယ်...ကလေးကျနေတာပဲလို့လဲ စိတ်



ထဲကတွေးမိသွားသည်။ တကယ်တော့ တကယ့်ကို လူကြီးလူကောင်းယောက်ျားတစ်ယောက်ပုံဖြစ်ပြီး အခုကျတော့ ...လိုမကျ၍ စိတ်ကောက်နေသော ကလေးငယ်နှင့်တူနေပြန်ရော။

စိမ်းလဲ့နှင့် ဘရဏီကတော့ အခုမှပင်..

"နဝါပြောတုန်းက အဲ့ပုံဆိုတာ ယုံကိုမယုံဘူး။ အခုမှပဲ မျက်မြင်ကိုယ်တွေ့တွေ့ရတော့တယ်။"

"အေးလေ ရုပ်ကိုက တောနကတစ်မျိုးအခုတစ်မျိုးနဲ့ လူရွှင်တော်ပဲလုပ်စားသင့်တယ်။"

"မင်းသားလုပ်ပါ"

နဝါက လှမ်းထောက်ပေးသည်။

"မလုပ်နိုင်းပါဘူး လူရွှင်တော်ပဲလုပ်ခိုင်းမယ်။ အမြင်ကပ်လို့..။"

"ဟ..ဟား။"

နဝါတကယ်ကိုထရယ်မိတော့သည်။ အရင်ကတော့မဟုတ်နိုင်ပါဘူးလေး ဘာလေးနှင့် အခုတော့ တလေးပဲတွေ့ရသေးတယ် လက်တွေ့ယုံသွားလေပြီ။ နဝါလှမ်းရယ်ရင်း ဘာရယ်မဟုတ်အနောက်ကို ခိုးကြည့်မိတော့ ယောက်ျားတန်မဲ့ နဝါကို မျက်စောင်းထိုး သွားသော သူ့ကို လှမ်းမြင်ရဖြင့် အမြင်ကပ်ကပ်နှင့် ပခုံးတွန့်ကာပြောပြခဲ့သည်။ ကောင်းတယ်အခုမှ ဝဋ်လည်တာ သူ့အလှည့်

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ နာတတ်လိုက်တာ တွန့်တွန့်ကို လူးနေတာပဲ။ နုဝါတုန်းကများ တကယ် ကိုမတူသလို မတန်သလို လုပ်သွားတာကျ သူမဟုတ်သလိုပင်။ ဘာရယ်ကြောင်းမှန်းမသိပေမဲ့ နုဝါ သူ့ကိုပြန်နိုင်လိုက်သဖြင့် ရင်ထဲမှာတော့ ပျော်နေမိသလိုလို ဘာလိုလိုပင်။



❧ ❧ ❧ ❧ ❧

## အခန်း(၂၈)

နုဝါကားရပ်ရပ်ချင်း မြင်နေရသော မြင်ကွင်းအတွက် 'ကျစ်'ကနဲ့မြည်အောင် စုတ်သတ်မိသည်။ နုဝါကားရပ်စရာတစ်နေရာတွေ့လိုက်၍ ရပ်လိုက်သည်။ ကားတွေက အပြည့်ဖြစ်သဖြင့် တွေ့သည့်နေရာလွတ်မှာသာ နုဝါရပ်လိုက်သည်။ ရပ်လိုက်ပြီးလို့ ဆင်းတော့မည် လုပ်မှပဲကိုယ့်အမှားကိုယ်သိတော့သည်။ နုဝါဆင်းမည်လုပ်လို့ကားတံခါးဖွင့်လိုက်တော့ ဘေးနားကကားကပါ ကားတံခါးအဖွင့်နှင့် ကြုံသဖြင့် နုဝါကားတံခါးလေးကို ပြန်စေ့ကာအရင်ဆင်းခိုင်းလိုက်သည်။ ခက်တာကဆင်းတာလဲမဟုတ်ဘဲ ဆင်းမလိုလုပ်လိုက် တစ်ယောက်ကပြန်ဆွဲလိုက်လုပ်နေသဖြင့် နုဝါမှာကားပေါ်က ဆင်းလို့မရပဲ ကိုးလို့ကန့်လန့်ဖြစ်ကာ စိတ်တိုလာကာ ဘေးကကားကိုသေချာလှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့တော့မှလဲ နုဝါရဲ့ရန်သူတော်ဟောင်းကြီးဖြစ်နေမှန်းသေချာသိလိုက်ရသည်။ ဟိုတစ်ခါတွေ့ခဲ့သည့်မီးငယ်ဆိုသည့်ကောင်မလေးနှင့် ဘာတွေဖြစ်နေလဲတော့မသိ။ ကောင်မလေးက တံခါးဖွင့်ဆင်းမယ်လုပ်လိုက် သူကတားလိုက်။ နုဝါကကားတံခါးဖွင့်၍ ဆင်းတော့မလို့လုပ်လိုက် ဟိုဘက်ကားတံခါးကပြန်ပွင့်လာလိုက်နှင့် လုံးချာလိုက်နေသည်။ ထိုသူကတော့ နုဝါကိုမှတ်မိပုံမပေါ်တာလား တမင်မသိချင်ယောင်ဆောင်နေတာလားတော့ မသိ။ မမှတ်မိစရာအကြောင်းတော့ သိပ်မရှိပါဘူး။ မသိချင်ယောင် တမင်ဆောင်နေတာသာ နေမှာပါ။

အခုတလေ သူနဲ့ အဲ့ကောင်မလေးကို နေရာတိုင်းနီးပါးတွင်တွေ့ရသည်။ တွေ့လိုက်တိုင်းလဲ အမြဲတစ်ဦးကိုတစ်ဦး သည်းသည်းလှုပ်ပုံစံမျိုးနှင့်ပင်။ အဲလို သည်းသည်းလှုပ်ပုံစံတွေက နုဝါရဲ့ စိတ်ဝင်စားမှုကို ချူယူနေလားမသိတော့ပါဘူး။ ဘယ်တုန်းကမှ လူတစ်ယောက်ကိုသေချာသတိထားမကြည့်ဘူးတဲ့ နုဝါက သူတို့အတွဲကိုတော့ ဘာရယ်မဟုတ်ဘဲ သတိထားမိလာသည်။ နောက်တော့ တဖြေးဖြေးနှင့် သတိထားမိရာကာ စိတ်ဝင်စားလာခဲ့သည်။

တွေ့လိုက်တိုင်း ဘုန်းမြင့်မိုရ်နှင့် မီးငယ်ဆိုသည့်ကောင်မလေးနှင့်က အမြဲပြဿနာတက်နေတာပင်။



ပြဿနာဆိုလို့ သူများထင်သလို အော်ကြဟစ်ကြနှင့် ဖြစ်နေသော ပြဿနာမျိုးမဟုတ်။ ဘာအကြောင်းမှန်း တော့ သေချာမသိပင်မဲ့ ကောင်မလေးကလဲ မာန်လှမ်ကာ က် ကောက်နေသည်။ ဒါကိုလဲ ဘုန်းမြင့်မိုရ်က အသည်း သန်လိုက်ချော့နေသည့် ချစ်စရာ၊ အားကျစရာ မြင်ကွင်း လေးတွေ။

ကိုရီးယားမင်းသားလို စတိုင်ကျကျ ယောက်ျားပီ ၍ စွဲမက်ဖွယ်အပြုံးတွေနှင့် လိုက်ချော့နေသော ကောင် လေး၏ ကောင်မလေးက သာမန်ရုပ်ရည်လေးကို ငယ်ဂုဏ် သေးသောပေါင်းထား၍ ကြည့်ပျော်ရှုပျော်ဖြစ်နေတာပါ။ ကဲ့သို့ကောင်မလေးကိုလိုက်လျှောသည်ခံချင်လွတ်နိုင် သည့် ဘုန်းမြင့်မိုရ်ဆိုသည့်ကောင်လေးက နုဝါကိုဆိုရင် တော့ မျက်နှာချင်းပင် မဆိုင်ဘဲ ရှောင်ပြေးနေတတ်သည်။

ဖြတ်ကနဲ တွေ့လိုက်လျှင်ပင် ကြိုတင်မျက်နှာလွှဲ တတ်သော ဘုန်းမြင့်မိုရ်ပုံစံကြောင့်လဲ နုဝါစိတ်တိုအသည်း အားမိသည်။

"ဒီမှာ ဆင်းမှာလား။ မဆင်းရင် ကျွန်မအရင်ဆင်း မယ်။"

နုဝါခပ်မာမာပြောလိုက်တော့ ကားထဲကကောင် လေးက နုဝါကိုလှမ်းကြည့်ကာ ပြုံးပြလေသည်။

"ဆောရီးနော် မမ။ မမအရင်ဆင်းပါ။"

www.burmeseclassic.com

www.burmeseclassic.com



ဟွန်း အသံကိုက ပျစ်ချွဲနေသည်။ နဝါဘာမှ ပြော မနေဘဲကားတံခါးဖွင့်ကာ ကောက်ဆင်းလာခဲ့သည်။ ဘာတွေမှန်းကိုမသိ ကျောင်းလာပြီး ချစ်နလန်ထနေတယ်။ နဝါအမြင်ကတ်ကတ်နှင့်ပင် စိတ်ထဲကပြောချလိုက်သည်။

နဝါဆင်းသွားသည်နှင့် ချက်ခြင်းဆိုသလို ဘုန်းမြင့်မိုရ်..။

"ကဲ..ကြွတော့ အမိ။ အတန်းသွားတတ်တော့။"

"ဟင်။"

မီးငယ်အံ့သြသွားသည်။ စောနကတော့ မီးငယ်က စိတ်ဆိုးပြီး ကားပေါ်ကဆင်းမယ်ဆိုတာတောင်အတင်းတားပြီး အခုမီးငယ်က စိတ်ဆိုးပြေကာ ကိုကိုနှင့် စကားပြောတော့မယ်လဲ ဆိုရော အတန်းတက်တော့တဲ့။

"ဘာဖြစ်လို့လဲ ကိုကို။ မီးငယ် စိတ်မဆိုးတော့ပါဘူး။"

"စိတ်ဆိုးလို့ကောရမလား။ ငါကတော့ တိုင်စရာရှိတာ တိုင်ရမှာပဲ။"

"ဟွန်း စောစောက ကိုကိုပြောတော့မတိုင်တော့ဘူးဆို။"

"အေးလေမတိုင်စေချင်ရင် နင်လဲ မိန်းကလေးပီပီကောင်းကောင်းမွန်မွန်နေပါလား။ အလကားနေ ကျောင်းမတက်ဘဲ လျှောက်သွားနေတာ



ကောင်းလား။"

မနေ့က တိုက်တိုက်ဆိုင်ဆိုင် ဒီကောင်မလေးတွေ ရုပ်ရှင်သွားကြည့်တာနှင့် မင်းမင်းကလဲ သူလိုက်နေသောကောင်မလေးကို ရုပ်ရှင်လိုက်ပြတာနှင့် ကြုံကာ ဘုန်းမြင့်မိုရ်ကို ပြန်တိုင်၍ ဆုံးမနေရခြင်းဖြစ်သည်။ မီးငယ်ကို အားလုံးက ဘုန်းမြင့်မိုရ် ညီမတစ်ဝမ်းကွဲလို့ သတ်မှတ်ထားကြသည်။ ဘုန်းမြင့်မိုရ်ကလဲ နဝါရှေ့မှာသာ ပိုပိုသာသာလေး ဆက်ဆံပြနေပေမဲ့ တခြားလူတွေရှေ့မှာတော့ အမြဲတည်တည်ကြည်ကြည်နှင့် အစ်ကိုအရင်းတစ်ယောက် လိုပဲ စောင့်ရှောက်သည်။

"ဟာ....ကိုကို လိုက်မပို့လို့ မီးဘာသာ သူငယ်ချင်းတွေနဲ့ သွားတာလေ။"

မီးငယ်က နှုတ်ခမ်းလေးစူကာပြောလေသည်။ ဒီကောင်မလေးနာမည်က နှင်းမိုးစက်ဖြစ်သော်လဲ ဘုန်းမြင့်မိုရ်နှင့်ပြောလျှင် ငယ်နာမည်မီးငယ်ကို မီးကလေ မီးကလေသာပြောတတ်သည်။ ငယ်ငယ်ထဲက အဲ့လိုပဲ ပြောတော့ နှုတ်ကျိုးနေကာလဲပါတာပေါ့။တခြားလူတွေ ရှေ့မှာ ဆိုလျှင်တော့ မိုးစက်ကလေ ဖြစ်သွားပြန်ရော။

"အေးနေဦး နင့်ကိုလဲပြောရဦးမယ်။ ငါ့ကို လူတွေကြားထဲ ကိုကိုလို့လဲမခေါ်နဲ့ နင့်ကိုနင်လဲ မီးကလေလို့ သိပ်မပြောနဲ့ကြားလား။"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ။ ဒါကအခုမှပြောတာမဟုတ်ဘူး ငယ်
ငယ်ထဲကပြောလာတာကို အကျင့်ပါနေပြီ
မရတော့ဘူး။"

ဒါတော့လဲ ဖြစ်နိုင်သည်။ ဘုန်းမြင့်မိုရလဲ မီးငယ်
လို့သာ ခေါ်တတ်သည်။ တစ်ခါမှ နှင်းမိုးစက်လို့မခေါ်
ဘူးပေ။

"နှင်းအကျင့်ပါတာအရေးမကြီးဘူး တော်ကြာ
ငါ့ကောင်မလေးက တစ်မျိုးထင်မှာစိုးလို့။"

"ဖြစ်မနေနဲ့ ကိုကိုမှာကောင်မလေးမှ မရှိတာ

"မကြာခင်ရှိတော့မှာ နှင်းမယုံရင်စောင့်ကြည့်
လိုက်။"

ဘုန်းမြင့်မိုရဲ့ နဝါမျက်နှာလေးကို ဖြတ်ကနဲမြ
ပျော့ခွေသွားသည်။ ကိုယ့်ကိုတွေ့တိုင်း နှုတ်ခမ်းလေး
တင်းတင်းစေ့ကာ မျက်ဝန်းစူးစူးလေးများနှင့် မသိမသာ
လိုက်ကြည့်တတ်သော ကောင်မလေး၏ ရင်တွင်းဝယ်
ကိုလဲ မွှင့်ချိန်တန်နေပြီဖြစ်သည်။ ကြာရင် တန်ဆေး
ခွေးဖြစ်တော့မည်ဖြစ်သည်။

"အော်...မသိဘူး။"

"အေး ငါပြောထားပြီးသားနော်။ နောက်တစ်
ကျောင်းပြေးပြီး ကောင်လေးတွေနဲ့ ရုပ်ရှင်ကြည့်
တယ် လို့ ကြားလိုက်တော့ နှင့်ကို အိမ်နဲ့ပြန်တို



မယ်မှတ်။ ငါနှင့်ကို ငါ့ညီမအရင်းတစ်ယောက်
လိုသဘောထားတာပါ။ မောင်နှမမရှိတဲ့ ကိုကို့
အတွက်တော့ မီးငယ်က ညီမ အရင်းလေး
တစ်ယောက်ပါ။"

မီးငယ် ဘာမှပြောမနေတော့ဘဲ ...းပေါ်က
ဆောင့်ဆောင့်နှင့် ဆင်းလာခဲ့သည်။ ကိုကိုလိုက်ပြပါလို့
...တော့ ရူးရူးဝါးဝါးနှင့်ကို ငြင်းပြီးတော့။ ကိုယ့်ဘာ
သာကိုယ်သူငယ်ချင်းတွေနှင့် သွားတော့လဲ အိမ်ပြန်တိုင်
...ယ်တဲ့။ မီးငယ်က ကိုကိုအပေါ်မှာ အစ်ကိုအရင်းထက်
...နေတာ ကိုလဲ ကိုကိုမသိလေရော့လား။ ကိုကိုကတော့
မီးငယ်အပေါ်ဖြူစင်မှန်း မီးငယ်သိပါတယ်။ မီးငယ်ပင့်
...တ် ရှိုက်ရင်း ဆင်းလာခဲ့သည်။

အချစ်ဆိုတာ မီးငယ်အတွက်တော့ တိတ်တဆိတ်
...ဝိုလင့်နေရုံသာရှိသည်။ ကိုကိုက သူမှာ ချစ်ရမဲ့သူရှိ
နေပြီတဲ့ မီးငယ်ဘာလုပ်ရမလဲ။ ကိုကိုရယ် မချစ်ပါနဲ့လို့
မီးငယ်မှာ တားခွင့်မရှိပါဘူး။ မီးငယ်သိပါတယ်ကိုကို ။
ကိုကို ဘယ်သူ့ကိုချစ်နေတယ်ဆိုတာ ကိုကိုမျက်ဝန်းတွေကို
ကြည့်လိုက်တာနဲ့ မီးငယ်သိပြီးသားပါ။ မီးငယ်က ကိုကို့
မျက်နှာကို မှန်တစ်ချပ်လို ကြည့်နေခဲ့တာပါ ကိုကိုရယ်။

အဲ့မမရွှေ့ရောက်ရင် လက်သွားတဲ့ ကိုကို့မျက်ဝန်း
တောက်တောက်လေးတွေနှင့် ဟန်ဆောင် ယုယပြနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြင်နာတွေကိုပဲ မီးငယ်ကလဲ မက်မက်မောမော လိုချင်နေမိတာကို။ ခဏဆို ခဏလေးပဲ ကြားလိုက်ရတဲ့ ကိုကိုနှုတ်ခမ်းက အကြင်နာတွေကိုလဲ မီးငယ်သိသိရက်နဲ့ကို ရှုးရှုးမှုးမှုးစွဲလန်းခဲ့တာကို..။

မီးငယ်မျက်ဝန်းများမှ မျက်ရည်ကြည်များက ပင်ပြင်ပေါ်သို့ လိမ့်ဆင်းကျရောက်လာသည်။ ရင်ထဲမှာ ဝမ်းနည်းနာကျင်ခြင်းများနှင့် အတန်းဘက်ဆီသို့ တရွေ့ရွေ့လျှောက်လှမ်းလာမိသည်။



❧ ❧ ❧ ❧ ❧

## အခန်း(၂၉)

ညကတော်တော်လေးကို ညည့်နက်နေပြီ။ လရဲ့ ခေါ်ဆောင်ရာနောက်ကို ကောက်ကောက်ပါအောင်လိုက်ရင်း နေမင်းကြီးကိုတောင် ဆီးကြိုနှုတ်ဆက်ချင်နေပြီ။ ဒီအချိန်မှာ လူတွေအားလုံးကတော့ အိပ်မောကျနေပြီပေါ့။ နဝါလဲ နှစ်ခြိုက်စွာ အိပ်စက်နေလေသည်။ ရုတ်တရက် ထမြည်လာသော တီးလုံးသံတိုးတိုးလေးကြောင့် နဝါခန္ဓာကိုယ်လေး လူးလွန့်ကာ တယ်လီဖုန်းရှိရာသို့ လက်ကိုလှမ်းလိုက်သော်လဲ မျက်လုံးကတော့ ဘယ်လိုမှ ဖွင့်လို့မရသေးချေ။

"ဟဲလို။"

အိပ်မှုန်စုံမွှားနှင့် မျက်လုံးကိုမဖွင့်ပဲ ထူးလိုက်သည်။ တစ်ဘက်မှ ဘာအသံမှပြန်မကြားသဖြင့် ထပ်မံ၍ ထူးလိုက်ပြန်သည်။ ဘာအသံမှဆက်မကြားလို့ ဖုန်းချမယ်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာတော့ တိုးရှသော သက်ပြင်းချသံတစ်ခု…

နဝါမျက်လုံးကို ဖွင့်လိုက်ရင်း ဖုန်းကိုကြည့်လိုက်တော့ ဘုန်းမြင့်မိုရ်ရဲ့ဖုန်းနံပါတ်လေးက နဝါဖုန်းလေးထဲ ပေါ်နေသည်။ ဘယ်ကြောင့်မှန်းမသိပင်မဲ့ နဝါရဲ့ ရင်ခုန်သံ သာမန်ထက်ပိုမိုမြန်ဆန်လာသည်။ အခုချိန်ထိ တစ်ဘက်က ဘာမှလှုပ်ရှားသံမကြားသေးပါ။ နဝါလဲ ငြိမ်ပြီး ဖုန်းကို ဆက်ကိုင်ထားမိသည်။ စက္ကန့်လေးတွေက တရွေ့ရွေ့လျားရင်း မိနစ်လေးတွေဆီသို့ ဦးတည်လာသည်။

"ကျွန်တော် နဝါကို ဝန်ခံစရာတစ်ခုရှိလို့ဖုန်းဆက်လိုက်တာပါ။"

အရမ်းကို တိုးရှက်ခဲ့ အသက်ရှူသံက မြန်နေသည်။ ဖုန်းထဲမှာကြားရတာတောင် သူစိတ်လှုပ်ရှားနေမှန်း နဝါရိပ်မိသည်။ နဝါကိုယ်တိုင်လဲ လက်ဖျားခြေဖျားလေးများ အေးစက်လာသည်အထိ စိတ်လှုပ်ရှားနေမိသည်။

"ဘာများလဲ"

နဝါအသံကလဲ မသိမသာလေး တုန်နေသည်ကို နဝါကိုယ်တိုင်သတိထားလိုက်မိသည်။ စိတ်ထဲကလဲ ကျွတ် ဘယ်လိုဖြစ်လို့ အသံကတုန်သွားရတာလဲလို့ ကြိတ်မကျေမနပ်ဖြစ်မိသေးသည်။

"ကျွန်တော် နဝါကို ချစ်တယ်။ ဒါပေမဲ့ နဝါ ကျွန်တော့်ကို ပြန်မချစ်ပါနဲ့။ ကျွန်တော်ချစ်တယ်ဆို



ဆိုတာကိုပဲ နဝါသိရင် ကျေနပ်ပါပြီ။"

နဝါရင်ခုန်သံတွေ အစကထက်ပိုမိုမြန်ဆန်လာသည်။ ဘာဆက်ပြောမလဲ နဝါပိုပြီးအားစိုက်နားထောင်မိသည်။ ဘာအသံမှ ဆက်ပြီးမကြားရ။ ခဏနေတော့ တူ…တူ..ဆိုသည့်အသံနှင့်အတူ ဖုန်းချသွားသည်။

နဝါလဲနေရာမှ ငုတ်တုတ်ထထိုင်မိသွားသည်။ အခန်းမီး ပြာလဲ့လဲ့လေးကို လှမ်းဖွင့်လိုက်သည်။ နဝါ အိမ်မက်မက်နေတာများလား။ လက်ထဲမှာတော့ ဖုန်းလေးက ဒီအတိုင်း လေးရှိနေသေးသည်။ သေချာအောင် Received call လေး ထဲ ပြန်ရှာလိုက်တော့ ဘုန်းမြင့်မိုရ်ရဲ့ ဖုန်းနံပါတ်လေးက ပေါ်လာသည်။ ဒါဆို အိမ်မက်မဟုတ်ဘူးပေါ့။

နဝါဖုန်းလေးကို စိုက်ကြည့်နေရင်း နှုတ်ခမ်းများက အလိုလိုပြုံးလာသည်။ ရင်ထဲမှာလဲ ကြည်နူးချမ်းမြေ့ခြင်းနှင့်အတူ ပျော်ရွှင်လိုက်မောခြင်းများကိုပါ ရောထွေးခံစားလိုက်ရသည်။ အိပ်ချင်စိတ်များကလဲ ဘယ်ဆီလွင့်သွားလဲမသိ။ နှလုံးခုန်သံတဒိုင်းဒိုင်းကြောင့်ပဲ လန့်နိုး သွားလားတော့မသိပါ။ နားထဲမှာလဲ ဘုန်းမြင့်မိုရ်ရဲ့ အသံတိုးတိုး ရှရှလေးက ပြန်လည်ကြားယောင်နေမိသည်။

နဝါကို ပြန်မချစ်ပါနဲ့တဲ့။ သူကပြန်မချစ်ပါနဲ့လို့ တားနေပေမဲ့ နဝါရဲ့ ရင်ခုန်သံကတော့ နဝါကို ဖြေချက်ပေးနေပြီ။ ဘယ်အချိန်ထဲကများ တောင့်တနေမှန်း မသိ

www.burmeseclassic.com

www.burmeseclassic.com





သော စိတ်တို့ကလဲ အခုမှ စိတ်ရဲ့အဟာရပြည့်ဝသွားသလို ကျေနပ်ပျော်ရွှင်သွားသည်။

နဝါနလုံးသားလေးက နဝါမသိအောင်ပဲ အခိုးခံခဲ့ရမှန်းကိုလဲ အခုရိပ်မိသွားသည်။ ဒါပေမဲ့ စိတ်ထဲမှာတော့ ပျော်ရွှင်ကျေနပ်နေမိသည်။ ဒါဟာအချစ်ဆိုရင်တော့ နဝါ သူ့ကို ချစ်မိနေပြီထင်သည်။ နဝါဘဝမှာ ဒါဟာ ထူးဆန်းသော ဖြစ်ရပ်တစ်ခုပါ။ ကြားနေကျစကားကို ကြားရတာကိုပင် ရင်ထဲတွင် လျှောင်အသေးစားလေးတစ်ခုဖြတ်ပြေးသွားခြင်းသည် ဘဝရဲ့ ပထမဆုံး ခံစားမှုအသစ်တစ်ခုပင်။

❧ ❧ ❧ ❧ ❧

အခန်း(၃၀)

ဖုန်းချပြီးပြီးချင်း အရင်ဆုံးသတိထားလိုက်မိတာ ကြီးမားသော အောင်ပွဲတစ်ခုကို အောင်နိုင်ပြီးမြောက်သွားသူလို ပျော်ရွှင်ကျေနပ်စိတ်တွေက လူတစ်ကိုယ်လုံးကို လွှမ်းခြုံဖုံးအုပ်ထားသည်။ ဒီလိုပြောဖို့အကြိမ်ကြိမ်လေ့ကျင့်ထားတာပင်။ ဒါပေမဲ့ တကယ်ပြောတော့ စိတ်လှုပ်ရှားမှုနှင့် အားလုံးကိုမေ့ပျောက်သွားသည်။ နောက်ဆုံးပြောလိုက်သော စကားတွေက ဘုန်းမြင့်မိုရ်တစ်ခါမှမစဉ်းစားထားဘူးသော စကားလုံး တစ်ချို့ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ်အောင်မြင်စွာ ပြောပြနိုင်ခဲ့သဖြင့် ကျေနပ်နေမိသည်။ နဝါရဲ့ အသံတွေကလဲ စိတ်လှုပ်ရှားနေသံတွေ စွက်နေမှန်းကို ရိပ်မိသည်။ ဒါဆိုအခြေအနေက တော်တော်လေးကောင်းသည်။ နဝါဆိုတာက ဘယ်တုန်း

www.burmeseclassic.com

www.burmeseclassic.com



ကမှ အားနာပါးနာနှင့် လက်ခံနားထောင်ပေးတဲ့လူမျိုး မဟုတ်။ အခုလို အလေးအနက်ပြန်လည်ပြောဆိုသည် ဆို ထဲက တစ်ဝက်လောက်တော့ အောင်မြင်ပြီဖြစ်သ...

သူမအဲ့လိုစကားပြန်ပြောမည်မထင်သဖြင့် ... ကို အံဩသွားမိသည်။ ဖုန်းထဲကကြားရတဲ့ သူမ အသံ လေးက တော်တော်ချိုသည်။ သူမမှာ ညှို့ဓါတ်တစ်မျိုးရှိ သည်လို့တော့ ပြောရမည်။ သူမအသံကို ကြားလိုက် ရသည်နှင့် လူကပျော့ခွေယိုင်ဆင်းသွားချင်သည်။

ဖုန်းထဲတွင် ဟန်ဆောင်ကာ ပြောနေရင်းနှင့် လူကအသက်ဝင်ကာ သူမအသံတွေထဲတွင် သာယာယစ် မူးချင်လာသည်။ နူးညံ့တဲ့အသံလေးအတိုင်းသာ သူမက ကြင်နာရှုံ့တတ်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ စိတ်ထဲကလဲ တဆက်ထဲတွေးမိသွားသည်။ တချိန်ထဲမှာ ပင် လီဗာကိုအတင်းနင်းကာ တိုက်ချလိုက်သော မြင်ကွင်း က မျက်လုံးထဲတွင် ပေါ်လာချိန်မှတော့ ဖုန်းကို ချက်ခြင်း ချလိုက်မိလေသည်။

စောနက သာယာကြည်နူးခဲ့သော လေရူပြွန်လေး ကလဲ ချက်ခြင်းပုံစံပြောင်းကာ မုန်တိုင်းတစ်ခုအဖြစ်နှင့် ဘုန်းမြင့်မိုရ်ရဲ့ ရင်ထဲတွင် ဝင်ရောက်မွှေနှောက် တိုက်ခတ် သွားလေသည်။ နှလုံးသား၏ အတွင်းကျကျတစ်နေရာက ဖြစ်ညှစ်ခံလိုက်ရသလို လူကတွင်းကျယ်စွာနှင့် နာကျင်လာ



မိသည်။

အံကိုကြိတ်၍ လက်သီးကို ဆုပ်ထားမိချိန်မှာ ... မ်းစင်စင်လင်းနေပြီ။ တစ်ညလုံးလဲ ဘယ်လို ဖြစ်ပြီး မအိပ်ဖြစ်ခဲ့မှန်းကိုပင် မသိတော့။ မျက်လုံးတွေက တော့ နေရောင်ခြည်အောက်တွင် ကျိန်းစပ်လာသလိုလို။ တောက် ပသောနေရောင်ခြည်က အရင်လို ဘုန်းမြင့်မိုရ်ရဲ့ အတွက် သယာလှပသော နံနက်ခင်းတစ်ခုကိုတော့ ယူဆောင်မ လာနိုင်ပါ..။

တစ်ညလုံးမအိပ်ထားရသဖြင့် ငိုက်စိစိဖြစ်နေသော ကြောင့် ရေချိုးလိုက်သည်။ ရေစက်လေးများက ခေါင်းပေါ် နှင့် ခန္ဓာကိုယ်အနှံ့ကို ကျရောက်လာတော့ လူက ရေထိ ခံရသော ကြာပန်းလေးလို ပြန်လည်လန်းဆန်းလာသည်။ ချက်ခြင်းဆိုသလို ကျောင်းကို အပြေးသွားချင်စိတ်များက လဲ ပြန်လည်ပေါ်လာပြန်သည်။

လေတိုက်တိုင်းယိမ်းနွဲ့ချင်နေသော သစ်ရွက်လေး တွေနှင့် ဘုန်းမြင့်မိုရ်ရဲ့ စိတ်ကတူနေပြီလားတော့ မသိတော့ ပါ။ ရေးချိုးပြီးသည်နှင့် ခါတိုင်းနှင့်မတူဘဲ မှန်တင်ခုံရှေ့ တွင် အချိန်ပိုကြာခဲ့မှန်းကိုလဲ နာရီလက်တံလေးတွေကို ငုံကြည့်လိုက်ရင်းနှင့်သိလိုက်သည်။ ခေါင်းကိုလဲ ဂျယ်လိမ်း ကာ ထောင်ထားပြီး ရှပ်အကျီနှင့် ယောပုဆိုးကို ဝတ် ထားသော ကောင်လေးအသွင်က ပိုမိုလန်းဆန်းကာ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေပြန်သည်။ ကားသော့လေးကို ယူကာ ကား မောင်းထွက်လာချိန်မှာတော့ ကျောင်းနောက်ကျနေပြီဖြစ် သည်။

အရင်တုန်းကဆို ကျောင်းနောက်ကျလဲ အိမ်က ထမင်းကြော်ကိုတော့ စားဖြစ်အောင်စားသွားတတ် သည်။ ဘုန်းမြင့်မိုရ်အကြိုက်ထမင်းကြော်က ဘယ်ဆိုင်မှာ မှမရှိ မေမေကိုယ်တိုင်ကြော်ပေးသော ထမင်းကြော်တစ်မျိုး တည်းသာရှိသည်။ အခုတော့ ဒီထမင်းကြော်ကိုလဲ ဒီနေ့ အတွက်တော့ စွန့်လွှတ်လိုက်ပါပြီ။ ကားကိုအမြန် မောင်းရင်း အခုပဲ ကျောင်းကိုအရမ်းရောက်ချင်နေမိသည်။ ကျောင်းက ထွက်ပြေးမှာမဟုတ်မှန်းသိလဲ စိတ်က တော့ ကျောင်းမှာ သာရောက်နေသည်။ ကျောင်းရောက်ချင် လှပြီ ပြီးတော့ သူမကိုလဲ တွေ့ချင်နေပြန်သည်။



❧ ❧ ❧ ❧ ❧

အခန်း(၃၁)

နဝါကျောင်းရောက်သည်နှင့် ခါတိုင်းလိုမဟုတ် ဘဲ မျက်ဝန်းတွေက သူ့ကိုရှာဖွေနေမိသည်။ ကားပါ ကင်နေရာမှာကော ကန်တင်းမှာပါ ကားရော လူရောမတွေ့ ရတော့ လူကစိတ်တိုသလိုလို စိတ်ညစ်လာသလိုလိုနှင့်။ ဘာမှန်းတော့သေချာမသိပါပဲ နဝါစိတ်တွေက မလန်း တော့ပေ။

"ဟဲ့ ပြောနေတာကြားလား။ ငုတ်တုတ်များ အိပ် ပျော်နေသလား နဝါရယ်။"

"ဟမ်...ဘာပြောလိုက်တာလဲ..ဆောရီးနဝါ အတွေးလွန်သွားလို့....။"

စိမ်းလဲ့ ဘာပြောလိုက်လဲ နဝါတကယ်မကြား လိုက်ပါ။ နဝါစိတ်တွေက သူ့ဆီမှာရောက်နေတာကို။

"အတွေးလွန်ရအောင် ဘာတွေများတွေးနေရှိနေ

www.burmeseclassic.com

www.burmeseclassic.com



လဲ နဝါ။"

ဘရဏီကပါ ပုံမှန်မဟုတ်သော နဝါပုံကိုကြည့်ပြီး မေးလာလေသည်။ နဝါလဲ ဒီကိစ္စကို သူငယ်ချင်းတွေကို ဖွင့်ပြောပြချင်သည်။ ဘယ်ကစပြောရမှန်းမသိသေးလို့သာ..။အခုတော့ အခါအခွင့်သင့်လာသဖြင့်...။

"ဒီမှာတော့မပြောချင်ဘူး သူများတွေကြားမှာ စိုးလို့... စာကြည့်တိုက်ရှေ့က သစ်ပင်ကြီးအောက်မှာ သွားပြောရအောင်။"

ကန်တင်းက တစ်ခုံနှင့်တစ်ခုံ ပူးကပ်နေလွန်းသဖြင့် တစ်ယောက်ပြောတာကို ကျန်တစ်ယောက်က အလွယ်လေး ကြားနိုင်သည်။ နဝါဒီလိုပြောလိုက်သည်နှင့် သဘောပေါက်လွယ်သော သူငယ်ချင်းတွေက ချက်ခြင်းထကာ စာကြည့်တိုက်ရှေ့ကိုထွက်လာကြသည်။ သူတို့လဲ သိချင်နေကြပြီ။

စာကြည့်တိုက်ရှေ့ ကန့်ကော်ပင်ကြီးများအောက်က ခုံတန်းလေးတွင် သူငယ်ချင်းများ ဝင်ထိုင် လိုက်ကြသည်။

"ကဲပြောတော့...ဘာတွေအတွေးလွန်နေတာလဲ။"

စိမ်းလဲ့က နဝါဘက်ကိုလှည့်ကြည့်ရင်း မေးလာသည်။ နဝါက အလယ်မှာထိုင်နေသူဖြစ်သဖြင့် ဘရဏီ



[illegible] စိမ်းလဲ့ကို [illegible] ဖွင့်ပြော [illegible] အရင် [illegible] ဘဲ တုံဆိုင်းဆိုင်း [illegible]

[illegible] ရည်း [illegible] နဝါကား [illegible]

ဘရဏီ [illegible] နဝါ [illegible] အခုမှ [illegible]

[illegible]

တယ်။"

[illegible]

www.burmeseclassic.com



“တခြားကော ဘာပြောသေးလဲ..။”

“ဘာမှတော့မပြောဘူး ဘရယ်ဇာ်။ အဲ့ဒါပဲပြော ပြီး ဖုန်းချသွားတာပဲ။”

“အော် ဘယ်ပြန်ချစ်စရာလိုမလဲ။ သူမှာက ချ စရာက ရှိပြီးသားကို။ တော်တော်မိုက်ရိုင်းတဲ့ရ သူဘောနားမှာ မီးငယ်ဆိုတာရှိသားနဲ့ ငါ့သူငယ် ချင်းကိုလာပြီးတော့ ကြောင်သေးတယ်။ နောက် တစ်ခါဆို အော်သာပစ်လိုက်။”

စိမ်းလဲ့က ကျောင်းမှာမြင်မြင်နေရသော သူတို့အ တွဲကို ကြည့်ကာ နဝါအစားဒေါသတွေထွက်နေသည်။ နဝါလဲ သူ့ဆီကချစ်စကားကို ကြားကာစက အရမ်းအံ့သြ ပြီး ရင်တွေခုန်လာတာနှင့် ဒီအကြောင်းကို လုံးဝမေ့သွား သည်။ အခုစိမ်းလဲ့ပြောမှပင် ငိုချင်လာသည်။ ဟုတ်တာ ပေါ့။ ဒါကြောင့် နဝါကိုပြန်မချစ်နိုင်းတာပေါ့။ ဘယ်ယောကျ်ားလေးမဆို ကိုယ်ချစ်တဲ့ကောင်မလေးဆီက အဖြေကိုတော့ လိုချင်ကြမှာပဲ။ မလိုချင်ဘူးဆိုထဲက ....နဝါရင်ထဲလှိုက်ကနဲနေအောင် နာကျင်သွားရသည်။ မျက်ဝန်းများမှ မျက်ရည်များကို မျက်တောင်ခတ်ရင်း သိမ်း ဆည်းထားလိုက်သည်။ အခုအချိန်မှာ နဝါရဲ့ စိတ်ကို ဘယ်သူကိုမှမမြင်စေချင်ပေ။ နှလုံးသားနုနုလေးကြေကွဲ သွားတာကိုတော့ လူသိမခံချင်ပေ။



နဝါတို့ထိုင်နေတုန်းပင် ဘုန်းမြင့်မိုရ်ကား ကျောင်း သို့ လှမ်းဝင်လာသည်။ ဘုန်းမြင့်မိုရ်ကတော့ နဝါကို ...။ ဖုန်းပြောရင်းနှင့် ပြုံးရွှင်စွာ ကားကိုမောင်း လာ ...။

“တွေ့လား နဝါ ဖုန်းပြောနေတာများ ပြုံးရွှင်နေ တာပဲ။ ကြည့်ရတာ မီးငယ်နဲ့ပြောနေတာပဲဖြစ် မယ်။”

“ဟုတ်မှာပေါ့..။”

နဝါကတော့ ဘရယ်ဇာ်စကားကို မြန်မြန်ပဲဖြတ် လိုက်သည်။ နဝါထက်ပြီး ဘာမှမကြားချင်တော့ပါ။ နဝါ နှလုံးသားကလဲ ခံနိုင်စွမ်းမရှိပါ။ မွေးရာပါ နှလုံးအား နည်းတဲ့ ဝေဒနာကို ခံစားနေရတဲ့ နဝါက စိတ်ညစ်စရာ တို့ ဆက်တွေးမနေချင်တော့။ အမြဲ လိုလို ကိုယ့်ကိုယ်ကို ချစိုက်ကာ နေရသည်။

“နဝါ ဟိုမှာကြည့်စမ်း..။”

စိမ်းလဲ့က နဝါကို လက်ညိုးညွှန်ပြရာကို ကြည့် လိုက်တော့ နဝါနှလုံးသားက လက်ကပြုတ်ကျသွားသော မှန်ချပ်လေးလို ဖြတ်ကနဲ အစိတ်စိတ်အမွှာမွှာကျကွဲသွား သည်။ ကျောင်းပေါ်တီကို အောက်တွင်တွေ့လိုက်သော သူ တို့အတွဲက ပြုံးလို့ပျော်လို့။ မုန့်ဘူးလေး ကို လှမ်းပေးလိုက် သော ကောင်မလေး၏မျက်နှာ အပေးကမြင်ရတာကောင်

www.burmeseclassic.com

www.burmeseclassic.com





[illegible]

"ထားလိုက်ပါဟာ..အတန်းသွားတတ်မယ်။" [illegible]

[illegible]

ကိုရိုးယားကားအကြောင်းကို တည်ပေးလိုက်တာနှင့် [illegible]

လဲ့နှင့် ဘရယ်ဏိက အလိုလိုမျောပါ [illegible]

[illegible]

သွားကာ နဝါကိုလိုက်ရှာမိသည်။ [illegible]

[illegible]

"လာပြီဟာ..မင်းအဘ [illegible] အော်နေရ [illegible]

[illegible]

ကာ မျက်နှာချိုသွေးလသည်။

"ဘယ်လိုလဲ [illegible] ဝင်စားဘူး [illegible] ဖြစ်သွားတာလဲ။"

[illegible]

အဲတော့ ငါလဲလူပဲကွာ [illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ဘူး။ ငါသိလိုက်တဲ့အချိန်က ငါသူ့ကို ချစ်မိနေပြီ။"

"အမျိုးမျိုးပဲ တတ်လဲတတ်နိုင်တဲ့ ကောင်ပေ...

အာကာကပါ ငွင်တွေ့တုန်း ဝင်နိုပ်ကွပ်လိုက်သေး သည်။

"တော်ပြီကွာ မင်းတို့နဲ့ စကားမပြောချင်ဘူး။ နှ ကိုလိုက်ရှာလိုက်ဦးမယ်။"

"အခုမှအဖြစ်သည်းမနေနဲ့ အတန်းတက်နေမှာ ပေါ့။ ဒီအချိန်ဆို။ "

ရဲရင့်က အခုမှအဖြစ်သည်းနေသော ဘုန်းမြင့်မို ကို သိပ်ကြည့်မရချင်။ အစကတော့ ဒီကောင်လောက် နှ ကိုမကောင်းပြောတာ နှစ်ယောက်မရှိ။ အခုကြတော့ ကန့်တင်းတောင်မထိုင်နိုင်ဘူး။ရွှေမျက်နှာတော်ကိုသွာ ရောက်မော်ဖူးချင်နေပြီ။

"ဒါဆိုလဲ အတန်းတက်ကြမယ်လေ။ ကျော င်း သားတဲ့ အတန်းထဲမှာကိုမရှိဘူး အချိန်ပြည့် ကန်တင်းမှာ ပဲ။ဒါကောင်းလား။"

ဘုန်းမြင့်မိုရ်က တမင်ဆရာလုပ်က သူငယ်ချင်း တွေကို အော်နေသဖြင့် အားလုံးက ဝိုင်းမေတ္တာပို့ကြသည်။ နောက်က ဂုတ်ပိုးကို အုပ်သူကအုပ်။ ပါးစပ်လှုပ်ပြီး ဆဲ သူက ဆဲနှင့်။ အားလုံးရဲ့ မေတ္တာကို ခံယူရင်း အတန်းဘ



ကို လျှောက်လာခဲ့ကြသည်။ ရင်ထဲမှာလဲ နဝါကိုအရမ်း တွေ့ချင်နေမိသည်။ သူမဘာပြောမလဲ။ သူမဘယ်လို ...ထားမလဲ။ သိချင်စိတ်တွေက ရင်ထဲတွင်ဗြောင်း သတ်နေသည်။

အတန်းသို့လျှောက်လာသော ခြေလှမ်းတွေက ခါ တိုင်းထက် ပိုမိုမြန်ဆန်ကာ သွက်လက်နေသည်။ မပြေးရုံ တမယ်လျှောက်လာသော ခြေလှမ်းတွေကို နောက်က သူငယ်ချင်းတွေက တောင်အမှီမနည်းလိုက်ရသည်။

"ဟေ့ကောင် ဘယ်မှထွက်မပြေးဘူး။ အေးဆေး လုပ်စမ်းပါ။"

မင်းမင်းက နှစ်လှမ်း သုံးလှမ်းစာလောက်ရှေ့ကို ပိုရောက်နေသဖြင့် နောက်ကနေဘုန်းမြင့်မိုရ်ရဲ့ ကျောပိုး အိတ်ကိုလှမ်းဆွဲရင်း ပြောလိုက်လေသည်။ မင်းမင်းလှမ်း ဆွဲမှပင် သူငယ်ချင်းတွေထက်ရှေ့ပိုရောက်နေသော ခြေ လှမ်းတွေကို သတိပြုမိကာ အရှိန်ကိုလျှော့ချလိုက်သည်။

"ပုံမှန်ပါပဲ။ မင်းတို့ကိုယ်တိုင်က ယောကျာ်းလို မလျှောက်ပဲ အခြောက်လျှောက်လျှောက်နေ ကြတာကို။"

"အောင်မယ်..မင်းကများလာလာချည်သေး။ နောက်ကနေ ပိတ်ကန်လိုက်လို့..နဝါဆီလျှောက် စရာမလိုဘဲ တန်းရောက်သွားဦးမယ်။"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ခွန်း ပုံပြောကြရင်း အတိ
ထသို့ရောက်လာကြသည်။ ဘုန်းမြင့်မိုရ်ကတော့ အော
ထက်ကို ရောက်ရောက်ချင်း အိပ်ရာခင်းပြီး မျက်နှာဖုံးဖုံးလေး
ရှာဖွေမိသည်။ သိပ်တော့ရှာစရာမလိုဘဲ နေ့ခင်းဘက်မှ
တော့ဝင်းသာနေသော လမင်းလေးကို အတန်းရဲ့ ညာဘက်
ထောင့်အစွန်တွင် တွေ့လိုက်ရသည်။ ဘာပုံတွေဆွဲနေ
မသိ စာရွက်တစ်ရွက်ပေါ်တွင် ပုံတွေခြယ်နေပုံတော့
သည်။ ဘေးနားက သူငယ်ချင်းနှစ်ယောက်ကတော့
နေကြာစေ့တွေဝါးရင်း စကားပြောနေလေသည်။

ထိုနှစ်ယောက်က စကားပြောနေရင်းမှ နဝါတ
စိုက်ကြည့်နေသော ဘုန်းမြင့်မိုရ်ကို တွေ့သွားလေသည်။
ဘုန်းမြင့်မိုရ်ကတော့ နဝါရဲ့သူငယ်ချင်းနှစ်ယောက်ကို ပြုံး
လိုက်သည်။ ခဏနေတော့ နဝါကို တံတောင်နှင့်တွက်ကာ
အသိပေးလိုက်သည်။ ကြည့်ရတာ နဝါလဲ ဒီနှစ်ယောက်
ကို ပြောပြီးသော့ကြောင့်ဖြစ်သည်။
နဝါ ပုံဆွဲနေရာမှ ခေါင်းလေး တဖြည်းဖြည်းချင်း
ထောင်လာကာ ဘုန်းမြင့်မိုရ်ရှိရာဆီသို့ လှမ်းကြည့်လာလေ
သည်။ ဘုန်းမြင့်မိုရ် ရင်ထဲဖြောမပြတ်တတ်သော ခံစားမှုလေး
တစ်ခုက ရင်ထဲဖြတ်ပြေးသွားသည်။ ကြည့်နေတာလဲ စိတ်
လှုပ်ရှားတတ်လား ဘာမှန်းမသိသော ခံစားမှုက ရင်ထဲ မှာ
လှိုင်းထသွားခဲ့သည်။ ဒါပေမဲ့ ခဏဆို ခဏလေးပါပဲ သူမက



ခေါင်းလေးငုံ့ကာ ချက်ခြင်းမသိချင်ယောင်ဆောင်သွား
သည်။ သူမမျက်ဝန်းများက ကိုယ့်အတွက်အေးစက်
လွန်းနေသည်လို့ ခံစားရတဲ့ခဏမှာတော့ ရင်တစ်ခုလုံး
ပြောင်းဆန်သွားအောင် စိတ်လှုပ်ရှားသွားမိသည်။

ဘယ်လိုဖြစ်တာလဲ။ မနေ့ကထိမျှော်လင့်ချက်က
အပြည့်ပါ။ အခုတော့ သူမက တယ်ကိုမသိသလိုလေးနေ
နေတော့ ရင်ထဲမှာအခံရခက်လှသည်။ သူမနှင့် မျက်လုံး
ချင်းဆုံအောင် အတင်းကြိုးစားသော်လဲ အချည်းအနှီးပင်။
သူမက သူမ၏စိတ်ပြတင်းပေါက်တွေကို လုံအောင်ပိတ်
ထားခဲ့ပြီဖြစ်သည်။

တနေ့လုံး ကျောက်ရုပ်လေးလို နေနေသော သူမကို
အသည်းတယားယားနှင့် ဆွဲကိုင်လှုပ်ကာ မေးပွစ်လိုက်
ချင်လာသည်။ သူမကတော့ ဘုန်းမြင့်မိုရ်ကို တစ်ချက်လေး
မှ လှည့်မကြည့်ဘဲ စာကိုပဲစိတ်ဝင်စားသလို ဟန်ဆောင်
နေသဖြင့် ဘုန်းမြင့်မိုရ်ဒီနေ့အတွက်တော့ လက်လျှော့လိုက်
ရလေသည်။ နှလုံးသားတစ်ခုလုံးကတော့ တဆတ်
ဆတ်နှင့် နာကျင်လာသည်။ ဒါဟာဘာကြောင့်များပါလိမ့်
လိုလဲ ဘုန်းမြင့်မိုရ်၏အဖြေထုတ်ရင်း မျက်ခုံးထူထူကြီးများ
တွန့်ချိုးလာကာ စိတ်တွေပါတိုလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၃၂)

အိမ်ပြန်ရောက်လို့ အခန်းထဲရောက်ပြီး လွယ်အိတ်ကို ချလိုက်သည်နှင့် လူကဘာမှလုပ်ချင်စိတ်မရှိအောင်ကို နုံးချိလာမိသည်။ အဝတ်အစားပင်မလဲနိုင်ပဲ ကုတင်ပေါ်မှာပဲ လှဲချလိုက်သည်။ ရင်ထဲမှာလဲ အသက်ရှူလို့သိပ်မကောင်းချင်။

"ဒေါက်…ဒေါက်။"

"ဖွင့်ထားတယ်..။"

တံခါးလေးကို အသာဟကာ ကြီးမေဝင်လာလေသည်။

"ကြီးမေ။"

"သမီးနေမကောင်းဘူးလား။"

ကြီးမေက နုဝါကုတင်ဘေးနားတွင် ဝင်ထိုင်ရင်း နုဝါနဖူးလေးကို အသာအယာလာစမ်းလေသည်။ နုဝါ



ကြီးမေလက်တွေကို ဆုပ်ကိုင်ထားလိုက်သည်။ ကြီးမေက နုဝါအတွက်တော့ တကယ့်ကို အမေတစ်ယောက်လိုပါပင်။ ငယ်ငယ်လေးထဲက ကြီးမေလက်ပေါ်တွင်ကြီးပြင်းခဲ့သော နုဝါကို ကြီးမေကလဲ သမီးတစ်ဦးလိုကို ခင်မင်တွယ်တာလွန်းသည်။ နုဝါစိတ်ကြောင့်လဲ အခုအချိန်ထိ အပျိုကြီးဘဝနှင့် နုဝါကိုစောင့်ရှောက်ပေးတုန်းလေ။

"သမီးလေး နေလို့ကောင်းရဲ့လား။"

"အသက်ရှူလို့ သိပ်မဝချင်ဘူး ကြီးမေရယ်..။"

"ဖြစ်ရလေ သမီးရယ်။ ဆေးတွေရော ပုံမှန်သောက်ရဲ့လား။"

"သောက်ပါတယ်ကြီးမေရယ်။"

"ဒါဆို ကြီးမေ ဆရာဝန်ခေါ်လိုက်မယ်နော်။"

ဖြူဖျော့နေသော နုဝါရဲ့မျက်နှာလေးကိုကြည့်ရင်း ကြီးမေရင်ထဲ စိုးရိမ်လာမိသည်။ ချက်ခြင်းဆိုသလို ဒေါက်တာ ကျော်သောင်းထံဖုန်းဆက်လိုက်လေသည်။

"သမီးလေး ခဏနေ ဒေါက်တာလာလိမ့်မယ်။ သမီးမေမေဆီကို ကြီးမေဖုန်းဆက်လိုက်ရမလား။"

"ရတယ် ကြီးမေ။ မဆက်ပါနဲ့ မေမေအခုအချိန်ဆို အလုပ်ရှုပ်နေမှာ..။"

မေမေကလဲ ဖေဖေအလုပ်တွေကူညီပေးရသ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သော်ငြား တစ်ခုသည်လို့ သိပ်မရှိပေ။ အချိန်တော်တော်များများ
ဝင်ခြိမ့်ညှိုးအဝေးတွေ၊ ဆည်ဆည်တွေကို ဆည်ရင်းရှိနှင့်
အချိန်ကိုမြင်နေတတ်တာများသည်။
"ကြီးမေ့ဒေါ်ကတော့ ရောက်နေပါပြီ။"
ကိုရီမလေးက လှတ်ကိုပြောနေဖြင့် ကြီးမေ
အောက်ထပ်ဆင်းလာ။ ဖြစ်ပြသည်ဆိုတွန်းကြိုပလိုက်သည်။
ခဏနေတော့ ဆေးရုံသို့ကားလိုက်ကို ကိုင်ရင်း ဆရာဝန်ကြီး
နှင့်အတူ ကြီးမေဖြစ်တွက်လာသည်။
"သမီးလေးအာယံလိုလိုနေလို့မှတ်ကောင်းပြန်ဘူး
လား။"
"ဟုတ်ကဲ့ ဒေါက်တာ။"
"ဒေါက်တာကို လုမ်းပြောလိုက်ရင်း နဝါ လှဲနေရာ
မှ ထလိုက်သည်။
"ရော့ ဒီသမီးလေး။ သိကတ်ဆိုတယ် လိုနေမလား။"
"ဟုတ်ကဲ့ ဒေါက်တာ။"
ဒေါက်တာက နဝါနှလုံးခုန်သံကို နားကြပ်လေး
နှင့် နားထောင်သည်။ ထို့နောက် အမေးခွန်းများ ဖြစ်
သော မေးခွန်းများကိုလဲ ရိုးရာမပျက်စွာမေးသလို နဝါက
ဆေးစားခြင်းစိတ်နာမလားဆိုရသည်။ ဆရာဝန်ကြီးက
တော့ မေးလဲမေးရင်း နဝါကို ခွဲစိတ်ချိန်တစ်ဆက်
တိုက်မေးနေသည်။



"ဆေးစီးညည်အိမ်မှာဖျော်ရဲ့လိုလား။"
"မနေ့ကတော့ မျက်စိကြောင်နေလို့အိမ်လို့မရ
ဘူး ဒေါက်တာ။"
ဆရာဝန်ကြီးသည် ခေါင်းငြိမ့်ပြရင်း
"သမီးမှာ ထိတ်လန့်စရာ စိတ်ဒုက္ခ ရဲစရာတွေ
ကြောက်ရွံ့ရတာ"
ဒီတစ်ခါတော့ နဝါ မဖြေတော့ဘဲ ခေါင်းသာခါ
လိုက်သည်။ ဆရာဝန်ကြီးကတော့ နဝါကိုနားလည်သလိုခ
ခေါင်းငြိမ့်ရင်း
"အားနည်းတာရယ်။ စိတ်ရှုပ်စရာတွေရှိယ် များ
နေလို့ သိမ်နေတာ သိပ်မအိပ်နိုင်တာပါ။"
"ဒါဆေးတွေ နဲ့ ဖုံမှ ဆောက်ရှိလား ဆိုမီး။"
"ဟုတ်တယ်။"
"ဆိုတာ သမီးကို ဆေးအိပ်ဆေး တွေထည့်ပေးခဲ့
မယ်။ အဲဆေးတွေပြောင်းသောက်လိုက်နော်။
ပြီးတော့ သူဆိုလဲ..ပုံမှန်အိပ်။ အမြဲခါနီးကျရင်
အိပ်ကိုမှ သိပ်မတွေးနဲ့ ဘုရားကိုအာရုံပြုပြီး
ဘုရားစာလေး ရွတ်အိပ်နော်။ သမီးရဲ့နှလုံးက
ဘူမျိုးတွေအို မဟုတ်တော့ ထမ်းနည်းဝမ်းသာ တဲ့
ဒဏ်ကို သိပ်မခံနိုင်ဘူး။ ဒီတော့ သမီးတွေ
တွေ မဖြစ်အောင် အတတ်နိုင်ဆုံး ဆင်ခြင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နေ့ပါ။ ဘာအရာကိုမှ အစွန်းဆုံးအထိ မခံစားနဲ့။ မတွေးနဲ့။ ဟုတ်လား သမီး။"

နဝါ အခုတစ်လော စိတ်ညစ်စရာတွေအရမ်းများလွန်းသဖြင့် နှလုံးက ပြန်ပြီးဒုက္ခပေးချင်နေသည်။ ဝေယံကိုနှင့် ပြဿနာတတ်တုန်းကလဲ တော်တော်လေးပြန်ကုလိုက်ရသေးသည်။ အခုလဲ စိတ်ညစ်စရာတွေနှင့် ကြုံနေသဖြင့် နှလုံးက ပြန်အောင့်ကာ အသက်ရှူလို့သိပ်မကောင်းချင်တော့..။

"ကဲ့ သမီး ဆေးတွေကို ဆရာမောင်ထူးနဲ့ ပို့ပေးခိုင်းလိုက်မယ်နော်။ ဆေးအညွှန်းပါရေး ပေးလိုက်မယ်။ သမီးလဲ ဆရာပြောသလိုနေဟုတ်လား။ ကိစ္စရှိရင်လဲ ဆရာကို အချိန်မရွေးခေါ်လိုက် ဟုတ်ပြီလား..ကဲအခုတော့ ဆရာပေးခဲ့တဲ့ ဆေးတစ်ခွက်ကို အရင်သောက်ပြီး အိပ်လိုက်တော့နော်။'

"အားနည်းသွားလို့ပါ ..အိပ်ပျော်ပြီးနိုးလာရင် ပြန်ကောင်းသွားမှာပါ။ ကလေးကို စိတ်ချမ်းသာအောင်တော့ ဂရုစိုက်ပေးပါ။"

ဒေါက်တာက ကြီးမေကို မှာစရာရှိတာတွေကို မှာပြီး ပြောခဲ့လေသည်။

"ဟုတ်ကဲ့ပါ ဒေါက်တာ စိတ်ချပါ။"



ကြီးမေက ဒေါက်တာ အိတ်လေးကို ဆွဲပေးရင်း အောက်ကိုလိုက်ပို့လေသည်။ ခဏနေတော့ ခေါက်ဆွဲပြုတ်တစ်ပန်းကန်နှင့် နဝါကိုဆေးလာတိုက်လေသည်။

"မစားချင်ပါဘူးကြီးမေရယ်..။ နဝါ ဗိုက်မဆာဘူး။"

"ဘယ်ဟုတ်မလဲ သမီးလေးရယ်။ နည်းနည်းဖြစ်ဖြစ်တော့စားလိုက်နော်။ ပြီးရင် သမီးလေး ဆေးသောက်ပြီးအိပ်လိုက်နော်၊"

နှုတ်ခမ်းနားထိလာခွန့်နေသော ကြီးမေကို သနားတာနှင့် နဝါ ခေါက်ဆွဲတစ်ဝက်ကိုမနည်းအားတင်းစားလိုက်သည်။ စားပြီးရင်လဲ ဆေးသောက်ရဦးမှာ ဖြစ်သဖြင့်လဲ နဝါကြိတ်မှိတ်စားလိုက်သည်။

"နည်းနည်းထပ်စားပါဦးလား သမီးလေးရယ်။"

"မရတော့ဘူး ကြီးမေရယ်။ ဒါတောင် ကြီးမေ စိတ်မကောင်းမှာစိုးလို့ သမီးက မနည်းစားပေးတာ။"

နဝါ ချော့မော့ပြောလိုက်တော့ ကြီးမေက ကျေနပ်သွားသည်။

"ကဲ ရော့ ဆေးသောက်။ ပြီးရင် အိပ်လိုက်တော့နော်။"

"ဟုတ်ကဲ့ ကြီးမေ။"

www.burmeseclassic.com

www.burmeseclassic.com



[illegible] ကြွက်ကိုထဲသို့ ဆိုထားသည့်ယောင်သော ဆေးဆိုးလေးများ ကိုယ်ပါတစ်ခါထဲ [illegible] ကာသ ဆေးချက်ချရမို့ ကိုသည်။ နဝါထဲ လိုက်တွေ့ [illegible] ကြီး မကြား ဆေး [illegible] ကာ အိမ်ရှေ့ မြီး လေးကို မို့ [illegible] ရစ် ထွက်သွားခဲ့လေသည်။ နေတဲ့လိ ဒေါက် တာပြောသလို ဘုရားစာကိုရွတ်နေရင်း ဆေးရဲ့အရှိန်နှင့် [illegible] ပျောက်သွား လေသည်။ [illegible]

အိမ်မက်ထဲမှာ ခေါင်း [illegible] ကိုလိုက် ရှာနေမိ သည်။ [illegible] ရဲ့ မျက် နှာကို ကြည့်ရင်း [illegible] ကိုလဲ [illegible] မကြည့်မိ [illegible] ကိုဆော [illegible] နေ [illegible] နဝါအသံတွေက ထွက် [illegible] အနားကို [illegible] ပြေးသွားသည်။ [illegible] ပေမဲ့ နဝါ က [illegible] မြေ [illegible] သည်။

[illegible] စက်လှမ်းတိုး [illegible] ကိုဝေးလာ လေ။ နဝါတစ်ကိုယ်လုံး ချွေးသီးချွေးပေါက်နေနှင့် ရှိုက်နေ [illegible] ဆုံး နဝါ သူ့အနားကို မလျှောက်နိုင်အောင်ကို မောပန်းနေသည်။ [illegible] ခေါင်း [illegible] ခေါင်းကို ခြစ်ပြီး အသံကုန်အော်ချလိုက်သည်။ "အား...။" [illegible]

ချွေးသီးချွေးပေါက်တွေနှင့် [illegible] လာသည်။



နဝါဘေးနားက ဖုန်းလေးကလဲ ထမြည်နေလေသည်။ နဝါ ထကာ ကုတင်ဘေးနား စားပွဲခေါ်ခုံပေါ်က ဖုန်းလေးကို ထယူလိုက်သည်။

ဖုန်းတွင်ပေါ်နေသော နံပါတ်လေးကို မြင်ရုံနှင့် နဝါနှလုံးသားက အလိုလိုလှုပ်ရှားသွားခဲ့သည်။ ဖုန်းကို ကိုင် ထားသော လက်လေးက တုန်ရီလာသည်။ နဝါဘာလုပ် ရမလဲ။ ဖုန်းချလိုက်ရမလား။ ဒါမှမဟုတ်ဘဲ ကိုင်ပဲကိုင် လိုက်ရမလဲ တစ်ယောက်ထဲဝေခွဲမရချေ။ ဖုန်းကိုင်ဖို့ကျ တော့လဲ မကိုင်ချင်။ ဒါဆိုဖုန်းချလိုက်ပါလားဆိုတော့လဲ မချပစ်ရက်။ နဝါတွေဝေနေတုန်း ဖုန်းလေးက ဒေါသတ ကြီးကို အဆက်မပြတ်မြည်နေသည်။

နဝါဘာမှဆုံးမဖြတ်ရသေးခင်မှာပဲ လက်တွေက ဖုန်းကိုလက်ခံပြီးသားဖြစ်နေသည်။

"ဟလို..။"

တဆက်ထဲဆိုသလို စိတ်မရှည်သော သူ့အသံခပ် လောလောကို ကြားလိုက်ရသည်။ နဝါနှုတ်ခမ်းကို ကိုက် လိုက်ရင်း...

"ဟုတ်ကဲ့ ပြောပါ။"

"ဖုန်းခေါ်နေတာ ဒီလောက်ကြာပြီ ဘာလို့မကိုင် လဲ။"

ဖုန်းဖွင့်ဖွင့်ချင်းကြားလိုက်ရတာက အမိန့်သံစွက်

www.burmeseclassic.com

www.burmeseclassic.com



နေသော သူ့အသံမာမာ။ နဝါလဲ ထောင်းကနဲ စိတ်တိုသွား
သည်။

"ဘာဖြစ်လဲ မကိုင်တော့။"

နဝါအသံမာဆတ်ဆတ်လေးကို ကြားလိုက်ရ
တော့မှပဲ ဘုန်းမြင့်မိုရ်ပြုံးလိုက်နိုင်သည်။ အိမ်ပြန်ရောက်
ထဲက တောက်လျှောက်ခေါ်နေတာ ဖုန်းက ဆက်သွယ်မှု
ဧရိယာကြီးပဲ ဖြစ်နေသည်။ စိတ်မရှည်လို့ အိမ်ဖုန်းကိုခေါ်
ကြည့်တော့ နဝါနေမကောင်း၍ အိပ်နေသည်တဲ့။ ဆရာ
ဝန်တောင်ခေါ်ပြသည်ဆိုတော့ လူကတော်ကော်လေးကို
စိတ်ပူနေမိသည်။ ဒါကြောင့်လဲ ကျောင်းမှာတုန်းက သူမ
ပုံလေးက မလန်းတာကို ဆိုပြီးတွေးလိုက်မိသည်။

"မင်းတော်တော်စွာပါလား။ စိုးရိမ်လို့မေးတဲ့လူ ကို
အဲ့လိုပဲ ပြန်ဖြေရလားကွ။"

နဝါအော်လိုက်တာကိုပင် စိတ်မဆိုးပဲ ကလေး
သလိုစနေလေသည်။

"ဟော့ ဖြေလေကွာ..။ ဘာလို့ငြိမ်နေတာလဲ။ နေ
ကောင်းသွားပြီလား။ ဒီလောက်ပြန်စွာနိုင်ပုံရရင်
တော့ နေကောင်းနေလောက်ပါပြီ။ အပျင်းကြီး
ပြီးသာ တမင်အိပ်နေတာမှတ်လား။"

"အောင်မာ..ရှင်ကဘယ်လိုသိလဲ။"

"ကိုက မင်းရဲ့ ကိုယ်စောင့်နတ်လေ။ ဒီလောက်



တော့သိတာပေါ့။"

"ပေါက်တကရတွေလာပြောမနေနဲ့။ ဘာကိစ္စလဲ
အခုဖုန်းဆက်တာ..။"

"အောင်မလေး မိန်းကလေးဖြစ်ပြီး စကားပြော
တာလဲ မညင်သာလိုက်တာ။ ကိုယ့်ချစ်သူဆီ ဖုန်း
ဆက်တာပဲ ဘာကိစ္စရှိရမှာလဲ။ သတိရလို့ပေါ့။"

သူ့အဲ့လိုပြောတော့ နဝါနှလုံးသားလေးက
ထဲကဆယ်ထားသောငါးလေးလို တဆတ်ဆတ်တုန်
သွားသည်။ နဝါနှုတ်ခမ်းလေးကို ခပ်ဖွဖွဖိကိုက်ထားရင်း
တွေဖိုနေမိသည်။

"ဘာချစ်သူလဲ..ရှင့်ကိုဘယ်တုန်းက ချစ်တယ်လို့
ပြောမိလို့လဲ။"

"အဲ့ဒါဆိုအခုပြောလေ။"

ဘုန်းမြင့်မိုရ်ရဲ့ အသံက ရွှင်မြူးနေသည်။ ဘုန်းမြင့်
ရဲ့ အသံခပ်မြူးမြူးကို နားထောင်ရင်း နဝါပါအလိုလို
တ်ချမ်းသာလာမိသည်။

"ဘာလို့ပြောရမှာလဲ။ ရှင်ပဲပြောထားတယ်လေ
ပြန်ချစ်စရာမလိုဘူးလို့။"

"ဟာ...အဲ့လိုမဟုတ်ဘူးလေ။ အဲ့နေ့က လူကစိတ်
တွေလှုပ်ရှားပြီး ဘာပြောမိမှန်းကိုမသိတော့
တာ။ အဲ့လိုတော့ ခင်ဗျားမညစ်နဲ့။"

www.burmeseclassic.com

www.burmeseclassic.com



ကဲ..ကြည့်ပါဦး။ ကိုယ်ချစ်ခွင့်ပန်ထားတဲ့ မိန်း
လေးကို အဖြေတောင်းနေပုံကိုလဲ။ မသိရင် အကြွေးရှင်
အကြွေးလိုက်တောင်းနေသည်လို့ ထင်စရာ။ ခက်တာ
နဝါကလဲ သူ့ရဲ့အဲ့လို ဘုဆတ်ဆတ်မာကျောကျောပုံစံ
ကိုပဲ သဘောတွေကျနေမိတာ။

"အို..ညစ်တယ်ထင်ရင်လဲ မပတ်သက်နဲ့ပေါ့ရှင်

"အေးပေါ့ဗျာ အခုချိန်မှာ အရင်ကခင်ဗျားအ
ဂရုမစိုက်မိတာတွေကို ရောပြီးလက်စားချေ
တော့မယ်ဆိုတာ သိပြီးသားပါ။"

ကားတိုက်တုန်းကအရာကို နဝါမကျေနပ်လို့လ
စားချေတော့မည်ဟု သူကစွပ်စွဲလိုက်သည်။ ခက်တော့
ပြီ။

"အို မဟုတ်တာ။ နေပါဦး ရှင်က ကျွန်မကိုရည်
စားစကားလာပြောနေတယ်။ ရှင့်ရဲ့ ကောင်မလေး
ကိုရော ဘယ်လိုလုပ်မှာလဲ..။"

"ဘယ်သူ့ကိုပြောတာလဲ။"

ဘုန်းမြင့်မိုရ်မသိချင်ယောင်ဆောင်ပြီး ချက်ခြင်း
ပြန်မေးလိုက်သည်။

"ရှင်က ဘယ်နှစ်ယောက်တောင်ရှိနေလို့ ဘယ်သူ့
ကိုလဲလို့ပြန်မေးရတာလဲ။"

ပြောပုံကိုက အမြင်ကပ်စရာ ..။



"အော်...တစ်ယောက်မှမရှိတော့ ခင်ဗျားဘယ်သူ့
ကိုပြောမှန်းမသိလို့ပါဗျာ..။"

နဝါက သူမမြင်နိုင်မှန်းသိသော်လဲ မျက်စောင်း
ထိုးမိရင်း...

"မသိချင်ယောင်ဆောင်နေတော့လဲ ပြောရတော့
မှာပေါ့ မီးငယ်ကိုပြောတာ။"

"အော်...မီးငယ်နဲ့ နဝါက ခင်လား။"

တွေ့လား အူကြောင်ကြောင်လာလုပ်နေသည်။

"ဘယ်လိုလုပ်ခင်မှာလဲ။"

နဝါအသံလေးက ခပ်ဆောင့်ဆောင့်လေး
ထွက်လာသည်။

"မသိဘူးလေ မီးငယ်ကိုသိနေလို့။ ပြီးတော့ မီးငယ်
ကို ကျွန်တော်နဲ့ သူ့အိမ်ကပဲမီးငယ်လို့ခေါ်တာ
လေ။ သူ့နာမည်အရင်းက နှင်းမိုးစက်လေ။"

"ဒီမှာ ရှင်တို့နှစ်ယောက်တစ်တွဲတွဲလုပ်ပြီး မီးငယ်
ရေ၊ ကိုကိုရေလုပ်နေတာကို ခဏခဏတွေ့ပြီး
သား အပိုတွေလာပြောမနေနဲ့။"

နဝါရဲ့ အဲ့လိုသဝန်တိုသံလေး ထွက်နေသော စကား
လေးကို ကြားရတော့ ဘုန်းမြင့်မိုရ်ကျေနပ်သွားသည်။ ရင်
ထဲမှာ ကြည်ကြည်နူးနူးလေးနှင့် သူမလေးကို စိတ်မှာ
ကို အောင်ပင် လိုက်စချင်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သဝန်တိုလို့လား။ မတိုပါနဲ့ကွာ သူ
ကိုယ်ညီမလေးလို ငယ်ငယ်ထဲက အတူကစား
ဖော် ကစားဖက်တွေပါ။ ယုံပါ ကိုယ်ချစ်တာ
တစ်ယောက်ထဲပါ။"

ဒီစကားကို ဘုန်းမြင့်မိုရ် ဟန်ဆောင်ကာ
လိုက်ပေမဲ့ ရင်ထဲမှာတော့ သိမ့်ကနဲနှင့်ချားရဟတ်စီးရသ
အေးကနဲလေး ခံစားလိုက်ရသည်။

နဝါနှုတ်ခမ်းများတွင်အပြုံးတွေက တွဲခိုလာသည်

"ဟင့်အင်း မယုံပါဘူး။ တော်ပြီ ဖုန်းချလိုက်တော့
မယ်။"

"ချချင်ရင်တော့ ချလိုက်ပေါ့။ ဒါဆိုကိုက မင်း
ကိုယ့်အချစ်ကိုလက်ခံလိုက်ပြီလို့ပဲ သတ်မှတ်
လိုက်မယ်။"

"ဘာဆိုင်လို့လဲ။"

"ဆိုင်မဆိုင်တော့မသိဘူး ကိုယ်ကတော့ မင်း
ချစ်တယ်။ အဲ့တော့ မင်းအချစ်ကိုပြန်လိုချင်တယ်
ဒါပဲ သိတယ်။ ဘယ်လိုလဲ ကိုယ့်ကိုပြန်ချစ်
မှာလား။"

ကလေးဆိုးလေးလို ဂျီကျနေသော သူ့စကား
များကြားမှာ နဝါနလုံးသားတွေက အရေပျော်ကြ
လေသည်။ နဝါငြိမ်နေတော့ သူကစိတ်မရှည်သလိုနှင့်



"ဖြေလေကွာ...ဘာလဲမချစ်နိုင်လို့လား။"

ဘုန်းမြင့်မိုရ်အသံကစောနကလိုမဟုတ်တော့ပဲ ခပ်မာမာလေးဖြစ်လာသည်။ကြည့်ရတာ စိတ်ဆိုးသွား ပြီ ထင်သည်။

"စဉ်းစားဦးမယ်။"

"အိုကေ ဒါဆိုမနက်ဖြန်အဖြေပေး။"

"အို..အဲ့လောက်တော့ ဘယ်မြန်မလဲ။"

"မမြန်ရအောင် ဒီကိစ္စကအဲ့လောက်ခက်နေလို့လား။ ကျွန်တော်မေးတာ ချစ်လားမချစ်ဘူးလားပဲ။ ကျန်တာဘာမှမပါဘူး။ အဲ့လိုအဖြေမျိုးကအခုမေးရင် အခုထဖြေ လို့ရတဲ့အဖြေမျိုး။ကျွန်တော်လိုချင်တာ ရင်ထဲက စကားတစ်ခွန်းပဲ။ တွက်တာတွေ ချက်တာတွေကို စိတ်မဝင်စားဘူး။ အဲ့လိုတွက်ချက်ပြီးမှ ချစ်နေရင်လဲ အဲ့ဒါအချစ်မဟုတ်တော့ဘူး။ မယုံရင် ခင်ဗျား ကျွန်တော်ကို မေးကြည့်။ ခင်ဗျားကိုချစ်လားလို့။ တစ်မိနစ် တောင်မကြာဘူးချက်ခြင်းပြန်ဖြေမှာ။ ချစ်တယ် လို့။ ဘာလို့လဲဆိုတော့ ဒါကစဉ်းစားစရာမလိုဘဲ ရင်ထဲက စကားကိုဖြေလို့ပဲ။ဟုတ်တယ်မှတ်လား။"

ကိုယ်တော်ချောလူလည်ကျပုံက နဝါကပင် ဟုတ်တယ်လို့ထောက်ခံရမည့်ပုံ။ နဝါနှာခေါင်းလေးကို ရှုံ့ရင်း

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေမိသည်။ နုဝါငြိမ်နေတော့ သူကစကားဆက်သည်။

"အဲ့တော့ ကျွန်တော်ကိုချစ်ရင် မနက်ဖြန်အနီ ဝင်း ဆက်ဝတ်ခဲ့ပါ။ တကယ်လို့ ခင်ဗျားမချစ်ရင်တော့ အနီရောင်ကလွဲပြီး ကြိုက်တဲ့အရောင်ဝတ်ခဲ့ပါ။ တကယ် လို့ ခင်ဗျား ကျွန်တော်ကိုမချစ်နိုင်ဘူးဆို ကျွန်တော်ဘယ်တော့မှ ခင်ဗျားကို ထပ်မပတ် သက်တော့ဘူးလို့ ကတိပေးပါတယ်။"

"တူ..တူ...တူ။"

ပြောပြီးပြီးချင်းဖုန်းချသွားသည်။ နုဝါစကားပြန် ပင် နားမထောင်ဘဲ သူပြောချင်တာပြောပြီးဖုန်းချသွား သည်။ နုဝါရင်ထဲမှာတော့ မတည်ငြိမ်နိုင်သောလှိုင်းက လေးတွေက ဂယက်ထကာ အခုထိလှုပ်ရှားနေတုန်းပင်။ နုဝါ မသိစိတ်က ချက်ခြင်းဆိုသလိုပင် အဝတ်ဘီဒိုထဲက အလှဆုံး အနီဝမ်းဆက်အင်္ကျီလေးများကိုလဲ စိတ်ကူးနှင့် ရှာဖွေ နေမိပြန်သည်။ အချစ်ကထူးဆန်းလွန်းလှပါသည်။ လူတစ် ယောက်ကို ရူးသွပ်အောင် ဖမ်းစားနိုင်လွန်းလှပါ သည်။

စောနက စိတ်ဆင်းရဲခဲ့သမျှကလဲ အခုတော့ နေ ထွက်လာ၍ ပျောက်ကွယ်သွားသော နှင်းရည်စက်လေးများ ပမာ ဘယ်ဆီကိုအငွေ့ပြန်ကာ လွင့်ပျယ်သွားမှန်းမသိတော့



❧ ❧ ❧ ❧ ❧

## အခန်း(၃၃)

ဘုန်းမြင့်မိုရ်ရဲ့ နှလုံးခုန်သံတွေက အဆမတန် မြန်ဆန်နေသည်။ မိုးလင်းကာစထဲက ကျောင်းပေါက်ဝ ာနေ နုဝါကိုမျှော်ရတာလဲ လည်ပင်းကညောင်ရေအိုးဖြစ် တော့မည်။ နုဝါကလဲ ဒီနေ့မှာ ဘုန်းမြင့်မိုရ်ကို တမင် ာင်းကာနောက်ကျနေလေသည်။ နုဝါသူငယ်ချင်းနှစ် ယောက်ပင်ရောက်နေကြပြီ။ နုဝါကိုအခုထိမတွေ့ရ။ အခ ာတော့ ကိုယ့်ကိုယ်ကို ယုံကြည်ကာပိုင်သည်ထင်ခဲ့သော် ဲ အခုအချိန်ထိ နုဝါရောက်မလာတော့ တဖြေးဖြေးနှင့် ိတ်ဓါတ်က ကျချင်လာသည်။ ဖုန်းဆက်ကြည့်တော့လဲ န်းက လူကြီးမင်းနဲ့သာ တိုးတိုးနေသဖြင့် စိတ်ကိုဆွဲဆန့် ာပင် သူမကို စိတ်ရှည်လက်ရှည်စောင့်နေမိသည်။

ကျောင်းအဝမှာ ရိပ်ကနဲ သူမကားကိုတွေ့သည် နှင့် ရင်ခုန်သံတွေက ပြန်လည်မြန်ဆန်လာပြန်သည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ကားလေးရပ်ကာ ကားပေါ်ကဆင်းလာသည့်အချိန်မှာ တော့ ဘုန်းမြင့်မိုရ်ရင်တစ်ခုလုံးက ရှိလာကိုစတာအမြ ပျော်က ပြုတ်ကျခဲ့လိုက်ရသလို ငြိမ့်ကနဲ အေးသွားရသည် အနီဝမ်းဆက်လေးနှင့် လှချင်တိုင်းလှနေသော ချစ်သူလေ ကို ကြည့်ကာ ဘုန်းမြင့်မိုရ်ခြေလှမ်းတွေက ချစ်သူလေး သို့ အလိုအလျောက်ရွေ့လျားသွားမိသည်။

"လှလိုက်တာ အချစ်ရယ်..။"

နဝါလက်ဖျားလေးများကို ဖွဖွလေးကိုင်ရင်း ဘုန်း မြင့်မိုရ်ဆိုလိုက်သည်။ နဝါက ရှက်စနိုးနှင့် ပါးလေးနီရဲက မျက်လွှာလေးချထားပုံမှာလဲ ကြည့်မပချင်စရာ။

"သူများတွေကြည့်နေတယ် လွှတ်ဦး။"

နဝါက မျက်လုံးလေးကိုတစ်ချက်ဝင့်ရင်း ဘေး ဘယ်ညာကို ကြည့်ကာ ရှက်ရှက်နှင့် လက်ကိုရုန်းလို မိသည်။ ဘုန်းမြင့်မိုရ်က မလွှတ်သည့်အပြင် နဝါလက် ချောင်းလေးများထဲကို သူ့လက်ချောင်းလေးများ ထိုးထည့်လိုက်ရင်း..

*"ဘာဖြစ်လဲ နောက်လဲသိမှာပဲ။ သိပါစေပေါ့။* အခုချစ်သူဖြစ်တဲ့အထိမ်းအမှတ်နဲ့ ဘုရားအရင် သွားမယ်။ ပြီးရင် နဝါသွားချင်တဲ့ နေရာတွေ သွားမယ် ဟုတ်ပြီလား။"

အခုကျတော့လဲ ယုန်ဖြူမလေးလို ခေါင်းလေးငြိ



ကာ နွဲ့ခဲ့သော သူမကိုအသည်းယားလာကာ သူမလက် ကလေးကို တစ်ချက်ဖြစ်ညှစ်လိုက်သည်။

"အား..။"

"ဆောရီး ချစ်လို့။ နဝါကားထားခဲ့ မောင့်ကားနဲ့ ပဲသွားမယ်။ လာ။"

မောင်က နဝါလက်လေးကိုဆွဲရင်း ရှေ့ကာဦး ဆောင်ကာ မောင်ကားရပ်ထားရာသို့လျှောက်လာခဲ့သည်။ နဝါကားနားရပ်တော့ တံခါးကို ဖွင့်ပေးရင်း နဝါကိုတက် စေသည်။ နဝါကားပေါ်ရောက်သည်နှင့် ကားတံခါးကို ပြန် ပိတ်ကာ ဒါရိုက်ဘာဘက်ကိုပြေးလာလေသည်။ မောင်ပုံ စံလေးကို ကြည့်ရင်း နဝါရင်ထဲအချစ်တွေက ပိုမိုကြီး ထွား လာမိသည်။ ကလေးတစ်ယောက်လို မောင့်ပုံစံလေးက ချစ် စရာကောင်းလွန်းနေသည်။

"ချစ်..ချစ်သူငယ်ချင်းတွေကို ဒီနေ့ကျောင်းမတက် ဘူးလို့ ပြောလိုက်ဦးလေ။ တော်ကြာမတွေ့လို့ ရှာနေကြဦးမယ်။"

မောင်က *ကားမောင်းနေရာမှ နဝါဘက်ကိုလှည့်* ကာ မမေ့မလျော့သတိပေးနေသေးသည်။ မောင်အဲ့လို ပြောတော့ နဝါပြုံးမိသည်။ မောင်ကကားမောင်းနေရင်းမှ နဝါ ပြုံးနေတာကို တွေ့တော့..

"ဘာပြုံးတာလဲ ချစ်ရ။ တော်ကြာရှာမတွေ့လို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူမှာစိုးလို့အကောင်းနဲ့ သတိပေးတာကို။"

"မဟုတ်ဘူး နုဝါကမနက်ထဲက ပြောခဲ့ပြီးပြီ။"

"အော်..သူတို့လဲ သိသွားကြပြီပေါ့..။"

နုဝါခေါင်းငြိမ့်ပြလိုက်သည်။ နုဝါဖုန်းဆက် ပြောတုန်းက သူငယ်ချင်းတွေ တော်တော်လေးကို အံ့ဩနေကြတာ။ ဒီလိုမြန်ဆန်လိမ့်မယ်လို့ ထင်ပုံမရ။ နုဝါ ကိုယ်တိုင်လဲ မောင်နဲ့ ချစ်သူတွေဖြစ်တာ အနုပညာအိပ်မက်တစ်ခုလိုပင်။

"ကြည့်စမ်း ကောင်မလေးက အစထဲက ကြိုတင်ပြင်ဆင်လာတာကို ဒါနဲ့များ အိုက်တင်ခံနေသေးတယ်။"

"အောင်မာ...ရှင်နော်။"

နုဝါ ရှက်ရှက်နှင့်ထအော်လိုက်သည်။ မောင်က နုဝါစကားကိုကြားတော့ မျက်ခုံးကို ရှုံ့ရင်း...

"ဘာရှင်နော်လဲ မောင်နော်လို့ ပြန်ပြော။"

"အာ...။"

နုဝါရင်ထဲမှာသာ မောင်လို့တစ်ယောက်ထဲ ကြိတ်ခေါ်နေခဲ့သော်လဲ သူ့ရှေ့မှာတော့ အဲ့လိုမခေါ်ရဲပေ။ နုဝါမျက်နှာလေးက ပန်းသီးလေးလို နီရဲလာသည်။

"မအာနဲ့ခေါ်..ကြားချင်တယ်။ ဘာလဲမခေါ်ချင်ဘူးလား။ အဲ့လိုလား။"



ချက်ခြင်းဆိုသလို မောင်မျက်နှာချောချောလေးက ရှုပုတ်သွားတော့ နုဝါရင်ထဲဝမ်းနည်းသွားမိသည်။ နုဝါဘာစကားမှမပြောတော့ မောင်က ကားမောင်းနေရာမှ လှည့်ကြည့်လာသည်။ မျက်လွှာလေးချကာ ခေါင်းငုံ့ထားသော နုဝါကို တွေ့တော့..။

"ချစ်ကလဲ မောင်ကကြားချင်လို့ ဟာကို။ ခေါ်ပါကွာနော်။"

"ချစ်တယ်ဆိုပြီး ဘာလို့အနိုင်ယူလဲ။"

နုဝါမျက်နှာလေးက ရှာချတော့မည့်မိုးလို ညို့မှိုင်းကာ အသံခပ်အက်အက်လေးနှင့်ပြောတော့ ဘုန်းမြင့်မိုရ် အံ့ဩသလို လှည့်ကြည့်ရင်း..

"အနိုင်မယူပါဘူး ချစ်ရယ်။ ကြားချင်တာပါ။ ပြောနော်။"

"မောင်..နုဝါကိုတကယ်ချစ်လားဟင်။"

နုဝါမောင့်မျက်နှာကိုကြည့်ရင်မေးလိုက်သည်။ နုဝါစကားသံကိုကြားတော့ ပြုံးနေတဲ့မောင့်မျက်နှာက ချက်ခြင်းဆိုသလို တည်သွားသည်။ နုဝါရင်ထဲလဲ တစ်မျိုးလေး ဝမ်းနည်းသလိုလိုလေး ခံစားသွားရသည်။ ဘယ် လိုကြောင့်များ မောင့်မျက်နှာပျက်သွားရတာလဲ။ နုဝါရင်ထဲ လှိုက်ကနဲနေအောင် ငိုချင်လာမိသည်။ အစကဆို မာကျောလွန်းတဲ့ နုဝါစိတ်တွေက အချစ်နဲ့ပက်သတ်တော့

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို ထိရှလွယ်နေသည်။ မောင့်မျက်နှာက အပြုံးတစ်ချက်လွင့်သွားရင်ပင် လူကငိုချင်သလိုလို ဘာလိုလိုနှင့် ဝမ်းနည်းအားငယ်လာမိသည်။

မောင်က ကားမောင်းနေရာမှ နုဝါကိုတစ်ချက်စိုက်ကြည့်ရင်း...

"မောင်ပြောမယ် သေချာနားထောင်။ မောင်ချစ်ကို ချစ်လို့သာ ချစ်ဆိုကအဖြေကို မရမကတောင်းခဲ့တာပေါ့။ နောက်ဆို မောင့်ကိုတကယ်ချစ်ရဲ့လားလို့ ဘယ်တော့မှမမေးနဲ့။ အဲ့လိုမေးတာမောင့်အချစ်ကို စော်ကားတာပဲ။"

မောင်က မျက်နှာခပ်တင်းတင်းနှင့်ပြောလေသည်။ ဒါပေမဲ့မောင့်ရဲ့ စကားသံတွေက နုဝါစိတ်ကိုသာယာစေသည်။ နုဝါကားမောင်းနေသော မောင့်ပခုံးလေးပေါ်တွင် ခေါင်းလေးမှီကာ ဘာမှထပ်မပြောတော့။ ဒီလောက်ဆိုရင် နုဝါအတွက် ပြည့်စုံပါပြီ။ အရင်ကဆို ချစ်စကားတွေကြားရမှာ သေမလောက်ကြောက်ခဲ့တဲ့ နုဝါ က အခုတော့ ချစ်သူဆီက ချစ်စကားတွေကို တစ်ချိန်လုံးကြားချင်နေမိသည်။ ချစ်သူကလဲ အဲ့လိုမေးတာ သူ့အချစ်ကို စော်ကားသည်ဆိုသဖြင့် နုဝါနောက်မမေးရန်တစ်ခါထဲ ဆုံးဖြတ်လိုက်သည်။ ဒါဟာ နုဝါဝဋ်လည်တာလားလို့ စဉ်းစားမိချိန်မှာတော့ နုဝါမျက်ဝန်းများကို ပိတ်ချလိုက်



မိလေသည်။ မျက်ဝန်းထဲမှာလဲ ဝေယံကိုစကားတွေနှင့်ဝေယံကိုအရိပ်တွေက နုဝါကိုခြောက်လှန့်နေလေသည်။

"ဘာတွေစဉ်းစားနေတာလဲ။ ရောက်တာကြာပြီ။ အဲလို့မောင်နဲ့အတူရှိပြီး တခြားလူဆီစိတ်ရောက်နေတာတော့ မောင်မကြိုက်ဘူး။"

နုဝါလဲအတွေးလွန်သွားသဖြင့် ရောက်နေတာဘောင်လုံးဝမသိလိုက် မောင်က ပခုံးကိုပုတ်ကာသတိပေးမှပဲ သတိထားမိသွားသည်။ နုဝါက ပြုံးပြကာ လှည့်ကြည့်လိုက်တော့ မောင့်မျက်နှာက ရှုပုတ်တင်းမာကာ နုဝါကိုစောင့်ဘဲရှေ့ကနေ ထွက်သွားလေသည်။ နုဝါလဲ ကားတံခါးကို အမြန်ပိတ်ရင်း မောင့်နောက်ကို အမှီလိုက်ခဲ့သည်။ မောင်က ဘုရားပေါ်ရောက်တော့လဲ စကားတစ်ခွန်းမှမပြော။ မျက်နှာကြီးကလဲ ရှုပုတ်နေတော့ နုဝါလဲ စိတ်ဆင်းရဲရသည်။

ဘုန်းမြင့်မိုရ်ဒေါသထွက်ထွက်နှင့် ဘုရားကို ဘယ်နှစ်ပတ်မှန်းမသိပတ်နေမိသည်။ သူမကလဲ ဘေးကနေဘာမှမပြောဘဲ လိုက်ရှာလေသည်။ လိုက်တာတောင်မှဘေးကနေကပ်လိုက်တာမဟုတ်ဘဲ နောက်တစ်လှမ်းလောက်ခွာကာ ခပ်ရှိုရှိုလေးလိုက်လာလေသည်။ မျက်နှာလေးချကာ ခပ်အေးအေးလိုက်လာသော သူမကိုစိတ်မှာရည်းစားဦးမှာအမှတ်တရ ဘုရားလာတာနှင့်မတူဘဲ။ ရည်း

www.burmeseclassic.com

www.burmeseclassic.com



စားနဲ့ပြတ်လို့ဘုရားတွင်ယကြော်လာချေသည့်သူနှင့်သာပို့ နေသည်။

ဘုန်းမြင့်မိုရ်လှည့်ကြည့်လိုက်တော့ဘယ်ကကောင် တွေမှန်းမသိသော ကောင်လေးတစ်အုပ်ကလဲ နဝါ တစ်ယောက်ထဲလာတယ်ထင်ကာ နောက်ကလိုက်နေ သည်။ အချင်းချင်းလဲတစ်ယောက်ကိုတစ်ယောက်လက် ရင်း နဝါအလှကိုခံစားနေကြသေးသည်။ ဒါကို မြင်တော့ ဘုန်းမြင့်မိုရ် စိတ်ထဲဒေါသတွေက ထောင်းကနဲ ထွက်လာ ကာ နောက်မှ ခပ်လေးလေးလျှောက်နေသော သူမလက် ဆောင့်ဆွဲကာ ဘေးနားခေါ်ထားလိုက်သည်။

"အား..ဖြေးဖြေးလုပ်ပါ..နာတယ်။"

နဝါအသံလေးက ခပ်ဆတ်ဆတ်ထွက်ပေါ်လာ သည်။ ဘုန်းမြင့်မိုရ် ခပ်တင်းတင်းလေးကိုင်ထားသော လက်ကိုအနည်းငယ်လျှော့ပေးရင်း

"နဝါက ဘာနေ့သမီးလဲ။"

"ဗုဒ္ဓဟူး။"

"လာ...ဒါဆို။"

နဝါထောင့်တွင် ဘုရားထိုင်ရှိခိုးလိုက်သည်။ နောက်ကကောင်လေးတွေကလဲ ပိုင်ရှင်ရှိမှန်းသိသွားသ ဖြင့်ဆက်မလိုက်တော့ဘဲ မသိမသာကျန်ခဲ့ကြလေသည်။ ဘုန်းမြင့်မိုရ်ကတော့ ဟိုကောင်တွေအုပ်စုကို မတွေ့ရတော့



ဖြင့် အခုမှပဲ စိတ်ချမ်းသာသွားကာ နဝါကိုလှမ်းကြည့် သည်။ မျက်လုံးလေးမှိတ်ကာ ဘုရားကိုအာရုံပြုပြီး ပါးစပ် လေးလှုပ်ကာ ဘုရားဂုဏ်တော်တွေကို ရွတ်ဖတ်နေသော ချစ်ရာကောင်မလေးက ဘုန်းမြင့်မိုရ်ရဲ့ ချစ်သူဆိုတာကို တွေးမိတော့ ရင်ထဲမှာ တစိမ့်စိမ့်နှင့်ကျေနပ်ကြည်နူးသာ သွားမိသည်။

နဝါမျက်စိကိုဖွင့်ကြည့်လိုက်တော့ နဝါကိုတစိမ့် စိုက်ကြည့်နေသာ မောင့်ကိုတွေ့ရလေသည်။ စောနက ကို အတင်းဆောင့်ဆွဲထားသဖြင့် အမြင်ကပ်ကာ မျက် စောင်းလှမ်းထိုးမိလေသည်။ နဝါမျက်စောင်းကို မြင်တော့ မောင်က ဟက်ဟက်ပက်ပက်ကိုရယ်လေသည်။

"အေးနော်...မျက်စောင်းလာထိုးပြီး အသည်းလာ ယားအောင်မလုပ်နဲ့..သဘောပေါက်။"

မောင်ကအကြောကြီးနှင့် ပြောသဖြင့် နဝါ နှုတ် ခမ်းလေးကို ဖိကိုက်လိုက်သည်။ မောင့်ကိုသိပ်ကျေနပ် တာမဟုတ်။ အလကားနေ အူတိုက ဒေါသထွက်ကာ နဝါကိုလဲ ရှုစောင့်နေသဖြင့် သိပ်ကြည့်မရချင်။ ဒီလိုပုံ အတိုင်းဆို နဝါကပဲ မောင့်ကိုလျှော့ပေးရမဲ့ပုံ။ မောင့်ပုံစံ က မာနကတော့ ခပ်ကြီးကြီး။ နဝါ သက်ပြင်းကိုချရင်း ရှေ့ဆက်ရမဲ့ အနာဂတ်အတွက် စိုးရိမ်သွားမိသည်။ချစ် လွန်းလို့သာ နဝါမာနကိုရှိုက်ချိုးထားခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာကြီးကလဲ ဘာလို့မသာမယာဖြစ်နေရတာလဲကွာ…မောင်က ကြာသပတေးသား။ လာ ဒီထောင့်မှာရှိခိုးမယ်။"

နုဝါဘာမှာပြောမနေဘဲ မောင်ပြောသမျှသာ နားထောင်နေလိုက်သည်။ ဘုရားကပြန်တော့ နုဝါတို့ ကန်တော်ကြီးကို သွားခဲ့ကြသည်။

"ချစ်သိလား…ကန်တော်ကြီးဆိုတာ ချစ်သူတိုင်း ချစ်သူဖြစ်ရင် ချစ်သူဖြစ်ကြောင်းလာရောက်အသင်းဝင်ပြီး မှတ်ပုံတင်ရတဲ့နေရာ။"

"အပို။"

"အော်…တကယ်ပါဆို။ လာဆင်းလမ်းလျှောက်မယ်။"

မောင်က ကားလေးကို သစ်ပင်ရိပ်အောက်တွင် ရပ်ကာ တံတားလေးအတိုင်းလမ်းလျှောက်လာကြလေသည်။ အေးချမ်းသော လေနုအေးနှင့်အတူ ကန်ရေပြင်ကြီးကို ကြည့်ရင်း နုဝါစိတ်တွေပြန်လည် လန်းဆန်းလာသည်။ မောင်ပြောသလိုပဲ ဒီနေရာ ချစ်သူတွေလာရောက်သတင်းပို့သင့်တဲ့နေရာတော့ အမှန်ပင်။ ကန်ရေပြင်ကြီး၏ အလှအပနှင့် သာယာမှုက ချစ်သူတွေရဲ့ရင်ထဲကိုကူးစက်ကာ သာယာချမ်းမြေ့မှုကိုတော့ အပြည့်ပေးစွမ်းနိုင်သည်။



"မောင့်လက်ကိုတွဲ။"

မောင်တို့များ တင်စီးပုံက သူက နုဝါလက်ကိုလာ တာမဟုတ်ဘဲ နုဝါကို သူ့လက်မောင်းကြီးထိုးပေးကာ ါက အားကိုးတကြီးဖက်တွယ်ထားရမည့်ပုံစံမျိုး။ လက် ဆိုလို့ လက်ဝါးချင်းရောယှက်တွဲထားချင်းမျိုးမဟုတ်ဘဲ။ ါက သူ့လက်မောင်းကို တွဲခိုခိုင်းကာ သူက ကျော့ကျော့ ား‌နှင့် နုဝါကခိုကပ်တွဲနေသည့်ပုံစံမျိုးလေ။

နုဝါသူ့လက်မောင်းကို လှမ်းတွဲလိုက်တော့ ်ခြင်းကြီး မျက်နှာကြီးက ဝင်းပရွှန်းလဲ့ကာ လပြည့်ည ဝင်းထိန်တောက်ပနေသည်။ ကိုယ့်ချစ်သူစိတ်ချမ်းသာ ကိုယ်လဲစိတ်ချမ်းသာတာ ချစ်တဲ့လူတိုင်းရဲ့ သဘာဝရိုးရာ ားတော့ မသိပါ။ မောင်မျက်နှာလေးကို ငေးကြည့်ရင်း ါလဲ ချမ်းမြေ့ရပါသည်။

နုဝါကတော့ မောင့်လက်မောင်းလေးကို ဖက် ွယ်ရင်း စကားတွေကို ရေပက်မဝင်ပြောနေတော့လဲ ာင်က ခေါင်းတငြိမ့်ငြိမ့်နှင့်နားထောင်ပေးပြန်သည်။ ရဲ့လက်တွဲဖော်ဆိုတာ ဒါများလားလို့လဲ နုဝါစဉ်းစား ည့်မိသည်။ သူ့လက်ကိုတွဲထားရင်းနဲ့ပဲ နုဝါအလိုလို ှင်လာသည်။ စိတ်ချမ်းသာလာသည်။ ဒါတွေက ချစ်ရဲ့ ခွန်အားတွေများလား။ နုဝါငြိမ်နေတော့ မောင်က ါကို ငုံ့ကြည့်ကာ နုဝါခေါင်းလေးကို မောင့်ရင်ခွင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲသွင်းရင်း အသာအယာဖက်ထားသည်။ အတိုင်းမသိတဲ့ သာယာပျော်ရွှင်ခြင်းတွေနဲ့အတူ နဝါလဲ မောင့်ရင်ခွင်ထဲတိုးဝင်မိသည်။

အချိန်တွေက အကုန်မြန်လိုက်တာ။ ခဏလေးနှင့် ညနေစောင်းသွားခဲ့သည်။ ညနေကျတော့ ကျောင်းကိုပြန်ကာ ကားလေးကိုယူရင်း ချစ်သူနှစ်ဦးက နှုတ်ဆက်လမ်းခွဲခဲ့ရပြန်သည်။ နေမင်းကတော့ ချစ်သူနှစ်ဦးကို နေရောင်ဖျော့ဖျော့လေးနှင့် လွှမ်းခြုံကာ အချစ်ရဲ့ သတ္တိလေးများကို မွေးဖွားပေးနေပြန်သည်။ အပြန်လမ်းမှာတော့ အရင်လို မဟုတ်ဘဲ နှလုံးသားလေးက ပူနွေးကာ ရှိန်းမြနေသော သည်။



## အခန်း(၃၄)

တစ်ခါတစ်လေဆို အချိန်တွေကအရမ်းကို နှောင့်နှေးနေသည့်လို့ထင်ရသော်လဲ ချစ်သူဘေးနားတွင်ရှိသောအခါမျိုးတွင် အချိန်တွေကခဏလေးနှင့် ကုန်လွန်သွားတတ်ပါသည်။ ချစ်သူမျက်နှာကို တမေ့တမြောငေးကြည့်နေရင်းကပင် အချိန်တွေဘယ်လိုကုန်သွားမှန်းပင်မသိလိုက်။ တစ်နှစ်ဆိုသည့်အချိန်က မနေ့ကတစ်နေ့ကလိုရင်ထဲတွင် နွေးထွေးလတ်ဆတ်နေဆဲပင်။

မောင်နှင့်ချစ်သူသက်တမ်းတစ်နှစ်အတွင်းတွင် ပျော်ရွှင်စရာတွေကော ရင်နာစရာတွေနှင့် နဝါနှလုံးသားလေးက ပြုံးတစ်ခါ ငိုတစ်လှည့်နှင့် မောင့်အသက်သွင်းထားတဲ့ အရုပ်ကလေးတစ်ရုပ်ပမာပင်။ တစ်ခါတစ်လေတွင် မောင်သည် သူမတူအောင်ချစ်တတ်သော်လဲ အချိန်တော်တော်များများတွင်တော့ ဥပက္ခာပြုကာ နဝါကိုမေ့လျော့

www.burmeseclassic.com

www.burmeseclassic.com



နေတတ်တာများသည်။

မောင်က စိတ်ကျေနပ်ပျော်ရွှင်ချိန်များတွင် နဝ ဘေးနားတွင်တစ်ချိန်လုံးရှိနေသော်လဲ မောင်အလိုမ သည့် အခါမျိုးတွင် နဝါဘေးနားက အချိန်အကြာကြ ပျောက်ကွယ်နေတတ်ပြန်သည်။ အဲ့လိုအချိန်မျိုးတွင် နဝ ဖုန်းဆက်လည်းမကိုင်ပဲ နဝါကို မောင့်ဘဝထဲ ဆွဲထုတ်လွှတ်ပစ်ထားတတ်သည်။ အဲ့အတွက် အကြောင်း ချက်က တစ်ခုထဲပင် မောင်စိတ်ရှုပ်နေလို့ မဆက်သွယ် မိတာပါဆို တာပင်။ ဒီထက်ပိုသည့် ရှင်းလင်းမှုမျိုးကိုတော့ နဝါဘယ် တုန်းကမှ မကြားရခဲ့ဖူးပေ။

နဝါမောင့်နဲ့ ပတ်သက်လို့ အကြီးအကျယ်စိတ် နာဖူးတာရှိသည်။ မောင်က နဝါနဲ့ပတ်သတ်ပြီးအရာအား လုံးကို မေ့လျော့နေတတ်မှန်း နဝါသိပါသည်။ အဲ့အတွက် လဲ နဝါသိပ်ပြီး မခံစားနေတော့ပါ။ နဝါမွေးနေ့ ဘယ်နေ့ မှန်းမောင်မသိပါ။ နဝါဘာအရောင်ကြိုက်တတ်မှန်းလည်း မောင်မသိပါ။ နဝါဘာအစားအသောက်ကြိုက်တတ်မှန်း လည်း မောင်မသိပါ။ မောင်က နဝါနှင့်ပတ်သတ်လျှင် ဘာဆိုဘာမှ မောင်မသိပါ။ သိအောင်လည်း မောင်တစ်ခါ မှ မလေ့လာဘူးပါ။ အဲ့လိုလေ့လာဖို့လဲ လိုတယ်လို့ မောင်ထင်ပုံမရပါ။

နဝါကတော့ မောင်နှင့်ပတ်သတ်လျှင် မောင်သုံး



တတ်တဲ့ရေမွှေးကစပြီး မောင့်စီးတဲ့ဖိနပ်နံပါတ်အဆုံးမောင် နှင့်ပတ်သတ်လျှင် အစစအရာရာ အသေးစိတ်လေး ကအစ မှတ်မိနေတတ်သည်။ မောင်ကတော့ နဝါတို့ချစ်သူသက် တမ်းတစ်နှစ်ပြည့်တာကိုပင် မမှတ်မိ။ အဲ့လိုတွေဖြစ်မှာစိုး ၍ လွန်ခဲ့သောတစ်လလောက်ထဲက မောင့်ကို နဝါသတိ ပေးခဲ့ပါသည်။

"မောင်ရေ ရှေ့လဆိုနဝါတို့ ချစ်သူသက်တမ်း တစ်နှစ်ပြည့်ပြီနော်။ မောင်နဲ့အတူ နဝါကုသိုလ် တစ်ခုခုလုပ်ချင်တယ်။ အဲ့ဒါဘာလုပ်ရင် ကောင်းမလဲ။ဟင်...မောင်။"

မောင်က စဉ်းစားသလိုခဏတော့ငြိမ်နေသည်။ ပြီးမှ...

"မသိဘူးလေ။ နဝါက ဘာလုပ်ချင်တာလဲ။"

"အင်းနေ့ကျရင် ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ် မယ်။ ပြီးရင် မောင်နဲ့အတူဘုရားသွားမယ်။ ငါး သက်စေ့ ငှက်သက်စေ့လွှတ်မယ်လေ။"

"အင်း...ဆွမ်းကပ်တယ်ဆိုတာတော့ ကောင်းပါ တယ်။ ဒါပေမဲ့ မောင်တစ်ခုပြောမယ် သူများ ချက် ပြီးသား ဆွမ်းကိုအဆင်သင့်လေးယူပြီး ကပ်တာ တော့ မောင်မကြိုက်ဘူး။ ဘာလို့လဲဆိုတော့ ဒါကကိုယ့်ရဲ့ လုပ်အားဒါနမပါဘူး။ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို ပင်ပန်းခဲ့ပြီး ချက်တော့ သဒ္ဒါစိတ်ပို ပိုထက်တယ်လေ။ အဲ့တော့ ပိုပြီး ကုသိုလ်ရတယ်လို့မောင်ထင်တယ်။ တကယ်လို့ ချစ် ဘုန်းကြီး ဆွမ်းကပ်ချင်တယ်ဆိုရင်တော့ မောင်ကတော့ ချစ် ကိုယ်တိုင်ချက်ပြီးကပ်စေချင်တယ်။ ဘယ်လိုလဲချစ် မောင်ပြောတာကို လက်ခံလား။"

မောင်စကားကြောင့် နုဝါနည်းနည်းတော့တွေသွားသည်။ တစ်ဦးတည်းသောသမီးဖြစ်သည့်အပြင် ငယ်ထဲက ရောဂါသည်လေးဖြစ်သော နုဝါကို ဘယ်သူမှ ဘာမှမခိုင်းကြသဖြင့် နုဝါထမင်းဟင်းချက်သည့်အလုပ်ကို မလုပ်တတ်ပေ။ ချက်ဆိုရင်လဲ ကြိုးစားပြီးချက်လို့ ရမဲ့ အခုဟာက ဘုန်းဘုန်းကိုဆွမ်းကပ်ရမှာ ဖြစ်သဖြင့် မကောင်းမှာလဲ နုဝါစိုးသည်။

"ဟို...နုဝါတစ်ခါမှ မချက်ဖူးဘူး။ ပြီးရင် ဘုန်းဘုန်းကို ဆွမ်းကပ်မှာဆိုတော့ နုဝါမကောင်းမှာ ကြောက်တယ်။"

နုဝါ စကားကိုကြားတော့ ဘုန်းမြင့်မိုရ်က စာနာ နားလည်သလို ပြုံးကာ နုဝါခေါင်းလေးကို လက်နှင့် ချစ်စနိုး အုပ်ကိုင်ကာ လှုပ်ယမ်းလိုက်သည်။

"မောင်နားလည်ပါတယ် ချစ်ရယ်။ ဒါဆိုဒီလို လုပ်လေ။ အဲ့ထဲက ဟင်းတစ်မျိုးတော့ ချစ်



ကိုယ်တိုင်ချက် ကျန်တာကိုတော့ ကြီးမေချက်ပ လေ့စေပေါ့။ ဟုတ်လား။"

မောင်က အဲ့လိုအလိုက်သိနားလည်ပေးတော့ နုဝါ ရင်ထဲအတိုင်းမသိ ကျေနပ်မိသည်။ မောင်ပခုံးလေးပေါ်မှာ ပါးအပ်ရင်း ခေါင်းကိုလဲ ငြိမ့်ပြလိုက်သည်။ မောင်ကတော့ ဘာမှထပ်ပြောမနေတော့ဘဲ နုဝါကို သာယာစွာ ပွေ့ဖက်ထားလေသည်။ ဒီလိုအချိန်မျိုးက နုဝါအတွက်တော့ ပျော်ရွှင်စရာအတိပင်။

အိမ်ပြန်ရောက်သည်၌ အဝတ်အစားလဲပြီးသည်နှင့် အရင်ဆုံးပြေးလုပ်မိတာ မီးဖိုချောင်ဝင်ပြီး လက်တွေ့ချက်ပြုတ်ကာ လေ့လာသင်ယူမိလေသည်။ မီးဖိုချောင် ထဲ အလုပ်ရှုပ်နေသော ကြီးမေခါးကို နောက်ကနေသိုင်းဖက်ရင်း...

"ကြီးမေ...ဘာတွေချက်နေလဲ။"

"အော်...သမီးလေး...ဘာစားချင်လဲ..ကြီးမေ ဘာချက်ပေးရမလဲ။"

ကြီးမေက သိုင်းဖက်ထားသော နုဝါလက်လေးများကို ပြန်လည်ဆုပ်ကိုင်ရင်း ကလေးပေါက်စလေး တစ်ယောက်လို နုဝါကို အလိုလိုက်ဂရုစိုက်ရှာလေသည်။

"ဟင့်အင်း...ကြီးမေ...သမီး ချက်ကြည့်ချင်တယ်။"

www.burmeseclassic.com

www.burmeseclassic.com



"အော်...သမီးက ဘာစားချင်လို့လဲ ကြီးမေ ချက်ပေးပါ့မယ် သမီးရယ်။"

"ဟုတ်ဘူး ကြီးမေရယ်...ဟိုလေ...သမီးကိုယ်တိုင် ချက်ကြည့်ချင်တာ..။"

ကြီးမေက နဝါစကားတွေကြောင့် အံ့သြလာကာ နဝါလက်တွေကို ဖက်ကာ နဝါကိုသေချာစိုက်ကြည့်လေသည်။ ကြီးမေ အဲ့လိုကြည့်တော့ နဝါရှက်လာသည်။ ကိုယ့်ကိုယ်လဲ မလုံမလဲ ခံစားလာမိသည်။ မတတ်နိုင်ဘူး မောင့်ကို ချစ်တော့လဲ မောင့်စိတ်တိုင်းကျ အားလုံးကိုလုပ်ပေးချင်သည်။

"ကြီးမေကို ပွင့်ပွင့်လင်းလင်းပြောပါ။သမီး ကောင်လေးကို ချက်ကျွေးချင်လို့လား။"

နဝါရှက်ရှက်နှင့်ပဲ ခေါင်းငြိမ့်ပြလိုက်သည်။ ငယ်ရာကနေ ကြီးလာသော ကြီးမေကလဲ မူပျက်နေသော နဝါပုံစံကိုကြည့်ကာ ရည်းစားရနေမှန်းအစထဲက ရိပ်မိပြီးသားပါ။ ဒါပေမဲ့ နဝါ ပျော်နေတာကိုကြည့်ပြီး ဘာမှ မပြောခဲ့ပေ။ ယောကျ်ားသနာ ကိစ္စတွင်ရှင်းသော နဝါ အကြောင်းကိုသိပြီးသား ဖြစ်သဖြင့် ဒါက နဝါ ရူးရူးမူးမူး ချစ်ရတဲ့ ချစ်သူဆိုတာကိုလဲ ပြောစရာမလိုအောင် သိရှိပြီးသားပင်။

"အော်...သမီးရယ်...ဒါများ ကြီးမေချက်ပေးလိုက်



မယ်လေ။ ဟိုရောက်တော့ သမီးက သမီးချက်တယ်လို့ ပြောပြီး ကောင်လေးကို ကျွေးလိုက်ပေါ့။ ဟုတ်ဘူးလား။"

"အဲ့လိုမဟုတ်ဘူး ကြီးမေရဲ့။ မောင်...အဲ...သူ့ကို ကျွေးဖို့မဟုတ်ဘူး...။"

တစ်နေ့ကို အကြိမ်တစ်သိန်းလောက်ခေါ်နေသဖြင့် မောင်ဆိုသည့်အသုံးအနှုန်းက နှုတ်ကျိုးနေသည်။ ကြီးမေရှေ့မှာတော့ မောင်လို့ နှုတ်ကထွက်ပြီးမှ ရှက်ကိုးရှက်ကန်းနှင့် အင်းအဲလုပ်ကာ ရောချလိုက်ရသည်။ ကြီးမေက ချက်ခြင်းရိပ်မိသွားသော်လဲ မသိချင်ယောင်ဆောင်ကာ...

"ဒါဆို သမီးက ဘာလုပ်ချင်လို့လဲ။"

"ဟို...သမီးတို့ ချစ်သူသက်တမ်း တစ်နှစ်ပြည့် အဲ့ဒါ ဘုန်းကြီးကျောင်းဆွမ်းကပ်ချင်လို့။ အဲ့ဒါ မောင်... မှားလို့ သူကသမီးကိုယ်တိုင် ဆွမ်းတစ်ခွက်ချက်ပြီး ကပ်စေချင်တယ်လေ။ ကိုယ်တိုင်ချက်တော့ သဒ္ဓါပိုပေါက်ပြီး ကုသိုလ် ပိုရတယ်တဲ့။"

ကြီးမေက ကလေးငယ်လေးလို ပြောသမျှလိုက်လုပ်ချင်နေသော တူမငယ်လေးကို စာနာနားလည်ရင်း ...

"ဟုတ်ပါပြီ။ အဲ့တော့ ကြီးမေက သမီးလေး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမငယ်ရအောင် အစွမ်းကုန်သင်ပေး မှာပေ့ါ။ စိတ်ချ အတော်ဆုံးစာဖိုမှူးတောင် ကြီးမေသမီးလေးကို မမှီစေရဘူး။"

ဒီလိုနှင့် အဲ့နေ့ကစကာ ကြီးမေက နုဝါကို သေချာ သင်ပေးသည်။ နုဝါကလဲ သေချာလိုက်မှတ်ကာ ကိုယ်တိုင် ချက်ကြည့်သည်။ တစ်လအတွင်းတွင် နုဝါ ဟင်းတော်တော် များများကို ကာရန်ဝါကျ ညီစွာနှင့်ချက်တတ်လာခဲ့သည်။ နုဝါချက်ပြီးသမျှ ဟင်းများကိုလဲ မောင့်ထံအမြဲယူသွား ကာ အကဲခတ်ခိုင်းသည်။

"အင်း...မဆိုးဘူး...နုဝါ တော်တော်တော်လာပြီ။ ဒီအတိုင်းဆို မဆိုးဘူးပဲ။ မောင်တော့ အိမ်ထောင် ကျပြီးရင် ဗိုက်ကျပြီပဲ။"

"မောင်နော်..။"

နုဝါက ရှက်ရှက်နှင့် မောင့်ဗိုက်ခေါက်လေးကို ဆွဲ လိမ်လိုက်သော်လဲ အမှန်က မောင့်စကားတွေကြောင့် နုဝါ ပျော်ရွှင်ကျေနပ်နေမိသည်။

"ဟ..ဘာကြောင့်ဗိုက်ခေါက်လာလိမ်နေရတာ လဲ။ မောင်က အကောင်းပြောတာ။ တစ်ချို့မိန်းမတွေ ဆို မိန်းမဖြစ်ပြီး ယောက်ျားရတာတောင် မချက်မပြုတ်နဲ့ အပြင်မှာ ဝယ်စားခိုင်းလို့ခိုင်း၊ အိမ်ဖော်ချက်တဲ့ ထမင်းပဲစားရလို့ စားရနဲ့။



မောင်က အဲ့ဒါမျိုးမကြိုက်ဘူး။မောင့်မိန်းမက စေတနာပါပါလေးနဲ့ ကိုယ်တိုင်ချက်ပြုတ်ကျွေးခပ် ကျွေးတာ ကိုပဲစားချင်တာ။"

မောင်က ဒီလိုပြောတော့လဲ နုဝါပင်ပန်းခံပြီး သင် ယူချက်ပြုတ်ရကျိုးနပ်ပါသည်။

"စိတ်ချ နုဝါက မောင့်ကို အမြဲချက်ပြုတ်ကျွေး မှာ။"

"တော်တယ် ဆုချမယ်။"

နုဝါနဖူးလေးပေါ်သို့ မောင့်အနမ်းပန်းတစ်ပွင့် ခြွေ ချလိုက်သည်။ နုဝါကျေနပ်စွာပြုံးရင်း မောင့်ရင်ခွင်ထဲ ရှက် ရွံ့စွာနှင့် ပုန်းကွယ်နေမိသည်။

"မောင်ကလဲ အခုဆိုဖေဖေ့အလုပ်တွေကို ဝင်ပြီး လေ့လာနေပြီ။ ကျောင်းပြီးတာနဲ့ မောင်အလုပ် ခွင်တန်း ဝင်တော့မယ်။ အလုပ်လုပ်မယ် ငွေရှာ မယ်။ ပြီးရင် ချစ်နဲ့ ပျော်ရွှင်တဲ့ အိမ်ထောင်လေး တစ်ခုကို တည်ထောင်မယ်။"

မောင့်စကားတွေကြောင့် နုဝါအတိုင်းမသိပျော်ရွှင် ကျေနပ်ရပါသည်။ မောင်ရင်ခွင်ထဲမှာနေရင်း မောင့်အနာ ဂတ်အစီအစဉ်များကို နားထောင်ရတာလောက် သာယာ နာပျော်ဖွယ်ကောင်းတာ လောကမှာမရှိတော့ပါ။

"မောင် ဒါပေမဲ့ ကျောင်းတော့ ပုံမှန်တက်ဦးနော်။

www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ကျောင်းခေါ်ချိန်မပြည့်လို့ စာမေးပွဲ မဖြေရဘဲ ဖြစ်နေဦးမယ်။စာမေးပွဲ ဖြေဖို့ကလဲ တစ်ပတ်ပဲလိုတော့တာ။"

မောင်က အခုဆိုအလုပ်ကိုပဲ စိတ်ဝင်စားသည်။ နုဝါနှင့်တောင် တစ်လတစ်ကြိမ်ကို မနည်းတွေ့ရတတ်သည်။ ဖုန်းဆက်လျှင်လဲ အမြဲအလုပ်ရှုပ်နေတတ်ကာ ငါးမိနစ်ထက် ပိုမပြောဖြစ်။ ညဘက်မှသာ နာရီဝက်လောက်လေး ဖုန်းပြောဖြစ်သည်။ တစ်ချို့ရက်တွေဆို နာရီဝက်တွင် မပြည့်သေး မောင်က ပင်ပန်းလွန်းသဖြင့် အိပ်ပျော်သွားတတ်သည်။

ကျောင်းဆိုလဲ Practical ရှိတဲ့ရက်တွေက လွဲရင် သိပ်မတက်ဖြစ်ပေ။ ကျောင်းရောက်ရင်လဲ ခဏသာနေပြီးသည်နှင့် ပြန်သွားတက်သည်။ ဒါကြောင့်လဲ ကျောင်းခေါ်ချိန်မပြည့်မှာ နုဝါစိုးရိမ်နေမိသည်။

"စိတ်ချပါ ကျောင်းခေါ်ချိန်တော့ ပြည့်ပါတယ်"

"မောင်...မနက်ဖြန်ကရင် နုဝါတို့ချစ်သူသက်တမ်း တစ်နှစ်ပြည့်ပြီနော်။ အဲ့ဒါဘုန်းကြီးဆွမ်းကပ်မယ် ပြီးရင် ဘုရားသွားမယ်။ လျှောက်လည်မယ်။ မောင့်အလုပ်တွေ ဖျက်ထားနော်..အဲ့နေ့တော့။"

မောင့်မျက်နှာက ချက်ခြင်းဆိုသလို ပျက်သွားကာ "ဆောရီး ချစ်ရယ်။ မောင် မနက်ဖြန်ချစ်သူသက်တမ်းတစ်နှစ်ပြည့်တာ မေ့သွားတယ်။ မနက်ဖြန် မောင်က ဖေဖေအသစ်ဆောက်တဲ့ Shopping mall အတွက် ရှယ်ယာပါတနာအသစ်တွေ ခေါ်ထားတယ်။ အဲ့အစည်းအဝေးပွဲရှိတယ်။ ပြီးရင် မောင်အခုယူထားတဲ့ Project meeting လဲရှိတယ်။"

"မရဘူးမောင်ရာ...အဲ့လိုတွေဖြစ်မှာစိုးလို့ တစ်လလောက်အလိုထဲက မောင့်ကို နုဝါပြောနေတာပဲ။"

"ဆောရီးပါကွာ..ချစ်သိတဲ့အတိုင်း အခုတလောမောင်လဲဘယ်လောက်အလုပ်ရှုပ်လဲဆိုတာ။ သိပ်အရေးမကြီးတဲ့ ကိစ္စတွေတော့မေ့မှာပေါ့။"

မောင့်စကားကြောင့် နုဝါစိတ်ထဲထောင်းကနဲ ဒေါသထွက်မိသည်။ မောင်ရင်ခွင်ထဲကနေ ကြုံးထရင်း..

"ဒါသိပ်အရေးမကြီးတာလားမောင်။"

နုဝါအသံတွေကဒေါသကြောင့်မာဆတ်နေ သည်။

"ချစ်.. မောင့်မှာ ဒီထက်အရေးကြီးတာတွေက အများကြီးပဲ။ မောင်ပြောမယ် တစ်နှစ်ပြည့်တယ်ဆိုတာ ဘာအရေးကြီးလို့လဲ။ ၃၆၅ရက်ထဲက တစ်ရက်ပဲ။ အခု၃၆၅ရက်ကုန်ပြီး နောက်၃၆၅ရက်ရောက်ရင်လဲ နောက်တစ်နှစ်ပြည့်ဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့အပေါ်လိုက်ပြီး ခံစားမနေစမ်းပါနဲ့။"

မောင့်စကားတွေကြောင့် နုဝါရင်ထဲဒေါသလေးတွေလျှံတက်လာကာ ဝမ်းနည်းလာမိသည်။ နုဝါကတော့ ဒီရက်လေးရောက်ဖို့ကို ရင်တဖိုဖိုနှင့် စောင့်မျှော်နေခဲ့တာ။ ဒီကြားထဲ မောင့်စိတ်ကြိုက်ဖြစ်အောင်လဲ ကြိုးစားသင်ယူနေခဲ့ရတာ။ မောင်ကတော့ နုဝါဘက်ကိုတစ်ချက်မှ လှည့်မကြည့်ပေ။ သူ့ကိစ္စတွေကိုသာ ဦးစားပေးလွန်းပါသည်။ နုဝါမျက်ဝန်းထဲက မျက်ရည်ပူများက ပါးပေါ်သို့ လိမ့်ဆင်းကျရောက်လာသည်။

နုဝါထံမှ ဘာအသံမှမကြားတော့ ဘုန်းမြင့်မိုရ် နုဝါကို ငုံ့ကြည့်မိသည်။ နုဝါက မျက်နှာလွှဲကာ ငြိမ်နေသည်။ သေချာသူမမျက်နှာကို လိုက်ကြည့်မိတော့မှ သူမလေးက ငိုနေရှာလေသည်။ တဖြေးဖြေးနှင့် ကိုယ်လေးပင်လှုပ်ကာ ရှိုက်ငိုနေလေသည်။

"ကဲပါ..ချစ်ရယ်။ မောင်က သဘာဝကျကျပြောပြတာပါ။ အိုကေ ချစ်စိတ်တိုင်းကျဖြစ်စေရမယ်။ ဟုတ်ပြီလား။ ဘုန်းကြီးဆွမ်းကပ်ချင်တယ် မှတ်လား။ မောင် ရောက်အောင်လာခဲ့မယ်။ ဒီလိုလုပ်ကွာ။"

မောင်က နုဝါပါးပေါ်မှ မျက်ရည်စက်များကို တယုတယ သုတ်ပေးရင်း ခဏစဉ်းစားလိုက်သည်။



"မောင့် ရှယ်ယာပါတနာတွေနဲ့ ကိုးနာရီလောက်တွေ့ဖို့လုပ်ထားတာဆိုတော့ ဆယ်နာရီလောက်ပြီးနိုင်တယ်။ အဲ့တော့ ချစ်က ဘုန်းကြီးကျောင်းမှာပဲ စောင့်နေ။ မောင်ပြီးတာနဲ့ တန်းလာခဲ့မယ်။ ဟိုရောက်မှ နှစ်ယောက်အတူကပ်ကြတာပေါ့။ ဟုတ်လား။ ပြီးရင် ကျန်တဲ့အလုပ်အားလုံးကို မောင်ဖြတ်ခဲ့မယ်။ အဲ့နေ့ တစ်နေ့လုံးချစ်ဘေးနားမှာပဲ တစ်ဖဝါးမခွာဘဲ နေမယ် ကျေနပ်ပြီလား။"

နုဝါက မျက်စောင်းတစ်ချက်ထိုးလိုက်တော့ မောင်ကသဘောကျသလို တစ်ချက်ပြုံးကာ နုဝါကိုလှမ်းဆွဲကိုက်လိုက်လေသည်။

"မောင် မှီအောင်တော့လာနော်။"

နုဝါ မောင့်ကိုစိတ်မချစွာဖြင့် သေချာထပ်မှာလိုက်သေးသည်။ ဒီဘုန်းကြီးကျောင်းက နုဝါတို့ ငယ်ငယ်လေးထဲက ဆွမ်းကပ်ခဲ့သော ကျောင်းဖြစ်သဖြင့်လဲ နုဝါအတွက်တော့ တစ်ယောက်ထဲသွားလဲ အဆင်တော့ပြေပါသည်။

"လာမှာပေါ့ ချစ်ရ။"

မောင်က ထိုသို့ပြောလိုက်သည်နှင့် နုဝါရင်ထဲက အပူလှိုင်းတွေက ချက်ခြင်းကိုအအေးလှိုင်းအဖြစ်ကူးပြောင်းသွားလေသည်။ အခုကျတော့လဲ ပတ်ဝန်းကျင်တစ်ခုလုံးက သာယာကာ နေချင့်စဖွယ်လေးဖြစ်နေပြန်သည်။ စိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



ပြေသည်နှင့် ထုံးစံအတိုင်း မောင်ကသူ့အလုပ်ရှိကာ ပြန်သွားလေတော့သည်။ နုဝါလဲ ဘာမှပြောမနေတော့ဘဲ အိမ်ကို သာ တန်းပြန်လာခဲ့သည်။ မောင်က သူမအားသော ရက် များတွင် နုဝါအပြင်လျှောက်လည်နေတာကိုလဲမကြိုက် ပေ။ သူငယ်ချင်းတွေနှင့် ဈေးလျှောက်ပတ်တာကိုပင် မကြိုက်။

မောင့်အကြောင်းသိသော သူငယ်ချင်းတွေကလဲ နုဝါကို အရင်ကလို ဘယ်သွားသွားသိပ်လာမခေါ်တော့ ပေ။ ဒီကြားထဲ စိမ်းလဲ့ကလဲ ရည်းစားရသွားသဖြင့် ဘရဏီ တစ်ယောက်သာ ယောင်လည်လည်ဖြစ်နေရှာသည်။

ဘရဏီကလဲ ရည်းစားသာတရားဝင်မကြေညာ သေးသော်လဲ သူမအေးတွင်ရှိသော ဆရာဝန်ကိုကိုကြီးကို တော့ မကြာခင်အဖြေပြန်ပေးတော့မည်ကို သူငယ်ချင်း အရင်းများဖြစ်သော စိမ်းလဲ့နှင့် နုဝါက ဘရဏီမပြော ဘဲနဲ့ကို အလိုလိုသိနေသည်။ သူငယ်ချင်းတွေက ကျောင်း မှာသာ တတွဲတွဲရှိကြသော်လဲ အရင်လိုအမြင်တွေတော့ သိပ်မသွားဖြစ်တော့ပေ။ စိမ်းလဲ့ကလဲ နာမည်ကြီးမင်းသား တစ်ဦး၏ တရားဝင်ချစ်သူအဖြစ်ဂျာနယ်တွေထဲတွင်ပါလာ ပြီးထဲက အရင်လိုသိပ်ပြီးလမ်းမသလားရဲတော့ပေ။

စိမ်းလဲ့ချစ်သူကလဲ ပွဲမှန်သမျှကို စိမ်းလဲ့လက်ကို တွဲပြီးတက်နေသဖြင့် မင်းသားရည်းစားအဖြစ်အခုထဲက



လဲသိပ်မအားရတော့ပေ။

အရွယ်ရောက်လာသည်နှင့် အရာအားလုံးကို ပြောင်းလဲလာသည်။ အရင်လိုမျိုးစိတ်တွေကလဲ တဖြေး ဖြေးနှင့် ပျောက်ကွယ်လာကာ လူတွေကလဲ ရင့်ကျက်လာ သည်။ နုဝါတို့သူငယ်ချင်းတွေက ရင့်ကျက်ခြင်းနှင့် အတူ ချစ်တွေပါ တိုးပွားလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၄)

"ကဲ...သမီး...အချိန်က တော်တော်နောက်ကျနေပြီ။ ဖုန်းထပ်ဆက်ကြည့်ပါဦး။ မဟုတ်ရင်လဲ ဆွမ်းကပ် လိုက်တော့ ဘုန်းဘုန်းတို့က အချိန်နဲ့ ဆွမ်းစားရတာလေ။ တော်ကြာ နောက်ကျလို့ ဆွမ်းဘုန်းမပေးလိုက်ရပဲနေဦးမယ်။"

ကပ္ပိယကြီးကလာသတိပေးတော့ နုဝါ မောင့်ထံ ထပ်ဆက်ကြည့်မိသည်။ ဒီတစ်ကြိမ်နဲ့ဆို နုဝါဆက်တာ အကြိမ်သုံးဆယ်ပင်မကတော့။ ဖုန်းကဝင်သော်လည်း လုံးဝ မကိုင်ပေ။ နုဝါနာရီကို ငုံကြည့်လိုက်ရင်း...

"ဒါဆို သမီးပဲ ဆွမ်းကပ်လိုက်တော့မယ်အဘ။"

"အေးအေး။ သမီး။"

နုဝါတစ်ယောက်ထဲ ဘုန်းဘုန်းတို့ကို ဆွမ်းကပ်လိုက်သည်။ ဘုန်းဘုန်းတို့ ဆွမ်းဘုန်းပေးပြီးတဲ့အချိန်ထိ



နုဝါ ဘုန်းကြီးကျောင်းလေးတွင် မောင့်ကိုမျှော်လင့်တကြီး စောင့်နေမိပါသည်။ နုဝါလဲနားလည်မှုရှိတဲ့မိန်းကလေးပါ။ မောင့်အလုပ်မအားသေးလို့သာ မလာတာ။ မောင်အလုပ်ပြီးသည်နှင့် နုဝါထံချက်ခြင်းထလာလိမ့်မည်လို့လဲ နုဝါ ယုံကြည်နေသည်။ ဒါပေမဲ့ နုဝါဘုန်းကြီးကျောင်းက ထွက်လာတဲ့အချိန်ထိ မောင်ကပေါ်မလာပေ။

နုဝါရင်ထဲမှာ ငိုချင်စိတ်တွေက တစ်ကိုယ်လုံးကို ပျံ့နှံ့နေသည်။ အခုအချိန် နုဝါအိမ်လဲမပြန်ချင်တာနှင့် မောင့်ကိုပြောထားတဲ့အတိုင်း ဘုရားသွားကာ မောင့်မွေးနံ့ထောင့်နှင့် နုဝါမွေးနံ့ထောင့်တွင် ရေသက်စေ့နှင့် အမွှေးတိုင် ဖယောင်းတိုင်များကို ကပ်လှူပူဇော်ကာ မောင့်အတွက် ဆုတောင်းပေးနေမိသည်။ ဘုရားအဆင်းမှာတော့ ငှက်ကလေးများနှင့် ငါးလေးများကို လွှတ်ကာ နုဝါတို့ချစ်ခရီး အတွက် ဆုတောင်းနေမိသေးသည်။

အချိန်တွေက တရွေ့ရွေ့နှင့်ကုန်လာသည်။ မောင့်ဆီက ဆက်သွယ်မှုတစ်စုံတစ်ရာကိုမှ နုဝါမရရှိခဲ့။ ဖုန်းများ မမိတာလားလို့လဲစိုးရိမ်တကြီးထုတ်ကြည့်နေမိသေးသည်။ နုဝါရင်ထဲလေးလံလာကာ အိမ်ပြန်ချင်စိတ်လဲမရှိ။ မောင်နှင့် သွားမည်လို့ရည်ရွယ်ထားသောနေရာများကိုတစ်ယောက်ထဲသွားကာ စိတ်ဖြေနေမိသည်။ ကန်တော်ကြီးကိုရောက်တော့ နုဝါ မောင့်ကိုအရမ်းသတိရမိသည်။ မောင့်

www.burmeseclassic.com

www.burmeseclassic.com



ထံသို့ ဖုန်းဆက်ချင်စိတ်တွေက ရင်ထဲတွင်ဆူပွက
သဖြင့် နဝါ မောင့်ဖုန်းနံပါတ်လေးကို နှိပ်ကာ မောင့်
ထပ်ဆက်ကြည့်လိုက်မိသေးသည်။ ဒီတစ်ခါတော့ အ
အနေက တော်တော်လေးကို ဆိုးပါသည်။ မောင်က ဖု
မကိုင်သည့်အပြင် ဖုန်းပါပိတ်ထားလိုက်ပါသည်။

နဝါနှလုံးသားလေးကို တစ်စုံတစ်ဦးက ခပ်ကြ
ကြမ်းဖိညှစ်လိုက်သလို ရင်ထဲစူးအောင့်နာကျင်သွားမိ
သည်။ မလာနိုင်ရင်တော့ ဖုန်းလေးတစ်ချက်တော့ ဆ
သင့်သည်။ ဒါမှမဟုတ်တော့ short message လေးတ
ကြောင်းတော့ မောင်ပို့သင့်သည်လို့ နဝါထင်သည်။ အ
တော့ ရက်ရက်စက်စက်ကို စက်ပိတ်ကာ နဝါကို ဥပေက္ခာ
ပြုထားသည်။ နဝါမျှော်နေမယ်ဆိုတာ မသိနိုင်လော
အောင်ပဲ မောင့်အလုပ်တွေက များနေလား။ မောင်မအား
ရင်တော့ ရုံးကတစ်ယောက်ယောက်ကို ဖုန်းဆက်ပြီး အကြေ
အကြောင်းပြောခိုင်းလို့ရနေတာပဲ။ အခုတော့ မောင်လုပ်
ပုံက နဝါအပေါ် စော်ကားလွန်းသည်။

မောင့်ရဲ့လုပ်ရပ်တွေက နဝါကိုအမြဲတန်းသေးနုပ်
သွားစေသည်။ နဝါအတတ်နိုင်ဆုံးမောင့်ကိုနားလည်ပေး
ခဲ့ပါသည်။ နဝါတို့နှစ်ယောက် အခုလောက်ခိုင်မြဲနေတာ
နဝါ နားလည်ပေးခဲ့လွန်းလို့ပင်။ မောင်ကတော့ ဆောရီး
ဆိုတာထက် ဘယ်တော့မှမပိုခဲ့။ စိမ်းလဲ့ရည်းစားရတုန်းက



လဲ သူငယ်ချင်းတွေရဲ့ အတွဲအားလုံးကို အမှတ်တရမုန့်ကျွေး
လေသည်။ အဲ့တုန်းကလဲ ဘရဏီရဲ့ တရားဝင်ရည်းစား
မဟုတ်သေးသည့် ဒေါက်တာမင်းနိုင်တောင် ရောက်အောင်
လာသည်။ မောင်ကတော့ မလာခဲ့။ အဲ့အတွက်လဲ ဖုန်းတစ်
ချက်မဆက်ခဲ့။ နဝါကမနေနိုင်လို့ ဖုန်းဆက်မေးကြည့်တော့
မောင်ကတစ်ခွန်းထဲပြောသည်။

"ဘာမှမဟုတ်ပါဘူး နဝါရယ် မောင်မလာချင်လို့။
ဘာလုပ်မှာလဲ ကိုယ်နဲ့လဲမသိဘဲနဲ့ ကြောင်တောင်
ကြီး။ အဲ့ဒါကြောင့်မောင်မလာတော့တာ..။"

ဖုန်းကိုင်ထားသော နဝါလက်တွေက တုန်ရီလာ
သည်။ ဒါဆိုလဲ ဖုန်းတော့တစ်ချက်ဆက်သင့်တာပေါ့။ ဒီမှာ
လူစုံနေပြီ။ မောင့်ကိုပဲစောင့်နေခဲ့တာ။ ဒါပေမဲ့ သူငယ်ချင်း
တွေရှေ့တွင် နဝါအဲ့လိုမျိုးမပြောရဲ...

"အော်...ဟုတ်လား။ မောင်အစည်းအဝေးခန်း
ရောက်နေလို့လား။ အိုကေလေ မောင်။ ဒါဆို
နဝါဖုန်း ချလိုက်တော့မယ်။"

သူငယ်ချင်းတွေကို အဆင်ပြေအောင်ပြောရင်း
နဝါမျက်နှာပျက်နေမိသည်။ သူများတွေ အတွဲကိုယ်စီ
ကြားတွင်လဲ နဝါအားငယ်ရှက်ရွံ့လာမိသည်။ သူငယ်ချင်း
တွေကတော့ နဝါအနေခက်မှာစိုးလို့ ဟိုပြောဒီပြောပြောနေ
ကြသော်လဲ နဝါရင်ထဲမှာတော့ အားငယ်နေမိသည်။ စိမ်းလဲ့

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားကလဲ နှာမည်ကြီးမင်းသားသာပြောသည် စိမ်း
ကို တုန်နေအောင်ချစ်ရှာသည်။ စိမ်းလဲ့သောက်မည့် ဖော
ဖီလေးကအစ ကိုယ်တိုင်ကိုယ်ကျဖျော်ပေးလေသည်။
စိမ်းလဲ့မျက်နှာလေးကလဲ ချစ်သူ၏ ဂရုစိုက်ယုယမှုမျာ
ကြားတွင် အစွမ်းကုန်ပြုံးချိုကာ လှပနေလွန်းသည်
ဘရဏီရဲ့ ကိုကိုကတော့ အခုထိကြိုးစားဆဲဖြစ်လို့ အားလုံး
ထက်ပိုပြီး အကဲပိုနေလေသည်။

အစားပင်မစားနိုင်ပဲ ဘာများလိုမလဲ။ ဘာလုပ်ပေး
ရမလဲ ဆိုသည့်ပုံစံနှင့် ဘရဏီမျက်နှာလေးကိုသာ ငြ
နီးမဝကြည့်နေမိသည်။ ဘရဏီကတော့ ရှက်ရွံ့ကျေနပ်
ခြင်းတွေဖွန်းနေသော မျက်ဝန်းလေးများက ချစ်စရာအတိ
ပင်။ သူငယ်ချင်းတွေ စိတ်ချမ်းသာနေသဖြင့် နဝါလဲ စိတ်
ချမ်းသာရသော်လဲ မောင့်အတွက်ကြောင့်တော့ နဝါအား
ငယ်မိတာအမှန်ပင်။ နဝါကတော့ အားလုံးကြားတွင် အဖော်
မဲ့စွာ တစ်ဦးတည်းအထီးကျန်နေခဲ့သည်။

ဒါတွေကိုလဲ မောင့်ကို နဝါပြန်ပြောမနေတော့ပါ။
အလုပ်ရှုပ်သောမောင့်အတွက် နဝါကြောင့်ပါပိုပြီး စိတ်မရှု
စေချင်ပါ။ နဝါက မောင့်နှင့်ပတ်သက်လျှင် တတ်နိုင်သမျှ
နဝါရဲ့စိတ်ကို ချိုးနှိမ်ထားခဲ့ပါသည်။ နဝါမကျေနပ်ချက်တွေ
က ရင်ထဲမှာ ပြည့်သိပ်နေလဲ မောင့်ရှေ့ရောက်ရင် နဝါ
ပြောမထွက်ခဲ့ပါ။



တစ်ခါတုန်းကဆိုလဲ နဝါကားက လမ်းတွင် ပျက်
သွားခဲ့သည်။ နဝါတစ်ခုခုဖြစ်ပြီဆို အရင်ဆုံး အားကိုးမိတာ
မောင်ကိုပင်။ နဝါမောင့်ထံဖုန်းကောက်ဆက် လိုက်မိသည်။

"မောင်ရေ...နဝါကားပျက်သွားလို့...လုပ်ပါဦး။"

"ဟုတ်လား...ဘယ်နားမှာလဲ..။"

"တာမွေအဝိုင်းနားမှာ..။"

"အော်...ဟုတ်လား မောင်လဲမအားဘူး ချစ်ရေ။
ဒီလိုလုပ် မောင်ဝပ်ရှော့ဆရာဆီဖုန်းဆက်လိုက်
မယ်။ သူလာလုပ်ပေးလိမ့်မယ်။"

ဝပ်ရှော့ဆရာဆီဖုန်းဆက်တာတော့ မောင်ပြော
လား။ နဝါလဲဆက်တတ်တာပေါ့။ တကယ်တော့ နဝါက
မောင့်ထံမှ စိုးရိမ်တကြီးနှင့် "ဟုတ်လား...ဘယ်နားမှာလဲ။
မောင်အခုလာခဲ့မယ်...။" စသည်ဖြင့်အဲ့လိုမျိုးကို မျှော်လင့်
ပြီး ဆက်ခဲ့တာပါ။ အခုတော့ ။ ဝတ်ကျေတန်းကျေဆန်
လိုက်တာ မောင်ရယ်လို့သာတွေးရင်း...

"ရတယ်မောင်...ဒါဆိုလဲ နဝါဘာသာပဲဆက်လိုက်
မယ်။ နဝါအသိကားဝပ်ရှော့ဆရာရှိတယ်။"

"အိုကေ..ပြနေကျဆိုတော့ ပိုကောင်းတာပေါ့။
ကားအထာကိုသိပြီးသားဆိုတော့ ကြည့်လိုက်
တာနဲ့ ဘာဖြစ်တယ်ဆိုတာ တန်းသိတယ်။
ပြီလေ ဒါဆိုမောင်ဖုန်းချလိုက်တော့မယ်။ ဘာရှိ

www.burmeseclassic.com

www.burmeseclassic.com



သေးလဲ။"

ဘာရှိသေးလဲတဲ့။ နဝါ ဘာက်ဆက်ပြောရမှာလဲ
မောင့်ကို လာစေချင်လိုက်တာလို့ နဝါပြောရမှာလား။ အ
လောက်တော့ နဝါမာနတွေက နဝါကိုခွင့်မပြုပေ။

"ဟလို...ဟလို။"

နဝါထံမှ ဘာအသံမှမကြားတော့ မောင်ကစိတ်
ရှည်သလို ဟလို..ဟလို ဆိုပြီးထူးနေလေသည်။

"မရှိတော့ပါဘူး။"

နဝါအသံတွေက တိုးရှုလွန်းနေသည်။ မောင်သ
နားလည်မည်ဆို သိနိုင်ပါသည်။ မောင်ခဏတော့ ငြိမ်သွ
သည်။

"အိုကေလေ...မောင်ဖုန်းချလိုက်တော့မယ်။"

မောင်ဖုန်းချသွားချိန်မှာတော့ နဝါခန္ဓာကိုယ်တစ်
လုံးက ကိုင်ရိုက်ခံထားရသော လူတစ်ယောက်လို ချိနဲ့သွ
သည်။ နဝါအိမ်ကိုဖုန်းဆက်ပြီး အိမ်ကဒါရိုက်ဘာကို
ဆက်လုပ်ခိုင်းလိုက်သည်။ ဒါရိုက်ဘာရောက်လာချိန်
တော့ သူမောင်းလာသော ကားကိုယူကာ နဝါကား
ကို သူ့လက်ထဲထိုးထည့်ပြီး ထားပစ်ခဲ့တော့သည်။ ဒါ
ကားကို ပထမဆုံးသူမောင်းဘူးခြင်းပင်။ နဝါက နဝါ
လေးကို တန်ဖိုးထားလွန်းသည်။ ဘယ်တော့မှ တခြားလူ
ပေးမမောင်း နဝါစိတ်လဲမချ။ အခုတော့ ဖြစ်ချင်တာ



သူ့လက်ထဲကို ဝါးကွက်အပ်ကာ နုံးချိသောအသွင်နှင့် အိမ်ကိုပင် ရောက်အောင်ကားကိုမနည်းမောင်း၍ ပြန်လာခဲ့ရသည်။

နဝါအပြန်လမ်းတစ်လျှောက်လုံးမှာ မောင်နဲ့နဝါရဲ့ ဇာတ်လမ်းအစအဆုံးကို ရုပ်ရှင်ကြည့်သလို အသေးစိတ်ပြန်ကြည့်ကာ သုံးသပ်လာမိသည်။ တဖြေးဖြေးနှင့်လဲ မောင့်အချစ်တွေကို နဝါမယုံကြည်ချင်တော့။ အရမ်းချစ်လွန်းလို့သာ မောင့်အပြစ်တွေကို နဝါမမြင်ပေမဲ့ နဝါသူငယ်ချင်းတွေကတော့ နဝါကိုထောက်ပြကာ သတိပေးခဲ့ပါသည်။ ဒါတောင် သူတို့က နဝါတို့အကြောင်းကို ခရေစေ့တွင်းကျမသိပေ။

အပေါ်ယံမြင်သော သူတို့ကပင် မောင်က နဝါအပေါ်နိုင်စားလွန်းသည်တဲ့။ သိပ်ချစ်ပုံလဲမရဘူးဟု နဝါကို သတိပေးဖူးသည်။ နဝါကတော့ သူငယ်ချင်းတွေ မောင့်အပေါ်အထင်လွဲမှာစိုး၍ မောင်ကနဝါက အရမ်းချစ်ကြောင်း၊ ဒါပေမဲ့ မောင်ကအလုပ်အရမ်းများ၍သာ နဝါကို ဂရုမစိုက်နိုင်ကြောင်း စသည့်ဖြင့် မောင့်အကြောင်းကို သာချင်းတစ်ထပ်နှင့် မမောနိုင်ပြောပြခဲ့ရသည်။

အိမ်ရောက်သည်နှင့် နဝါကားကိုဖြစ်သလိုရပ်ခဲ့ပြီး အခန်းထဲတန်းဝင်လာခဲ့သည်။

"ဒေါက်...ဒေါက်။သမီးရေ ထမင်းစားမလား။"

www.burmeseclassic.com

www.burmeseclassic.com



နဝါ အိမ်ရောက်ပြီဆိုသည်နှင့် ကြီးမေက နဝါနောက်ကို တစ်ကောက်ကောက်လိုက်ကာ လိုအပ်သည်များကို လိုက်လုပ်ပေးတတ်သည်။

"မစားသေးဘူး ကြီးမေ။ နဝါအပြင်ကစားလာတယ်။"

"အေးအေး...ကြီးမေ။ ဘာလုပ်ပေးရဦးမလဲ။"

"ရတယ်ကြီးမေ..။နဝါ ခဏအိပ်ချင်လို့။"

"အေးအေး..သမီး။"

ကြီးမေက အခန်းဝကနေ ပြန်ထွက်သွားသည်။ နဝါမနက်ကနေ အခုအချိန်ထိဘာမှ မစားရသေးသော်လဲ လူက စားချင်စိတ်လဲမရှိပေ။ စိတ်ထဲမှာလဲ ပြောပြလို့မရနိုင်လောက်အောင် နာကျင်အက်ကွဲနေသည်။ ဘာကြောင့်လဲ ဆိုသောစကားလုံးပေါင်းများစွာက နဝါကို ခြောက်လှန့်နေကြသည်။ နဝါမျက်စိများကို မှိတ်ထားသော်လဲ ဘယ်လိုမှ အိပ်လို့မရဘဲ စိတ်တွေက မောင့်ဆီမှာပင်..။ ဘယ်လောက်အလုပ်များများ အခုအချိန်လောက်ဆို ဖုန်းဆက်ဖို့ကောင်းနေပြီ။ည ခုနစ်နာရီဆိုသည့်အချိန်က အားလုံး အလုပ်ဆင်းကြပါပြီ ။နဝါအံကိုတင်းတင်းကြိတ်ထားရင်း ဘယ်ဘက်ရင်အုံက စူးအောင့်လာပြန်သည်။ ရင်ဘတ်ပေါ်လက်ကို ဖိထားရင်း စားပွဲပေါ်က ဆေးလေးကိုလှမ်းယူကာ လျှာ အောက်ငုံထားလိုက်သည်။



❧ ❧ ❧ ❧ ❧

## အခန်း(၃၅)

မောင့်က ချစ်သူသက်တမ်းတစ်နှစ်ပြည့်တဲ့နေ့ထဲက နဝါကို လုံးဝအဆက်အသွယ်မလုပ်တာ အခုဆို ငါးရက်လောက်တောင်ရှိမည်။ နဝါကတော့ နေ့စဉ်နေ့တိုင်း မောင့်ဖုန်းကိုမျှော်နေမိခဲ့သည်။ မောင်ကတော့ တုတ်တုတ်မျှပင် မလှုပ်ချေ။ မနက်ဖြန်ဆိုရင်ပဲ နောက်ဆုံးနှစ်စာမေးပွဲကြီးကိုဖြေပြီး နဝါတို့ကျောင်းကြီးကို အပြီးအပိုင်နှုတ်ဆက်ရတော့မည်။ နဝါစိတ်ထဲတွင် တစ်စုံတစ်ခုကို အလိုလို သိနေသလိုပင်။ နဝါကျောင်းကြီးကိုရော မောင့်ကိုရောအပြီးအပိုင်နှုတ်ဆက်ရတော့မည်ထင်သည်။

အပြစ်မရှိတဲ့ချစ်သူကို တစ်ပတ်လောက်အဆက်အသွယ်မလုပ်ပဲ ပစ်ထားတယ်ဆိုထဲက မောင့်စိတ်ဓါတ်ကို နဝါသိပြီးသားပါ။ မောင်က နဝါကို မချစ်ခဲ့လို့သာ ဒါမျိုးနေနိုင်ခဲ့တာပေါ့။ နဝါစာထဲကို စိတ်ကိုဇွတ်သွင်းကာ ကျက်

www.burmeseclassic.com

www.burmeseclassic.com



နေရသော်လဲ နဝါစိတ်တွေက စာထဲမှာမရှိ မောင်ထံမှာသာ ဝဲလည်လိုက်နေသည်။ နဝါ မောင့်ကိုအရှုံးအမှုံးကို သတိရနေမိသည်။ မောင့်အသံကိုလဲ အရမ်းကြားချင်နေမိသည်။ ဘာကြောင့်ဖုန်းမဆက်တာလဲဟုလဲ တစ်ယောက်ထဲတွေးကာ အကြိမ်ကြိမ်အဖြေထုတ်နေမိသည်။

နဝါရင်ထဲက ဖုန်းစဆက်ခြင်သော်လဲ ဦးနှောက်က နဝါကိုလုံးဝ ဖုန်းစဆက်ခွင့်မပေးချေ။ ဖုန်းလေးကိုအခါခါ ကောက်ကိုင်ပြီးမှ ပြန်ချခဲ့ရသောအကြိမ်အရေအတွက်ကလဲ မနည်းတော့။ အချိန်တွေကြာလာလေလေ နဝါလဲ မောင့်စိတ်ကို ပိုမိုနားလည်လာသလိုလိုပင်..။အချိန်တွေကြာလာလေလေ နဝါမျှော်လင့်ချက်တွေက လျှော့နည်းလာလေနှင့် အချိန်နှင့် မျှော်လင့်ချက်တွေက ပြောင်းပြန်အချိုးကျလာသည်။

ယိုင်နဲ့နဲ့စိတ်ကို အတင်းမာန်တင်းရင်း နဝါရင်ထဲ အကြောင်းလေးများကို မေ့ပစ်နေမိသည်။ခက်တာက လူ့စိတ်ပင်။ လူဆိုတဲ့အမျိုးကလဲ မလုပ်ပါနဲ့ဆိုမှ ပိုမိုလုပ်ချင်တတ်ကြသည်။ အခုလဲ နဝါမေ့ဖို့ကြိုးစားလေလေ ပိုမိုသတိရလေလေနှင့် နဝါရှုပ်ယှက်ခပ်နေမိသည်။

မနက်ဖြန်တွင်တွေ့ရမည့် သူ့မျက်နှာကိုလဲ နဝါစိတ်ထဲက တွေ့ချင်နေမိသော်လဲ ဦးနှောက်ထဲကတော့ သူ့ကိုရှောင်နေခိုင်းနေသည်။ ဦးနှောက်နှင့် နှလုံးသားလွန်



တွင် နဝါကြားညပ်ကာ အသက်ရှုကြပ်နေရပါသည်။

မနက်ဖြန်သူနဲ့တွေ့ရင် နဝါဘာပြောရမလဲ။ မသိချင်ယောင်ပဲဆောင်နေရမလား။ ဒါမှမဟုတ်ပြေးတွေ့ကာ လွမ်းလိုက်တာ မောင်ရယ်ဆိုပြီးပဲ ဖက်ငိုရမလား။ စိတ်ထဲရှုပ်ထွေးနောက်ကျိလာမိသည်။ စာအုပ်ရှေ့တွင် ရှိနေသော်လည်း နဝါအတွေးတွေက စာအုပ်ထဲတွင်တစ်စက်လေးမှ ရှိမနေပါ။ သက်ပြင်းကိုချရင်း နဝါစာအုပ်လေးကိုပိတ်ကာ မျက်လုံးကိုပါတစ်ပါထည်းပိတ်ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

ဘုန်းမြင့်မိုရ် စိတ်ထဲ နဝါနှင့်တွေ့ရတော့မည့်အတွက် စိတ်တော့တော်တော်လေးလှုပ်ရှားမိသည်။ အဲ့နေ့က တကယ်ကို အလုပ်မအားတာလဲပါသည်။ နောက်တစ်ချက်က သူမဘယ်လောက်သည်းခံနိုင်လဲလဲသိချင်တာပါသည်။ စိတ်တွေကသူမထံရောက်နေသော်လည်း စိတ်ကို အလုပ်ထဲ နှစ်ကာ သူမကိုမေ့နိုင်အောင်ကြိုးစားနေမိသည်။ အခုတလော သူမကို သံယောဇဉ်တွေပိုနေမိမှန်း ကိုယ့်ကိုကိုယ် ရိပ်မိလာသည်။

အစထဲက အဲ့လိုတွေဖြစ်မှာစိုးလို့ သူမနှင့်ပတ်သက်လျှင်အရာတော်တော်များများကို လျစ်လျူရှုထားခဲ့သည်။ အဲ့လိုလုပ်လေ ပိုမိုနားလည်ကာ ခွင့်လွှတ်ပေးသောသူမကြောင့် ပိုခက်လေဖြစ်မိသည်။ ဒါပေမဲ့ သူမကိုယ်လဲယုံတော့ မယုံရဲပေ။ ကိုယ်ရှေ့မှာတင် ကိုယ့်အသက်ကို



ကွယ်ပေးခဲ့သော အသက်သခင်ကျေးဇူးရှင်ကို ကားနှင့်တိုက်သတ်ခဲ့သော သူမရဲ့စိတ်ဓါတ်ကလဲ ရှော့တွက်လို့ တော့မရ။ သူမအပေါ်ယိုင်ယိုင်သွားချင်သော ကိုယ်စိတ်များကို အကြိမ်ကြိမ်သံပတ်ပေးရင်း သူမကိုတမင်မေ့လျှော့ထားခဲ့သည်။

အဲ့နေကဖြစ်ချင်တော့ အလုပ်ကိစ္စတစ်ခုနှင့် မြို့ပြင်ကိုသွားရသည်။ မထင်မှတ်ပဲ သူမကားတိုက်ခဲ့သောနေရာတွင် ကားတိုက်မှုတစ်ခုဖြစ်ကာကို တွေ့ရှိခဲ့ရသည်။ အဖြစ်အပျက်အားလုံးက မနေ့ကတစ်နေ့ကလို မျက်လုံးထဲ ကွက်ကွက်ကွင်းကွင်းကို ပြန်လည်မြင်ယောင်လာမိသည်။

နားထဲတွင်လဲ ဝေယံကိုနှုတ်ဆက်တုန်းကပြောခဲ့သောစကားများက ပြန်လည်ကြားယောင်လာမိသည်။ ချစ်သူအတွက် အသက်ပေးချစ်ခဲ့သည့်အပြင် ဘဝပါဆုံးရှုံးကာ လူ့စဉ်မမီဖြစ်ခဲ့ရသော ဝေယံကိုအသံတွေက ဘုန်းမြင့်မိုရ်ကို လှုပ်နှိုးကာ သတိပေးနေပြန်သည်။ ဘုန်းမြင့်မိုရ်အံကိုကြိတ်ထားရာမှ မေးကြောကြီးများပင် ထောင်လာသည်အထိ။

ဆူပွက်နေသော နှလုံးသွေးတွေကလဲ ဘုန်းမြင့်မိုရ်ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်အတွက်တိုက်တွန်းပေးနေလေသည်။ အခုအချိန်ဟာ သားကောင်ကို ပစ်ဖို့အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com





အချိန်ဆိုတာကိုလဲ ဘုန်းမြင့်မိုရ်ကောင်းစွာနားလည်ထား သည်။ ဒါပေမဲ့ ကိုယ်တိုင်စဖြတ်ဖို့ အကြိမ်ကြိမ်ကြိုးစား သော်လဲ သူမရှေ့ရောက်လျှင် စကားလုံးတွေက ပျောက် ကွယ်နေပြန်သည်။ သူမခေါင်းတစ်ချက်အငုံ့မှာလဲ စိတ် တွေက ပြန်လည်ယိုင်နဲ့ ပျော့ပြောင်းလာပြန်သည်။

ဒါကြောင့်လဲ ဒီတစ်ခါမှ မီးထတောက်ဖို့အတွက် အရင် အမှိုက်ပေါင်းစုံ သူမရင်ထဲ စုပြုံထည့်ပေးခဲ့ခြင်းဖြစ် သည်။ကြည့်ရတာ သူမလဲ ကျွန်တော့်ကိုတော်တော်စိတ် နာနေပြီထင်သည်။ အရင်တုန်းကဆို ဘာပဲဖြစ်ဖြစ်ဖုန်း လေးဆက်ကာမေးတတ်သောသူမက လုံးဝအဆက် အသွယ်ဖြတ်ကာ ငြိမ်နေလေသည်။အဲ့လိုကြတော့လဲ ရင် ထဲမှာ တစ်ခုခုလစ်ဟာသလို ခံစားရပြီး စိတ်တွေက အလို မကျချင်ပေ။ သူမကိုလဲအလွန်အမင်းကို သတိရနေမိပြန် သည်။ အဲ့လိုခံစားရတော့လဲ ကိုယ့်ကိုကိုယ်ဒေါသထွက် နေမိပြန်သည်။ တကယ်ဆို နောက်ဆုံးအဆုံးသတ်က ဒီလို ဖြစ်မယ်ဆိုတာ အစထဲကသိပြီးသားဖြစ်နေသော်လဲ ကိုယ့် စိတ်ကိုကိုယ် ထိန်းချုပ်မထားနိုင်ခဲ့။

မသိစိတ်တွေအားလုံးက သူမကိုအလွန်အမင်း တွယ်တာသံယောဇဉ်ဖြစ်နေမိမှန်းကို သူမနှင့်ခွဲရသည့် အချိန်ကျမှ သိလိုက်ရသည်။ ဒါဆိုသူမကို ဆက်လက် လက်တွဲဖို့ကျတော့လဲ မလုပ်ချင်။ အခုတော့ ဆုံးဖြတ်ချက် အားလုံးကို သူမလက်ထဲထည့်ထားလိုက်သည်။ ကိုယ့်ကံ ကြမ္မာက သူ့မအပေါ်တွင်ပဲ မူတည်သည်။ အရာရာသည် သူမသဘောအတိုင်းသာ ဖြစ်သည်။

ကျောင်းစာမေးပွဲခန်းထဲ မဝင်ခင်သူမကိုစောင့်နေ သည်။ သူမကလဲ အခုထိမလာသေးပေ။ ကျောင်းခေါင်း လောင်းထိုးသံကြားလို့ ဘုန်းမြင့်မိုရ် စာမေးပွဲခန်းထဲရောက် မှ နဝါတစ်ယောက် ရောက်လာလေသည်။ ဆရာမကတော့ စာရွက်တွေပင်စဝေနေပြီ။ ဘုန်းမြင့်မိုရ်က အနောက်ဘက် အတန်းတွင်ကျသဖြင့် နဝါမျက်နှာလေးကို ဘေးတစ်စောင်း လေးသာ လှမ်းမြင်ရသည်။

သူမတော်တော်လေး ပိန်သွားသည်။ မျက်နှာလေး ကလဲ ညှိုးကာနေသိပ်ကောင်းပုံလဲမရပေ။ ဝင်လာလာချင်း သူမ သူငယ်ချင်းတွေကို လှမ်းပြုံးပြတာပင် သိပ်အသက် မပါချေ။ ပုံစံလေးက နွမ်းလျှကာ လူမာမာရုပ်လေးပေါက် နေသည်။ သူမနေများမကောင်းဘူးလား။ စိုးရိမ်စိတ်နှင့် သူမကို သေချာလိုက်ကြည့်နေသော်လဲ သူမကတော့ စာ သာ ငုံ့ဖြေနေသည်။ ဘုန်းမြင့်မိုရ်လဲ သူမကိုငေးနေသော အကြည့်တွေကို ခဏရပ်ရင်း စာမေးပွဲကို ကုန်းဖြေရသေး သည်။ နောက်ဆုံးနှစ်စာမေးပွဲဖြစ်သဖြင့်လဲ အတွေးမီးအ စောင်းမခံနိုင်ပေ။

စာမေးပွဲဖြေဆိုချိန်တောင် မဆုံးသေးဘူး နဝါက

www.burmeseclassic.com

www.burmeseclassic.com



စာရွက်အပ်ကာ ထပြန်သွားလေသည်။ ဘုန်းမြင့်မိုရ်မှာ နဝါနောက်ကိုပြေးလိုက်သွားချင်သော်လဲ စာရွက်ထဲမှာ အခုထိ သုံး၊ လေးပုဒ်ပဲ ဖြေပြီးသေးသဖြင့် ဘယ်လိုမှ ထလိုက်လို့မဖြစ်ပေ။

သူမအဲ့လို ကြိုထွက်သွားတာလဲ ကိုယ့်ကိုမတွေ့ချင်လို့ဆိုတာက ရှင်းနေသည်။ အတန်းထဲကို ဝင်လာတာလဲ တစ်ချက်ပင်မကြည့်။ သူမခုံနေရာမှာ ငြိမ်ငြိမ်လေးထိုင်ပြီး စာမေးပွဲဖြေပြီးသည်နှင့် ထပြန်သွားသည်။ သူမက အရမ်းတစိမ်းဆန်သွားသည်။ အရင်က သူမနှင့် အခုသူမ ပုံစံက တစ်ယောက်စီလို ခြားနားသွားသည်။ ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားသော်လဲ ဘုန်းမြင့်မိုရ် စိတ်ကို လျှော့က စာမေးပွဲကို ဆုံးသည်အထိဆက်ဖြေကြားလိုက်သည်။

ကျောင်းခေါင်းလောင်းသံဆုံးသည်နှင့် ဆရာမက ကျောင်းသားတွေဆီက အဖြေလွှာတွေအားလုံးကို လိုက်သိမ်းလေသည်။ ဘုန်းမြင့်မိုရ်အဖြေလွှာအပ်ကာ အတန်းထဲက ထွက်လာချိန်မှာတော့ ထိန်းချုပ်ထားသော စိတ်တို့အလုံးဝကိုလွှင့်ထွက်သွားလေသည်။

"ဖြေနိုင်လား။"

မင်းမင်းနဲ့ အာကာက ဘုန်းမြင့်မိုရ်ကို လှမ်းမေးလိုက်သည်။ ဘုန်းမြင့်မိုရ် မျက်နှာကြီးက ရှုံ့မဲ့စူပုတ်နေ



သဖြင့် မဖြေနိုင်လို့လို့ ထင်နေကြသည်ထင်သည်။

"အင်း ဖြေနိုင်ပါတယ်။"

"မသိပါဘူးကွာ။ မဖြေနိုင်လို့များလားလို့ ရုပ်ကြီးက ရှုံ့မဲ့နေတာကို။"

ဘုန်းမြင့်မိုရ် သူငယ်ချင်းတွေကို ဘာမှထပ်ပြီးရှင်းပြမနေတော့။ ဟန်ဆောင်ကာပင် ပြုံးပြမနေချင်လောက်အောင်ကို စိတ်တွေက ရှုပ်ထွေးလေးလံနေမိသည်။

"မင်းနဲ့ နဝါနဲ့ အဆင်မပြေဘူးလား။"

အာကာက ဘုန်းမြင့်မိုရ်နှင့် နဝါရဲ့ဆက်ဆံရေးကိုရိပ်မိကာ မေးလာသည်။ ဘုန်းမြင့်မိုရ်ရင်ထဲအောင့်သက်သွားသည်။ သူငယ်ချင်းတွေကြားထဲမှာ သူမလုပ်ပုံကကိုယ့်သိက္ခာကိုကျစေသည်။

"အင်း ဒီလိုပါပဲ။"

"မိန်းကလေးပဲကွာ ချော့စရာရှိရင် ကိုယ်ကချော့လိုက်ပေါ့။ နဝါက မင်းကိုတော်တော်ချစ်တာပါကွာ။"

မင်းမင်းက ထိုသို့ပြောတော့ ဘုန်းမြင့်မိုရ်နည်းနည်းတော့ ကျေနပ်သွားမိသည်။ ရင်ထဲမှာလဲ ချက်ခြင်းဆိုသလို ပီတိအဟုန်လေးက ဖြတ်ပြေးသွားသည်။

"ဟော့ကောင်တွေ ဘာတွေပြောနေတာလဲ။"

အခန်းကွဲသွားသော ရဲရင့်ကအခုမှရောက်လာလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဖြေနိုင်လား။"

ဘုန်းမြင့်မိုရ် ရဲရင့်ကိုမေးလိုက်သည်။ ရဲရင့်ထ တော့ သူ့ရင်ဘက်ကို သူလက်နှင့်ပုတ်ကာ လက်မထော ပြနေသေးသည်။ ငါပါကွဆိုသည့် သဘောပေါ့။

"အိုကေ ဒါဆိုငါပြန်တော့မယ်..။"

ဘုန်းမြင့်မိုရ်က နာရီကိုတစ်ချက်ကြည့်ပြီး ပြော လိုက်သည်။

"အေးဆေးပေါ့ကွ နေပါဦး။ ဗိုက်ဆာတယ် မုန့် လေး ဘာလေးသွားစားရအောင်။"

"နေပါစေတော့ကွာ...ငါသွားစရာရှိသေးတယ်။"

"နဝါဆီမှ ဟုတ်ရဲ့လား။"

ဘုန်းမြင့်မိုရ် နှုတ်ခမ်းတွေက ပြုံးသွားသော်လဲ ဘာမှတော့ ထပ်ပြောမနေတော့ပေ။

"အိုကေ...ဒါဆိုလဲ သွားလေ..။"

"ဘိုင်..ဘိုင်။"

ဘုန်းမြင့်မိုရ်သူငယ်ချင်းတွေကို နှုတ်ဆက်ပြီးသည် နှင့် ကားပေါ်အပြေးအလွှားတက်မိသည်။ နဝါထံဖုန်း ဆက်ကြည့်ချင်သည်။ ဘာဖြစ်မလဲဆိုတာ တဒိတ်ဒိတ် တွေးကြောက်နေရတာထက်စာလျှင်သေချင်လဲသေဖြစ်ချင် တာဖြစ် ပြေးသာရင်ဆိုင်လိုက်ချင်သည်။



ကားပေါ်ရောက်ရောက်ချင်း ကားစက်ပင်မနိုးနိုင် သေးပဲ နဝါထံအရင်ဆုံးဖုန်းခေါ်လိုက်သည်။ ဖုန်းကဝင် သော်လဲ လုံးဝမကိုင်ပေ။ သူမထံ တစ်ကြိမ်ပြီး တစ်ကြိမ် ဖုန်းကို ထပ်ထပ်ခေါ်နေမိသည်။ သို့သော်လဲ တစ်ဖက်မှ လုံးဝကို ပြန်လည်ဖြေကြားခြင်းမရှိသဖြင့် လူကထိုင်မရ ထမရဖြင့် ဒေါသတွေထွက်လာမိသည်။ စိတ်ကနဲ့ စနိုးစ နောက်နှင့် ယောက်ယက်ခတ်နေသည်။

အိမ်ကိုဘယ်လိုပြန်ရောက်လာမှန်းပင် မသိတော့။ အိမ်ပြန်ရောက်ထဲကလဲ ဘာအလုပ်မှမလုပ်နိုင်ဘဲ ဖုန်းခေါ် သော အလုပ်တစ်ခုကိုသာ စွဲစွဲမြဲမြဲလုပ်နေမိသည်။ တစ်နာ ရီလောက် တောက်လျှောက်ဖုန်းခေါ်အပြီးမှတော့ တစ်ဘက်က ဖုန်းကိုင်လိုက်သံကိုကြားလိုက်ရသည်။ စိတ် တွေက ဖြတ်ကနဲဆိုသလို တက်ကြွလန်းဆမ်းလာသည်။

"ချစ်လား....ဘာလုပ်နေလဲ။"

"စာကျက်နေတယ်..မအားသေးဘူး။ ပြောစရာရှိ ရင် စာမေးပွဲနောက်ဆုံးနေ့ကျမှပြောကြတာ ပေါ့။ နဝါလဲ ပြောစရာတွေရှိတယ်။"

"အခုပြောလေ ချစ်ရယ်။"

"မအားဘူး။ စာကျက်နေတယ်။ ထပ်မဆက်နဲ့ ထပ်ဆက်လဲ ဖုန်းပိတ်ထားမှာပဲ စာမေးပွဲ နောက်ဆုံးနေ့မှတွေ့မယ်။ ဒါပဲ။"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးပြီးချင်း သူမကဖုန်းချသွားသည်။ ဘုန်း မြင့်မိုရ်သာ တစ်ယောက်ထဲ ယောင်နနနှင့်ကျန်ခဲ့သော သည်။ ချက်ခြင်းဆိုသလို ဖုန်းပြန်ကောက်ဆက်လိုက် တော့ သူမက သူမပြောခဲ့သလိုပင် တကယ်ကိုဖုန်းပိတ် ထားခဲ့ပါသည်။ သူမဘက်က ဒီလောက်ပြတ်သားနေသော မှ ဘုန်းမြင့်မိုရ်တို့က ယောကျ်ားပဲမခံနိုင်စရာဘာအကြောင်း မှမရှိ။ ယောကျ်ားမာနက ချက်ခြင်းနိုးကြွလာသည်။ အံ တင်းတင်းကြိတ်ရင်း ဘေးနားရှိခုံကိုဂါ ပိတ်ကန် လိုက်သည်။

အိုကေ။ သူမကတောင်နေနိုင်မှတော့ ဘုန်းမြင့် မိုရ်ဘက်ဟ ဘာမှမနေနိုင်စရာမရှိ။ သူမပြောသော စာမေး ပွဲနောက်ဆုံးနေ့မှသာ တွေ့ဖို့ဆုံးဖြတ်လိုက်သည်။ ချက်ခြင်း ဆိုသလို စာအုပ်ကိုထုတ်ကာ စာကျက်နေလိုက်သည်။ ဘုန်းမြင့်မိုရ်ဆိုတာ ခပ်ပေါပေါယောကျ်ားတစ်ယောက်မှ မဟုတ်တာ။ မိန်းမတစ်ယောက်ကို အောက်ကျခံဖို့များ ဘယ်တုန်းကမှမတွေးခဲ့။ သူမက Don't care ဆိုမှတော့ ကိုယ်ကရော ဘာကိစ္စလိုက်ဖက်တွယ်နေရမှာလဲ။ ချက်ခြင်း မာနတွေက မိုးသားရိပ်တွေကောင်းကင်တစ်ခုလုံးကို ဖုံး အုပ်ထားသလို နှလုံးသားတစ်ခုလုံးကို ဖုံးအုပ်သွားချိန်တွင် အရာအားလုံးက မှုန်မှိုင်းသွားခဲ့သည်။



❦ ❦ ❦ ❦ ❦

## အခန်း(၃၇)

ဒီလိုနှင့် သူမပြောသော စာမေးပွဲနေ့ကို စိတ်ရှည် လက်ရှည်စောင့်ခဲ့သည်။ ကြားရက်တွေမှာတော့ သူမကလဲ ထုံးစံအတိုင်း ကျောင်းခေါင်းလောင်းထိုးမှလာပြီး စာမေးပွဲ အချိန်မစေ့ခင်မှာပင် ထပြန်သွားတတ်သည်။ ဒီကြားထဲမှာ သူမကို ကိုယ့်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့ပင်မအောက် မေ့သလို တစ်ချက်လေးမှ လှည့်မကြည့်ပေ။သူမနှင့် ဘယ်တော့မှား မျက်ဝန်းခြင်းဆုံမလဲလို့ ဖွေရှာနေမိသော် လဲ သူမကတော့ တစ်ချက်ပင် လှည့်မကြည့်ခဲ့ပေ။

ကိုယ်ကသာ စာမေးပွဲပင် ဖြောင့်အောင်မဖြေနိုင်ပဲ သူမကိုလှမ်းလှမ်းကြည့်ကာ နေမိသော်လည်း သူမကတော့ တစ်ချက်ဆို တစ်ချက်ကလေးပင် ငဲ့မကြည့်ခဲ့။ အင်းပေါ့ လေ သူမက အသည်းမာတာပဲ။ ဘယ်လောက်အသည်း မာလဲဆိုတာ ကိုယ်တိုင်လဲ မျက်ဝါးထင်ထင်မြင်ပြီးသား

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ဒါကိုပဲ မိုက်မဲလှသော ငမိုက်သားနှလုံးသားက ရှူးရှူးမူးမူးတွယ်တာချင်နေသေးသည်။ ဘုန်းမြင့်မိုရ်အတွေးစ ကိုဖြတ်ကာ စာကိုကုန်းဖြေလိုက်သည်။ စာတွေကလဲ ကျက်ထားသော်လဲ မေ့မေ့သွားသဖြင့် အသည်းယားလှပါသည်။ အောင်မှတ်သာသာကိုပင် မနည်းကုန်းရုန်းဖြေလိုက်ရသည်။

သူမကတော့ တစ်ချက်လေး စဉ်းစားနေတာမတွေ့ဘဲ တစ်ပုဒ်ပြီးတစ်ပုဒ် ပိုင်ပိုင်နိုင်နိုင်ဖြေနေတာကို ဘုန်းမြင့်မိုရ်လှမ်းတွေ့လိုက်တော့ သူမအတွက် ရင်အေးသွားရသည်။ ထုံးစံအတိုင်းဖြေပြီးသည်နှင့် စာရွက်အပ်ကာထပြန်သွားသည်။ ဘုန်းမြင့်မိုရ်တို့ကတော့ ကြိုအပ်ဖို့မပြောနှင့်ပေးတဲ့အချိန်ကိုပင်လောက်အောင်မနည်း အသည်းအသန် ဖြေဆိုနေရသည်။

ကျောင်းခေါင်းလောင်းထိုးပြီဖြစ်သဖြင့် ဆရာမကစာရွက်တွေလိုက်သိမ်းသွားသည်။ ဘုန်းမြင့်မိုရ်လဲစာရွက်အပ်ရင်း သူငယ်ချင်းတွေကို မစောင့်နိုင်ဘဲ ကားပါကင်ဆီသို့ တန်းပြေးခဲ့သည်။ နဝါတစ်ယောက်ထဲ စောင့်နေမှာကိုလဲ စိတ်ကမချနိုင်ပေ။ ကားပါကင်နေရာရောက်တော့ နဝါကားလေးကို အရိပ်အယောင်ပင်မတွေ့ရတော့။ ဘုန်းမြင့်မိုရ် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း စိတ်ဓါတ်ကျသွားမိသည်။



ထိုအချိန်မှာပဲ ဘုန်းမြင့်မိုရ် ဂျင်းဘောင်းဘီအိပ်လေးထက ဖုန်းလေးက ထမြည်လာသည်။ နံပါတ် ကောက်ကြည့်လိုက်တော့ ရင်ခုန်သံတွေက ပြန်လည်မြန်ဆန်လာသည်။

"ဟဲလို…။"

ဘုန်းမြင့်မိုရ်အသံတွေပင် တုန်ချင်နေသည်။ စိတ်လှုပ်ရှားမှုက အသံတွေအထိပါ ကူးစက်ကုန်ပြီထင်သည်။

"ကန်တော်ကြီးက ထိုင်နေကျနေရာကိုလာခဲ့ပါ။ နဝါအဲ့ကစောင့်နေမယ်။"

နဝါကပြောပြီးပြီးချင်းဖုန်းချသွားသည်။ နဝါအသံတွေက ဒေါသသံလို မာဆတ်နေတာမဟုတ်ဘဲ အေးစက်နေသည်။ ဒီလိုပုံစံမျိုးနဝါထံတွင် ဘယ်တုန်းကမှမတွေ့ဖူးခဲ့ပေ။ နဝါဒေါသထွက်လျှင် အသံလေးက အနည်းငယ်မာမာလေးဖြစ်နေတတ်သော်လဲ ကျန်အချိန်အားလုံးတွင် သူမအသံလေးများက ချိုမြနွေးထွေးလွန်းပါသည်။ အခုသူမအသံကတော့ ဒေါသသံမဟုတ်ဘူး အေးစက်စက်နှင့်စိမ်းစိမ်းကားကားကြီးဖြစ်နေသည်။

ဘုန်းမြင့်မိုရ် ကားကိုအမြန်မောင်းသွားလိုက်သည်။ အဲ့လိုနေရာမျိုးတွင် နဝါတစ်ယောက်ထဲကို အကြာကြီးစောင့်မနေစေချင်ပါ။ ကားလေးက မြှားတစ်စင်းအလား လေအဟုန်ကိုထွင်းဖောက်ကာ ချိန်သူဆီသို့

www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှားသွားနေမိသည်။

ဘုန်းမြင့်မိုရ် ကန်တော်ကြီးကို ရောက်တော့ နဝ ကားလေးကို လှမ်းတွေ့လိုက်ရသည်။ သူမကတော့ ကန်ရေပြင်ကို ငေးကြည့်နေလေသည်။ သူမမျက်ဝန်းတွေ က တော့ အမိပ္ပါယ်မဲ့နေသလိုပင်။ ဘုန်းမြင့်မိုရ် တဖြေးဖြေး ချင်း နဝါနားကိုလျှောက်လာခဲ့သည်။ သူမကတော့ သူမ အာရုံနှင့်သူမ။ ဘုန်းမြင့်မိုရ်ရောက်လာတာကိုလဲ သိပုံမရ ချေ။

"ဘာလုပ်နေတာလဲ တစ်ယောက်ထဲ။"

ဘုန်းမြင့်မိုရ် ခုံတွင်ဝင်ထိုင်လိုက်ပြီး နဝါကိုလှမ်း မေးလိုက်သည်။ နဝါမျက်ဝန်းတွေက ရေကန်ကိုငေးကြည့် နေရာမှ တဖြေးဖြေးချင်း ဘုန်းမြင့်မိုရ်ကို စိုက်ကြည့်လာ သည်။ နဝါမျက်ဝန်းတွေ့ကို မြင်တော့ ဘုန်းမြင့်မိုရ်ရင်ထဲ ကြက်သေသေသွားသည်။ သူမမျက်ဝန်းတွေက ကြောက် စရာ ကောင်းလောက်အောင် မုန်းတီးမှုအရိပ်အငွေ့တွေက လျှံတက်နေသည်။ ရင်ထဲ ဒိန်းကနဲမြည်အောင် ဆောင့် ခုန်သွားမိသည်။ သူမက ဘုန်းမြင့်မိုရ်က စက္ကန့်လေးတွေ မှ မိနစ်လေးတွေစွန်းသည် အထိသေချာ စိုက်ကြည့်နေ သည်။ ဘုန်းမြင့်မိုရ် သူမရဲ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲ စွာ မျက်နှာလွှဲထားမိသည်။

"ကျွန်မတို့ လမ်းခွဲကြရအောင်။"



သူမရဲ့ စကားသံက မြှားတစ်စင်းလို ဘုန်းမြင့်မိုရ် နှလုံးသားကို ထုတ်ခြင်းပေါက်သွားခဲ့သည်။ ဆတ်ကနဲပင် တုန်သွားသည်အထိ အံ့ဩတုန်လှုပ်မိသည်။ ဒီလောက် အထိဖြစ်လိမ့်မယ်လို့လဲ မရည်ရွယ်ခဲ့ပါ။ သူမကိုယ့်အပေါ် သိပ်ချစ်သည်လို့လဲ စိတ်တွေက ယုံကြည်နေမိသည်။ ဒါ ကြောင့်လဲ သူမအပေါ်ပိုပြီး အနိုင်ယူမိတာဖြစ်သည်။ အခု တော့ သူမက ပြတ်သားလွန်းနေသည်။ သံယောဇဉ်အား လုံးကိုလဲ တိကနဲနေအောင် ဖြတ်ချပစ်လိုက်လေသည်။

ဘုန်းမြင့်မိုရ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ် ထားရင်း မာကျောကြီးတွေ ထောင်လာသည်အထိ ဒေါသ တွေထွက်လာမိသည်။

"ဘာကြောင့်လမ်းခွဲချင်တာလဲ။"

ဘုန်းမြင့်မိုရ် နဝါမျက်ဝန်းတွေကို သေချာစိုက် ကြည့်ရင်း မေးလိုက်သည်။ နဝါမျက်ဝန်းထဲမှာ ချစ်ရိပ်အချို့ ကိုလဲ ရှာဖွေနေမိသေးသည်။ ဒါပေမဲ့သူမမျက်ဝန်းတွေက မာနကြောင့်တလက်လက်တောက်ပနေသည်။ သူမကလဲ ဘုန်းမြင့်မိုရ် မျက်ဝန်းတွေကို သေချာစိုက်ကြည့်ရင်း...

"မချစ်တော့လို့ပါ။"

"ဘာလဲ...ဘာကိုမချစ်တော့တာလဲ။ မင်း... ရည်းစား ထားတာ ကလေးကစားတယ်များထင် နေလား။"

www.burmeseclassic.com

www.burmeseclassic.com



နဝါရဲ့ မချစ်တော့လို့ပါဆိုသည့်စကားက ဘုန်းမြင့်မိုရ်၏ အရိုက်တည့်တည့်ကို ထိမှန်သွားလေသည်။ နှလုံးသွေးတွေအားလုံး ဆူပွက်လာသည်အထိ စိတ်တွေလှုပ်ရှားကာ ဒီအဖြေကို လက်မခံနိုင်ပေ။ အတ္တကြီးတယ်ပဲပြောပြော ကိုယ်ကသာမချစ်ချင်မချစ်မယ် သူမအချစ်တွေကိုကော့ လိုချင်နေမိသည်။ နဝါက ဘုန်းမြင့်မိုရ်ရဲ့ ရှူးရှူးရှားရှား ဖြစ်နေပုံကို ကြည့်ပြီး မခိုးမခန့်ရယ်လေသည်။

"အဟင်း...ဟင်း။"

"မင်းဘာရယ်တာလဲ။"

ဘုန်းမြင့်မိုရ် မျက်ခုံးကိုတွန့်ချိုးကာ မျက်ဝန်းကိုမေးစင်းထားရင်း နဝါကို တည့်တည့်ကြည့်ကာမေးလိုက်လေသည်။ နဝါကတော့ နှုတ်ခမ်းတစ်ချက်ကို မဲ့လိုက်ရင်း...

"တော်တော်တရားကျဖို့ကောင်းပါလား။ ရှင်ကရော ဘယ်လောက်ချစ်ဖို့ကောင်းနေလို့လဲ...ချစ်သူကိုရော ဘယ်လောက်ကြင်နာယုယဖူးလို့လဲ။ ကျွန်မစိတ်ကိုရော ဘယ်တုန်းက တစ်ချက်ကြည့်ဖူးလို့လဲ။ ချစ်သူဖြစ်တဲ့ တစ်နှစ်အတွင်းမှာ ရှင်...ကျွန်မကိုဘယ်တွေ များလိုက်ပို့ဖူးလဲ။ ဘာတွေများလုပ်ပေးဖူးလဲ။ ချစ်သူ သက်တမ်းတစ်နှစ်အတွင်းမှာ ရုပ်ရှင်ရောတစ်ခါကြည့်ဖူးလား ။တစ်ခါလောက်ရော ဈေးဝယ်တာလိုက်ပေးခဲ့ဘူးလား။



ကျွန်မအတွက်ဆိုပြီး ရှင်အနစ်နာခံပြီးလုပ်ပေးခဲ့တာဘာရှိလဲ။ ကျွန်မနဲ့ ပတ်သတ်ရင် ဘာတွေကိုများအလေးအနက်ထားပြီး မှတ်သားဘူးလဲ။ အဲ့လို ကိုယ့်အတွက် ဘာမှအနစ်နာမခံနိုင်တဲ့ လူတစ်ယောက်ကို မချစ်တော့တာမဆန်းပါဘူး။"

နဝါစကားတွေကြောင့် ဘုန်းမြင့်မိုရ်ဒေါသတွေက တဖြေးဖြေးနှင့် အထွတ်အထိပ်ကိုရောက်ရှိလာသည်။

"ဒီမှာ အဲလိုတွေမင်းကိုလုပ်ပေးနေရအောင် ငါက မင်းရဲ့အခိုင်းအစေမဟုတ်ဘူး။ မင်းဈေးဝယ်တိုင်း ဘေးနားကအထုပ်ဆွဲပေးရအောင်လဲ ငါမအားဘူး။ ရုပ်ရှင်လိုက် မပြဘူးပြောရအောင် မင်းကရော ဘယ်နှစ်ခါကြည့်ချင် လိုက်တာလို့ ပူဆာဖူးလို့လဲ..။"

"ဟာ..ဟာ။ သိပ်ရယ်ရပါလား။ ရုပ်ရှင့်ကြည့်ဖို့ အချိန်သုံးလေးနာရီလောက်များ ဘယ်တုန်းက ရှင်ကျွန်မကို ပေးခဲ့လို့လဲ တစ်လတစ်ကြိမ်တွေ့ရတာတောင် အလွန်ဆုံးနှစ်နာရီ။ ဒါကိုတောင် အဲ့လောက်လာမတွေ့ရင်မကောင်း တတ်လို့လာတွေ့တဲ့ ရှင့်ကို ကျွန်မကဘယ်လိုပြောရမှာလဲ။ အဲ့လို အပျော်ရုပ်ရှင်သွားကြည့်ဖို့မပြောနဲ့။ ချစ်သူသက်တမ်း တစ်နှစ်ပြည့်လို့ ဘုန်းကြီးကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းသွားကပ်မယ်ပြောတာတောင် ရှင်လာခဲ့လို့လား။"

"အဲ့နေ့က ငါအလုပ်အရမ်းများနေတယ်။"

"ဒီမှာ ရှင်သိထားဖို့က ရှင်ကအခုမှအလုပ်စလုပ်တာ။ ရှင်လိုလူမပြောနဲ့ စိမ်းလဲ့ချစ်သူ နိုင်ငံကျော်မင်းသား တစ်ယောင်ကတောင် သူ့ချစ်သူအတွက်ဆို အချိန်ပေးနိုင်သေးတာပဲ..ရှင်ကဘာမို့လို့လဲ။"

ဘုန်းမြင့်မိုရ် စိတ်တွေက တဖြေးဖြေးနှင့် မီးတောက်မီးလျှံတွေလို တောက်လောင်လာသည်။ ယောကျ်ားတစ်ယောက်ကို တခြားယောကျ်ားတစ်ယောက်နှင့်ယှဉ်ကာ ဘာမှမဟုတ်ပါဘူး အပြောခံရတာလောက် ခံပြင်းဒေါသထွက်စရာ ကောင်းတာမရှိ။ ဒေါသကြောင့် အသားတွေ တဆတ်ဆတ်တုန်လာသည်။ ထိမ်းချုပ်ထားသမျှကလဲ လွင့်ပျောက်ကုန်ပြီ။

"ဒါကတော့ ရှင်းပါတယ်။ အဲ့မင်းသားက သူ့ချစ်သူကို တကယ်ချစ်လို့နေမှာပေါ့..။"

"ဘာ...။"

နုဝါထိုင်နေရာမှ ဆတ်ကနဲ ထရပ်ကာ ဘုန်းမြင့်မိုရ်ကို တည့်တည့်မျက်နှာခြင်း ဆိုင်လိုက်သည်။

"ဒါဆို ရှင်က ကျွန်မကိုမချစ်ခဲ့ဖူးပေါ့..။"



နုဝါနှုတ်ခမ်းတွေက တစ်ဆတ်ဆတ်တုန်ရီလာသည်။ မျက်ဝန်းများကလဲ ကျားနာတစ်ကောင်လို စူးရှနာကျင်နေသည်။

"ဟား..ဟား..ကျားကိုက်ပါတယ်ဆိုမှ အဓောက်ကလေးနဲ့လား လှာလုပ်နေသေးတယ်။ မင်းကိုယ်မင်း မာန်စွတ်တက်မနေစမ်းပါနဲ့။ ငါ... မင်းကိုဘယ်တုန်းကမှ မချစ်ခဲ့ဘူး။ ပညာပေးချင်ရုံသက်သက် မင်းဘေးနားကို လာခဲ့တာ။ တကယ်တော့မင်းက ငါထင်ထားတာထက်ကို ပိုပြီးပျော့ညံ့လွန်းနေတယ်။"

ဘုန်းမြင့်မိုရ်စကားအဆုံးမှာတော့ နုဝါရဲ့ဘယ်ဘက် ရင်အုံက စူးအောင့်လာသည်။ နုဝါမျက်နှာတစ်ခုလုံးကလဲ ဆေးမှင်အနီတွေပက်ထားသလို နီရဲလာသည်။

"ဒီမှာ ..ရှင်ကိုရှင်လဲ သိပ်အထင်ကြီးမနေစမ်းပါနဲ့။ ရှင်လို့ယောကျ်ားမျိုးအလကားပေးတောင်မယူဘူး။"

ဘုန်းမြင့်မိုရ်လဲ ဝုန်းကနဲ ထရပ်လိုက်ရင်း..

"ဒီမှာ အလကားလဲ ဘယ်တော့မှမရဖူးဆိုတာမှတ်ထားပါ။ အခုလဲ မင်းလိုမိန်းမမျိုးနဲ့ ဆက်ပြီး မပတ်သက်ချင်တော့ဘူး။ အဲ့တော့ ဘိုင့်ဘိုင်ပဲ။"

ဘုန်းမြင့်မိုရ်ကဘောင်းဘီအိတ်ထဲက ကားသော့

www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ရင်း လှမ်းထွက်လာလိုက်သည်။

"နေဦး..။"

နဝလှမ်းအော်လိုက်တော့ ဘုန်းမြင့်မိုရ်လက်ထဲ ကားသော့ကို မွေ့ယှမ်းရင်းလှည့်ကြည့်လာသည်။ နဝ ဘုန်းမြင့်မိုရ်မျက်နှာကို သေချာစိုက်ကြည့်ရင်း

"ဒီမှာ ...တစ်ခုပြောဖို့ကျန်ခဲ့လို့....ငါ..နင့်ကို အရမ်းမုန်းတယ်။ ရပြီသွားတော့..။"

နဝကပြောပြီးသည်နှင့် ဘုန်းမြင့်မိုရ်ကို ချက်ခြင်း ကျောခိုင်းလိုက်သည်။ ဒါနောက်ဆုံးနှုတ်ဆက်ခဲ့တာပဲ ဘုန်းမြင့်မိုရ်ကတော့ ဟန်ပါပါ ပခုံးနှစ်ဖက်ကိုတွန့်ရင်း ကားကိုအရှိန်နှင့်မောင်းရင်းထွက်လာခဲ့သည်။ ဘုန်း မြင့်မိုရ် ထွက်သွားသည်နှင့် နဝလဲ စိတ်လျှော့လိုက်ရ သည် နေရာမှာတင် ခွေခွေလေးမေ့လဲသွားလေသည်။

ဘုန်းမြင့်မိုရ်ရဲ့ကားကို ဒေါသတကြီးမောင်းလာ ခဲ့သည်။ ရင်ထဲမှလဲ ဒေါသတွေရော၊ အသည်းကွဲတာရော က နှင့်ရှုပ်ယှက်ခတ်က လှုကပ္ပစပ်ပူလောင်နှင့်။ သူငယ် ချင်းတွေကို ဖုန်းဆက်ခေါ်ကာ အသည်းကို အရက်ထဲမှာ စိမ်ထားလိုက်တော့ အနည်းငယ်နေသာ ထိုင်သာရှိသွား သည်။ အားလုံးကတော့ ဘုန်းမြင့်မိုရ်ရဲ့အတွက်နှင့် ရွှက်နဝါရဲ့မာနကို သိပြီးဖြစ်သဖြင့် တစ်နေ့ဒီလိုဖြစ်မယ် လို့လဲ ကြိုတင်မြင်ယောင်နေပြီးသားပင်။



ဘုန်းမြင့်မိုရ် ပါးစပ်က ရွှက်နဝါကိုဘယ်လောက်ပဲ မချစ်ဘူးပြောပြော ဘုန်းမြင့်မိုရ် ရွှက်နဝါကို ရူးရူးမူးမူး ချစ်ခဲ့သည်ဆိုတာကို အတိအကျသိနေသည်။ ဘာလို့လဲ ဆို ရွှက်နဝါရဲ့ သတို့သမီးအရုပ်ပုံလေးများကို ဘုန်းမြင့်မိုရ်ရဲ့ laptop ကွန်ပျူတာလေးအတွင်းတွင် screen saver အဖြစ် တင်ထားသည်ကို တွေ့ထဲက ဘုန်းမြင့်မိုရ်ရဲ့ စိတ်ကိုမှန်းဆ နိုင်ခဲ့ပြီးသားပါ။

ဒါပေမဲ့ ဒီအကြောင်းကို ဘုန်းမြင့်မိုရ်ကိုပြောတိုင်း မီးဖိုခါငြင်းကာ ဝေယံကိုအတွက် လက်စားခြေဖို့လုပ်သည် လိုသာ တွင်တွင်ပြောနေသဖြင့် သူငယ်ချင်းအားလုံးက လက်လျှော့ကာ ဒီအတိုင်းကြည့်နေကြရတာဖြစ်သည်။ အဲ့တော့လဲ တစ်နေ့ဒီလိုဖြစ်လာတာ သိပ်တော့မဆန်းပေ။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၃၈)

'နဝါရယ်...နေကောင်းအောင်လဲနေပါဟယ်။ နှင်း
ခေါင်းထဲမှာ ဘာတွေကိုမှ သိပ်မစဉ်းစားပါနဲ့။
အချိန်တွေ လဲကြာခဲ့ပြီပဲ။ အားလုံးကိုမေ့နိုင်
အောင် ကြိုးစားပါသူငယ်ချင်းရယ်..။"

စိမ်းလဲ့က အိပ်ရာပေါ်မှာခွေခွေလေး လှဲနေသော နဝါဆံစလေးများကို သပ်တင်ပေးရင်း အားပေးနှစ်သိမ့်နေလေသည်။ ဘရဏီကတော့ နဝါကိုသနားတာက လွဲရင် ဘာမှမပြောပြတတ်တော့ပါ။ နဝါလက်လေးတွေ ကိုသာ ဖြစ်ညှစ်ဆုပ်ကိုင်ရင်း အားပေးမိသည်။

နဝါကတော့ သူငယ်ချင်းတွေရဲ့ စိတ်ကိုနားလည်သဖြင့် သူငယ်ချင်းတွေကို ပြန်လည်ပြုံးပြရင်း လှဲနေရာမှ ထထိုင်ကာ သူငယ်ချင်းလက်နှစ်ဘက်ကို ဖြစ်ညှစ်ဆုပ်ကိုင်လိုက်လေသည်။



"နဝါနေကောင်းပါတယ်။ ဘာမှစိတ်မပူကြနဲ့။
တစ်ခါတစ်လေ အဲ့နှလုံးကအဲ့လိုပဲ အောင့်တတ်
တာက လွဲရင်ကျန်တာအကုန်ကောင်းတယ်။
သိတယ်မှတ်လား နဝါက နှလုံးသားနဲ့
ပတ်သက်လာရင် ဘယ်အရာမှ မကောင်းဘူး။
ဟဲ ဟဲ။"

နဝါက သူငယ်ချင်းတွေစိတ်ပေါ့အောင် အပြောင်အပျက်ပြောနေပေမဲ့ သူမပုံလေးက အားရစရာမရှိပဲ နွမ်းလျှလျှလေးဖြစ်နေသည်။ဘုန်းမြင့်မိုရ်နဲ့ကွဲသွားပြီးထဲကနဝါပုံစံလေးက အခုလိုလူမမာပုံလေးဖြစ်နေတာ အခုဆို တစ်နှစ်လောက်တောင် ရှိတော့မည်။ ဘုန်းမြင့်မိုရ်နဲ့ လမ်းခွဲတဲ့နေ့ကဆို ပန်းခြံတာဝန်ခံတွေက ဖုန်းဆက်ပြီး လှမ်းပြောလို့ပင် ဆေးရုံအချိန်မီတင်ကာ အသက်မီခဲ့တာဖြစ်သည်။ဒီလိုသာ နောက်တစ်ကြိမ်ရှော့ရပါက အသက်ပင်ပါနိုင်သည်လို့လဲ ဆရာဝန်ကြီးက သတိပေးခဲ့သည်။ ဒါကြောင့်လဲ အားလုံးက နဝါနောက်တစ်ကြိမ် ဒီလိုအဖြစ်မျိုးနှင့် ကြုံမှာကို အရမ်းစိုးရိမ်နေကြသည်။

"နှင်တို့ မျက်နှာကြီးတွေကလဲဟယ်...အိုစာလိုက်
တာ...အဲ့လိုမနေကြစမ်းပါနဲ့။ နဝါတကယ်ဘာမှ
မဖြစ်ဘူး။ သူ့ကိုလဲ အဲ့နေ့ထဲကမေ့လိုက်ပြီ။
အဲ့နေ့ကမသေလို့သာ နဝါအခုလို အသက်

www.burmeseclassic.com



ဆက်ရှင်နေတာ..။ ဒါပေမဲ့ နဝါနဂါးသား ကတော့အဲ့နေထဲကသေသွားပြီ။ အဲ့ထဲမှာ သူ့ကိုပ ထည့်ပြီးသိင်္ဂြိုဟ် ပစ်လိုက်ပြီ။ အခုဖြစ်နေတာလဲ သူနဲ့မဆိုင်ပါဘူး။ အခုအချိန်မှာ သူဘာဖြစ်ဖြစ် နဝါ စိတ်မဝင်စားဘူး။ သူမိန်းမယူရင်တောင် နဝါကပန်းကြဲ ပေးလိုက်ဦးမှာ..။"

နဝါက သူငယ်ချင်းတွေ နဝါကြောင့် စိတ်ဆင်းရဲ နေမှာစိုးလို့ တမင်လျှောက်ပြောလိုက်သော်လဲ နဝါစကား ကြားမှ သူငယ်ချင်းနှစ်ယောက်လုံး၏ မျက်နှာက ပိုပျက် သွားသည်။ အကင်းပါးသောနဝါကလဲ ချက်ခြင်းရိပ်မိသွား သည်။ ကြည့်ရတာ ဘုန်းမြင့်မိုရ်နဲ့ ပတ်သတ်ပြီး သူတို့ တစ်ခုခုကို သိထားပုံရသည်။ နဝါဘာမှမဖြစ်သလို ဟန် ဆောင်ရင်း အစ်အွောက်ကြည့်ဖို့အကြံထုတ်နေမိသည်။ မောင်နဲ့ ပတ်သက်လျှင်စိတ်နာသော်လဲ ဘာပဲဖြစ်ဖြစ်နဝါ သိချင်နေသေးသည်။ နဝါအဖြစ်က မကြားချင်ဘူးပြောပြီး နားစွင့်နေမိသည့်အဖြစ်ပါ။

"တကယ်....နဝါဆုတောင်းမိတယ်သိလား။ သူ မြန်မြန်အိမ်ထောင်ပြုပါစေလို့။"

"ဘာလို့လဲ နဝါရဲ့..။"

ဘရဏီက နဝါစကားကြောင့် လှုပ်လှုပ်ရှားရှား နှင့် စိတ်ဝင်စားသွားသည်။ စိမ်းလဲ့ကတော့ နဝါကို သေ



ချာအကဲခတ်ကြည့်နေသည်။ သေချာပါပြီ။ သူတို့နှစ် ယောက်ထူးခြားနေသည်။ သူတို့တွင် မောင်နှင့်ပတ်သတ် ပြီး ထူးထူးခြားခြားသိနေတာ တစ်ခုခုရှိပုံရမည်။

နဝါက ဘာမှမဖြစ်သလို တစ်ချက်ဟန်ဆောင် ပြုံးလိုက်ရင်း...

"သူ့စိတ်ထဲမှာ နဝါသူ့ကိုတကယ်ချစ်တယ်လို့ ထင်နေတာ။ သူသာလက်ထပ်သွားရင် နဝါက မစားနိုင် မသောက်နိုင် တပိန်ပိန်တလိမ်လိမ်နဲ့ အသဲတွေကွဲပြီး မရှုနိုင်မကယ်နိုင်ဖြစ်နေတယ်လို့ ထင်မှာ။ ဒီကြားထဲ နဝါကလဲ နဂိုထဲက နလုံး အားနည်းတော့ အိပ်ရာကမထနိုင်တာ သူ့ကြောင့် လို့ထင်နေမှာ။ အဲ့တော့ သူသာလက်ထပ်ခဲ့ရင် နဝါကအလှဆုံးလေးဆင်ပြီး ပြုံးပြုံးလေးကို ပန်းကြဲပေးလိုက်မှာ...ဒါမှ ဒင်းက သူထင်သလို မဟုတ်ပ လားဆိုပြီး နောင်တတွေ တစ်ပွေ့ တစ်ပိုက်ကြီးနဲ့ ပြန်ခံစားရမှာ။ဟား ဟား"

"ဒါဆို...နဝါဆန္ဒမကြာခင်ပြည့်တော့မယ် သိလား။"

"ဟဲ့..။"

ဘရဏီက စိမ်းလဲ့ထက်စာလျှင် ပိုပြီး 'အ'သည် လို့ပဲပြောရမလား။ ချက်ခြင်းဆိုသလို လျှိုမျက်ချက်

www.burmeseclassic.com

www.burmeseclassic.com



တစ်စွန်းတစ်စထွက်ပေါ်လာသည်။ စိမ်းလဲ့ကတော့ နုဝါကို စိုးရိမ်သလိုလှမ်းကြည့်ရင်း ဘရယ်ဏီကို တားလိုက်လေသည်။

"ဘာလဲ သူလက်ထပ်တော့မှာတဲ့လား..။"

"ဟို...ဟိုလေ။"

"ပြောပါ ဘရယ်ဏီ နုဝါသိချင်ရုံသက်သက်ပါ။ နုဝါလဲ စဉ်းစားထားတာတစ်ခုရှိတယ်။ ဒါကို သိရင်နုဝါလုပ်စရာရှိတာ ဆက်လုပ်ရအောင် ပေါ့။"

ဘရယ်ဏီက နုဝါကို ပါးစပ်ကထုတ်ပြီးဖွင့်မပြောရက်သဖြင့် ခေါင်းသာတစ်ချက်ငြိမ့်ပြလိုက်သည်။နုဝါကတော့ တည်တည်ငြိမ်ငြိမ်လေးပင်..

"ဘယ်သူနဲ့တဲ့လဲ..။"

"ကျောင်းမှာ အရင်တုန်းကတွဲတွဲနေတဲ့ကောင်မလေးလေ။"

စိမ်းလဲ့က သူမသိထားတာကို နုဝါကိုပြန်ပြီးပြောပြလေသည်။

"အော်...သိပြီ..မီးငယ်နဲ့။"

"အင်း..။"

စိမ်းလဲ့ကပြောပြီးတော့ နုဝါကိုစိုးရိမ်သလိုကြည့်နေသဖြင့် နုဝါပြုံးပြလိုက်သည်။



"ဘာမှမစိုးရိမ်ပါနဲ့ သူငယ်ချင်းရယ်..။နုဝါ ဘာမှမဖြစ်ပါဘူး။ နုဝါလဲ သူငယ်ချင်းတွေကို တစ်ခုပြောရဦးမယ်။ နုဝါရှေ့လထဲလောက်များ လက်ထပ်ဖြစ်မလား မသိဘူး။"

နုဝါစကားကြောင့်သူငယ်ချင်းတွေက နုဝါကိုရူးသွားသည်များထင်လားမသိ။ပြူးပြဲကြည့်ကြလေသည်။ နုဝါကတော့ သူငယ်ချင်းတွေကို ထပ်ပြုံးပြရင်း နားလည်အောင်ရှင်းပြလိုက်သည်။

"ဒီလိုပါ အခုနုဝါကိုဆေးကုပေးနေတာက မေမေ့သူငယ်ချင်းရဲ့သား။သူကUKကနေဒေါက်တာဘွဲ့ယူပြီးပြန်လာတာ။ ဒီရောက်တော့ နုဝါကိုဆေးကုပေးနေရာကနေ မေတ္တာသက်ဝင်ပြီး ဒေါက်တာမိဘတွေကတဆင့် မေမေတို့ဆီမှာ လာတောင်းရမ်းထားတယ်။ သူကလဲ ဒီကိုခဏပဲပြန်လာတာဆိုတော့ တကယ်လို့သာ နုဝါလက်ခံရင် အမြန်လက်ထပ်ပြီး ဟိုကိုပြန်မှာလေ။ နုဝါလဲတစ်ပါထဲ လိုက်သွားရမှာပေါ့။ အဲ့တာ နုဝါလက်ခံလိုက်တော့မလို့..။"

"နုဝါရယ် တို့တွေလဲ ဘာမှမသိလိုက်ရပါလား။"

နုဝါကတော့ သူငယ်ချင်းတွေကိုခပ်ယဲ့ယဲ့လေး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြရင်း....

"မသိဆို နုဝါတောင်သိတာမကြာသေးဘူး။ မေမေက နုဝါကိုလာမေးမှသိတာ။ နုဝါသူ့ကိုသိတာ နုဝါရဲ့ဆရာဝန်အဖြစ်နဲ့ပဲလေ။ မေမေကတော့ သူနဲ့နုဝါကိုအရမ်းသဘောတူတယ်။ သူကလူကြီးအရမ်းပီသတဲ့အပြင် နုဝါအပေါ်လဲ နားလည်ပေးနိုင်တယ်။ နုဝါအကြောင်း အားလုံးကို သူသိတာတောင် မေတ္တာတစ်ချက်မပျက်ခဲ့ဘူး။"

"နုဝါ သူ့ကိုချစ်လား။"

နုဝါပြုံးရင်းခေါင်းကို ခါမိသည်။ နုဝါတစ်သက်မှာ တစ်ယောက်ထဲချစ်ခဲ့တာပါ။ တစ်ယောက်ထဲကိုပဲ တစ်သက်လုံးအတွက်လဲ ချစ်ခဲ့တာပါ။ ဒီစကားတွေကိုတော့ ဘယ်သူမှမကြားနိုင်အောင် ရင်ထဲမှာပဲ သိမ်းထားလိုက်သည်။

"အချစ်ကတကယ်တော့ဘဝအတွက်ဆို သိပ်မလိုဘူး။ ဘဝအတွက်တကယ်လိုအပ်တာကနားလည်မှုပဲလေ။ သူကနုဝါကိုနားလည်တယ်။ အဲ့တော့ နုဝါအတွက်အဆင်ပြေပါတယ်။"

သူငယ်ချင်းတွေကတော့ ရင်မောသလို သက်ပြင်းလေးချကာ နုဝါကိုငေးမောကြည့်နေကြသည်။ နုဝါကတော့ နှုတ်ခမ်းတွေကို အစွမ်းကုန်ပြုံးထားရင်း မျက်ဝန်းများကို ကာကွယ်ယူနေမိသည်။ ကျေးဇူးပြုပြီးတော့ နုဝါရဲ့မျက်ဝန်းတွေကိုတော့ သေချာမကြည့်ကြပါနဲ့နော်။ ကြေကွဲ ဝမ်းနည်းနေတဲ့ နုဝါရဲ့နှလုံးသားကို ဘယ်သူ့ကိုမှမမြင်စေချင်လို့ပါ။

သူငယ်ချင်းတွေကတော့ နုဝါကိုတစ်နေ့လုံး အဖော်ပြုပေးကြပါသည်။ ညနေရောက်မှသာ အသီးသီးပြန်သွားကြသည်။ သူငယ်ချင်းအားလုံးပြန်လို့ ညနေထမင်းစားပွဲတွင်တော့ မေမေ့ကိုဒေါက်တာ စစ်နိုင်ကိုလက်ထပ်မည့်အကြောင်း ပြောပြလိုက်သည်။ မေမေကတော့ အရမ်းကိုဝမ်းသာကျေနပ်သွားလေသည်။ ဖေဖေကလဲ အခုမှနုဝါအတွက် စိတ်ချသွားကာ စိတ်အေးသွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦ ❦ ❦

## အခန်း(၃၉)

ဒေါက်တာ စစ်နိုင်က နဝါလက်ခံလိုက်ပြီဖြ
သဖြင့်အပျော်ကြီးပျော်ကာ မင်္ဂလာကိစ္စဆွေးနွေးရန်ရော
ရှိလာပါသည်။ နဝါကိုစတွေ့ထဲက ရင်ခုန်သံတွေက ပရေ
ပတာကို မြန်ဆန်ခဲ့ရပါသည်။ တစ်ချိန်လုံးစာကလွဲ
ဘာကိုမှစိတ်မဝင်စားခဲ့သော စစ်နိုင်အဖို့တော့ မြန်မာပြ
ရောက်လို့ နဝါမျက်နှာလေးကို တွေ့လိုက်ရသည်နှင့် အချ
ကိုပထမဆုံး စတင်ခံစားဖူးလေသည်။ ကောင်မလေးက
သူ့ချစ်သူ့အတွက်ခံစားနေရတာကိုကြည့်ပြီး ကိုယ်က
သူမလေးအပေါ်သနားဂရုဏာသက်မိရာက ရင်ထဲအချ
တွေက စတင်ပေါက်ဖွားလာလားမပြောတတ်ပါ။ သူ
လေးရင်ထဲမှာကိုယ့်အတွက်အချစ်တွေရှိမနေဘူးဆိုတာ
သိသော်လဲ ကိုယ့်အချစ်တွေနှင့်ပင် သူမလေးပျော်အောင်
ထားချင်နေမိသည်။



နဝါက ကိုယ့်ကိုမျက်တောင်မခတ်တမ်း စိုက်ကြည့်နေသော ဒေါက်တာစစ်နိုင်ကြောင့် အနေရခက်လာတာ...

"ဒေါက်တာကို တစ်ခုတော့ပြောချင်တယ်။"

"ပြောပါ...နဝါဘာဖြစ်ချင်လဲ။"

"နဝါလက်ထပ်ပွဲကို အကြီးအကျယ်မလုပ်ချင်ဘူး။"

"လက်ထပ်တယ်ဆိုတာ တစ်သက်မှာတစ်ခါပဲ
လုပ်ရတာမှတ်လား။ ကိုကနဝါအတွက် အကြီး
အကျယ် အခမ်းနားဆုံးလုပ်ပေးချင်တာ..။"

နဝါကိုယ်ချစ်သူနဲ့သာဆို ကိုယ့်ချစ်သူရဲ့လက်ကိုတွဲပြီး လူတွေရှေ့မှာလှလှပပလေး လမ်းလျှောက်ပြချင်ပေမဲ့လဲ။ ကိုယ်မချစ်တဲ့လူရဲ့လက်ကိုတွဲပြီးတော့ လူတွေရှေ့မှာ အကြာကြီးဟန်မဆောင်ချင်ပေ။

"ဟင့်အင်း...နဝါဆန္ဒကိုပြောပြမယ်နော်။ နဝါက
မင်္ဂလာညစာစားပွဲပဲလုပ်ချင်တာ။အဲ့ကျမှပဲ
လက်မှတ်ထိုး ပြီးတော့။"

နဝါက ကလေးလေးလို သူမဖြစ်ချင်တာကိုပူဆာနေသည်။ စစ်နိုင်ကလဲ ကိုယ့်ထက်အများကြီးငယ်သော ကောင်မလေးကို ချစ်မိပြီဖြစ်သဖြင့် အလွမ်းကုန်လိုက်လျှောရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ။ နဝါဖြစ်ချင်သလိုဖြစ်စေရမယ်။ တခြားရော ဘာဖြစ်ချင်သေးလဲ။"

စစ်နိုင်ကတော့ နဝါမျက်နှာလေးကို တမြတ်တနိုး ကြည့်ရင်း ဘာမဆိုအစွမ်းကုန်လိုက်လျောထားသည်။

"ဟင့်အင်း ရတယ်။ ပြီးတော့ နဝါဂါဝန်ပဲဝတ်မယ်။"

"အိုကေ နဝါသဘော။"

ဘာမဆိုနဝါအကြိုက်ကိုလိုက်လျောနေသော နဝါ ဒေါက်တာ စစ်နိုင်ကိုကြည့်ကာ နဝါလူရွေးမမှား ဘူးလို့တော့ ကိုယ့်ကိုယ်ကိုယုံကြည်နေမိသည်။ ဖြတ်ကနဲဆိုသလို မောင်ရော အခုအချိန်မှာ မင်္ဂလာကိစ္စတွေနဲ့အလုပ်ရှုပ်နေ သလားလို့ စဉ်းစားမိချိန်မှာတော့ နှလုံးသားလေးက ဖြတ်ကနဲ နာကျင်အောင့်သက်သွားသည်။

"ကဲ..ဘာကျန်သေးလဲ ကလေးမ။"

ဒေါက်တာ စစ်နိုင်က ညီမကိုအစွမ်းကုန်အလို လိုက်သော အစ်ကိုတစ်ယောက်လို နဝါကို အလိုလိုက်လေ သည်။ နဝါခေါင်းခါပြလိုက်တော့ နားလည်သလိုပြုံးရင်း

"မင်္ဂလာဆောင်ဖို့က တစ်လပဲလိုတော့တာနော်။ ကျန်းမာအောင်နေ။ စိတ်ဆင်းရဲစရာဘာမှ မတွေးနဲ့။ ကို့ကို ယူလို့ နဝါဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး ကိုအာမခံတယ်ဟုတ်ပြီ



လား။ ကိုကနဝါကိုမြင်မြင်ချင်းထဲက အရမ်းကို ချစ်မိသွားတာ။ အခုလိုပိုင်ဆိုင်ရမယ်ဆိုတော့ အတိုင်းမသိအောင်ကို ပျော်ရွှင်နေမိတယ်။ နဝါကြောင့် ကိုယ်ပျော်ရွှင်ရသလို ကိုယ့်ကြောင့် လဲ နဝါလေးအမြဲပျော်ရွှင်စေရမယ်သိလား။"

ဒေါက်တာစစ်နိုင်က နဝါကို ကတိတွေအထပ် ထပ်ပေးနေလဲ။ နဝါအဲ့ဒါတွေစိတ်မဝင်စားပါ။ နဝါသိလဲ မသိချင်ပါ။ မင်္ဂလာကိစ္စနှင့်ပတ်သက်လျှင်လဲ နဝါဖြစ်ချင် တာ ပြောပြတာကလွဲရင် ကျန်တာဘာမှမလုပ်။ သူ့ ဘာသာတစ်ယောက်ထဲအားလုံးလုပ်သွားသည်။ ဖိတ် စာရိုက်တာ၊ မင်္ဂလာဝတ်စုံရွေးတာ၊ ခမ်းမငှားတာက အစ နဝါတစ်ခုမှ လိုက်မလုပ်ပေ။ မင်္ဂလာဝတ်စုံတောင် ကတ် တလောက်ထဲ က ရွေးပြီး နဝါကိုယ်တိုင်းပေးကာ ဟိုက ဒါရိုက်လှမ်းမှာပေးသည်။ နဝါကတော့ ကိုယ်နှင့်မဆိုင်သ လို ဘာမှကိုမလုပ်။

မလုပ်လို့လဲသူကဘာမှမပြော နဝါ ပတ်စပို့ တောင်သူပဲ သက်တန်းတိုးဖို့တွေဘာတွေအပြေးအလွှား လိုက်လုပ်ပေးရသည်။ မင်္ဂလာဆောင်ပြီးသည်နှင့် သူ့ နောက်လိုက် သွားရမည် ဖြစ်သဖြင့် သူကတော့တက်တက် ကြွကြွလိုက် လုပ်နေလေသည်။ နဝါကတော့ ဘာမှလဲ မလုပ်ချင် ဘာမှလဲမသိချင်ပေ..။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၄၀)

ဘုန်းမြင့်မိုရ်ကြားလိုက်ရတဲ့ စကားကကိုယ်နား ကိုယ်ပင်မယုံချင်။

"ဘယ်လို..ဘယ်လို..အာကာ ငါ့ကိုရှင်းအောင် ပြန်ပြောစမ်း။"

"ဟုတ်တယ်။ နဝါလက်ထပ်တော့မယ်ကြား တယ်။ ရှေ့လ ငါးရက်နေ့မှာ..။"

"ဘယ်သူနဲ့လဲ။"

"သူ့ကိုလာကုပေးနေတဲ့ ဆရာဝန်ပဲ နာမည်တော့ ငါလဲမသိဘူး။"

"မင်းသေချာလား။ ဘယ်လိုသိတာလဲ။"

ချက်ခြင်းဆိုသလို ရင်ထဲပူလောင်လာသည်။ မီး တောက်အရက်ကို မြို့ချလိုက်ရသလို နှလုံးသားတစ်ခုလုံး က လောင်ကျွမ်းပြာကျချင်လာသည်။



"သေချာတယ်။ ငါ့ညီတစ်ယောက်က သူတို့ဟို တယ်မှာ အလုပ်လုပ်တာ။ အဲ့နေ့ညနေကျရင် ပိုင်ရှင်သမီးရဲ့ မင်္ဂလာဆောင်ရှိလို့ ခွင့်ကိုအဲ့နေ့ သေရေးရှင်ရေးကလွဲရင်ဘယ်သူ့ကိုမှမပေး ဘူးလို့ မန်နေဂျာကအားလုံးကို ခေါ်ပြောထားတယ် တဲ့။ ဖြစ်ချင်တော့ ငါကလဲ အဲ့နေ့အိမ်ပြောင်းဖို့ရှိ လို့ခေါ်တာနဲ့ ဒီကောင်ကပြောပြတာ။"

ဘုန်းမြင့်မိုရ် စိတ်ထဲတကယ်မဟုတ်ပါစေနဲ့လို ကြိတ်ဆုတောင်းလိုက်သော်လဲ ဆုတောင်းက မပြည့်ခဲ့ချေ။ အပျက်ကြီးပျက်သွားသော ဘုန်းမြင့်မိုရ်မျက်နှာကို ကြည့်ကာ အာကာလဲ စိတ်တော့မကောင်းချေ။ ဒါကြောင့် ထဲ ပြဿနာစတက်ထဲက ဒီကောင်ကိုပြန်ဆက်သွယ်ဖို့ အမျိုးမျိုးချော့မော့ခဲ့သော်လဲ အလကားပေးတောင်မယူဘူး ဆိုသည့်စကားက ဘုန်းမြင့်မိုရ်ရဲ့ နှလုံးသားကို ထိုးဖောက် သွားခဲ့သဖြင့် ဘုန်းမြင့်မိုရ်ကလဲ လုံးဝအလျှော့မပေးချင်။ အခုတော့ အပျက်ပျက်နှင့် နာခေါင်းသွေးထွက်ကြရပြီ။

"ငါပြန်တော့မယ်..။"

"နေဦးလေကွာ..မင်းကလဲအခုမှရောက်တာကို။"

"ဆောရီးကွာ..ငါပြန်ချင်နေပြီ။"

"အိုကေ..သူငယ်ချင်း။ မင်းအခုအချိန်မှာတစ်ခု ခုကို ဆုံးဖြတ်ရင် အချိန်မှီသေးတယ်နော်။"

www.burmeseclassic.com

www.burmeseclassic.com



အဲ့လိုမှမဟုတ် ရင်တော့ မင်းတစ်ဘဝလုံး
နှောင်တရရလိမ့်မယ်။ နဝါလက် ထပ်ဖို့က ရှေ့
ငါးရက်နေ့ဆို တစ်ပတ်ပဲလိုတော့တာ မင်း
တစ်ခုကို အမြန်စဉ်းစားဆုံးဖြတ်တော့။"

ဘုန်းမြင့်မိုရ်ဘာမှပြောမနေတော့ဘဲ ခေါင်းကိုသာ
ငြိမ့်ပြလိုက်သည်။ အာကာကတော့ ကားနားထိလိုက်ပို့ကာ

"ကားကိုလဲ ဂရုစိုက်မောင်းဦး။"

"အေးပါ...သွားပြီ။"

ဒီကောင်ကသာ ကားကိုဂရုစိုက်မောင်းဖို့ပြောနေ
စိတ်ထဲမှာတော့ စိတ်နဲ့လူနဲ့က ကပ်ကိုမကပ်ပေ။ သူမထံ
ပြေးသွားပြီး လက်မထပ်ဖို့ကို တားခြင်နေမိသည်။
လက်တွေ့မှာ ဒီလိုလုပ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်
မှန်းလဲ သိနေသည်။ သူမနဲ့ခွဲရတော့မှ သူမကိုသိပ်ချစ်နေ
မိမှန်းလဲ ကိုယ့်ကိုကိုရိပ်မိနေမိသည်။ ဒါပေမဲ့ ယောကျ်ား
မာနအရ ကိုယ့်ကိုလုံးဝလက်မခံဘူးပြောသော သူမရှေ့မှာ
လဲ သွားရောက် ဒူးမထောက်ချင်ပေ။ အစတုန်းကတော့
ဝေယံကိုအစားမကျေနပ်၍ သူမအပေါ်လက်စားချေခဲ့
သော်လဲ ကိုယ့်အပေါ်မှာ အနစ်နာခံခွင့်လွှတ်ချစ်ပေးခဲ့
သော သူမကြောင့်လဲ သူမကိုပြန်လည်တွယ်တာလာခဲ့
သည်။

အခုတော့ ဒါတွေအားလုံးက နှောင်းခဲ့ပါပြီ။ သူမ



ကို ကိုယ့်အပေါ်မှာ စိတ်အနာကြီး နာနေခဲ့ပြီ။ ဒီအချိန်မှ
သွားပြောရင်လဲ ဘယ်လိုမှလက်ခံယုံကြည်တော့မှာ
မဟုတ်။ ဘုန်းမြင့်မိုရ်ရင်ထဲ မီးတောက်များက တောက်
လောင်နေသည်။

"ဝုန်း..။"

သွားပြီ။ ကိုယ်မှားမှန်းလဲသိသည်။ စိတ်နှင့်ကိုယ်
နှင့် သိပ်မကပ်သဖြင့် တစ်ဘက်ကကားအလာကိုမမြင်ဘဲ
ကွေ့ချလိုက်သဖြင့် ကားချင်းတိုက်သွားလေသည်။ ဘုန်း
မြင့်မိုရ်လဲ ကားပေါ်ကဆင်းကာ ကိုယ့်ကားကိုအရင်ကြည့်
လိုက်လေသည်။ ဘယ်လောက်များထိသွားလဲပေါ့။
တစ်ဖက်ကားပေါ်ကလူကလဲ ပြာပြာသလဲဆင်းကာ သူ့
ကားကိုသူပြုံးပြုံကြည့်နေရင်းက ဘုန်းမြင့်မိုရ်ကလှည့်မ
ကြည့်ဘဲထအော်လေသည်။

"ခင်ဗျားဗျာ ကားမမောင်းတတ်ဘူးလား။ကွေ့မယ်
ဆို ကားရှင်းလားမရှင်းလားတော့ ကြည့်....ဟာ
ကိုဘုန်းမြင့်မိုရ်..။"

တစ်ဘက်က ကားမောင်းတဲ့လူက သူ့ကားကိုသူ
ကြည့်ရင်း ပွစိပွစိလုပ်နေရာမှ ဘုန်းမြင့်မိုရ်ဘက်ကိုလှည့်
လိုက်ရင်း ချက်ခြင်းထအော်နှုတ်ဆက်လေသည်။ ဘုန်းမြင့်
မိုရ်လဲ ဇဝေဇဝါဖြစ်နေရာမှ ချက်ခြင်းသတိရလာပြီး

"ကိုဝေယံကို...ဟုတ်တယ်မှတ်လား။"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ။တိုက်ဆိုင်လိုက်တာ ကျွန်တော်ပြန်ရောက်ထဲက ခင်ဗျားနဲ့တွေ့ချင်နေတာ။ ဖုန်းနံပါတ်ရော၊ လိမ်စာရောပျောက်သွားတာနဲ့ ဘယ်လိုဆက်သွယ်ရမှန်း မသိဖြစ်နေတာ။"

"အေးဗျာ..တိုက်တိုက်ဆိုင်ဆိုင်ကြီးဗျာ..။"

ဘုန်းမြင့်မိုရ်လဲ ဝေယံကိုကိုတွေ့လိုက်ရတော့ ဝမ်းသာသွားမိသည်။ ဝေယံကိုနဲ့က သိပ်မရင်းနှီးသော်လဲ စိတ်ထဲမှာတော့ ခင်မင်နေမိသည်။

"ကိုရေ...မမှိုပဲနေဦးမယ်။"

ကားပေါ်က ကောင်မလေးတစ်ယောက်ကဆင်းလာ ဝေယံကိုလက်မောင်းလေးကို ကိုင်ရင်းသတိပေးလိုက်လေသည်။ ဝေယံကိုကလဲ အခုမှသတိရသွားသလိုနှင့်...

"အော်..ဟုတ်သားပဲ..သက်ကားထဲကပဲစောင့်နေလေ...ကိုအခုလာခဲ့မယ်..ကိုအသိနဲ့တွေ့နေလို့။ ဒါကိုကိုအသက်ကယ်ခဲ့ဖူးတဲ့ ကိုဘုန်းမြင့်မိုရ်ဆိုတာလေ။ ကိုဘုန်းမြင့်မိုရ် ဒါကကျွန်တော့်ဇနီးလောင်း သက်သက်မင်း။"

"တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို။ သက်ကိုကိုက အစ်ကို့အကြောင်းအမြဲပြောပြပါတယ်။"

"ဟုတ်ကဲ့ ကျွန်တော်လဲ ဝမ်းသာပါတယ်။"

အပြုံးလေးတွေနှင့် မျက်နှာချိုသောကောင်မလေး



က အလှကြီးမဟုတ်သော်လဲ သဘောကောင်းကာ ဖြူဖြူစင်စင်ပုံလေးတော့ရသည်။

"သက်ကားပေါ်ကပဲ စောင့်နေမယ်နော်ကို။"

ဘုန်းမြင့်မိုရ်ကို ပြုံးပြရင်း ဝေယံကိုကိုပါ တစ်ပါထဲခွင့်တောင်းလိုက်သည်။ ဝေယံကိုက ပြုံးကာ ခေါင်းငြိမ့်ပြလိုက်တော့ ကောင်မလေးက ကားပေါ်မှာသွားစောင့်နေလေသည်။

"ကိုဝေယံကိုသွားစရာရှိတယ်ထင်တယ်။ သွားပါ။ ကားကိစ္စကို စိတ်ချပါ ကျွန်တော်အားလုံးတာဝန်ယူပါတယ်။ လိပ်စာသာပြောခဲ့ပါ။ ကျွန်တော်လာယူပြီး အကုန် ပြန်လုပ်ပေးပါ့မယ်။"

"ဟာဗျာ မဟုတ်တာ။ ဒါက ကျွန်တော်ဘာသာလုပ်လိုက်ပါ့မယ်။ ကိုဘုန်းမြင့်မိုရ် ညအားလားမသိဘူး။ ညကျရင် တစ်ဆိုင်ဆိုင်မှာ လိုက်ကျွေးချင်လို့ပါ။ အမှတ်တရပေါ့။ အခုက ကျွန်တော်ဇနီးလောင်းရဲ့ မိဘတွေနဲ့ သွားတွေ့မှာမို့လို့။"

"မဟုတ်တာ ညကျကျွန်တော်လိုက်ကျွေးပါ့မယ်။"

"အိုကေလေ...ဖုန်းဆက်လိုက်မယ်။ ကိုဘုန်းမြင့်မိုရ်ဖုန်းနံပါတ်လေး ပေးပါဦး..။"

ဘုန်းမြင့်မိုရ်က ဖုန်းနံပါတ်တစ်ခုကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ပြလိုက်သည်။ ဝေယံကိုကလဲ တစ်ခါထဲဖုန်းထဲထည့်ကာ miss call ပို့ကာဖုန်းနံပါတ်ပြန်ပေးလိုက်လေသည်။

"အိုကေ..ဒါဆိုညကျမှ ဖုန်းဆက်လိုက်မယ်။ တွေ့ကြတာပေါ့..။ အခုတော့ တော်ကြာ ယောက္ခမလောင်း တွေ့ရှေ့မှာ အမှတ်လျော့မှာ စိုးလို့ပြေးလိုက်ဦးမယ်။"

"ဟား ဟား။ ဟုတ်ပါပြီ။"

ဝေယံကို ထွက်သွားတော့ ဘုန်းမြင့်မိုရ်ကားပြန်မောင်းရင်းထွက်လာခဲ့သည်။ အခုအချိန်မှာ ဝေယံကိုက အားလုံးကိုမေ့လျော့ကာ ပျော်ရွှင်တက်ကြွနေသည်။ သူ့ဘေးနားက ချစ်စရာချစ်သူလေးကြောင့်လဲ စိတ်ဓါတ်တွေပြန်တက်ကြွကာ ဘဝကိုစိတ်သစ် လူသစ်နှင့်လျှောက်လှမ်းတော့မည့်အချိန်တွင် ဘုန်းမြင့်မိုရ်ကတော့ စိတ်ဓါတ်တွေ အကြီးအကျယ်ကျနေမိသည်။ တကယ်တန်းအပြီးအပိုင်ခွဲရတော့မယ်ဆိုတော့လဲ စိတ်ကဘယ်လိုမှ လက်မခံချင်ပေ။ ရင်ထဲမှာလဲ သူမနာမည်ကိုသာ အကြိမ်ကြိမ်အော်ခေါ်ကာ ရှာဖွေနေမိသည်။



❧ ❧ ❧ ❧ ❧

## အခန်း(၄၁)

ဘုန်းမြင့်မိုရ် ဆိုင်ထဲကိုလှမ်းဝင်လိုက်သည်နှင့် ဝေယံကိုလက်လှမ်းပြကာ နှုတ်ဆက်လိုက်လေသည်။ ဘုန်းမြင့်မိုရ်လဲ လက်ပြန်ပြရင်း ဝေယံရှိရာစားပွဲသို့လျှောက်လာခဲ့သည်။

"ရောက်တာကြာသွားပြီ။"

"မကြာသေးဘူး...ကိုဘုန်းမြင့်မိုရ်။ အခုလေးတင် ပင် ရှေ့ဆင့်နောက်ဆင့်လောက်ပဲရှိမယ်။"

"ဟုတ်ကဲ့ ကျွန်တော်ကအကြာကြီးစောင့်နေရမှာစိုးလို့..။"

"မဆောင့်ရပါဘူးဗျာ..။ ကိုဘုန်းမြင့်မိုရ် ဘာမှာမလဲ။"

ဝိတ်တာလေးက မီနူးလေးကိုင်ကာ အနားရောက်လာသဖြင့် ဝေယံကိုက ဝိတ်တာလေးလက်ထဲက မီနူးလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကာ ဘုန်းမြင့်မိုရ်ကိုကမ်းပေးရင်း ပြောလိုက်သ
သည်။

"မဟုတ်တာ...ကိုဝေယံကိုပဲမှာပါ။"

ဘုန်းမြင့်မိုရ်က မီနူးလေးကို ဝေယံကိုဘက်
ပြန်ပေးလိုက်သော်လဲ ဝေယံကိုက ဘုန်းမြင့်မိုရ်လက်
တွန်းရင်း...

"လုပ်ပါဗျာ။ ကိုဘုန်းမြင့်မိုရ်မှာပါ။ကျွန်တော် ပြ
ရောက်ထဲက ခင်ဗျားကိုအရမ်းတွေ့ချင်နေတာ
အခုတွေ့ရတော့ အရမ်းဝမ်းသာလွန်းလို့ ကျေး
လွန်းလို့ပါ..။"

ဘုန်းမြင့်မိုရ်ဆက်မငြင်းသာတော့ပဲ မီနူးလေးကို
ဖွင့်ကာ မှာလိုက်သည်။

"ကိုဝေယံကို ဝက်သားစားတယ်မှတ်လား။"

"စားတယ်။အကောင်သေးရင် မောင်းသွင်းတယ်
ဟား ဟား။"

"ဟား ဟား။ ဒါဆိုကောင်းတာပေါ့။ ဝက်ခေါက်
ကင်တစ်ပွဲရယ်။ ငါးဆားငန်သီးပေါင်းတစ်ပွဲ။
ငါးကင်တစ် ကောင်နဲ့ အကင်မျိုးစုံလုပ်ဗျာ...
ဘီယာကတော့ မြန်မာပဲကောင်းမယ်ထင်
တယ်။"

"ဟာ..ကောင်းတယ်။ ကျွန်တော်လဲ မြန်မာကြိုက်



တယ်။"

ဝေယံကိုစကားကြောင့် ဘုန်းမြင့်မိုရ်ပြုံးမိသည်။
သူလဲ ဒီရောက်တုန်းမြန်မာသောက်ရတာဖြစ်မည်။

"ခင်ဗျားခြေတောက်ကော ကောင်းသွားပြီလား။"

"အေးဗျ..ကျွန်တော်ကံကောင်းတယ်လို့ပြော
ရမလားပဲ။ ဟိုမှာထပ်ပြီး operation ထပ်လုပ်
လိုက်ရ သေးတယ်။ ဒါပေမဲ့ အခုတော့လုံးဝ
ကောင်းသွားပြီ။ ကားတွေဘာတွေပါ ပြန်မောင်း
လို့ရနေပြီ။"

"အေးဗျ..ဝမ်းသာတယ်ဗျာ။ ကြားရတာ..။"

ဘုန်းမြင့်မိုရ် စိတ်ထဲကတကယ်ကို လှိုက်လှိုက်လှဲ
လှဲလေးကို ဝမ်းသာသွားမိသည်။ ဘာပဲဖြစ်ဖြစ် အရင်လို
အကောင်းအတိုင်းပြန်ဖြစ်သွားသည့်အတွက် ကာယကံရှင်
တွေနဲ့ ထပ်တူကိုဝမ်းသာမိပါသည်။ ဝိတ်တာလေးကလဲ
ဘီယာခွက်တွေကို လာချပေးလေသည်။ ဘုန်းမြင့်မိုရ်လဲ
ဘီယာခွက်ကို ကိုင်ရင်း..

"ခင်ဗျား ခြေထောက်တွေပြန်ကောင်းသွားတဲ့
အတွက်ရော။ မကြာခင်ကျင်းပတော့မဲ့ ခင်ဗျားရဲ့
မင်္ဂလာပွဲအတွက်ပါ ဂုဏ်ယူပါတယ်ဗျာ..။"

ဝေယံကိုကပါ ဖန်ခွက်ကိုမရင်း ဖန်ခွက်ခြင်းထိ
တိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါဗျာ။"

"ကျွန်တော်အဲ့နားကိုရောက်တိုင်း ခင်ဗျားတို့အဲ့နေ့က ကားတိုက်ခဲ့တဲ့မြင်ကွင်းက အခုထိကို ကျွန်တော် မျက်စိထဲမှာထွက်ကိုမထွက်သွားခဲ့ဘူး။ အဲ့နေ့က အကြောင်းကို ကျေးဇူးပြုပြီး ကျွန်တော့်ကိုပြန်ပြောပြပါလား။ ဆောရီး ကျွန်တော့် စကားကြောင့် စိတ်အနှောက် အယှက်ဖြစ်သွားလားမသိဘူး..။"

ဝေယံကိုက ဘုန်းမြင့်မိုရ်ကိုပြုံးပြရင်း...

"အမှန်အတိုင်းပြောရရင်တော့ ကျွန်တော်အဲ့နေ့က အကြောင်းတွေကို ဘယ်သူ့ကိုမှပြန်မပြောခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော် ကိုဘုန်းမြင့်မိုရ်ကိုတော့ ပြောပြပါ့မယ်။ ကိုဘုန်းမြင့်မိုရ်က ကျွန်တော့် ကျေးဇူးရှင်ပဲ ကျွန်တော်လျှို့ဝှက်ထားစရာ အကြောင်းမရှိပါဘူး..။"

ဘုန်းမြင့်မိုရ် ဝေယံကိုစကားကို အာရုံစိုက်ပြီး နားထောင်နေမိသည်။ တကယ်ဆို ဒါဟာသူများကိုယ်ရေးကိုယ်တာကိစ္စမှန်းသိသော်လဲ စိတ်ထဲမှာ ဒီအကြောင်းအရာကို သိချင်စိတ်က အရမ်းကိုပြင်းပြနေသည်။ ရှိုင်းရာကျလဲ မတတ်နိုင်ပေ။ မသိချင်ယောင်ဆောင်ကာပင် တမင်မေးခဲ့လေသည်။



ဝေယံကို မျက်နှာကတော့ ဟိုအရင် သုံးနှစ်လောက် ဆီသို့ပြန်တမ်းတသလို ဆွေးမြေ့သွားသည်။ ဝေယံကိုမျက်ဝန်းထဲက အချစ်ငွေ့တွေကလဲ ပြန်လည်သက်ဝင်လာပြန်သည်။ အခုလက်ရှိချစ်သူကိုပင် လုံးဝမေ့လျော့သွားပြီထင်သည်။ ဝေယံကိုက နဝါကို အရမ်းချစ်ခဲ့သည်ဆိုတာကိုတော့ အခုအချိန်ထိ ခံစားနေသော ဝေယံမျက်နှာကို ကြည့်ရုံနှင့် သိနိုင်ပသည်..။

"အဲ့တုန်းက ကျွန်တော်က နဝါကိုအရမ်းချစ်ခဲ့တာ။ သူက ကျွန်တော့်ရဲ့အချစ်ဦးပဲ။ အမှန်အတိုင်းပြောရရင် သူ့ကိုသာပိုင်ဆိုင်မယ်ဆို ကျွန်တော် ဘာမဆိုပေးဆပ်နိုင်လောက်အောင်ကို ချစ်ခဲ့တာပါ။"

ဘုန်းမြင့်မိုရ်က နားလည်သလို ခေါင်းငြိမ့်ပြလိုက်သည်။ ဝေယံကိုကတော့ ဘီယာတစ်ကြိုက်ကိုမော့သောက်လိုက်ရင်း စကားစကိုဆက်လေသည်။

"အဲ့တုန်းက ခင်ဗျားလဲ သိတဲ့အတိုင်းပဲ။ ကျောင်းမှာ နဝါတို့က ဘယ်သူ့ကိုမှ လက်ခံစကားပြောခဲ့တာ မဟုတ်ဘူး။ ကျွန်တော်တို့ကိုသာ ပြန်ပြီးခင်မင်ခဲ့တာ။ အဲ့တော့ တစ်ကျောင်းလုံးကအခါ တစ်နေ့ ကျွန်တော်တို့နဲ့ နဝါတို့ ချစ်သူတွေဖြစ်သွားကြမယ်လို့ထင်ထားခဲ့တာ..။"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..ကျွန်တော်လဲ အဲ့လိုပဲထင်ခဲ့တာ။"

ဝေယံကိုကတော့ ခေါင်းကို ခပ်ဖြေးဖြေးခါရင်း

"ကျွန်တော်ကိုယ်တိုင်လဲ တစ်နေ့မှာ နဝါ

ကျွန်တော့အချစ်ကိုလက်ခံခဲ့မယ်ထင်ခဲ့တာ။

တကယ်တန်းကျတော့ ကျွန်တော်ထင်သလို

ဖြစ်မလာခဲ့ဘူး။"

ဘုန်းမြင့်မိုရ်ပိုမိုစိတ်ဝင်စားလာသည်။ ကိုယ်ကို ရှေ့သို့ကိုင်းကာ ဝေယံကိုစကားတွေကိုပိုမိုအာရုံစိုက်လာမိသည်။

"ကျွန်တော်...နဝါကို ချစ်ခွင့်ပန်ခဲ့တယ်..။"

"အဲ့တော့။"

သိခြင်စိတ်တွေက ထိန်းချုပ်မရစွာဖြင့် နှုတ်ဖျားမှ ရုတ်တရက်ထွက်ပေါ်လာသည်။ ဝေယံကိုကတော့ ဘုန်းမြင့်မိုရ်ကို တစ်ချက်စိုက်ကြည့်တော့ ဘုန်းမြင့်မိုရ်အနေခက်စွာနှင့် ဘီယာတစ်ကြိုက်ကိုင်သောက်လိုက်သည်။ ဝေယံကိုကတော့ တစ်ခုခုကိုသဘောက်ပေါက်သွားသလို ခေါင်းကိုငြိမ့်ရင်း စကားကိုဆက်ပြောလေသည်။

"သူလက်မခံခဲ့ဘူးဗျ..ကျွန်တော်ကို ချက်ခြင်းငြင်းခဲ့တယ်...ပြီးတော့ သူငယ်ချင်းအဖြစ်ခင်မင်ခွင့်လေးကိုပါ ရုပ်သိမ်းခဲ့တယ်..။"

ဝေယံကိုက စကားပြောနေရင်းမှ လာချပေးသော ငါးကင်လေးကို တစ်ဖွဲ့ဖဲ့စားရင်း အေးအေးဆေးဆေးဆက်ရှင်းပြလေသည်။

"တချိန်လုံးတတွဲတွဲရှိနေတဲ့ သူတို့နဲ့ ကျွန်တော်တို့က အခုကြတော့ တစ်ယောက်တစ်ကွဲဆိုဆိုတော့ သိတဲ့အစိုင်းအားလုံးက တွေတာနဲ့ ဒီအကြောင်းပဲမေးတယ်။ သူတို့ကလဲ ကျောင်းရဲ့နာမည်ကြီးတွေဆိုတော့ လူတွေတော်တော်များများရဲ့ ဝိုင်းကြည့်တဲ့ ဒဏ်ကိုကျွန်တော်တို့ တော်တော်ခံလိုက်ရတယ်။ ခေါက်သွားပြီ..ဘာညာလဲ အပြောခံခဲ့ရတာပေါ့။သူငယ်ချင်းတွေကတော့ သိပ်ပြီးအလေးအနက်မရှိခဲ့လို့ ဘာမှမဖြစ်ပေမဲ့။ ကျွန်တော်ကတော့ နဝါကိုတကယ်ချစ်ခဲ့တော့ နဝါဆီကအချစ်ကိုအရမ်းလိုချင်ခဲ့တယ်။ အဲ့တော့ မရရအောင် လိုက်ခဲ့တယ်။"

"ဘယ်လိုမရမကလိုက်ခဲ့တာလဲ။"

"အဲ့တုန်းက ငယ်ကလဲ ငယ်သေးတယ်။ ပြီးတော့ သူငယ်ချင်းတွေကလဲ မြှောက်ပေးတော့ ကျွန်တော် သူ့ကို ခိုးပြေးခဲ့တယ်..။"

"ခိုးပြေးတယ်..ဟုတ်လား။"

ဘုန်းမြင့်မိုရ် တစ်ခါမှမတွေးမိခဲ့သော လျှို့ဝှက်ချက်ကြီးက အခုမှကြားရသဖြင့် ထိတ်လန့်သွားခဲ့သည်။ ဝေယံ



www.burmeseclassic.com

www.burmeseclassic.com



ကိုမျက်နှာကတော့ နောင်တတွေကြောင့်နှင့် ညှိုးငယ်နေသည်။

"ဟုတ်တယ်။ ကျွန်တော် သူ့နောက်ကို တစ်ကောက်ကောက်လျှောက်လိုက်ခဲ့တယ်။ နုဝါ အချစ်ကိုမရနိုင်တာ သေချာသွားထဲက နုဝါကို ခိုးပြေးဖို့ပဲ ကျွန်တော် စဉ်းစားခဲ့မိတယ်။ ကံကောင်းချင်တော့ အဲ့ဒီနေ့က နုဝါကလမ်းမှာဈေးဝင်ဝယ်တယ်. သူ့ကားတံခါးချတာ မကျခဲ့ဘူး။ ကျွန်တော် ကလဲ အခွင့်အရေးရတုန်း တိတ်တိတ်လေးသူ့ကားထဲ ဝင့်နေခဲ့တယ်။ လူရှင်းတဲ့နေရာရောက်မှ နုဝါကိုမေ့ဆေးအုပ်ပြီး ခိုးပြေးခဲ့တယ်။ ခင်ဗျား..ကျွန်တော်တို့ကိုတွေ့တဲ့နေရာက နုဝါ သတိရလာ ပြီးကားပေါ်က ခုန်ဆင်းမယ်ဆိုလို့ ကျွန်တော်ကားရပ်လိုက်တဲ့နေရာပဲ။ ကျန်တဲ့အပိုင်းကတော့ ခင်ဗျားအားလုံး သိပါတယ်..။"

ဝေယံကိုစကားတွေအဆုံးမှာတော့ ဘုန်းမြင့်မိုရ်ရင်ထဲ ဝမ်းနည်းခြင်း၊ နာကျင်ခြင်းနှင့် နောင်တရခြင်းများက စုပြုံရောက်ရှိကာ ရင်ကွဲမတတ်ခံစားလိုက်ရသည်။ နုဝါကိုလဲ အလွန်အမင်းသနားသွားမိသည်။ တစ်ဘက်သတ်ထင်မြင်ကာ နုဝါအပေါ်အမုန်းကြီးမုန်းမိသော ကိုယ့်ကိုကိုယ်လဲ မုန်းတီးရွံရှာလာမိသည်။



ဝေယံကိုကတော့ ဘုန်းမြင့်မိုရ်မျက်နှာကို အကဲခပ်စိုက်ကြည့်ရင်း..

"ကိုဘုန်းမြင့်မိုရ်နဲ့ နုဝါက တစ်ခုခုပတ်သတ်မှုရှိတယ်ထင်တယ်။"

"ဟုတ်တယ်။ ကျွန်တော့် ချစ်သူပါ။ အခုတော့ သူက ကျွန်တော်ကိုအရမ်းစိတ်နာနေတယ်။"

ဝေယံကိုက ဘုန်းမြင့်မိုရ် စကားကြောင့် မျက်ခုံးနှစ်ဖက်အပေါ်ကိုပင့်တက်သွားသည်အထိ အံ့သြသွားမိသည်။

"ဟုတ်လား။ ဘယ်လိုဖြစ်ကြတာလဲ။"

"ကျွန်တော်က နုဝါကို အစကထဲကအရမ်းအမြင်ကတ်တာ။ ခင်ဗျားတို့အဖြစ်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ကြုံ တော့ ကျွန်တော်စိတ်ထဲထင်တာက သူ့အသက်ကိုကယ်တဲ့ လူ့ကိုတောင် ရက်ရက်စက်စက်ကားနဲ့ တိုက်သတ်တဲ့အပြင် တစ်ချက်ကလေးတောင် ပြန်မကြည့်ရမလားလို့ သူ့ကိုစိတ်နာပြီး ပညာပြန်ပေးဖို့ ချဉ်းကပ်ခဲ့တာ။"

"ဒါဆိုရင်တော့ ခင်ဗျားမှားတာပဲ။ ကျွန်တော်က အခုအချိန်ထိ အဲ့အပြစ်ကို နုဝါ မှားတယ်လို့ တစ်ခါမှ မသတ်မှတ်ခဲ့ဘူး။ ကျွန်တော်ကသာ တစ်ဘက်သားဆန္ဒမပါဘဲ အတင်းအဓမ္မကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိတာ။ အားလုံးက ကျွန်တော့်အပြစ်တွေချည်းပဲ။"

ကာယကံရှင်ကတောင် သူ့အပြစ်လို့သတ်မှတ်ထားမှတော့ ကိုယ့်အပြစ်က သူ့ထက်အဆတစ်ရာ ပိုကြီးနေပြီဆိုတာ ကိုယ်ဘာသာကိုယ်လဲသိသည်။ ရင်ထဲမှာတော့ ပြောမပြတတ်အောင် နာကျင်ကြေကွဲနေမိသည်။ သူမအပေါ်တွင် ကိုယ်တစ်စက်လေးမှ မကောင်းခဲ့တာလဲ ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးဖြစ်သည်။ ဘာမဆိုအပြစ်မမြင်တတ်သော ချစ်သူလေးကပင် ကိုယ့်ကိုစတင်လမ်းခွဲခဲ့သည်ဆိုထဲက ကိုယ့်အပြစ်က ပြောစရာမလိုလောက်အောင်ကို ကြီးမားနေခဲ့သည်။

အဲ့အချိန်တုံးကတော့ သူမအပေါ်အနိုင်ယူနိုင်တာကိုပင် ကိုယ့်ကိုကိုယ် ကျေနပ်၍မဆုံး ပျော်ရွှင်နေမိသည်။ သူမနှင့်ပတ်သက်လျှင်အမြဲ အနိုင်ယူကာသူမမာနတွေ ကိုနည်းအမျိုးမျိုးနှင့် ရိုက်ချိုးခဲ့ပါသည်။ သူမကလဲ ကိုယ့်အပေါ်တွင် တော်တော်လေးကို သည်းခံခွင့်လွှတ်ပေးခဲ့သည်။ ဒါတွေကြောင့်ပဲ သူမအပေါ်ပိုမို အနိုင့်ကျင့်ခဲ့မိလားတော့ ကိုယ့်ကိုကိုလဲမသိတော့ပါ။

အခုအချိန်မှာတော့ သူမခံစားရတာထက် အဆတစ်ရာမက ပိုမိုထိခိုက်ကြေကွဲနေရပါသည်။ နှလုံးသားတစ်ခုလုံး စက်သနတ်နဲ့ အပစ်ခံလိုက်ရသလို အနာဗရပွ



နှင့် စုတ်ပြတ်သတ်သွားခဲ့သည်။ အခုအချိန်တွင် သူမအချစ်တွေအားလုံးက ဘုန်းမြင့်မိုရ်ကို အဆိပ်သင့်စေခဲ့ပါသည်။

ခေါင်းငိုက်စိုက်ကျကာ ရင်ကျိုးမတတ် ဖြစ်သွားသော ဘုန်းမြင့်မိုရ်ကိုကြည့်ကာ ဝေယံကိုလဲ ဘာလုပ်လို့ဘာကိုင်ရ မှန်းပင်မသိတော့ပါ။

"ခင်ဗျား နဝါကိုရော တကယ်ချစ်ခဲ့လား။"

ဝေယံကို စကားက ဘုန်းမြင့်မိုရ် အရိုက်တည့်တည့်ကို လက်သီးပြင်းပြင်းနှင့် ထိုးခံရသလို အောင့်သွားသည်။

"ကျွန်တော် သူ့ကိုစတွေ့ထဲက ချစ်ခဲ့တာပါ။ တွေ့ထဲက အရမ်းမာနကြီးတဲ့ သူ့ကိုစိတ်ဝင်စားခဲ့မိတာပါ။ ဒါပေမဲ့ မရနိုင်မှန်းသိလို့လဲ ကျွန်တော်ဝေးဝေးမှာပဲနေခဲ့တယ်။ လူတွေအားလုံးက သူ့ကိုဝိုင်းချစ်ကြတယ်။ အဲ့ဒါကို ကျွန်တော်မကြိုက်ဘူး။ အဲ့အထဲမှာလဲ မပါချင်ဘူး။ ဒီကြားထဲမှာ နဝါကလဲ တစ်ခုခုဆို ကဲကဲဆတ်လွန်းတော့ကြည့်မရချင်ဘူး။ ဒါဆိုမကြည့်ဘဲနဲ့ နေပါလားဆိုတော့လဲ ကျွန်တော်မနေနိုင်ပြန်ဘူး။ အဲ့လို ကျွန်တော့် စိတ်ကို ကျွန်တော် ဖုံးကွယ်ရင်းနဲ့ သူနဲ့ ကျွန်တော် အခုလိုတွေဖြစ်ခဲ့ကြတာ။"

ဝေယံကိုကတော့ အခုမှ ခါတ်ရှေ့လည်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြင့်မိုရ် ရဲ့အတွင်းစိတ်ကိုလဲ သိရှိသွားလေသည်။

"ခင်ဗျားကအချစ်ကိုဝန်မခံပဲ ကိုယ့်ကိုကိုယ် ညာချင်တာကို။ အခုတော့ အချစ်က ခင်ဗျားကို ပြန်ဒဏ်ခတ်ပြီပေါ့။ ဒါပေမဲ့ဗျာ နဝါက ခင်ဗျားကို ချစ်တာပဲ ခင်ဗျား ပြန်ချော့လိုက်ရင် အဆင်ပြေသွားမှာပါ။"

"မရနိုင်တော့ဘူးထင်ပါတယ်ဗျာ။ သူက ကျွန်တော့်ကို အရမ်းစိတ်နာသွားပြီ။ ပြီးတော့ ရှေ့လ ငါးရက်နေ့ပဲ နဝါလက်ထပ်တော့မယ်။ ခင်ဗျားပြောသလိုပဲ ကျွန်တော်တကယ်ပဲ ဒဏ်ခတ်ခံရပြီ ထင်တယ်။"

"ဟာဗျာ...အဓိပ္ပါယ်မရှိတာ။ ခင်ဗျားတကယ်ချစ်ရင် နဝါနားလည်အောင်ရှင်းပြပြီး မရမကကြိုးစားရမှာပေါ့ ခင်ဗျားမှာ အချိန်ငါးရက်လောက်တော့ ရှိသေးတာပဲ။"

ဝေယံကို စကားတွေက ယိုင်နဲ့နေသော ဘုန်းမြင့်မိုရ်ကို အားပြန်ဖြစ်စေသည်။ ချက်ခြင်းဆိုသလို ဘုန်းမြင့်မိုရ် မျက်နှာသွေးရောင် ပြန်လွှမ်းလာကာ အချစ်ကပေးသော အင်အားများနှင့် ပြန်လည်တက်ကြွလာသည်။

"ဟုတ်တယ်။ ကျွန်တော်မရမကပြန်ကြိုးစားမယ်။"

"ဒါပဲပေါ့။ ဝမ်းသာတယ်ဗျာ။ ခင်ဗျားအောင်မြင်



မှာပါ။"

အခုအချိန်တွင် အောင်မြင်တာ ရှုံးနိမ့်တာ ဘုန်းမြင့်မိုရ်မသိချင်ပေ။ ဘုန်းမြင့်မိုရ် ဖြစ်ချင်တာတစ်ခု သာရှိသည်။ နဝါကို ဘုန်းမြင့်မိုရ် အနားတွင်ရှိစေချင်သည်။ နဝါကို ပြန်လည်ပိုင်ဆိုင်လိုသည်။ ဒီအတွက်အရာအားလုံးကို အခုအချိန်တွင် ပေးဆပ်ဖို့ ဘုန်းမြင့်မိုရ်ဝန်မလေးတော့ပါ။ ဘုန်းမြင့်မိုရ်၏ အသက်နှင့်လဲပြီးမှ ချစ်သူကို ပိုင်ဆိုင်ရမယ်ဆိုရင်တောင် လဲလှယ်ဖို့ အဆင်သင့်ဖြစ်သည်။

ဘုန်းမြင့်မိုရ် ပြန်ရောက်ထဲက နဝါထံဖုန်းဆက်လိုက်သည်။ ဖုန်းကဝင်ပါသော်လဲ လုံးဝမကိုင်ခြေ။ ရင်ထဲမှာတော့ ယောက်ယက်ခတ်အောင် ပူလောင်နေမိသည်။ နဝါ ဖုန်းကိုင်ဖို့လဲ ဘုရားတွင်အကြိမ်ကြိမ်ဆုတောင်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧ ❧ ❧

## အခန်း(၄၂)

သိပ်မကြာခင်ရက်အတွင်းတွင် နဝ လက်ထပ်ရတော့မည်ဆိုပါက မောင့်ဆီက ဖုန်းလေးများက အဆက်မပြတ်မြည်နေသည်။ နဝ ဘာလုပ်ရမလဲ။ နဝစိတ်ကြိုက်သာဆို အပြေးအလွှားကို ဖုန်းကိုင်လိုက်ချင်သော်လဲ နဝအံကိုတင်းတင်းကြိတ်ကာ တင်းခံနေလိုက်သည်။ နဝစိတ်ကို နဝသိသည်။ တကယ်လို့များ မောင့်ဆီက စကားတစ်ခွန်း နှစ်ခွန်းကိုသာ ကြားခဲ့ရပါက နဝဒီမင်္ဂလာပွဲကို ဘယ်လိုမှ ဆက်လုပ်ဖြစ်မှာမဟုတ်ပေ။

ဒါဆိုမေမေတို့ရော၊ ဒေါက်တာ စစ်နိုင်တို့ပါ ကြားထဲက အရှက်ရကြလိမ့်မည်။ နဝကြောင့်တော့ ဘယ်သူ့ကိုမှ အဲ့လို မဖြစ်စေချင်ပါ။ နဝ ကိုယ်ချင်းစာပါသည်။ နဝ ဘဝတွင် နဝမိုက်လုံးကြီးစွာရက်စက်ခဲ့လို့ ကျိန်စာတစ်ချို့ကိုလဲ လက်ခံရရှိခဲ့ပြီးပြီ။ အဲ့ကျိန်စာကြောင့်လဲ နဝသိပ်ချစ်တဲ့ မောင့်ကို လက်လွှတ်ဆုံးရှုံးရပြီးပြီ။ နဝမှာ ဒီထက်ပိုပြီးပေးစရာ ဘာမှမရှိတော့ပါ။ နောက် ထပ်ဘာကိုပဲ ထပ်ပေးရပေးရ နဝတုန်လှုပ်တော့မှာလဲ မဟုတ်တော့ပါ။

သိပ်မကြာခင်ရက်အတွင်းတွင် နဝက ဒေါက်တာ စစ်နိုင်၏ ဇနီးမယားဖြစ်ရတော့မည်။ နဝကမြန်မာမိန်းကလေးတစ်ယောက်ပါ။ ကိုယ့်ခင်ပွန်းရင်ခွင်ထဲမှာနေပြီး တစ်ခြားယောကျ်ားတစ်ယောက်ကိုကဲ နဝတမ်းတမနေချင် မောင်နှင့်ပတ်သတ်သည့်အရာအားလုံးကို နဝတတ်နိုင်သလောက် မေ့ပစ်ဖို့ကြိုးစားလိုက်သည်။

နဝကားမောင်းနေရင်းမှ မောင်ပေးခဲ့သောပို့စကတ်လေးတွေ၊ သီချင်းလေးတွေကို နောက်ဆုံးအကြိမ်လှမ်းကြည့်လိုက်သည်။ မောင်နှင့် နဝပတ်သတ်ခဲ့သည့် အရာ အားလုံးကို မောင်နှင့် နောက်ဆုံးခွဲခွါခဲ့သည်နေရာတွင်သာအဆုံးသတ်ရန် ကားလေးကို ကန်တော်ကြီးသို့ မောင်းလာခဲ့သည်။

ကားမောင်းနေရင်းကပင် မျက်ရည်များက ပါးပြင်ပေါ်သို့စီးကျလာပါသည်။ သက်ရှိမပြောနဲ့ သက်မဲ့တဲ့ပစ္စည်းလေးတွေအပေါ်မှာတောင် နဝတွယ်တာလွန်းနေသည်။ ဒါတွေကို လွှင့်ပစ်ရမှာတောင် နဝရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တစစ်စစ်နာကျင်နေသည်။

ကန်တော်ကြီးရောက်သည်နှင့် မောင်နှင့်ထိုင်နေကျနေရာလေးကို ကားမောင်းလာခဲ့သည်။ ကန်ရေစပ်လေးနှင့် သစ်ပင်ရိပ်လေးအောက်တွင် ချစ်စရာခုံတန်းလေးကတော့ ဘာမှမပြောင်းလဲ အရင်အတိုင်းတည်ရှိနေသည်။ အချိန်နှင့် လူတွေကတော့ ပြောင်းလဲနေလေပြီ။ နုဝါမောင်ပေးထားတဲ့ ပန်းစည်းများကို အထုပ်လေးနှင့် သေချာထုပ်ကာ ဟိုရေလယ်ထဲရောက်အောင် အားကုန်လွှမ်းပစ်လိုက်လေသည်။

အထုပ်လေးရေထဲသို့ တဖြေးဖြေးမြုပ်သွားတာကိုကြည့်ရင်း နုဝါနှလုံးသားလေးလဲ တစ်ဖြေးဖြေးနှင့် နာကျင်အက်ကွဲလာသည်။ အထုပ်လေး လုံးဝမြုပ်သွားချိန်မှာတော့ နုဝါ ကားပေါ်တက်ကားစက်နိုးကာ ထွက်ဖို့ပြင်လိုက်သည်။

"ဟာင်..။"

ကားရှေ့မှာ မြင်လိုက်သော မြင်ကွင်းက နုဝါကို ကြက်သေသေသွားစေသည်။ 'မောင်' နှုတ်ခမ်းလေးက မောင်ဆိုသည်ကို အသံမထွက်သော်လဲ ရွက်ဆိုလိုက်မိသည်။ အကျင့်ပါနေသော နှလုံးသားကလဲ မောင့်ကို မြင်တာနှင့် ဆောင့်ခုန်လာပြန်သည်။ နုဝါရင်ထဲမောင့်ကို ချစ်သည့်စိတ်သည့်များက တဒင်္ဂလျှံတက်လာပေမဲ့



ချက်ခြင်းဆိုသလို မောင့်စကားတွေက နုဝါကိုသရော် လှောင်ပြောင်လာကြသည်။

ဘုန်းမြင့်မိုရ် နုဝါကားရှေ့မှာပိတ်ရပ်ရင်း နုဝါကို သေချာ အကဲခတ်ကြည့်မိသည်။ နုဝါပုံစံလေးက ပုံပြင်ထဲက မင်းသမီးလေးလို စိတ်နှင့်လူနဲ့မကပ်ပဲ လွင့်မျောနေသည်။ ကိုယ့်ကိုမြင်တော့ သူမမျက်ဝန်းလေးများက လင်းလက်တောက်ပလာသော်လဲ ချက်ခြင်းဆိုသလို မျက်ဝန်းအကြည့်တွေက ခက်ထန်စူးရှလာသည်။ သူမဘာဆက်လုပ်မလဲ ဘုန်းမြင့်မိုရ် ကြည့်နေလိုက်သည်။

သူမက ကားလီဗာကို ဖိနင်းလိုက်သည်။ ကားသံကတဝေါဝေါထွက်လာသော်လဲ ဘရိတ်ကိုတော့ သူမနင်းထားသည်။ သူမပုံစံက ကားထွက်တော့ ဆောဖယ် ဆိုသည့်ပုံ။ ဘုန်းမြင့်မိုရ် ခပ်တည်တည်ပဲ ဆက်ရပ်နေလိုက်သည်။ နုဝါအံကြိတ်လိုက်ရင်း နောက်တစ်ကြိမ် ကားလီဗာကို ဖိနင်းလိုက်သည်။ ဒါကိုလဲ ဘုန်းမြင့်မိုရ်က မမှုဘဲ ရပ်မြဲရပ်နေသည်။

နုဝါကားဟွန်းကို ဖိတီးလိုက်သည်။

"တီ.....တီ....တီ...။"

ဟွန်းသံလေးက ဆူညံစွာထွက်ပေါ်လာသည်။ ဘုန်းမြင့်မိုရ်ကတော့ ရပ်မြဲပင်။ နုဝါစိတ်တိုလာကာ မှန်ချလိုက်ပြီး ခေါင်းကိုအပြင်ထုတ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



“သေချင်နေလား…ဘေးဖယ်…ကားထွက်မယ်။”

“ချစ်တိုက်မယ်ဆို မောင်သေဖို့အဆင်သင့်ပဲ။ မောင်သေချင်နေတယ်။ ချစ်မရှိရင်မောင်နေတတ်ဘူး။ ချစ်သူများနဲ့ လက်ထပ်မယ်ဆို မောင့်ကို တိုက်သာ သတ်လိုက်ပါတော့..။”

ဘုန်းမြင့်မိုရ်က ပြောပြီးသည်နှင့် ခေါင်းကိုမော့ကာ ရင်ကိုကော့ပေးလိုက်သည်။ နုဝါနားတွေကတော့ ဘုန်းမြင့်မိုရ် ဘာပြောပြောမကြားနိုင်ပဲ..ဘုန်းမြင့်မိုရ် လမ်းခွဲကာစကပြောသော စကားတွေကိုသာ အထပ်ထပ်ကြားနေရသည်။ နုဝါ ဘောက်တစ်ချက်ကိုခေါက်ရင်း ကားကို အရှိန်နှင့်မောင်းထွက်လိုက်သည်။ ဘုန်းမြင့်မိုရ်ကို လွတ်အောင် ရှောင်ပြီးထွက်လိုက်သော်လဲ ဘုန်းမြင့်မိုရ်က နုဝါကားရှိတဲ့ ဘက်ကိုအတင်ဝင်တိုးသဖြင့် ဝုန်းဆိုသည့်အသံနှင့် အတူ ဘုန်းမြင့်မိုရ် ပစ်လဲသွားသည်။ နုဝါကားကို ဘရိတ်ဆောင့်အုပ်ရင်းချက်ခြင်းကားပေါ်ကဆင်းလိုက်သည်။ ကားပေါ်ကဆင်းဆင်းခြင်း ဘုန်းမြင့်မိုရ်ကို လှမ်းတွေ့လိုက်ချိန်မှာတော့ နုဝါနေရာမှာတင် သတိမေ့သွားခဲ့လေသည်။

“အား..အား..။”

တကယ်မှန်တော့ နုဝါက ကားကိုလွတ်အောင် ကွေ့ဆွဲသွားတာပင်။ ဘုန်းမြင့်မိုရ်က တမင်ပဲများက တိုက်ခ ြင်းယာင်ဆောင်ပြီး နောက်ဖုံးကို လက်နှင့်ထုလိုက်ခြင်း



ဖြစ်သည်။ ဒါကိုပင် မျက်စိစွတ်မှိတ်လိုက်သော နုဝါက ဘာမှသေချာမတွေ့ခဲ့။ ကားပေါ်ကဆင်းဆင်းခြင်း ဘုန်းမြင့်မိုရ်ခွေလဲနေတာလဲ တွေ့ရော သတိမေ့သွားလေသည်။

ဘုန်းမြင့်မိုရ်က လဲနေရာမှ အတင်းတွန်းထရင်း နုဝါကိုကောက်ပွေ့ကာ ကားပေါ်ခေါ်တင်ပြီး ဆေးခန်းကို တရှိန်ထိုးမောင်းခဲ့လေသည်။ ဆေးခန်းက ဆရာဝန်ကြီးများကတော့ အကြောက်လွန်၍ ဖြစ်သွားကြောင်း စိုးရိမ်စရာမရှိကြောင်းပြောမှပင် အသက်ကိုဝဝရှူရဲတော့သည်။ တကယ်တော့ ကိုယ့်ချစ်သူလေးက စိတ်ပျော့လွန်းပါသည်။ သူ့ကိုယ်သူ မာချင်ယောင်သာဆောင်ထားသော်လဲ အင်မတန်စိတ်ပျော့ကာ အားငယ်တတ်သူလေးမှန်းလဲ အခုမှပဲ ဘုန်းမြင့်မိုရ်သိလိုက်ရသည်ဖြစ်သည်။

သတိမေ့နေသော သူမလေးမျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေရင်း ဘုန်းမြင့်မိုရ်ရင်ထဲအချစ်တွေတိုးလာခဲ့သည်။ နုဝါရဲ့ဆံစလေးများကို သပ်တင်ပေးရင်း သူမသာ ကိုယ့်ဘဝထဲမှာ တကယ်မရှိတော့ရင် ဘုန်းမြင့်မိုရ်တစ်ယောက် အရူးတစ်ပိုင်းဖြစ်သွားနိုင်သည်လို့လဲ ကိုယ့်အဖြစ်ကိုကိုယ်တွေးနေမိသည်။

“မောင်..။”

သူမကိုယ်လေး လှုပ်လွန့်ကာ နှုတ်က…

www.burmeseclassic.com

www.burmeseclassic.com



ကတန်းထအော်သည်။ ဘုန်းမြင့်မိုရ်က သူမလက်လေးကို အုပ်ကိုင်ဆုပ်မိုးလိုက်ရင်...

"မောင်ရှိတယ်လေ..ချစ်။ ချစ်။ ချစ် သတိရလာပြီလား..။"

သူမလေးက တဖြေးဖြေးနှင့် သတိရလာသလို မျက်လုံးလေးများဖွင့်ကြည့်လာသည်။ သူမမျက်လုံးလေးများက ကိုယ့်ကိုလဲမြင်ရော...

"ဟင်...ရှင်။"

"မောင်ပါ ချစ်ရ။"

"ဘာလုပ်တာလဲ ဖယ်ပါ။ အိမ်ပြန်မယ်။"

"မပြန်ရပါဘူး...ချစ်သတိရလာရင် ခိုးပြေးမလို့။"

"ဘာ။"

နဝါက ထအော်လိုက်သည်။ ဘုန်းမြင့်မိုရ်ကတော့ နဝါအော်သံကြောင့် လန့်သွားသလို လုပ်ရင်း..

"တိုးတိုးလုပ်ပါ။ စိတ်ကလဲ ကြီးလိုက်တာ။ မောင် ချစ်ကိုပြောစရာရှိတယ်သိလား။ အရင်က မောင် ချစ်ကို အထင်လွဲပြီး ဆက်ဆံခဲ့မိတဲ့အတွက် မောင် အရမ်းနောင်တရရပါတယ်။ မောင့်ဘဝထဲမှာ ချစ် မရှိတော့မှ မောင်ချစ်ကို ဘယ်လောက်ချစ်ခဲ့မှန်းလဲ ကိုယ့် ကိုကိုယ် ပြန်သိတာ။ မောင့်ကို



နားလည်ပေးပါချစ်ရယ်နော်။ မောင်ချစ်နဲ့ မဝေးပါရစေနဲ့။"

နဝါက ဘုန်းမြင့်မိုရ်လက်ထဲက နဝါလက်လေးကို ပြန်ရုန်းရင်း....

"နဝါ မကြာခင်လက်ထပ်တော့မှာ။"

"မောင်သိပါတယ်။ချစ်ရယ်။ မလုပ်ပါနဲ့ကွာနော်။ မောင့်ကိုသနားပါ။ မောင်ရင်ကွဲတာကို မြင်ချင်လို့လား။"

အခုမှလာပြီးအကဲပိုနေသော ဘုန်းမြင့်မိုရ်ကိုလည်း နဝါ နည်းနည်းတော့ မုန်းချင်လာသည်။ သူက အခုမှ ခံစားရတာ။ နဝါကတော့ မောင်နဲ့ကွဲထဲက ရှူးမတတ် ခံစားခဲ့ရတာပင်။

"ရှင့်လို...ဟန်ဆောင်ချစ်တဲ့လူမျိုးကို မယုံဘူး။ ပြီးတော့ ရှင့်လဲ မကြာခင်လက်ထပ်ရတော့မှာ မှတ်လား။"

"အာ..မထပ်ပါဘူး။ မောင်က ဘယ်သူနဲ့လက်ထပ်ရမှာလဲ နဝါကလွဲရင် မောင်မှာ ဘာမှမရှိဘူး။ မောင့်ကိုမယုံဘူးဆို မောင်ကျိန်ပါ့မယ်။ တကယ်တော့လေ မောင်ကနဝါကိုစတွေ့ကတည်း ထဲကချစ်ခဲ့ရတာပါ။ ဒါပေမဲ့ မောင့်အချစ်လေးက အရမ်းမာန ကြီးလွန်းတော့ မောင့်အချစ်တွေက

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်စွာနဲ့ သိမ်းထားခဲ့ရတာပါ အချစ်ရယ်။ တကယ်တော့ ချစ်ကမောင့်အတွက် ရင်ဝှက်အံ့ဆွဲလေးတစ်ခုပါချစ်ရယ်။ မောင်ကိုယ်တိုင်ဖွင့်မကြည့်မိတဲ့ ရင်ထဲမှာ ဝှက်ထားခဲ့မိတဲ့ အံ့ဝှက်ကလေးပေါ့။တကယ်လို့များမောင် နုဝါကိုဟန်ဆောင်ချစ်ခဲ့တယ် ဆိုရင် စားသမ္မအစာတိုင်းကဘေး..။"

ဘုန်းမြင့်မိုရ် နှုတ်ခမ်းလေးကို နုဝါလက်လေးနှင့်ပိတ်ကာ တားမြစ်လိုက်သည်။ ဘာကြောင့်ပဲဖြစ်ဖြစ် မောင့်ကို နုဝါ အန္တရာယ်မဖြစ်စေချင်ပါ။ မောင် နုဝါကိုတကယ်မချစ်ခဲ့ဘဲ ဟန်ဆောင်ချစ်ခဲ့တယ်ဆိုလဲ နုဝါလက်ခံနိုင်သည်။အရေးကြီးတာ မောင် ဘာအန္တရာယ်မှမဖြစ်ဖို့ပင်။

"ဘာဖြစ်လဲ ချစ်ရယ်။ မောင်က ချစ်ကိုတကယ်ချစ်တာပါ။ မောင်ကျိန်ဝံ့ပါတယ်။"

"မကျိန်ပါနဲ့မောင်ရယ်။ တကယ်တော့ မောင် နုဝါကို တကယ်မချစ်ခဲ့လဲ နုဝါကတော့ မောင့်ကိုတကယ်ချစ်ခဲ့တာပါ။ ဒါပေမဲ့ နုဝါကမကြာခင်လက်ထပ်တော့မှာ..။"

ဒီတစ်ခါတော့ မောင်က နုဝါနှုတ်ခမ်းလေးကို ပြန်လည်ပိတ်လိုက်သည်။

"ချစ် ဘဝဆိုတာ တိုတိုလေးပါ။ ဒီအချိန်တိုတိုလေးအတွင်းမှာ ဘာလို့များ သူများအပြောခံရမှာကို ကြောက်ပြီး စိတ်ဆင်းရဲခံမလဲ။ မောင့်လက်ကိုတွဲပြီး ဖြစ်သမျှကိုရဲရဲရင်ဆိုင်ရဲဘူးလား။ စိတ်ချပါချစ်ရယ် ဘာပဲဖြစ်ဖြစ်ချစ်ရှေ့ကနေ မောင် မားမားမတ်မတ်ရပ်တည်ပေးမှာပါ..။"

မောင့်ပြောသလိုပင် နုဝါလဲတိုတောင်းလှတဲ့ဘဝလေးအတွင်းမှာ ချစ်တဲ့သူ့ရဲ့ရင်ခွင်မှာပဲ ခိုလှုံချင်ပါတယ်။ ဒီအတွက် နုဝါမှားတယ်ဆိုလဲ ကြိုက်တဲ့အပြစ်သာ နုဝါကိုပေးကြပါတော့ နုဝါခံယူဖို့အသင့်ပင်..။

နုဝါမောင့်လက်ကိုတွဲပြီး ဆေးရုံကဆင်းလာချိန်မှာတော့ မောင့်ကားလေးက မြို့ပြင်ကို ဦးတည်နေလေသည်။ မောင့်ဖုန်းလှမ်းဆက်လိုက်သဖြင့် မောင့်မိဘကတော့ အခုအချိန်လောက်ဆို နုဝါတို့အိမ်ကိုသွားပြီးသားရေးသမီးရေးဆွေးနွေးနေလောက်ပြီ။ မေမေတို့ကတော့ တစ်ဦး တည်းသော သမီးဖြစ်တဲ့ နုဝါကိုပစ်မထားလောက်ဘူးလို့လဲ နုဝါယုံကြည်နေမိသည်။

ဒေါက်တာ စစ်နိုင်ကို နုဝါဖုန်းဆက်ပြီး လှမ်းတောင်းပန်ချိန်မှာတော့ လူကြီးပီသသော ဒေါက်တာက အားလုံးကိုခွင့်လွှတ်နားလည်ပေးခဲ့လေသည်။ နုဝါကတော့ ကားမောင်းနေသော မောင့်ကိုကြည့်ရင်း အနှိုက်အချိန်ထိ အိမ်မက်မက်နေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



“မောင်…နုဝါ စိတ်ထဲမှာတော့ အခုထိအိမ်မက်
တစ်ခုလိုပဲသိလား..။”

“အော်…အိပ်မက်ဟုတ်မဟုတ် နုဝါက သိချင်တာ
လား။ ဒါဆိုမောင် ကားရပ်လိုက်ရမလား..။”

ဘုန်းမြင့်မိုရ်က ကားမောင်းနေရင်းက ကားကို လမ်းဘေးထိုးရပ်လိုက်လေသည်။

“မောင်…နော်။”

နုဝါက ရှက်ရှက်နှင့် မောင့်ဗိုက်ကိုဆွဲလိမ်လိုက်လေသည်။

“ဘာလဲ…ချစ်ရဲ့။ ဆီကုန်ပြီ ဆီဝယ်မလို့ ကားရပ်
တာ….ဘာထင်လို့လဲ…အဲ့လို စိတ်ကူးမယဉ်ရ
ဘူးလေ…။”

နုဝါလှမ်းကြည့်တော့ ကားလေးက လမ်းဘေးက ဓါတ်ဆီဆိုင်လေးရှေ့တွင်ရပ်ထားတာဖြစ်သည်။ နုဝါလဲ ရှက်ရှက်နှင့် မျက်စောင်းတစ်ချက်ပိတ်ထိုးလိုက်လေသည်။

“ဟား…ဟား..။”

ကားထဲမှာရယ်သံများဆူညံသွားသည်။ မောင်ကတော့ ဓါတ်ဆီဆင်းဝယ်နေရင်းမှ နုဝါကို မျက်စိတစ်ဖက်မှိတ်ကာ လာစနေသည်။ နုဝါကတော့ ရှက်ရှက်နှင့် မျက်စောင်းတွေသာ ထိုးလိုက်မိသည်။ အချစ်ဆိုတာ တကယ်လဲ ထူးဆန်းသည်။ အခုကျတော့လဲ အချစ်ကြောင့် နုဝါ



တို့ဘဝလေးတွေကပျော်ရွှင်စရာအတိနှင့် ငြိမ်းချမ်းလွန်းနေပြန်သည်။ ကြည်နူးချမ်းမြေ့မှုတွေ လွှမ်းခြုံထားသောအချစ်ရဲ့ရနံ့လေးများကိုရှူရှိုက်ရင်းကားမောင်းနေသောမောင့်ပခုံးပေါ်တွင် အသာအယာမှီခိုနေမိပါသည်။ ဒီလို လောက်ဆို နုဝါအတွက်အားလုံးပြည့်စုံခဲ့ပြီ ဖြစ်သည်။ နုဝါ့ရင်ထဲမှာတော့ အချစ်ပန်းလေးတွေက တစ်ပွင့်ချင်း ပွင့်ရင်းမွှေးကြိုင်လန်းဆန်းနေလေသည်။ ကားမောင်းနေတဲ့ မောင့်မျက်နှာကို လှမ်းကြည့်လိုက်တော့လဲ ပျော်ရွှင်ကျေနပ်နေလေသည်။

ပန်းရတု
29.6.2009
12:45 AM

www.burmeseclassic.com